ရှင်အာရိယဓမ္မ

# ဗုဒ္ဓနှင့် နောက်ဘဝပြဿနာ

ဦးသော်ဇင်

ပြင်ဆင်ဖြည့်စွက် တည်းဖြတ်သည်



၁၀ ၅၈၀

ရှင်အရိယဓမ္မ

# ဗုဒ္ဓနှင့် နောက်ဘဝ ပြဿနာ

ဦးသော်ဇင်

[ပြင်ဆင်ဖြည့်စွက်ထည့်းဖြတ်သည်]

ကောသာရေးအေပဆိုင်ရာခွင့်ပြုချက်အမှတ်-၉၀၆၂

ဖြန့်ချိရေး

မင်း မင်း စာ ပေ

၁၀၃-၂၈-လမ်း၊ရန်ကုန်မြို့။

ဖုန်း-၅၁၅၁၉

ပုံနှိပ်ခြင်း
ပထမအကြိမ်

၁၉၇၇ခု-မေလ။

အုပ်ရေ
၂၅၀၀

မျက်နှာဖုံးပန်းချီ
စံတိုး

ဘလောက်
သောင်းလှ

အဖုံးရိုက်
သိန်းမြင့်ဝင်း

တန်ဖိုး- ၁၂ကျပ်

ရန်ကုန်မြို့၊အမှတ်၇၉–၃၉ လမ်း သတင်းဂျာနယ်ပုံနှိပ်တိုက်တွင် အထောက်တော် ဘ်လှအောင်(မြ-၀၁၇၀၅ )က ပုံနှိပ်၍၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပါရမီရိပ်သာခြံအမှတ် ၁၇ ဘဲတဲ့စုနေ ရှင်ထွေး စာပေဒေါ်ခင်စု(မြ-၀၁၃၅၆)ကထုတ်ဝေသည်။

၁၀၅၈၀

# မာတိကာ


၁။ နိဒါန်း ၅

၂။ သေခြင်းအကြောင်း(မိလိန္ဒပဉှာ) ၃၄

၃။ ယမမင်း၏မသေတရား(ကဌဥပနိသျှဒ်) ၄၉

၄။ အာကမာတရား(ဘဂဝါဒ်ဂီတာ) ၅၇

၅။ သေခြင်းလေးမျိုး
(မြို့ပြင်ကြီးသဂြိုဟ်အဓိပ္ပာယ်ကောက်) ၆၀

၆။ ဘဝသုတ်(အင်္ဂုတ္တရပါဠိတော်) ၇၆

၇။ ကေသမုတ္တိသုတ်(အင်္ဂုတ္တရပါဠိတော်) ၇၈

၈။ ပရံမရဏသုတ်(သံယုတ်ပါဠိတော်) ၈၃

၉။ အဂ္ဂိဝစ္ဆသုတ်(မဇ္ဈိမပဏ္ဏာသပါဠိတော်) ၈၆

၁၀။ ပဋိသန္ဓေပဉှာ(မိလိန္ဒပဉှာ) ၉၄

၁၁။ စူဠမာလုကျသုတ်(မဇ္ဈိမပဏ္ဏာသပါဠိတော်) ၁၀၆

၁၂။ အမေးလေးမျိုး(မိလိန္ဒပဉှာ) ၁၁၃

၁၃။ ပဉှာဗျာကရဏသုတ်(မဇ္ဈိမပဏ္ဏာသပါဠိတော်) ၁၁၆

၁၄။ ကြေးမုံတရား(ပဟာဝဂ်ပါဠိတော်) ၁၁၈

၁၅။ အပဏ္ဏကသုတ်(မဇ္ဈိမပဏ္ဏာသပါဠိတော်) ၁၂၆

၁၆။ ဒီဃနခသုတ်(မဇ္ဈိမပဏ္ဏာသပါဠိတော်) ၁၃၄

၁၇။ သလ္လသုတ်(သုတ္တနိပါတ်ပါဠိတော်) ၁၄၀

၁၈။ လောကာယတ(စာရဝါကဒဿန) ၁၄၅

၁၉။ ဥစ္ဆေဒဝါဒ(နာရဒဇာတ်တော်ကြီး) ၁၅၀

၂၀။ နတ္ထိကဝါဒ(ဆုမာယဏ) ၁၅၆

၂၁။ ရာမမင်းအဖြေ(ရာမာယဏ) ၁၆၀
၂၂။ ပါယာသိသုတ်(မဟာဝဂ်ပါဠိတော်) ၁၇၀
၂၃။ မိစ္ဆာဒိဋ္ဌိတို့အတွက်ယူပုံ(ဝိမုတ္တိရသကျမ်း) ၂၀၃
၂၄။ အဘယ့်ကြောင့် သေရသနည်း
(လူထုသိပ္ပံကျမ်း) ၂၀၈
၂၅။ နာဝါဝိမာနဝတ္ထု ၂၂၉
၂၆။ လတာဝိမာနဝတ္ထု ၂၃၅
၂၇။ စက္ကာလိ ဝိမာနဝတ္ထု ၂၃၈
၂၈။ တိရောကုဋ္ဋပေတဝတ္ထု ၂၄၁
၂၉။ ဥစ္ဆုပေတဝတ္ထု ၂၅၀
၃၀။ ပိယင်္ကရမာတာ ၂၅၃
၃၁။ မာတာဝတ္ထု ၂၅၅
၃၂။ ပြင်သစ်ပုစ္ဆာအဖြေ(လယ်တီဆရာတော်) ၂၅၈


ဤစာမူ ဖြစ်လာရေး အတွက်
ကူညီသော စီးပွားရေးတက္ကသိုလ်ကျောင်းသူ
မေဇင်ဦးအား အထူးကျေးဇူးတင်ပါသည်။

ထုတ်ဝေသူ

# နိဒါန်း

[၁]

## ဘဝဟူသည် အဘယ်နည်း—

ဟိန္ဒီတို့က ဘဝကို ဖြစ်ခြင်း, မွေးဖွားခြင်း, လောက, သံသရာ, ဟု ဆိုကြ၏၊ လယ်တီ ဆရာတော်ကား ယင်းဘဝကို အစီး-အပွား ဟု ပြန်ဆို၏၊ စာရေးဆရာ ဒါရိုက်တာသုခ၏ "ဘဝသံသရာ.... ရှည်လျား ထွေပြား မနေမနား တသွားတဲ သွားကြတာ" အစချီသောသီချင်းမှာ ဘဝနှင့်ပတ်သက်၍ လွန်စွာလေးနက် ပြည့်စုံလှသည်၊ ယင်းဘဝသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝ ဟူ၍ နှစ်ပါး အပြားရှိ၏။

## ကမ္မဘဝ ဟူသည် အဘယ်နည်း—

ဘဝတပါးသို့ ပို့ဆောင်တတ်သော ကံ အစီးအပွားကို ကမ္မဘဝဟု ခေါ်၏၊ ယင်းကံသည်လည်း ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ခြင်း ပုညာဘိသင်္ခါရ, အကုသိုလ်-မကောင်းမှုကို

ပြုစုအားထုတ်ခြင်း အပုညာဘိသင်္ခါရနှင့် အာနေဉ္စခေါ်သော အရူပဈာန်ကို ပြုစုအားထုတ်ခြင်း၊ အာနေဉ္စာဘိသင်္ခါရဟု သုံးပါး အပြားရှိ၏၊ ဤသုံးမျိုးကိုပင် ကမ္မဘဝ ဟုခေါ်၏၊ ဘဝတပါးသို့ ပို့ဆောင်တတ်သော ကောင်းမှု၊ မကောင်းမှု ဟူသမျှသည် ကံ အစီး-အပွားချည်းသာတည်း။

ဥပပတ္တိ ဘဝ ဟူသည် အဘယ်နည်း—

ဘဝသစ်သို့ ကပ်ရခြင်း အစီး-အပွားကို ဥပပတ္တိဘဝဟု ခေါ်၏၊ ယင်းဘဝသည် ကာမဘဝ, ရူပဘဝနှင့် အရူပဘဝ ဟူ၍ သုံးပါးတရပ်—

စိတ်သညာရှိသော သညာဘဝ, စိတ်သညာ မရှိသော အသညာဘဝ နှင့် စိတ်သညာရှိသည်လည်းမဟုတ်, မရှိသည် လည်းမဟုတ်သော နေဝသညာ နာသညာ ဘဝဟူ၍ သုံးပါး တရပ်—

ရုပ်ခန္ဓာ တခုသာရှိသော ဧကဝေါကာရ ဘဝ, နာမ် ခန္ဓာ လေးခုသာရှိသော စတုဝေါကာရ ဘဝနှင့် ရုပ်-နာမ် ခန္ဓာ ငါးခုရှိသော ပဉ္စဝေါကာရဘဝ ဟူ၍ သုံးပါးတရပ်—

ဤသို့လျှင် ဥပပတ္တိဘဝသည် သုံးရပ် - သုံးလီ အားဖြင့် ကိုးမျိုးရှိ၏။

ဤသို့လျှင် ဘဝသည် ကမ္မဘဝနှင့် ဥပပတ္တိဘဝဟူ၍ နှစ်ပါး အပြားရှိ၏။

## နောက်ဘဝဟူသည် အဘယ်နည်း—

နောင်အခါဖြစ်မည့် အနာဂတ်ဘဝကို နောက်ဘဝဟု ခေါ်၏၊ ဘဝသည် လွန်လေပြီးသောအခါက ဖြစ်ခဲ့သော အတိတ်ဘဝ, ယခုမျက်မှောက်ဖြစ်ဆဲ ပစ္စုပ္ပန်ဘဝနှင့် နောင်အခါဖြစ်မည့် အနာဂတ်ဘဝ ဟူ၍ ကာလအားဖြင့် သုံးပါးအပြား ရှိ၏၊ သတ္တဝါတို့သည် လွန်လေပြီးသော အတိတ်ဘဝက ပြုခဲ့သော ကမ္မဘဝ အားလျော်စွာ ယခု မျက်မှောက် ဘဝ၌ ပစ္စုပ္ပန် ဥပပတ္တိဘဝ ဖြစ်ကြသည်၊ ယခု ပစ္စုပ္ပန် ဘဝ၌ ပြုသော ကမ္မဘဝသည် နောင်အခါ၌ အနာဂတ် ဥပပတ္တိဘဝ ဖြစ်ကြမည်။

### ဘဝဆောင်ပုဒ်

စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ကြောင့်
ခန္ဓာ ဓမ္မ၊ ကိုယ်ကာယ၌
အတ္တ အစွဲ၊ မြဲကြီးမြဲ၍
ရဲရဲ—ရက်ရက်၊ ကိုယ့်အတွက်ကြောင့်
ဘက်သတ် ခိုးမှု၊ စသည်ပြုလျက်
အကု သလ၊ ကမ္မ ဆယ်တန်
အပြစ် လုံ၍။

တဖန် နောက်နှောင်း၊ ငါလျှင် ကောင်းစိမ့်
အကြောင်းရည်ရော်၊ အရှည်မြော်လျက်

သူတော်မလေ့၊ ရသေ့-ရဟန်း
လူဒါန်းဝေငှ၊ ပဉ္စင်္ဂနှင့်
ဆဋ္ဌ အင်္ဂီ၊ ဒသင်္ဂီတည့်
လေးလီဗြဟ္မ၊ ဝိဟာရစျာန်
ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ
ဘာဝနာဟု၊ ဆယ်ဖြာပုည
ကုသလကို၊ လုံ့လကြိုးစား
ကောင်းကျိုးပွား၏၊

နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု
ထိုထိုဘဝ၊ ဖြစ်သမျှ၌
ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်
အကျိုးတဆူး၊ အရှည်ပွားသည်
နှစ်ပါးဘဝ၊ စွမ်းရည်တည်း။

လယ်တီဆရာတော်

စွဲလမ်းသော ဥပါဒါန်ကြောင့် ဘဝဖြစ်၏၊ ယင်းဘဝကြောင့် တဖန် ဇာတိဖြစ်၏၊ ဇာတိဟူသည်မှာ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါမျိုးအပေါင်း၌ဖြစ်ခြင်း၊ ဖြစ်ပေါ်ခြင်း၊ ခေတ်ရ ခေတ်ခဲ့အားဖြင့် ဖြစ်ပေါ်ခြင်း၊ အမိဝမ်း၌ ဝင်ရောက်ခြင်း၊ အသစ်ဖြစ်ခြင်း၊ ထင်ရှားစွာဖြစ်ပေါ်ခြင်း၊ ခန္ဓာကိုယ်တို့၏ ဖြစ်ပေါ်ခြင်း၊ အာယတနတို့ကို အသစ်တဖန်ရခြင်းပင်ဖြစ်၏၊ ယင်းကို ဘဝကြောင့် ဖြစ်သော ဇာတိဟုခေါ်၏၊ စင်စစ် ပဋိသန္ဓေနေခြင်းပင်တည်း။

ဇာတိဆောင်ပုဒ်

ဘဝစွမ်းရေ၊ ကံနှစ်ထွေကြောင့်
သဗ္ဗသတ္တာ၊ သတ္တဝါတို့
ဖြစ်ရာဘဝ၊ ဆုံပြန်ကလျှင်
ကေ့စတု၊ ငါးခုခန္ဓာ
ကံချရာ၌၊ ဓမ္မတာစစ်
သစ်ဘလဲလဲ၊ အနဲနဲလျှင်
ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍
တရိဘုံပြင်၊ နယ်တခွင်၌
အစဉ်ပြည့်ပွား၊ အစားစားလျှင်
မားမားမတ်မတ်၊ ဇာတ်အမျိုးမျိုး
တန်ခိုးထင်တိမ်၊ ဂုဏ်သိမ်နိမ့်မြင့်
အကျင့်ဆိုးကောင်း၊ အပေါင်းများစွာ
သတ္တဝါဟု၊ နာနာကာယ
ဖြစ်ပြန်ကြသည်-
လေးဝဇာတိ စွမ်းရည်တည်း။

—လယ်ဝါဆရာတော်

[၂]

ဤကား ဗုဒ္ဓဝါဒမှ ဘဝနှင့်ဇာတိဖြစ်၏၊ သဿတဝါဒီတို့ကား ယင်းဘဝ-ဇာတိကို ဘုရားသခင်က ဖန်ဆင်းသည်ဟု

ယုံကြည်ကြ၏၊ ယင်းအယူဝါဒကို ဤစာအုပ်တွင် ယမမင်း၏ မသေတရား၊ အာတမာ တရားနှင့် မိစ္ဆာဒိဋ္ဌိတို့၏ အတ္တယူပုံ၌ တွေ့နိုင်ပါသည်၊ ထိုတွင် မိစ္ဆာဒိဋ္ဌိ ဟူသောအမည်မှာ ဝိမုတ္တိရသ ကျမ်းဆရာ ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဝေါဟာရ အတိုင်း ဖော်ပြထားခြင်းဖြစ်၏၊ စာရေးသူ အနေဖြင့်ကား ဘယ်အယူ ဝါဒကိုမျှ မိစ္ဆာဒိဋ္ဌိ ဟူသောစကားဖြင့် ထိပါးပုတ်ခတ်နိုင် လောက်အောင် ပေါက်ရောက်ခြင်း မရှိပါ၊ ဥစ္ဆေဒဝါဒီတို့ကား ယင်းဘဝဇာတ်ကို ခတ်လေးပါး၏ အစုအဝေးဟု ယူဆကြ၏၊ ယင်းအယူအဆကိုလည်း ဤစာအုပ်တွင် လောကာယဘာ့နတ္ထိက ဝါဒ့ဥစ္ဆေဒဝါဒနှင့် ပါယာသိသုတ်တို့တွင် တွေ့မြင်နိုင်ပါသည်။

မဟာနိဒ္ဒေသပတ္ထနသုတ် (ဓမ္မစကြာ) မှ ဘဝတဏှာကို သဿတဝါဒဟုရင်း၊ ဝိဘဝတဏှာကို ဥစ္ဆေဒဝါဒဟုရင်း ဖွင့်ဆို ကြ၏၊ ထိုသုတ်၏ အနှစ်သာရမှာ ဒုက္ခငြိမ်းခြင်းဖြစ်၏၊ ယင်း သတ္တဝါတို့ကို တတ်မက်စွဲလမ်းသောတဏှာကြောင့် ဒုက္ခဖြစ်လေရာ ငြိမ်းရန်အတွက် ယင်းတဏှာတို့ကို ပယ်ရမည်ဖြစ်၏၊ ဘဝကို ပင်း၊ ဘဝမရှိခြင်းကိုရင်း ပြဿနာပြုလုပ်ခြင်းမဟုတ်၊ ယင်းတို့ကို မစွဲလမ်းရန်သာ ဖြစ်၏၊ သို့ရာတွင် ထိုစဉ်ကပင် ဘဝပြဿနာ ပြင်းထန်နေခြင်းကို မှန်းဆ သိမြင်နိုင်၏၊ စင်စစ် လူတို့သည် ဘဝ အပေါ်၌ ကမ္ဘာဦးကပင် တွေးဆနေကြလေသည်။

ဗုဒ္ဓလာဘဝ ဝါဒမှာ သဿတဖြစ်၏၊ သဿတဝါဒ၏အနှစ် သာရမှာ အာတမာ (အတ္တ) ဖြစ်၏၊ ဘုရား သခင်သည် မိမိ အာတမာဖြင့် လောကကို ဖန်ဆင်း၏၊ သတ္တဝါတိုင်း၏ နှလုံးအိမ် တွင် အာတမာသည် ကိန်းအောင်းနေ၏၊ ယင်းသည် အနာဒိ—

အစမရှိ၊ အနန္တ—အဆုံးမရှိ၊ အဇာတ—မမွေးဖွား, အမရဏ—မသေ,နိစ္စ—သဿတ—အစဉ်အမြဲ တည်နေ၏၊ သတ္တဝါ တို့၏ ကိုယ်ကာယသာ သေ၏၊ အာတမာကား ဘယ်အခါမျှမသေ၊ ခန္ဓာအိမ်ဟောင်းကို စွန့်ပစ်ခဲ့ပြီးနောက် ခန္ဓာအိမ်သစ် တခုတွင် တည်နေ၏၊ လူသည်အဝတ်ဟောင်းကို စွန့်ပစ်ပြီး၊ အဝတ်သစ်ကို လဲသကဲ့သို့ အာတမာသည် ခန္ဓာအိမ်ဟောင်းကို စွန့်ပြီး ခန္ဓာအိမ်သစ်ကို လဲခြင်းဖြစ်၏၊ ဤသဘောကို စာဆိုတော် တဂိုးက ဂီတဉ္စလီဘွင် ဤသို့ စပ်ဆိုထားပါသည်။

ပရိစယ

အဘယ်မျှသော သူစိမ်းတို့ဖြင့်သင်သည် ငါ့အား
 ရင်းနှီးစေပါသနည်း၊
အဘယ်မျှသော သူစိမ်းအိမ်တို့မှာ သင်သည်
 ငါ့အား နေရာပေးပါသနည်း၊
အဆွေ သင်သည် အဝေးကြီးကိုနီးအောင်ပြု၍
 သူတပါးကို မိမိပြုစေပါသည်၊
အိမ်ဟောင်းကိုစွန့်၍ သူစိမ်းအိမ် သွားရသော
 ငါသည် ထိုတွင် ငါ၏၊ မိမိသည် ဘယ်သူ
 ဖြစ်လိမ့်မည်နည်းဟု စဉ်းစားမိပါသည်၊
ထိုနေရာသစ်မှာလည်း ငါ နှင့် အတူ တကွ
 သင်ကား မိမိဟုဆိုနိုင်လောက်အောင် ကြာ
 မြင့်စွာ ရင်းနှီးနေသည်ကိုလည်း မေ့သွားပါ
 သည်၊

အဆွေ သင်သည် အဝေးကြီးကို နီးအောင်ပြု၍
သူတပါးကို မိမိပြုစေပါသည်၊
ရှင်ခြင်း, သေခြင်း, ဤလောက, တမလွန်
လောက အဘယ်မှာမဆို သင်သည် ငါ့အား
ခေါ်ဆောင်သွားလိမ့်မည်၊ထိုတွင် မွေးခြင်း,
မွေးခြင်းအဆုံးတို့ဖြင့် ရင်းနှီးသော သင်နှင့်
အတူတကွ နေစေလိမ့်မည်သာ၊
သင်နှင့်သင်သာ ရင်းနှီး၍ ဘယ်သူနှင့်မျှ ရင်းနှီး
စွာ မနေရဘူးလား၊ ဘယ်သို့ သွားခြင်းကို
တားမြစ်မည်နည်း၊ ဘယ်သို့သွားယင် ဘေး
ဖြစ်မည်နည်း၊
သင်သည် လောကအားလုံးကို တခုတည်း ပြု
လုပ်ပြီး ယင်းကို စောင့်ရှောက်ရန် အတွက်
နိုးကြားနေပါသည်၊
အဆွေ သင်သည် အဝေးကြီးကို နီးအောင်ပြု
လုပ်၍ သူတပါးကို မိမိပြုစေပါသည်။

ဤကဗျာတွင် အာတမာ၏သဘောကို တွေ့နိုင်ပါသည်၊ သင့်မှာ ဖန်ဆင်းရှင် ဘုရားသခင်ဖြစ်သည်၊ အိမ်မှာ ခန္ဓာ ကိုယ်ဖြစ်၏၊ ကျွန်ုပ်တို့၏ အတွင်း၌ တည်နေသော ထာဝရ အာတမာသည် အိမ်ဟောင်းစွန့်ပစ်ပြီး အိမ်သစ်သို့ သွားနေပုံကို ကဗျာရှုထောင့်မှ တွေးမြင် ခြင်းဖြစ်၏၊ ယင်းသည် သတ္တဝါမှာသာ မဟုတ်၊ အားလုံးတွင် ပြန့်နှံ့ တည်ရှိနေကြောင်းကို အောက်ပါ ကဗျာဖြင့် သိနိုင်ပါသည်။—

## ဥဒါရ သရ

တကမ္ဘာလုံး ဖြန့်ရန်အတွက် ဤတက်သံသည်
ယနေ့ နှစ်သက်ဖွယ် အတိပြီးသော ဂီဘ၏
အသွင်၌ ထွက်ပေါ်နေပါသည်၊
ဤဂီတသည် ငါ၏အသဲနှလုံးသားမှ အဘယ်မျှ
လှသော အစီအရင်ဖြင့် ပျံ့သနည်း၊
လေ, ရေ, အာကာသ, အလင်းရောင်နှင့် အရာ
ဝတ္ထု အားလုံးတို့ကို ငါသည် အဘယ်မျှ
လှသော အစီအရင်ဖြင့် ချစ်ပါသနည်း၊
အဆင်တန်ဆာ အမျိုးမျိုးတို့ဖြင့် ဆင်သော မိမိ
အသဲနှလုံးသဘင်သည် အဘယ်မျှ လှသော
အစီအရင်ဖြင့် ဝေဆာသနည်း၊
မျက်စိဖွင့်လျှင်ပင် ငါ၏အသက်တို့မှာ အဘယ်မျှ
လှသော အလျဉ်များ ပြည့်သွားသနည်း၊
ငါသွားနေသော လမ်းက ခရီးသည်အားလုံး
တို့ကို အဘယ်မျှ နှစ်သက်မှုကို ပြုမည်နည်း၊
သင်နေရာ အားလုံးမှာ နေကြောင်းကို ငါ၏
ဘဝ၌ အဘယ်မျှ လှပစွာ အသက်နှင့်အမျှ
ယူပါသနည်း၊
သင်၏ အမည်သည် ငါ၏ အမှုကိစ္စအားလုံးတို့မှာ
အဘယ်သို့ မိမိအသံပမာ ထွက်ပေါ်လာပါ
သနည်း။

ယင်းသို့လျှင် အာတမာသည် သက်ရှိသက်မဲ့ လောက အားလုံးမှာ ပြန့်နှံ့တည်နေသည်၊ ယင်းသည်ကား ဘယ်အခါမျှ မအို-မသေ အမြဲတည်နေ၏၊ ထို့ကြောင့် ယင်းအယူအဆကို သဿတဝါဒ ဟုခေါ်ခြင်းဖြစ်၏၊ ဤဝါဒကို တကယ်ယုံကြည်သော တဂိုးကား ဤသို့ဖွဲ့ဆိုပါသည်။ —

## အဘိဗျတ္တိ

အိုအသက်သခင် —

နေ့ရောညဉ့်ပါ ငါ၏ အင်္ဂါကို သင်ထိတွေ့နေကြောင်းကို အစဉ် သတိထား၍ ငါသည် မိမိကိုယ်ခန္ဓာကို အမြဲသန့်ရှင်းစွာ ထားပါမည်။

အိုမြတ်သောဉာဏ်ရှင် —

ငါ၏စိတ်မှာ သင်နေကြောင်းကို အစဉ် သတိထား၍ ငါသည် မိမိ၏ စဉ်းစားတွေးခေါ်ခြင်း အားလုံးတို့မှ မှားယွင်းခြင်း အားလုံး တို့ကို အစွမ်းကုန် ဖယ်ရှားပစ်ပါမည်။

ငါ၏ အသဲနှလုံးပေါ်မှာ သင်၏ တည်မြဲသော နေရာကို ခင်းထားကြောင်း စိတ်မှာထား၍ ကောက်ကျစ်စဉ်းလဲသော အပြစ်ဒေါသ အားလုံးနှင့် အမင်္ဂလာ အားလုံးတို့ကို ထိန်းချုပ်ပြီးလျှင် မိမိအချစ်ကို ကားကား စွင့်စွင့် ဖွင့်ပြီး အပြစ်ကင်းအောင် ပြုလုပ်ပါမည်။

အမှုကိစ္စအားလုံးတို့မှာ သင်၏ အစွမ်းသတ္တိဖြင့် ပြီးမြောက်ကြောင်းကို အစဉ်သိပါ၍ အလုပ်ကိစ္စ အားလုံးတို့မှာ သင့်အားသာ ထင်ရှားစေပါမည်။

တဂိုး၏ ကဗျာသည် 'ဤရှဝါသျ'အမည်ရှိသော ဥပနိသျဒ်ကို အမှီပြုပြီး ဖွဲ့ဆိုဟန်တူ၏၊ ယင်းဥပနိသျဒ်၏ ဂါထာနှစ်ပုဒ်၏ အနက် အဓိပ္ပါယ်ကို ကြည့်ပါဦး-

"လောက၏ အရာဝတ္ထုတိုင်းသည် ဘုရားသခင်တွင် တည်ရှိနေ၏၊ ဤအကြောင်းကို ကောင်းစွာ ခံစားပါ၊ ခံစားပြီးလျှင် အသဲနှလုံး၌ ပေါ်ပေါက်လာသော သူတပါးတို့၏ စည်းစိမ်ချမ်းသာကို မတော် မဘရား လိုလားခြင်းတို့ကို စွန့်ပယ်ပါလော့၊ မတော်မတရား ချမ်းသာလိုခြင်းနှင့် တပ်မက်စွဲလမ်းခြင်းတို့ကို စွန့်ပယ်ရန်သင်ဖြစ်၏၊ သင်သည် မကပ်ငြိသောအဖြစ်ဖြင့် ကံကိုပြုလုပ်ပြီး အရာဝတ္ထုတိုင်းကို ဘုရားသခင်၏ထံ၌အပ်နှံပါက ရှည်လျားစွာသောအသက်ကို ကုန်စေနိုင်၏၊ ဤသို့ပြုမှသာလျှင် ငါတို့သည် ကံအဖြစ်မှလွတ်ကင်းနိုင်၍ အသက်ရှင်ခြင်း၊ သေခြင်း အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်မည်။"

မည်သို့ပင် ဆိုစေ သဿတ (ဝါ) အာတမာဝါဒသည် လောကကို မနှောက်ရှက်၊ မဖျက်ဆီးပါ၊ ဖော်ပြပါ ကောက်နုတ်ချက်တို့ကို သာမည ကြည့်ရှုကာမျှဖြင့် ထိုဝါဒ လက်ခံယုံကြည်သူတို့၏ အခြေအနေကို သိနိုင်ပါသည်၊ ဥစ္ဆေဒခေါ် နတ္ထိကဝါဒနှင့်နှိုင်းယှဉ်ကြည့်ပါလျှင် သူတို့၏ ဖြူစင်သောအသွင်မှာ ပိုမိုပြီး ပေါ်လွင်မည်။

[၃]

နတ္တိက ဝါဒ၏ ဆောင်ပုဒ်မှာ–"အသက်ရှင်သမျှ ချမ်းချမ်း သာသာနေပါ၊ ကြွေးယူပြီး ထောပတ်သောက်ပါ၊ ပြာဖြစ်သွား သော ကိုယ်ကောင် ဘယ်မှာ ပြန်လာခြင်း ရှိမည်နည်း"–ဟူ၍ ဖြစ်၏၊

ဤသို့ ပြုလုပ်ခြင်း အကြောင်းမှာ ဘုရားမရှိ၊ ဖန်ဆင်းခြင်း လည်း၊ အတိတ်ဘဝလည်းမရှိ၊ အနာဂတ်ဘဝလည်း မရှိ ဖြစ်၏၊ သို့ကြောင့် တစုံတရာ ဒဏ်ထိန်း ဒဏ်ကွပ်မရှိဘဲ၊ ဘယ်အမှုကိုမဆို လွတ်လွတ်ကြီး ပြုရခြင်းဖြစ်၏၊ ဤအတွက် ထင်ရှားစေရန် မြတ်စွာဘုရား လက်ထက်က ထင်ရှားသော ပုရာဏ ကဿပ၏ ဝါဒကို အရှင်ဥက္ကဋ္ဌ၏ မဟာယာန ဗုဒ္ဓဝင်မှ ကောက်နုတ်ပေါ် ပြပါမည်။

"လှူဖွယ်ဝတ္ထုများ၊ စွန့်ဖွယ်ဝတ္ထုများ၊ ယဇ်ပူဇော်ရန် ဝတ္ထု များ မရှိပါ၊ ကောင်းမှုရော မကောင်းမှုပါ မရှိ၊ ကောင်းမှု၏ အကျိုး၊ မကောင်းမှု၏ အကျိုးပါ မရှိပါ၊ ဤဘဝလည်း မရှိ၊ ထိုဘဝလည်းမရှိ၊ ဖခင်လည်းမရှိ၊ အမေလည်းမရှိ၊ ဩပပါတိက ပဋိသန္ဓေ နေသော သတ္တဝါလည်းမရှိ၊ မွေးဖွားခြင်းလည်း မရှိပါ။

ဤကမ္ဘာလောက၌(ဝါ)ဤကမ္ဘာအတွင်း၌ အမှန်သို့ရောက် နေကြသော အမှန်ကို အားရုံပြုနိုင်သော ဤဘဝကို ပစ္စုပ္ပန်ဘဝ ဟု နားလည်နိုင်သော ပုဂ္ဂိုလ်တို့သည် ဤဘဝနှင့် ထိုဘဝနှင့် မတူပဲ ပြား ခြားနားကြောင်းကို နားလည်၍ သူတို့မွေးဖွား

ခြင်းသည် အဆုံးသို့ ရောက်ခြင်းဖြစ်သည်ဟု သဘောပေါက်ကြကုန်၏။

သူတို့သည် သန့်ရှင်းစင်ကြယ်စွာ အသက်မွေးကုန်၍ လုပ်သင့်လုပ်ထိုက်သော အရာကို ပြုလုပ်ကြကုန်၏၊ သူတို့သည် ဤဘဝမှတပါး အခြားဘဝများရှိသည်ကို မသိကြသောကြောင့် တခြားဘဝသို့ သွားသူ တစုံတယောက်မျှ မရှိ၊ ဤပစ္စုပ္ပန် ဘဝ၌ပင် သူတို့သည် ဘဝ ဆုံးသို့ ရောက်ကြလိမ့်မည်၊ သေပြီးနောက် ပြန်လာကြမည် မဟုတ်ချေ။

လူ၏ခန္ဓာကိုယ်သည် ဓါတ်လေးပါး၏ အစုအဝေး ဖြစ်ရာ လူသေသောအခါ သူ၏ ခန္ဓာကိုယ် အစိပ်အပိုင်းဖြစ်သော မြေဓါတ်သည် ကမ္ဘာမြေနှင့်ငင်း, ရေဓါတ် သည် ကမ္ဘာရေနှင့်ငင်း, မီးဓါတ်သည် ကမ္ဘာ မီးနှင့်ငင်း, ငလေဓါတ်သည် ကမ္ဘာလေနှင့် ငင်း, ရောနှော၍ သွားကြလေကုန်ပြီ၊ အမှတ်အသား အသိဉာဏ်များသည် လေဟာပြင်၌ ဖရိုဖရဲပြန့်ကြဲ၍ သွားကြလေကုန်ပြီ၊ ရုပ်အလောင်းကို သင်္ချိုင်းကုန်းသို့ လူအများ ထမ်းဆောင်ယူသွား၍ မီးရှို့လိုက်ကြသည်၊ ဤနေရာတွင် အားလုံးအဆုံးသတ်သည်၊ မီးလောင်၍ ကြွင်းကျန်သော အရာတို့ကား ပြာနှင့် ဖွုဖွေးသော အရိုးတို့သာဖြစ်သည်။

ဤနည်းဖြင့် လူမိုက်နေရာ သူတော်ကောင်းနှစ်ယောက်တို့သာ သူတို့ပြုလုပ်သော ကောင်းမှု၊ မကောင်းမှုအတွက် အကျိုးရလိမ့်အုံးမည်ဟု ပြောဆိုနေကြကုန်၏၊ ငင်းတို့၏ ပြောဆိုချက်ကား လူရူးတို့၏ စကားကဲ့သို့ အသားမပါ၊ အမှားဘလချာတို့ ဖြစ်ကုန်၏။”

ဤအယူအဆမှာ အပြတ်ရှင်း အယူအဆ ဖြစ်သောကြောင့် ယင်းကို ဥစ္ဆေဒဝါဒဟုလည်း ခေါ်ကြ၏၊ ကံ-ကံ၏အကျိုးစသည်တို့ မရှိသောကြောင့် ယင်းကို နတ္ထိက ဝါဒဟုလည်းခေါ်ကြ၏၊ ဤဂါဒကို သက်ဝင် ယုံကြည်လျှင်ကား လူသည် တိရစ္ဆာန် နှင့် ဘာမှ ခြားနားတော့မည်မဟုတ်၊ လုပ်ချင်ရာ လုပ်တော့မည်၊ အမိ-အဖ, သား-သမီး, ညီ-အကို, မောင်-နှမ, ဆရာ-သမား, အဆွေ-ခင်ပွန်း စသူတို့၌ စောင့်စည်းရမည့် ကျင့်ဝတ် ဟူ၍ ရှိတော့မည်မဟုတ်၊ ထိုသူတို့သည် လူဖြစ်၍ တိရစ္ဆာန်ထက် သာလွန်သော အသိဉာဏ်ရှိလေရာ ယင်းအသိဉာဏ်သည် တိရစ္ဆာန်ထက် ပိုမိုယုတ်မာ ဆိုးဝါးသော အမှုကို ပြုစေလိမ့်မည်၊ အကြောင်းကား ဉာဏ်ရှိသော သူယုတ်ဖြစ်သောကြောင့်တည်း။

ဉာဏ်ရှိသော သူယုတ်မာသည် ရိုးရိုးသူယုတ်မာထက် ပိုပြီး ကြောက်စရာကောင်း၏၊ ဒိဋ္ဌိဂတ သမ္မယုတ် ဟူသည်မှာ ဉာဏ်ရှိသော သူယုတ်မာ၏ အသိဉာဏ်ဖြစ်၏၊ သူ၏မကောင်းစိတ်မှာ ရိုးရိုးမဟုတ်၊ ပေါက်များသော အတွေးအမြင်နှင့် စပ်ယှဉ်နေသည်၊ ရှုပ်ဝဲ့ပြီး၊ လဲရာသူခိုးထောင်းသော စိတ်နေ သဘောထားခြင်းမျိုးဖြစ်၏။ ဤတွင် လူတို့၏ အစဉ်အလာ ယဉ်ကျေးမှု ဟူသမျှ ဘာမျှမရှိနိုင်တော့ပါ။

ပညာမျို လိုက်ခေါ် ဒိဋ္ဌိဂတ သမ္မယုတ် ဖြစ်ရခြင်း အင်္ဂါမှာ ငါးပါးရှိ၏၊ ယင်းတို့မှာ (၁) ဒိဋ္ဌိ အဇ္ဈာသယ ဓာတ်ခံ ရှိခြင်း (၂) အယူပျက်သော သူတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း (၃) သူတော်ကောင်းတရားကို မျက်ကွယ် ကျောခိုင်းခြင်း (၄) မှားယွင်းသော အယူဝါဒကို ကြံစည် တွေးတောမှု

များခြင်း နှင့် (၅) နှလုံးသွင်း ချတ်ယွင်းခြင်း တို့ ဖြစ်၏၊ နှလုံးသွင်း ချတ်ယွင်းခြင်းမှာ အယောနိသော ဖြစ်၏၊ အယောနိသောမှာ ယောနိသော၏ ဆန့်ကျင်ဖက်ဖြစ်၏၊ ယောနိသော ဟူသည် အသင့်-အတင့် နှလုံးသွင်းခြင်းဖြစ်၍၊ အယောနိသောမှာ မသင့်-မတင့် နှလုံးသွင်းခြင်း ဖြစ်၏၊ အသင့် - အတင့် နှလုံးသွင်းသူသည် မည်သည့်အချက်ကိုမဆို နှစ်သက်ဖွယ်ဖက်က ကြည့်၏၊ နှစ်သက်ဖွယ်ကို ရှာဖွေ၏၊ မသင့်-မတင့် နှလုံးသွင်းသူသည် အပြစ်ကိုသာလျှင် ဆီလိုအပေါက်ရှာတတ်၏။

အနှစ် မရှိသော တရား၌ အနှစ်ရှိ၏ဟု အယူရှိကြ၏၊ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြ၏၊ ထိုသူတို့သည် မှားသော ကြံစည်မှုသာလျှင် အာရုံရှိကြကုန်ရကား အနှစ်ရှိသောတရားကို မရနိုင်ကြကုန်။

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြသောကြောင့် ထိုသူတို့သည် မှန်သော ကြံစည်မှုသာလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

[၄]

မြတ်စွာဘုရားသည် ဘယ်အယူရှိသနည်း၊ ဘဝမပြတ်သော သဿတလော၊ သို့မဟုတ် ဘဝပြတ်သော ဥစ္ဆေဒလော၊ ယင်းပြဿနာကို ဗြဟ္မဇာလသုတ်ဖြင့် ဖြေဆိုပါမည်၊—

"ရဟန်းတို့ စာထာဂတသည် ထိုအယူ အမျိုးမျိုးအစားစား

သိ၏၊ ဤ အယူတို့သည် ဤသို့ ယူထားလျှင် ဤသို့ အဖန်ဖန် သုံးသပ်လျှင် ဤမည်သော ဂတိသို့ ရောက်ကြရလိမ့်မည်၊ ဤမည်သော တမလွန်ဘဝ ရှိကြလိမ့်မည်ဟု သိ၏၊ တထာဂတသည် အကြောင်းနှင့်တကွ လားရာဂတိနှင့် တကွသော ထိုအယူကိုလည်း သိ၏၊ ထို့ထက် အလွန်ဖြစ်သော သီလ, သမာဓိ, သဗ္ဗညုတ ဉာဏ်ပညာကိုလည်း သိ၏၊ ထို သီလ, သမာဓိ, သဗ္ဗညုတဉာဏ်ပညာ တရား အထူးကို သိပါသော်လည်း တဏှာ မာန ဒိဋ္ဌိအားဖြင့် အမှား မသုံးသပ်၊ ထိုသို့ အမှား မသုံးသပ်သောကြောင့်လည်း ထိုအမှား သုံးသပ်တတ်သော တဏှာ မာန ဒိဋ္ဌိ ကိလေသာတို့၏ ငြိမ်းအေးမှုနိဗ္ဗာန်ကို ကိုယ်တိုင်ပင်သိ၏။”

ဤ အခြေ၏အချုပ်မှာ ဗုဒ္ဓသည် ယင်းအယူဝါဒတို့ကိုလည်း သိ၏၊ ဤအယူဝါဒတို့ကို စွဲလန်းနေပါက ဘယ်သို့ ဖြစ်မည်ကိုလည်း သိ၏၊ ထို့ထက် သာလွန် ကောင်းမြတ်သော သီလ, သမာဓိ, ပညာကိုလည်းသိ၏၊ သို့ရာတွင် ဗုဒ္ဓသည် ယင်းသီလ, သမာဓိ, ပညာတို့ကို တဏှာ မာန ဒိဋ္ဌိဖြင့် အမှား မသုံးသပ်ဟူလိုသော် ။

ဒဿနိက ဆရာကြီးတို့သည် သူတို့၏ ဒဿနကို စွဲလန်းနေကြ၏၊ ငါ၏ အတွေးအမြင်ဟုလည်း တဏှာဖြင့်လည်း သုံးသပ်၏၊ ငါ တွေးမြင်နိုင်သည်ဟုလည်း မာနဖြင့် သုံးသပ်၏၊ယင်းအတွေးအမြင်သည်ပင် ငါဟု ဒိဋ္ဌိဖြင့်လည်း သုံးသပ်၏၊ လောကတွင် အမြင့်အမြတ်ဆုံးမှာ ထိုထိုအတွေးအမြင် ဒဿနတို့ မဟုတ်၊ သီလ သမာဓိ ပညာ ဖြစ်၏၊ ယင်းသုံးပါးသာလျှင် ထိုထို ဒဿနတို့၏ အနှစ်သာရ ဖြစ်ကြောင်း သိ၏၊ သို့သော်လည်း

ဗုဒ္ဓသည် ယင်းသုံးပါးကို တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မသုံးသပ် သောကြောင့် ငြိမ်းချမ်း၏၊ သို့ဖြင့် မငြိမ်းချမ်းသည်မှာ အခြား မဟုတ်၊ တဏှာ, မာန, ဒိဋ္ဌိ အားဖြင့် သုံးသပ်ခြင်းဖြစ်၏၊

"ရဟန်းတို့ တထာဂတသည် ဝေဒနာတို့၏ ဖြစ်ကြောင်း ဖြစ်ခြင်းကိုရင်း, သာယာသော အရသာကိုရင်း, အပြစ်ကိုရင်း, လွတ်မြောက်ခြင်းကိုရင်း သိ၍ ထို တဏှာ မာန ဒိဋ္ဌိ တို့ဖြင့် မစွဲလန်းဘဲ လွတ်မြောက်ခြင်း ဖြစ်၏။"

ဝေဒနာ၏ ဖြစ်ကြောင်းမှာ အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ တည်း၊

ဖြစ်ခြင်းမှာ ဇာတိ ဟုခေါ်သော ဥပါဒ်တည်း၊

သာယာအပ်သော အရသာမှာ ခံစားဘူးသော ဝေဒနာကို မှန်း၍ သုခဖြစ်ခြင်း, ဝမ်းမြောက်ခြင်းတည်း၊

အပြစ်မှာ ဝေဒနာ၏ မမြဲခြင်း ဆင်းရဲခြင်း သုခသဘောမှ ပြောင်းလဲ ဖောက်ပြန်ခြင်းတည်း၊

လွတ်မြောက်ခြင်းမှာ ထိုဝေဒနာကို တပ်မက် နှစ်သက်မှု မရှိခြင်းတည်း။

"ရဟန်းတို့ မဿယတန ခြောက်ပါးတို့ ဖြစ်ကြောင်း ဖြစ် ခြင်းကိုရင်း, ချုပ်ကြောင်း ချုပ်ခြင်းကိုရင်း, သာယာအပ် သော အရသာကိုရင်း, အပြစ်ကိုရင်း, လွတ်မြောက်ခြင်းကိုရင်း ဟုတ်တိုင်းမှန်စွာ သိသောအခါ ရဟန်းသည် ဤဝါဒအားလုံး တို့ထက် သာလွန်သော သီလ, သမာဓိ, ပညာကို သိနိုင်၏။"

ဖဿယတန ဟူသည်မှာ ဖဿ၏ တည်ရာ ဒွါရ ခြောက်ပါး ဖြစ်၏၊ ယင်းတို့မှာ (၁) စက္ခာယတန (၂) သောတာ ...

၁၀၅၈၀

ယတန (၃) ဃာနာယတန (၄) ဇိဝှါယတန (၅) ကာယာယတနနှင့် (၆) မနာယတနတို့ဖြစ်ကြ၏၊ ဥပမာ စက္ခုဖဿာယတနဖြင့် ဖဿသည် အာရုံကို ထိခိုက်၏၊ ထိုသို့ ထိခိုက်လိုက်မှ ဝေဒနာဖြင့် ထိုအာရုံကို ခံစားသည်၊ သောတ ဖဿာယတန စသည်တို့လည်း ဤနည်းအတူပင် ဖြစ်၏။

ဆက်လက်၍ မိစ္ဆာအယူများ ဖြစ်ပေါ်ရာ လောကမှ လွတ်မြောက်သော ဗုဒ္ဓ၏ ဉာဏ်တော်ကို အရှင်ဇနကာ ဘိဝံသ၏ ဗြဟ္မဇာလသုတ် မြန်မာပြန် နိဂုံးမှ ကောက်နုတ် ဖော်ပြပါဦးမည်။-

မိစ္ဆာဝါဒရှိသူတို့သည် ဆိုင်ရာ အကြောင်းအရာဖုကို စဉ်းစားကြံစည်သည့်အခါ ထိုအကြောင်း အရာသည် စိတ်ထည်းမှာ ထင်မြင်လာသောအားဖြင့် ဖဿဖြစ်၏၊ ထို ထိတွေ့လာသော အာရုံကို တဏှာ အပေါ်ပါသော ဝေဒနာဖြင့် ဟုတ်လှပြီ၊ မှန်လှပြီဟု ဝမ်းမြောက်ဝမ်းသာ ခံစား၍ ထိုအယူကိုပင် စွဲစွဲမြဲမြဲ ယူဆသော ဥပါဒါန်ဖြစ်၏၊ ဤနည်းအားဖြင့် သူတို့ သဘောကျကို သူတပါးအား ပြောပြကာ ထိုအယူဝါဒကို အများသိအောင် ပညတ်ကြလေ၏၊ ဗုဒ္ဓရှင်တော်ကား ထိုအားလုံးသောအယူ၏ မှားယွင်းနေကြောင်းကို ဉာဏ်တော်ဖြင့် သိတော်မူ၍ တဏှာဖြင့် သာယာတော်မမူ၊ တဏှာသည် ဥပါဒါန် (အစွဲအလမ်း) အဖြစ်ရောက်မှ နောက်ဘဝအသစ် ခန္ဓာဖြစ်အောင် ဆွဲဆောင်နိုင်၏၊ ဗုဒ္ဓမြတ်စွာမှာ တဏှာတည်းဟူသော အညှာကို ဖြတ်တောက်တော်မူပြီး၍ ဥပါဒါန်နှင့်တကွ ခန္ဓာ

တော်အသစ် မဖြစ်တော့ရကား ဒိဋ္ဌိအမျိုးမျိုးတို့၏ ဖြစ်ပေါ်ရာ ဤကမ္ဘာလောကမှ လွတ်မြောက်တော်မူလေပြီ။

အိုလူအများတို့.... ဤကမ္ဘာလောက သံသရာဝယ် လူဖြစ်ချည်, နတ်ဖြစ်ချည်, တိရစ္ဆာန် ပြိတ္တာဖြစ်ချည်, ငရဲကောင်ဖြစ်ချည် နှင့် ကျင်လည်ရခြင်း၏ အကြောင်းရင်းကား နှစ်သက်တွယ်တာမှု တဏှာပင် ဖြစ်တော့၏၊ ယခုလက်ရှိ တွေ့မြင်ကြားသိ နေရသော ဒုက္ခတွေသည်ပင် တဏှာ အရင်းခံလျက်ရှိ၏၊ စဉ်းစားကြည့်ပါလေ၊ လူ့ဘဝ၏ အောက်တန်း ဖြစ်သော တိရစ္ဆာန်ဘဝ၌ ခွေးသတ္တဝါ် တဏှာကြောင့် မစင်ကိုလည်းစားနိုင်, အမဲရိုးအခြောက်ကိုလည်း ကိုက်နိုင်၏၊ လင်းတတို့၏ တဏှာကြောင့် ခွေးသေပုပ်ကိုပင် မြိန်မြိန်ရှက်ရှက် မက်မောနိုင်၏၊ ပိုးလောက်တို့ တဏှာကြောင့် မစင်တွင်းမှာ လွန်မင်းစွာ ပျော်နိုင်ကြ၏၊ လူ့ဘဝ လူသားတို့၏ တဏှာကြောင့် မက်မောနေကြရသော လူ့ကာမဂုဏ် လူ့အာရုံတွေကို အထက်နတ်တို့အမြင်နှင့် ကြည့်ရလျှင် ခွေးနှင့် မစင်လို ဖြစ်ပါပေလိမ့်မည်၊ လူတို့၏ ကိုယ်နံ့သည် နတ်တို့မှာ တယူဇနာလောက်က မသတီစရာ ဖြစ်ပါသတဲ့။

တဘန် နတ်တို့တဏှာနှင့် နတ်ကာမဂုဏ်တွေကို အထက်ဗြဟ္မာတို့၏ အမြင်နှင့် ကြည့်ပြန်လျှင် ခွေးနှင့်မစင်အသား မျှ ခြားလိမ့်မည်မဟုတ်ပေ၊ အထက်ဗြဟ္မာတို့ နေကြထိုင်ကြပုံမှာ မေတ္တာပွားသူကပွား, ကရုဏာ ပွားသူကပွား, မုဒိတာ ပွားသူကပွား, ဥပေက္ခာထားသူက ထားနှင့် ကိလေသာ ကာမတဏှာတို့ လွန်စွာသန့်ရှင်းကြလေသည်၊ ကာမဂုဏ် ကြိုက်နေ

သော လူသတ္တဝါများသည် ကာမဂုဏ် အပြစ်ကို မမြင်နိုင်သလောက်, ဗြဟ္မာမင်းတို့ကလည်း ကာမဂုဏ်အပြစ်ကို မြင်ကြပေသည်၊ ဗြဟ္မာမင်းတို့ နေပုံကား တရား ပြည့်ဝနေသော ရဟန်းတော် အရှင်မြတ်ကြီး၏ နေပုံနှင့် တူကောင်း တူပေလိမ့်မည်။

တဖန်- စဉ်းစားဘွယ် ရှိပြန်သည်ကား ဗြဟ္မာတို့ရဲ့ တရားလေးပါး ပြည့်ဝစွာဖြင့် ဗြဟ္မာ့ပြည်မှာ ကာမဂုဏ် ကင်းရှင်းစွာ နေလေကာမူ ပုထုဇဉ် အနေမျှဖြင့် နေရသော ထိုဗြဟ္မာမင်းသည် တနေ့ကျလျှင် ထိုဘဝမှ စုတေ၍ လူ့ပြည်တိရစ္ဆာန် ပြိတ္တာပြည်သို့ ပြန်လည် ရဦးမည်ဖြစ်ရကား စင်စစ်အားကိုးလောက်သောဘဝ မဟုတ်သေးချေ၊ ထို့ပြင် မိစ္ဆာအယူကို စွဲထင်၍ ယူသူအများတွင် ဗြဟ္မာ့ပြည်တော်ပြန်တွေ အများအပြား ပါဝင်နေရကား သူတို့သည်ပင် ကမ္ဘာလောက၌ သံဆူးတွေဖြန့်ထားသကဲ့သို့ မိစ္ဆာဝါဒတွေကို အနှံ့အပြား ဖြန့်ထားခဲ့၏၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် (မစင်ဟူသမျှ ဝက်သား ကြက်သား မစင်ဖြစ်စေကာမူ မချီးမွမ်းနိုင်သကဲ့သို့) ဘဝဟူသမျှကိုလည်း ဗြဟ္မာ့ဘဝ ဖြစ်စေကာမူ ချီးမွမ်းတော်မမူဘဲ ဘဝအားလုံးကုန်ဆုံးမှုကိုသာ ချီးမွမ်းတော်မူကာ ကိုယ်တော်မြတ်အတွက်မှာမူ အရင်းခံတဏှာပြတ်ပြီးဖြစ်၍ ဘဝအားလုံး ကုန်ဆုံးပြီးဖြစ်ကြောင်းကို မိန့်တော်မူပါလေသည်။

ဘဝေဝါဟံ ဘယံ ဒိသွာ, ဘဝဉ္စ ဝိဘဝေသိနံ၊
ဘဝံ နာဘိဝဒိံ ကိဉ္စိ, နန္ဒိံ စနုပါဒိယိံ။

အဟံ– သင်လိုထပ်တူ, နတ်လူဗြဟ္မာ, သတ္တဝါတို့၏, ဆရာစင်စစ်, ဖြစ်တော်မူသော ငါဘုရားသည်၊ ဘဝေ– ဖြစ်လျှင်ပျက်မြဲ, မလွဲတံထွာ, သံသရာနှောင်တွင်း, ထောင်အကျဉ်း၌၊ ဘယံ– အိုနာသေရေး, ဒုက္ခဘေးမှ, စရဲရန်စွယ်, အန္တရာယ်ဟု, ဘေးအစုကို၊ ဒိသွာဝေ– ကောင်းစွာပိုင်နင်း, သိမြင်တော်မူခြင်းကြောင့်သာလျှင်၊ ဘဝဋ္ဌ၊ ကာမရူပ, အရူပဟု, လောကသုံးဘုံ, အလုံးစုံကိုရင်း၊ ဝိဘဝေသိနံ– ဘဝကင်းရာ, ရှားကြံပါလည်း, သုံးဖြာဘဝ, ကျင်လည်ရသည့်, များလှသောင်းသောင်း, သတ္တဝါ အပေါင်းကိုရင်း၊ ဒိသွာ– ဆုံးစကုန်စင်, သိမြင်တော်မူသည်ဖြစ်၍၊ ကိဋ္ဌိဘဝံ–လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာ့ဘုံဟု, သုံးဘုံဌာန တခုသောဘဝကို၊ နာဘိဝဒိံ– စုံစုံမက်မက်, နှစ်သက်ခင်မင်, လိုချင်တောင့်တတော်မမူသော၊ နန္ဒိံစ– လူ့ဘုံ နတ်ဘုံ, ဗြဟ္မာ့ဘုံဝယ်, စုံစုံမက်မက်, နှစ်သက်တွယ်တာ, ဘဝတဏှာ ကိုလည်း နုဒပါဒိယိံ– ဖွဲ့လမ်းလွတ်ကင်း, အမြစ်ရင်းက, အလျဉ်းပြတ်စေ, ဖြတ်တောက်တော်ခဲ့ပေသတည်း။

အချုပ်မှာ– ဘဝများစွာ၌ တွေ့ရသော ဒုက္ခ ဟူသမျှသည် တဏှာတည်းဟူသော အညာသာ အရင်းခံရကား တဏှာ မပြတ်နိုင်သမျှ ဒုက္ခမပြတ်နိုင်ရကား လက်ဦး တဏှာကိုသာ အကြွင်းမဲ့ပြတ်အောင် ဖြတ်ဘို့ အရေးကြီးလှပေသည်၊ ထိုတဏှာ ဖြတ်ကြောင်း တရားကောင်းများလည်း သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပစသည်ဖြင့် မဂ္ဂင်ရှစ်ပါး အပြည့်အစုံ ညွှန်ပြထားတော်မူ၏၊ ထိုမဂ္ဂင်ရှစ်ပါး၏ ရှင်းလင်းပြတ်သားစွာ မိမိစိတ်အစဉ်မှာ တည်ရှိလာခြင်းသည်ပင် သောတာပန် သကဒါဂါမိ

အနာဂါမ် ရဟန္တာ ဖြစ်ခြင်း မည်၏၊ ထို ရဟန္တာ အဖြစ်မျိုး ရောက်သည့်အခါ ထိုတဏှာသည် လုံးဝ ပြတ်တောက်သွားပြီ ဖြစ်၍ ယခုအခါ အမျိုးမျိုးတွေးဆနေကြရသော နိဗ္ဗာန်ဆိုသော တရားထူးကို မိမိဉာဏ်ဖြင့်ပင် အထင်အရှား တွေ့မြင်ကြရပါ လိမ့်မည်။

ဒိုသူတော်ကောင်းတို့....ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းသည် သမုဒယသစ္စာခေါ် တဏှာလောဘ ဖြစ်သကဲ့သို့ ဒုက္ခအားလုံးကုန်ဆုံးငြိမ်းရာနိရောဓ သစ္စာခေါ် နိဗ္ဗာနဓာတ် ထင်ပေါ်လာကြောင်းသည် မဂ္ဂသစ္စာ သညာခေါ်တွင် မဂ္ဂင်ရှစ်ပါးပင် ဖြစ်ရကား ထိုမဂ္ဂင်ရှစ်ပါးကို မိမိစိတ်အစဉ်မှာအနုအရင့် အဆင့်ဆင့်တိုးပွား လာအောင် သတိတရားအမြဲထား၍ ကြိုးစားကြပါလော့။

(၅)

အဖန်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ လှစွာသောကြောင့် အိမ်ဆောက်သူကို ရှာဖွေ သောငါသည် မတွေ့သေးသဖြင့် ဘဝများစွာ သံသရာပတ်ပြေး ကျင်လည်ခဲ့ရလေပြီ။ အို-အိမ် ဆောက်သူ ငါသည် သင့်ကိုယခုမြင်ပြီ၊ အိမ်ကို နောက်ထပ် တဖန် သင်ဆောက်ရတော့မည် မဟုတ်၊သင်၏ အမြင်အားလုံးကို ချိုးဖျက်ပစ် လိုက်ပြီ၊ အထွတ်ကို ချိုးဖျက်ပစ်လိုက်ပြီ၊ စိတ် သည်ပြုပြင်မှုကင်းရာသို့ ရောက်ပြီ၊တဏှာကုန်ရာ ကိုရပြီ။

ဗုဒ္ဓ၏ ပထမ ဗုဒ္ဓဝစနဖြစ်၏၊ အာတမာဝါဒီတို့ကဲ့သို့ပင်ကိုယ် ခန္ဓာကို အိမ်နှင့် နှိုင်းယှဉ်ထား၏။ အိမ်ဆောက်သော လက်သမားမှာ တဏှာဖြစ်၏၊ ဓမ္မစကြာတွင် တဏှာသုံးပါးကို တွေ့နိုင်၏၊ ယင်းတို့မှာ (၁) ကာမတဏှာ (၂) ဘဝတဏှာ နှင့် (၃) ဝိဘဝတဏှာတို့ဖြစ်၏။

ကာမဘဏှာမှာ ရူပါရုံစသော ဝတ္ထုကို တပ်မက်သော တဏှာဖြစ်၏။

ဘဝတဏှာမှာ သဿတ ဒိဋ္ဌိနှင့် တကွ ဖြစ်သောတဏှာ ဖြစ်၏။

ဝိဘဝတဏှာမှာ ဥစ္ဆေဒ ဒိဋ္ဌိနှင့် တကွ ဖြစ်သောတဏှာ ဖြစ်၏။

တဖန် ဘဝသစ်ကို ဖြစ်စေသည်မှာ ယင်းတဏှာဖြစ်၏။ ယင်းတဏှာကို အကြွင်းမဲ့ ဖယ်ရှားပါလျှင် တဖန်ဘဝသစ် မဖြစ်နိုင်တော့ပါ၊ ထိုအခါ မည်သူမဆို "ဤသည်ကား နောက်ဆုံးဘဝ၊ ယခုအခါ နောက်ဘဝမရှိ"ဟု ဆိုနိုင်၏။ ယင်းသို့ ကြွေးကြော်နိုင်ရန်အတွက် တဏှာကို ပယ်ဖြတ်ဘို့ လိုပါသည်။

မေ့မေ့လျော့လျော့ကျင့်သော သတ္တဝါအား
မာလောနွယ်ကဲ့သို့ တဏှာတိုးပွား၏၊ သစ်သီးကို
အလိုရှိသော မျောက်သည် တောတွင်း၌ တပင်မှ
တပင်သို့ ခုန်လွှား ကူးသန်းသကဲ့သို့ ထိုတဏှာ
တိုးပွားသူသည် တဘဝမှ တဘဝသို့ ပြေးသွား
ရ၏။

ပြိတ်မြက်သည် မိုးရွာသောအခါ ကြီးပွားသကဲ့သို့ လောက၌ ကပ်ငြိတွယ်တာ၍ ယုတ်မာသော ဤတဏှာ ညှဉ်းဆဲခံရသူအား စိုးရိမ်ကြောင့်ကြမှုတို့ ကြီးပွားကုန်၏။

ရေပေါက်သည် ကြာရွက်မှလျှောကျသကဲ့သို့ လွန်ဆန်နိုင်ခဲသော ယုတ်မာသော တဏှာကို ညှဉ်းဆဲနိုင်ခဲ့မူ ထိုသူမှ စိုးရိမ်ကြောင့်ကြမှုတို့ လျှောကြကုန်၏။

ခိုင်မြဲသော ရေသောက်မြစ်ကို မဖျက်ဆီးဘဲ မနုတ်ဘဲ ပင်စည်ကို ဖြတ်သော်လည်း သစ်ပင်သည် တဖန် ပေါက်ရောက် စည်ကားပြန်သကဲ့သို့ ကိန်းအောင်းနေသော တဏှာကို မဖျက်ဆီးသေးပါလျှင် ဤဆင်းရဲသည် အဖန်ဖန် အထပ်ထပ် ဖြစ်ရ၏။

တဏှာဖြင့် ဝန်းရံခြင်းခံရသော သတ္တဝါတို့သည် ကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ကြောက်ရွံ့ထိတ်လန့်နေကြရကုန်၏။ သံယောဇဉ်အစေးဖြင့် ကပ်ငြိသော သူတို့သည်ကြာမြင့်စွာ ကာလပတ်လုံး အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းစသော ဆင်းရဲသို့ ကပ်ရောက်ကြရကုန်၏။

ပင့်ကူသည် မိမိပြုသောပိုက်ကွန်၌ အိပ်သကဲ့သို့ သတ္တဝါတို့သည် ပြင်းစွာ တပ်မက်ကုန်သည်ဖြစ်၍ မိမိတို့ပြုသော တဏှာအယဉ်သို့ ကျကုန်

၏။ ပညာရှိတို့သည် ဤတဏှာကိုဖြတ်၍ မငဲ့ကွက်ဘဲ ခပ်သိမ်းသော ဆင်းရဲကို စွန့်သွားကုန်၏။

လွန်လေပြီးသောခန္ဓာ၌ တဏှာကိုစွန့်လော့၊
နောင်ဖြစ်ပေါ်မည့်ခန္ဓာ၌ တဏှာကို စွန့်လော့၊
ခန္ဓာ အလုံးစုံ၌ တဏှာမှ လွတ်သော စိတ်ရှိ
လျက် ဘဝသုံးပါး၏ အဆုံးသို့ ရောက်သည်
ဖြစ်၍ တဖန် အိုခြင်း-နာခြင်းသို့ မကပ်လေလင့်။

ဤသည်တို့ကား ဓမ္မပဒ ပါဠိတော်လာ တဏှာတရားတို့ဖြစ်၏၊ ဤတရားတို့၏ အနှစ်သာရမှာ ဘဝမပြတ်ခြင်းကိုရင်း, ဘဝပြတ်ခြင်းကိုရင်း, မစွဲလမ်း, မဘပ်မက်, မသုံးသပ်ရန် ဖြစ်၏၊ သတ္တဝါတို့ ဒုက္ခရောက်မည်မှာ ယင်းတပ်မက်မှု တဏှာကြောင့်ပင်ဖြစ်၏၊ ဘဝ မပြတ်သူလည်း ယင်းမပြတမှုကို မစွဲလမ်းဘဲ နေရမည်၊ ဘဝပြတ်သူလည်း ယင်းပြတ်ခြင်းကို မစွဲလမ်းဘဲ နေရမည်၊ ဤသို့နေလျှင် ဒုက္ခကင်းမည်ဖြစ်၏၊ သို့မဟုတ်က ဒုက္ခကင်းကြမည် မဟုတ်၊ တဏှာကြောင့်ပင် ဒုက္ခရောက်နေကြရမည်၊ မြတ်စွာဘုရားသည် ဤကိစ္စနှင့် ပတ်သက်၍ နည်းအမျိုးမျိုးဖြင့်ပင် ရှင်းပြခဲ့သည်၊ ယင်းရှင်းလင်းချက် တို့ကို စာကိုယ်တွင် ဒ ဘန်ပြည့်စုံစွာ ဖော်ပြထားပါသည်၊ အကယ်၍ ကောင်းစွာ ကြည့်ရှု လေ့လာပါလျှင် ပြေလည်နိုင်စရာ ရှိပါသည်။

ဤ နောက်ဘဝပြဿနာ အဖြေ၏ ပဓာနမှာဗုဒ္ဓဝါဒဖြစ်၏၊ ဗုဒ္ဓဝါဒ၏ ထိုအဖြေမှာလည်း ဗြဟ္မဏဝါဒကို ဗဟိုပြုနေ

သည်၊ အကြောင်းကား ထိုစဉ်အခါက လောကတွင် အခြား ဘာသာရေးဆိုင်ရာအယူဝါဒများ အထင်အရှား မပေါ်ပေါက် သေးသောကြောင့်ဖြစ်၏၊ ဗြဟ္မဏဝါဒသို့ ဗုဒ္ဓဝါဒ ချဉ်းကပ်ရာ အခြေခံမှာ နိယာမ တရား ငါးပါးဖြစ်၏၊ သို့ကြောင့် ရှေးဦး စွာ နိယာမတရား ငါးပါးကို အချုပ်အား မှတ်သားထားသင့် ပါသည်။ —

[၆]

နိယာမဟူသည်မှာ ဖြစ်မြဲသဘော ဓမ္မတာဖြစ်၏၊ နိယာမ ကို ဓမ္မတာဟူလည်း ခေါ်လေ့ရှိကြ၏၊ ဓမ္မတာနှင့် နိယာမမှာ အနက်တူ သဒ္ဒါကွဲဖြစ်၏၊ သဘာဝအတိုင်း ဖြစ်ခြင်းပင်တည်း၊ ယင်း နိယာမ သည် (၁) ဥတုနိယာမ, (၂) ဗီဇနိယာမ, (၃) ကမ္မနိယာမ, (၄) စိတ္တနိယာမ နှင့် (၅) ဓမ္မနိယာမ ဟူ၍ ငါးပါး အပြားရှိ၏။

ဥတုနိယာမ ဟူသည်မှာ ဥတု၏ အစွမ်း အားဖြင့် ဤ လောက၌ အစဉ်အတိုင်းဖြစ်နေသော သဘောဖြစ်၏၊ နွေ, မိုး, ဆောင်း ဟူ၍ ဥတုသုံးပါး, ရတုခြောက်ပါး အစဉ်အတိုင်း ဖြစ်နေခြင်းမှာ ဥတုနိယာမ အစွမ်းပင်ဖြစ်၏၊ သစ်ပင်,ချုံနွယ်, မြက်တို့၏ သူ့အချိန်ကာလ အားလျော်စွာ ရွက်ဟောင်းကြွေ ကျခြင်း, ရွက်သစ်လဲပြောင်းခြင်း, ပုရစ်ဖူးတံ ထွက်ပြူခြင်း, ကင်းငုံခြင်း, ပွင့်ခြင်း, သီးခြင်း စသည်တို့ဖြင့် အစဉ်အတိုင်း သူ့အချိန်နှင့်သူ သူ့အမျိုးနှင့်သူ ဖြစ်နေမှုတို့သည်လည်း ဥတု

နိယာမအားတိုင်းပင်ဖြစ်၏၊ တစုံတယောက်သော နတ်ပြဟ္မာ ဖန်ဆင်းသည်မဟုတ်၊ ဥတုနိယာမက ဖန်ဆင်းခြင်းသာဖြစ်၏။

ဗီဇနိယာမ ဟူသည်မှာ မျိုးစေ့၏ အစွမ်းအားဖြင့် အစဉ် မြဲသော အားဖြင့်ပြီးမြောက်ခြင်းပင်ဖြစ်၏၊ သပြေပင်၏ မျိုးစေ့မှ ပေါက်ရောက်လာသော အညွန့် အညှောင့်တို့သည် သပြေညွန့် သပြေညှောင့် တို့သာ ဖြစ်၏၊ အရွက် အသီး တို့သည်လည်း သပြေကိုင်း သပြေခက်တို့သာဖြစ်၏၊ အညွန့်, အညှောင့်, အသီး, အရွက်စသည်တို့သည် သပြေပင်၏ဇာတ်ကို မစွန့်ကြ၊ ဤနည်း အတူပင် အလုံးစုံသော သစ်ပင် နွယ်ပင် ချုံ ပေါင်း မြက်တို့၌ ဗီဇနိယာမအတွက်ကြောင့် မိမိတို့ မိမိတို့၏ဇာတ်ကိုမစွန့်ကြခြင်း ဖြစ်၏၊ တစုံတယောက်က ဖန်ဆင်း၍မဟုတ်၊ ဗီဇနိယာမကသာ လျှင် ဖန်ဆင်းခြင်းဖြစ်၏။

ကမ္မနိယာမ ဟူသည်မှာ ကံ၏အစွမ်းဖြင့်သာလျှင် မြဲသော သဘောအားဖြင့် ပြီးမြောက်ခြင်း ဖြစ်၏၊ မကောင်းသဖြင့် ပြုအပ်သော ဒုစရိုက်ကံတို့၏ အလိုမရှိအပ် မနှစ်သက်အပ်သော အနိဋ္ဌအကျိုးပေးမှု၏ မြဲခြင်း, အကုသိုလ်ကံတို့၏ အပါယ်လေး ဘုံ၌ အကုသိုလ်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေမှု၏ မြဲခြင်း, ကာမကုသိုလ်တို့၏ ကာမ သုဂတိ ခုနစ်ဘုံ၌ ကုသိုလ်ဝိပါက် ပဋိသန္ဓေကို ဖြစ်စေမှု၏ မြဲခြင်း, အရူပကုသိုလ်၏ အရူပလေးဘုံ တို့၌ အရူပဝိပါက် ပဋိသန္ဓေကို ဖြစ်စေမှု၏ မြဲခြင်းတို့သည် ကမ္မနိယာမ၏ သဘောပင်ဖြစ်၏၊

စိတ္တနိယာမ ဟူသည်မှာစိတ်၏ အစွမ်း အား ဖြင့်သာ လျှင် မြဲသောအားဖြင့် ပြီးမြောက်ခြင်းဖြစ်၏၊ သတ္တဝါတို့၏သန္တာန်၌

ခဏ မစဲ မပြဲဖြစ်ရှိနေသော စိတ်တို့သည် ကမောက္ကမ အစီအစဉ်မသင့် တဖျင့်တပါး မှောက်မှောက်—မှားမှား ဖြစ်နေသည်မဟုတ်၊ စိတ္တနိယာမ၏ အစွမ်းဖြင့် ကိစ္စအစဉ် ဌာနအစဉ် အတိုင်းသာ ညီညွတ်စွာ ဖြစ်နေကြသည်၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်ဟူသော ဒွါရငါးပါးမှာ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ဟူသော အာရုံငါးပါး ကျရောက်ထင်ပေါ်လာလျှင် အဘယ်ပါနည်းဟု ဆင်ခြင်သော အာဝဇ္ဇန်းစိတ် ရှေးဦးစွာ ဖြစ်ပေါ်လာ၏၊ ထို့နောက် အဆင်းဖြစ်လျှင် စက္ခုပသာဒကိုမှီပြီး စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်၏၊ အနံ့ဖြစ်လျှင် ဃာနပသာဒကိုမှီပြီး ဃာနဝိညာဏ်စိတ်ဖြစ်ပေါ်၏၊ အရသာဆိုလျှင် ဇိဝှါပသာဒကို မှီပြီး ဇိဝှါဝိညာဏ်စိတ်ဖြစ်ပေါ်၏၊ အတွေ့ဖြစ်လျှင် ကာယပသာဒကို မှီပြီး ကာယဝိညာဏ်စိတ် ဖြစ်ပေါ်၏၊ ထို့နောက် ယင်းစိတ်တို့က သိထားသောအာရုံကို လက်ခံသော သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်ပေါ်၏၊ ထို့နောက်စဉ်းစား ဆင်ခြင်သော သန္တီရဏစိတ် ဖြစ်ပေါ်၏၊ ထို့နောက် ကောင်းမကောင်း စသည်ဆုံးဖြတ်သော ဝုဋ္ဌောစိတ် ဖြစ်ပေါ်၏၊ ထို့နောက် ဇောစိတ် ခုနစ်ကြိမ်, တဒါရုံစိတ် နှစ်ကြိမ်, အစဉ်အတိုင်းဖြစ်၏၊ ယင်းသို့ အစဉ်အတိုင်း ဖြစ်ရန် အတွက် ဘယ်သူကမျှ ဖန်ဆင်း ပေးသည် မဟုတ်၊ စိတ္တနိယာမအားဖြင့် ဖြစ်ကြခြင်းဖြစ်၏။

ဓမ္မနိယာမ ဟူသည်မှာ သဘောအားဖြင့်သာလျှင်မြဲသော အားဖြင့် ပြီးမြောက်ခြင်းဖြစ်၏၊ ဘုရားအလောင်း ပဋိသန္ဓေနေသောအခါ, ဖွားမြင်သော အခါ, ဘုရား ဖြစ်သော အခါ

ဓမ္မစကြာတရား ဟောသောအခါ၊ အာယုသင်္ခါရ လွှတ်သော
အခါ၊ ပရိနိဗ္ဗာန်ပြုသောအခါ တို့၌ မြေငလျင်လှုပ်ခြင်း အစရှိ
သော ထူးထူးခြားခြား နိမိတ်များ ထင်ရှား ဖြစ်ပေါ်ခြင်းတို့
မှာ ဓမ္မနိယာမပင်ဖြစ်၏။

ဤကား နိယာမတရား ငါးပါး အကျဉ်း ချုပ် တည်း၊
နောက်ဘဝပြဿနာ လေ့လာရာတွင် ဤနိယာမတရားငါးပါး
ကို ဆောင်ယူသွားသင့်ပါသည်၊ အကယ်၍ နောက်ဘဝတို့တွင်
အာဖု-အာထစ် ဖြစ်ခဲ့ပါသော် ဤလက်နက် ငါးပါးက ကူညီ
ဖြေရှင်းပေးနိုင်ပါလိမ့်မည်။

သော်ဇင်

၁၄-၁၁-၇၅

[၁၃၃၇-ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ သောကြာနေ့]

## သေခြင်းအကြောင်း၊

မိလိန္ဒပဉှာ 'လောကေ နတ္ထိဘာဝ ပဉှာတွင် လောက၌ မရှိသော တရားသုံးပါးကို ဖော်ပြထား၏၊ လောက၌ ဘယ်အရာမဆို အလုံးစုံ အကုန်ရှိ၏၊ ဘုရားပစ္စေက ဗုဒ္ဓါမှစ၍ ပိုးမွှားကလေးမျှ မကျန် ရှိကြပါသော်လည်း (၁) စိတ်စေတနာရှိသည်ဖြစ်စေ, မရှိသည် ဖြစ်စေ-မအို-မသေခြင်းသည်လောက၌မရှိ၊(၂)သင်္ခါရတရားတို့၏တည်မြဲခြင်းသည် မရှိ၊ (၃) ပရမတ္ထအားဖြင့် သတ္တဝါကိုရခြင်းသည် မရှိ၊ဤတရားသုံးပါးသည် လောက၌မရှိ၊ ထိုတွင် ဒုတိယ မရှိ

ခြင်းမှာ မသေခြင်းဖြစ်၏၊ သတ္တဝါဟူမျှ သေကြရမည်သာတည်း၊ မိမိလည်း သေရမည် အမှန်ဖြစ်၍ သေခြင်း သဘောတရားကို သိထားဘို့ လိုပါသည်၊ နောက်ဘဝ ဟူသည်မှာလည်း သေခြင်းနှင့် တခဲနက် ဆက်စပ်နေ၍ သေခြင်းသဘောတရားကို ရှေးဦးစွာ ပြည့်ပြည့်-စုံစုံ လေ့လာ ထားသင့် လှပါသည်၊ သို့မှာလည်း နောက်ဘဝအကြောင်းကို ကောင်းစွာ သိပါမည်၊ ဤအတွက် မိလိန္ဒပဥှာမှအကာလ မရဏပဥှာကို ကောက်နုတ်ဖော်ပြပါမည်။ မိလိန္ဒမင်းကြီးက သတ္တဝါတို့၏ သေခြင်းအကြောင်းကို မေးလျှောက်၍ ရှင်နာဂသေန မထေရ်က ဖြေဆိုပါသည်။

"အရှင်ဘုရား သေသောသတ္တဝါ အားလုံးတို့သည် သေချိန်ရောက်မှ သေကုန်သလော၊ သို့မဟုတ် သေချိန်မဟုတ်ဘဲ သေကုန်သလော။"

"မင်းကြီး သတ္တဝါတို့သည် သေချိန်ရောက်မှလည်း သေကြသည်၊ သေချိန်မဟုတ်ဘဲလည်း သေကြသည်။"

"မင်းကြီး အသီးရှိသော သရက်ပင်၊ သပြေပင်၊ တပါးသော သစ်ပင်တို့၌ အသီးတို့သည် စိမ်းသည်ဖြစ်စေ, မှည့်သည်ဖြစ်စေ-သစ်ပင်မှ ကြွေကျသည်ကို မြင်ဘူးပါ၏လော"

"အရှင်ဘုရား အသီးတို့သည် စိမ်းသည်ဖြစ်စေ, မှည့်သည်ဖြစ်စေ သစ်ပင်မှ ကြွေကျကုန်၏။"

"မင်းကြီး သစ်ပင်မှ ကြွေကျသော သစ်သီး အားလုံးတို့သည် အချိန်အခါရောက်မှ ကြွေကျကုန်သလော၊ သို့မဟုတ် အချိန်အခါမရောက်ဘဲလျက်လည်း ကြွေကျသလော"

"အရှင်ဘုရား မှည့်မှကြွေသော သစ်သီးတို့သည် အချိန် အခါရောက်မှ ကြွေသည်မည်ကုန်၏။ ကြွင်းသော သစ်သီးတို့တွင် နှသော သစ်သီးတို့ကား အချို့သော သစ်သီးမှုကား ပိုးထိုး၍ ကျကုန်၏၊ အချို့သော သစ်သီးမှုကား ဒုတ်လှံတန်ဖြင့်ခတ်မိ၍ ကျကုန်၏။ အချို့သော သစ်သီးမှုကား လေခပ်သဖြင့် ကျကုန်၏။ အချို့သစ်သီးမှုကား အညှာ ပုပ်သောကြောင့် ကြွေကျကုန်၏၊ ထိုသစ်သီးတို့သည် အချိန်အခါမဟုတ်ဘဲ ကြွေကုန်၏။

"မင်းကြီး ထို့အတူ ဇရာတရား၏ အဟုန်ခပ်သည် ဖြစ်၍ သေသော သတ္တဝါတို့သည်သာ အချိန်အခါရောက်သဖြင့် သေသည်မည်ကုန်၏။ ကြွင်းသောသတ္တဝါတို့၏ သေခြင်းသည်ကား အချို့သော သတ္တဝါတို့သည် ကံနှိပ်စက်၍ သေကုန်၏၊ ကတိ နှိပ်စက်၍လည်း သေကုန်၏၊ အမှုအယာ နှိပ်စက်၍လည်း သေကုန်၏"

"အရှင်ဘုရား ကံနှိပ်စက်သောကြောင့်ရင်း၊ ကတိ နှိပ်စက်သောကြောင့်ရင်း၊ အမှုအရာ နှိပ်စက်သောကြောင့်ရင်း ဇရာအဟုန်နှိပ်စက်သောကြောင့်ရင်း သေကြကုန်သော သတ္တဝါတို့သည် သေချိန်အခါရောက်၍ သေသည်မည်ကုန်၏ တကား၊ အချို့သောသတ္တဝါတို့သည် အမိဝမ်းတွင်း၌ သေ၏၊ ထိုသေခြင်းသည် အချိန်အခါ၌သာလျှင် သေသည်မည်ကောင်း၏၊ အချို့

သောသတ္တဝါတို့သည် သားဖွားရာအိမ်၌သေ၏၊ ထိုသေခြင်းသည်လည်း အချိန်အခါ၌ သေသည်မည်၏၊ တလရှိ၍ သေသူဖြစ်စေ၊ အနှစ်တရာရှိ၍ သေသူဖြစ်စေ၊ အချိန်အခါရောက်၍ သေသည်မည်၏၊ အရှင်ဘုရား ထို့ကြောင့်အခါမရောက်ဘဲ သေခြင်းမည်သည် မဖြစ်စကောင်း၊ ထိုသေသောသတ္တဝါ အပေါင်းသည် အချိန်အခါရောက်မှသာ သေသည်မည်ကုန်၏တကား။"

"မင်းကြီး အသက်သည် အချိန်လွန်စွာ ရှိသေးလျက်လည်း အချိန်အခါမဟုတ်ဘဲလျက် သေရကုန်သည်တကား၊ အကြောင်းခုနစ်ပါးတို့ကြောင့်လည်း သေကုန်၏၊ (၁) အစာ-အာဟာရကိုမရ၊ ဆာလောင်ဘော်မွတ်၍ သေရခြင်းသည် အသက်ကြွင်းရှိသေးလျက် အခါမဟုတ်သော သေခြင်းမည်၏၊ (၂) သောက်ရေကိုမရ၊ နှလုံးခြောက်ဘတ်သေခြင်းသည် အထက်သို့အသက်ကြွင်းရှိသေးလျက် သေခြင်းကြောင့် အခါမဟုတ်သော သေခြင်းမည်၏။ (၃) မြွေခဲသည်ဖြစ်၍ အဆိပ်မွမ်းသူသည် ဆေးသမားကိုမရ၍ အထက်သို့ အသက်ကြွင်းရှိသေးလျက် သေ၏၊ ဤသည်လည်း အချိန် အခါ မဟုတ်သော သေခြင်း မည်၏၊ (၄) အဆိပ်ကို စားမိသော သူသည်ကားအင်္ဂါကြီးငယ်တို့လောလောပူသော်လည်း ဆေးကိုမရ၍ အသက်ကြွင်း ရှိသေးလျက် သေ၏၊ ဤသည်လည်း အချိန်အခါ မဟုတ်သော သေခြင်းမည်၏။ (၅) မီးလောင်သောသူသည် ငြိမ်းစေတတ်သော ဆေးကိုမရ၍ အသက်ကြွင်းရှိသေးလျက် သေ၏၊ ဤသည်လည်း အချိန်အခါမဟုတ်သော သေခြင်းမည်၏။ (၆) ရေနစ်သောသူသည် ကိုးကွယ်ဆောက်တည်ရာကို မရ၍ အသက်ကြွင်း ရှိသေးလျက်

သေ၏၊ ဤသည်လည်း အချိန်အခါ မဟုတ်သော သေခြင်းမည်၏၊ (၇) ဒါးလှံထိုးမိသောသူသည် ဆေးသမားကို မရ၍ အထက်သို့ အသက်ကြွင်းရှိသေးလျက် သေ၏၊ ဤသည်လည်း အချိန်အခါမဟုတ်သော သေခြင်းမည်၏။ မင်းကြီးဤခုနစ်ပါးသော အကြောင်းတို့ဖြင့် သတ္တဝါတို့၏ သေခြင်းသည် အထက်သို့ အသက်ကြွင်းရှိသေးလျက်သေကုန်၏။"

"မင်းကြီး ထိုစကားနှင့် ငါသည် ကေန်စင်စစ်အားဖြင့် ဆိုဦးအံ့၊ သတ္တဝါတို့၏ သေခြင်းသည် ရှစ်ပါးအပြားရှိ၏၊ (၁)လေထိုးကျင်သောကြောင့်ရင်း (၂) သလိပ်ကြောင့်ရင်း(၃)သည်းခြေပျက်သောကြောင့်ရင်း (၄) လေ,သည်းခြေ, သလိပ် စုဝေးသော သန္နိပါတ်ကြောင့်ရင်း(၅) ဥတုဖောက်ပြန်သောကြောင့်ရင်း (၆) မညီညွတ်သော အစာအာဟာရကြောင့်ရင်း (၇) လုံ့လပယောဂကြောင့်ရင်း၊ (၈) ကံ၏ အကျိုးကြောင့်ရင်း၊ ဤရှစ်ပါးသော အကြောင်းတို့ကြောင့် သတ္တဝါတို့၏ သေခြင်းသည်ဖြစ်၏။ မင်းကြီး ဤရှစ်ပါးသော အကြောင်းတို့တွင် ကံ၏ အကျိုးကြောင့် သေခြင်းသည် မိမိကံ ကုန်သောကြောင့် သေခြင်းမည်၏၊ ကြွင်းသော ခုနစ်ပါးကြောင့် သေခြင်းသည် မိမိ၏ ကံ မကုန်သေး၊ အသက်ကြွင်းရှိသေးလျက်သေသည် မည်ကုန်၏။"

"ရှေးအပဉ္စသုတပါးတို့ကို ငတ်မွတ်၍သေစေသူသည် အနှစ်အသိန်းက များစွာသော နှစ်တို့ပတ်လုံး ငတ်မွတ်ခြင်းဖြင့် နှိပ်စက်လျက် ခြောက်သောနှလုံး ပူလောင်သောနှလုံး ရှိလျက် ပဌမအရွယ်၌သော်လည်းရင်း, မဇ္ဈိမအရွယ်၌ သော်လည်းရင်း၊ ပစ္ဆိမ

အရွယ်၌သော်ငင်း တော်မှတ်သဖြင့်သာလျှင် သေရကုန်၏၊ ဤသို့သောသေခြင်းသည်လည်း မိမိကံကြောင့်ပင် သေခြင်းမည်၏။"

"ရှေးဘဝ၌ သူတပါးတို့ကို ရေသိတ်စေလျက် သေစေသူသည် အသိန်းမက များလှစွာသော နှစ်တို့ပတ်လုံး နိဗ္ဗာမတကျော်က ပြိတ္တာဖြစ်၍ ခေါင်းပါးကြုံလှီ ခြောက်တတ်သော နှလုံး ရေငတ်မွတ်၍ ပဌမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ် တခုခု၌ သေ၏၊ ဤသေခြင်းသည်လည်း မိမိ ကံကြောင့်ပင် သေခြင်းမည်၏။"

"ရှေးဘဝ၌ သူတပါးကို မြွေကိုက်စေ၍ သေစေသူသည် အနှစ်အသိန်းမက များလှစွာသော နှစ်ကာလတို့ပတ်လုံး စပါးကြီးခံတွင်းတခုမှသည် စပါးကြီးခံတွင်းတခုသို့, မြွေဟောက်ခံတွင်းတခုမှသည်မြွေဟောက်ခံတွင်းတခုသို့ပြောင်း၍ ပြောင်း၍ ထိုထိုမြွေတို့ ကိုက်သည်ဖြစ်၍ ပဌမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ် တခုခု၌သေ၏၊ ဤသေခြင်းသည်လည်း မိမိကံကြောင့် သေခြင်းမည်၏။"

ရှေးဘဝ၌ သူတပါးတို့ကို အဆိပ်ပေး၍ သေစေသူသည် အနှစ်အသိန်းမက များစွာသောနှစ်တို့ပတ်လုံး ပူလှစွာသော အင်္ဂါကြီးငယ်, ပေါက်ပြဲသောကိုယ်, မကောင်းသော အဆိပ်ရှိသော ကိုယ်ဖြင့်သာလျှင် ပဌမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ်တခုခု၌သေ၏၊ ဤသေခြင်းသည်လည်း မိမိကံကြောင့် သေခြင်းမည်၏။"

"ရှေးဘဝ၌ သူတပါးကို မီးဖြင့်တိုက်၍ သေစေသူသည် အနှစ်အသိန်းမက များလှစွာသော နှစ်တို့ပတ်လုံး မီးကျီးစုကတ္တ

မှုသည် မီးကျီးစုတခုသို့ ပြောင်း၍သွားလျှင် ပထမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ် တခုခု၌သေ၏၊ ဤသေခြင်းသည်လည်း မိမိကံကြောင့် သေခြင်းမည်၏။”

“ရှေးဘဝ၌ ရေဖြင့် သူတပါးကို သေစေသူသည်နှစ်အသိန်းမကမ များလှစွာသော ကာလတို့ပတ်လုံး စနေ့ဘင်္ဂစနင်း အားနည်းသောကိုယ်, တုန်လှုပ်သောစိတ်ရှိ၍ ရေ၌ပင်လျှင် ပထမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ်တခုခု၌သေ၏၊ ဤသေခြင်းသည်လည်း မိမိကံကြောင့် သေခြင်းမည်၏။”

“ရှေးဘဝ၌ သူတပါးကို ထားလှံတို့ဖြင့် သေစေသူသည် အနှစ်အသိန်းမက များလှစွာသော နှစ်တို့ပတ်လုံး အပိုင်းအပိုင်း အစုအစု ဒါးလှံတို့ဖြင့် ဖြတ်အပ်သော အကြောင်းနှင့်ပြည့်စုံ၏၊ ဒါးလှံတို့ဖြင့်သာလျှင် ပထမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ်တို့၌တို့သေရ၏၊ ဤသေခြင်းသည်လည်း မိမိကံကြောင့် သေခြင်းမည်၏။”

“အရှင်ဘုရား အချိန်အခါမဟုတ်ဘဲ သေခြင်းသည်ရှိ၏ဟု အရှင်ဘုရားဆိုသောစကား၌ အကြောင်းကို ပြပါဦးလော့။”

“မင်းကြီး ဥပမာသော်ကား ကြီးစွာသော မီးပုံကြီးသည် ထည့်ပေးသော လောင်စာ, မြက်, ထင်း, သစ်ခြောက်, အမှိုက်, မီးစာ ကုန်ခြင်းသို့ ရောက်၍ ငြိမ်း၏၊ ထိုမီးကို နှိပ်စက်ခြင်းမရှိ ဘေးရန်မရှိ ငြိမ်းသောမီးဟူ၍ဆိုအပ်သကဲ့သို့ များစွာသော နေ့ရက်တို့ပတ်လုံး အသက်ရှည်လျက် အိုခြင်းသဘောနှိပ်စက်၍ အသက်အပိုင်းအခြား ကုန်လေသော် နှိပ်စက်ခြင်းမရှိ ဘေးရန်

မရှိ သေသူကို အခါရောက်သည်၌ သေခြင်းသို့ရောက်သည်ဟု ဆိုအပ်၏။”

“မင်းကြီး ဥပမာသော်ကား မီးပုံကြီးသည် မြက်, ထင်း, သစ်ခက်, လောင်စာမကုန်မီ သည်းစွာသော မီးရှာ၍ ငြိမ်းအံ့၊ ထိုမီးသည် အချိန်အခါသို့ရောက်၍ ငြိမ်းသည်ဖြစ်ရာသလော။”

“အရှင်ဘုရား မီးကြီးသည်းစွာရှာသောကြောင့် အခါမဟုတ်ဘဲလျက် ငြိမ်းရလေ၏။”

“မင်းကြီး ထိုမီးပုံသည် အဘယ့်ကြောင့် ရှေးမီးပုံနှင့် သဘောမတူ ရှိလေသနည်း။”

“အရှင်ဘုရား အာဂန္တုက ဖြစ်သော မီးသည် နှိပ်စက်ခြင်း ရှိသည်ဖြစ်၍ အချိန်အခါသို့ မရောက်ဘဲလျက် ငြိမ်းရလေသည်။”

“မင်းကြီး ထို့အတူ အခါမရောက်ဘဲလျက် သေသူကို လေ, သည်းခြေ, သလိပ်, သန္နိပါတ် မညီညွတ်သောအစာ, သူတပါး လုံ့လ, ငတ်မွတ်ခြင်း, မြွေကိုက်ခြင်း, ရေ, မီး, ဒါးလှံတို့ဖြင့်နှိပ်စက်ခြင်းဖြစ်သောအာဂန္တုက အနာရောဂါဖြင့် အချိန်အခါမဟုတ်သည်၌ သေ၏၊ ဤသေခြင်းကား အချိန်အခါမဟုတ်ဘဲ သေခြင်းမည်၏။”

“မင်းကြီး ဥပမာတနည်းသော်ကား ကောင်းကင်၌ များစွာသောတိမ်တိုက်တို့တက်၍ ကြည်းကုန်းအရပ်သို့ ပြည့်စေလျက် ရွာသောမိုးကို နှိပ်စက်ခြင်း ဘေးရန်မရှိ ရွာသောမိုးဟုဆိုအပ် သကဲ့သို့ ကြာမြင့်စွာ အသက်ရှည်၍ အိုမင်းသောအခါ အသက် ကုန်ခြင်းသို့ရောက်သော် တစုံတခုနှိပ်စက်ခြင်းမရှိ သေခြင်းသို့

ရောက်၏၊ ထိုသူကို အချိန်အခါသို့ရောက်မှ သေသည်ဟု ဆိုအပ်၏။"

"မင်းကြီး ကောင်းကင်၌ များစွာသော တိမ်တိုက်တို့တက်၍ တိုးအတွင်း၌လျှင် ကြီးစွာသော လေကြောင့် ထိုမိုးတိမ်တိုက်သည် ပျောက်ကင်းခြင်းသို့ရောက်၏၊ မင်းကြီး စင်စစ်လျှင် ထိုတိမ်တိုက်သည် ရှေးတိမ်တိုက်နှင့် တူမျှသော အလားရှိရာ သလော။"

"အရှင်ဘုရား အာဂန္တုကဖြစ်သောလေသည် နှိပ်စက်သည် ဖြစ်၍ အချိန်အခါ မရောက်ဘဲလျက် ကင်းပျောက်ရ၏။"

"မင်းကြီး ထို့အတူ အခါမဟုတ်ဘဲလျက် သေရသူကို အာဂန္တုကဖြစ်သော လေ, သည်းခြေ, သလိပ်, သန္နိပါတ် မညီညွတ်သောအစာ, သူ့ဘပါးလုံ့လ, တော်မှတ်ခြင်း, မြွေကိုက်ခြင်း, ရေ, မီး, ဒါး ထို့တို့ဖြင့်နှိပ်စက်သည်ဖြစ်၍ အချိန်အခါမဟုတ်ဘဲလျက် သေရ၏။"

"မင်းကြီး ဥပမာတနည်းသော်ကား အားကြီးသော လျင်သော အဆိပ်ရှိသော မြွေသည် အမျက်ထွက်၍ ယောကျ်ားတယောက်ကို ကိုက်၏၊ ထိုယောကျ်ားအား မြွေဆိပ်သည် ဆေးဝါးမန္တန်တို့ဖြင့် မနှိပ်စက်နိုင်သည်ဖြစ်၍ သေခြင်းသို့ ရောက်၏၊ ထိုအဆိပ်ကို ဆေးဝါး, မန္တရားတို့ဖြင့် မနှိပ်စက်နိုင်၊ အဆုံးသို့ရောက်သော ဆေးမရှိသော အဆိပ်ဟု ဆိုအပ် သကဲ့သို့ ... အာ... ကြာမြင့်စွာ အသက်ရှည်၍ အိုမင်းသောအခါ အသက်ကုန်ခြင်းသို့ရောက်၍ တစုံတခု နှိပ်စက်ခြင်းမရှိသူကို အခါသို့ရောက်၍ သေသောသူဟု ဆိုအပ်၏။"

"မင်းကြီး ဥပမာ တနည်းသော်ကား ပြင်းသော အဆိပ်, လျှင်သော အဆိပ်ရှိသော မြွေ ကိုက်အပ်သောသူအား မြွေသမားသည် ဆေးပေး၍ အဆိပ်မရှိသည်ကိုပြုအံ့၊ မင်းကြီး စင်စစ်သော်ကား ထိုအဆိပ်သည် အချိန်အခါသို့ရောက်သော ကြောင့် နောက်သို့မဆုတ်သည်ဖြစ်ရာ သလော။"

"အရှင်ဘုရား မဟုတ်ပါ။"

"မင်းကြီး အဘယ်ကြောင့် နောက်တက်သောအဆိပ်သည် ရှေးတက်သောအဆိပ်နှင့် အတူအမျှ အလားမရှိသည် ဖြစ်လေသနည်း။"

"အရှင်ဘုရား အာဂန္တုကဖြစ်သော ဆေးဖြင့် နှိပ်စက်သော အဆိပ်သည် အပြီးသို့မရောက်နိုင်၍ ကင်းငြိမ်း၏။"

"မင်းကြီး ထို့အတူ အခါမဟုတ် သေသူသည် လေ, သည်းခြေ, သလိပ် အစရှိသော အာဂန္တုကအနာဖြင့် နှိပ်စက်သည်ဖြစ်၍ အခါမဟုတ်ဘဲ သေသည်မည်၏။"

"မင်းကြီး ဥပမာ တနည်းသော်ကား လေးသမားပစ်လိုက်သောမြှားသည် သွားမြဲတိုင်းသော ခရီးအဆုံးသို့ရောက်၏၊ ထိုမြှားကို နှိပ်စက်ခြင်းဘေးရန်မရှိ သွားမြဲတိုင်း ခရီးအဆုံးသို့ရောက်၏ဟု ဆိုအပ်သကဲ့သို့၊ ထို့အတူ ကြာမြင့်စွာ အသက်ရှည်လျက် အိုမင်းသောအခါသို့ရောက်သော် အသက်ကုန်၍၊ ဘေးအန္တရာယ်မရှိ သေသူကို ဘေးရန်မရှိ အချိန်အခါ သို့ရောက်၍ သေသူဟူ၍ဆိုအပ်၏။"

"မင်းကြီး ဥပမာသော်ကား လေးသမား ပစ်လိုက်သောမြှားကို ထိုခဏ၌ တစုံတယောက်သောသူသည် ကိုင်ဆွဲအံ့၊

မင်းကြီး ထိုမြားသည် သွားမြဲတိုင်းခရီးသို့ရောက်သည် ဖြစ်ရာအံ့လော။"

"အရှင်ဘုရား သွားမြဲတိုင်းခရီးသို့မရောက်နိုင်ရာ။"

"မင်းကြီး အဘယ်သို့နည်း၊ နောက်မြားသည် ရှေးမြားနှင့် အလားတူဖြစ်ရာ သလော။"

"အရှင်ဘုရား အာဂန္တုကဖြစ်သော ကိုင်ဆွဲခြင်းကြောင့် ထိုမြားသွားခြင်းသည် ပြတ်၏။"

"မင်းကြီး ထို့အတူ အချိန်အခါမဟုတ်သည်၌ သေသူသည် အာဂန္တုကဖြစ်သော လေ, သည်းခြေ, သလိပ် စသည်တို့သည် နှိပ်စက်အပ်သည်ဖြစ်၍၊ အချိန်အခါ မဟုတ်သည်၌ သေ၏။"

"မင်းကြီး ဥပမာတနည်းသော်ကား ကြေးခွက်ကိုတီးခြင်းကြောင့်ဖြစ်သော အသံသည် သွားမြဲကိုင်းကာလသို့ ရောက်သည်တိုင်အောင်သွားသည်၊ ထိုအသံကို ဘေးရန်မရှိ သွားခြင်းသို့ ရောက်သည်မည်၏ဟု ဆိုအပ်သကဲ့သို့ ထို့အတူ နေ့ရက်ရှည်စွာ အသက်ရှင်၍ အိုမင်းသောအခါ အသက်ကုန်၍ ဘေးရန်မရှိ သေသူကို ဘေးရန်မရှိ အခါရောက်မှသေ၏ဟူ၍ဆိုအပ်၏။"

"မင်းကြီး ဥပမာတနည်းသော်ကား ကြေးခွက်တီးခြင်းကြောင့် အသံဖြစ်ပြီးသော် အသံကို အဝေးသို့မရောက်မီ တစုံတယောက်သောသူသည် သုံးသပ်ခြင်းကိုင်ခြင်းကြောင့် အသံချုပ်နေ၏၊ မင်းကြီး စင်စစ် ထိုအသံသည် သွားမြဲတိုင်းသို့ ရောက်သည် ဖြစ်ရာသလော။"

"အရှင်ဘုရား သွားမြဲတိုင်းသို့ အသံမရောက်။"

"မင်းကြီး အဘယ်သို့နည်း၊ နောက်ဖြစ်သောအသံသည် ရှေးဖြစ်သောအသံနှင့် တူမျှသောအလားရှိသည် ဖြစ်ရာသလော။"

"အရှင်ဘုရား အာဂန္တုကဖြစ်သော သုံးသပ်ခြင်း ကိုင်ခြင်းကြောင့် အသံသည် ကင်းပျောက်၏။"

"မင်းကြီး ထို့အတူ အချိန်အခါမဟုတ်ဘဲလျက် သေသူသည် အာဂန္တုကဖြစ်သော လေ, သည်းခြေ, သလိပ် စသည် နှိပ်စက်သည်ဖြစ်၍ အချိန်မဟုတ်ဘဲသေသည် မည်၏။"

"မင်းကြီး ဥပမာတနည်းသော်ကား လယ်၌ ကောင်းစွာ ပျိုးအပ်သောစပါးသည် မျိုးစေ့ပြည့်သည်၏အစွမ်းဖြင့် တခဲနက်ပြွမ်းသော များသောအသီးရှိသည်ဖြစ်၍ ကောက်ကို ယူသောအခါသို့ ရောက်၏၊ ထိုစပါးသည် ဘေးရန်မရှိ အခါသို့ရောက်သော စပါးမည်သည် ဖြစ်သကဲ့သို့ ထို့အတူ များစွာသော နေ့ရက်တို့ပတ်လုံး အသက်ရှည်၍ အိုမင်းသောအခါ အသက်ကုန်၍ ဘေးရန်မရှိ သေသူကို ဘေးရန်မရှိ အခါသို့ရောက်၍ သေ၏ဟု ဆိုအပ်၏"။

"မင်းကြီး ဥပမာတနည်းသော်ကား အကယ်၍ လယ်၌ ကောင်းစွာ စိုက်ပျိုးသော စပါးသည် ရေချိုတဲ့ ဖျက်ဆီး၍ ဘေးရန်ရှိ၍၊ သေအံ့၊ မင်းကြီး ထိုစပါးသည် အချိန်အခါသို့ ရောက်၍ ပြည့်စုံသည်ဖြစ်ရာသလော။"

"အရှင်ဘုရား ထိုစပါးသည် အချိန်အခါသို့ ရောက်၏ဟု မဆိုရာ။"

"မင်းကြီး အသို့နည်း၊ ထိုစပါးသည် ရှေးစပါးနှင့် အလားတူဖြစ်ရာသလော။"

"အရှင်ဘုရား အာဂန္တုကဖြစ်သော ရေသည် နိပ်စက်သည် ဖြစ်၍ ပြည့်စုံခြင်းသို့မရောက် ပျက်စီး၏။"

"မင်းကြီး ထို့အတူ အချိန်ကာလ မဟုတ်ရာ၌ သေသူကို အာဂန္တုကဖြစ်သော လေ၊ သည်းခြေ၊ သလိပ် အစရှိသော အနှောင့်ပ်စက်သည်ဖြစ်၍ သေ၏။"

"မင်းကြီး သင်သည် ပြည့်စုံသော ကောက်ပင်ကို ပိုးတို့ တက်ကုန်၍ အမြစ်နှင့်တကွ ပျက်စီးကုန်၏၊ ဤသို့သော အကြောင်းကို မြင်ဘူးပါ၏လော။"

"အရှင်ဘုရား အကျွန်ုပ်တို့သည် ကြားလည်းကြားဘူးကုန်၏၊ မြင်လည်းမြင်ဘူးကုန်၏။"

"မင်းကြီး ထိုကောက်ပင်သည် အချိန်ကာလ၌ ပျက်စီးလေသလော၊ သို့မဟုတ် အချိန်ကာလမရောက်မီ ပျက်စီးလေသလော။"

"အရှင်ဘုရား အခါမရောက်ဘဲ ပျက်စီးခြင်းသို့ ရောက်ခဲ့၏၊ အကယ်၍ ထိုကောက်ပင်ကို ပိုးတို့သည် မကိုက်ကုန်သည်ဖြစ်အံ့၊ ကောက်ပင်သည် မှည့်၍ ထုတ်ယူအပ်သော အခါသို့ ရောက်ရာ၏။"

"မင်းကြီး အာဂန္တုကဖြစ်သော ပိုးတို့သည် ကောက်ပင်ကို မဖျက်ဆီးသည် ဖြစ်ကုန်အံ့၊ ဘေးရန်မရှိသည်ဖြစ်၍၊ ကောက်ပင်သည် ထုတ်ယူအပ်သောအခါသို့ ရောက်လေရာမည်လော။"

"အရှင်ဘုရား အန္တရာယ်မရှိသော ကောက်ပင်သည် ထုတ်ယူအပ်သောအခါသို့ ရောက်ရာ၏။"

"မင်းကြီး ထို့အတူ များစွာသော နေ့ရက်တို့ပတ်လုံး အသက်ရှည်၍ အိုမင်းသောအခါ အသက်ကုန်၍ ဘေးရန်မရှိ သေသူကို အခါကာလ၌ သေသူဟုဆိုအပ်၏။"

"မင်းကြီး သင်သည် မြည်းစုံသော ကောက်ပင်တို့ အသီးအနှံဝန်ကိုဆောင်၍ နို့ရည်တည်ပြီးသောအခါ ရှောက်ရှာမိုးရွာခဲ့၍ ပျက်စီး၏ဟူသောစကားကိုကြားဘူး၏လော။"

"အရှင်ဘုရား၊ အကျွန်ုပ်တို့ မြင်လည်း မြင်ဘူးပါကုန်၏၊ ကြားလည်း ကြားဘူးပါကုန်၏။"

"မင်းကြီး ထိုကောက်ပင်သည် အခါသို့ရောက်၍ ပျက်စီးသလော၊ သို့မဟုတ် အခါမရောက်ဘဲ ပျက်စီးသလော။"

"အရှင်ဘုရား အခါသို့မရောက်ဘဲ ပျက်စီးခြင်းသို့ ရောက်သည်မည်၏၊ ထိုရှောက်ရှာမိုးသည် မရွာသည်ဖြစ်အံ့၊ ကောက်ပင်သည် သိမ်းယူအံ့သောအခါသို့ ရောက်ရာ၏။"

"မင်းကြီး အသို့နည်း၊ အာဂန္တုက ဖြစ်သော ရှောက်ရှာမိုး ဖျက်ဆီးသောကြောင့် ကောက်ပင်ပျက်စီး၏၊ အကယ်၍ရှောက်ရှာမိုး မရွာပါသော် ကောက်ပင်သည် ရိတ်အံ့ ထုတ်အံ့သော အခါသို့ ရောက်ရာသလော။"

"အရှင်ဘုရား ဪ ဟုတ်ပေ၏။"

"မင်းကြီး ထိုအတူ အချိန်အခါမဟုတ်ရာ၌ သေသူကို လေ၊ သည်းခြေ၊ သလိပ် အစရှိသော အာဂန္တုက အနာအဟုန်ဖြင့် နှိပ်စက်၍ အချိန်အခါမရောက်ဘဲ သေခြင်းသို့ ရောက်ရာ၏။"

"အရှင်ဘုရား စိတ်အလိုပုံ့လွှင့်သောသူသည်မူလည်း တခုခုသော ဥပမာဖြင့် အချိန်အခါမဟုတ်ဘဲ သေခြင်းသည် ရှိ၏ဟု

အယူဝါဒသည် အငြိုးသို့ ရောက်စကောင်းပေ၏၊ စိတ်အလိုတူ အယူဝါဒရှိသော သူသည်မူကား အဘယ်ကြောင့် အငြိုးသို့ မရောက်ဘဲရှိအံ့နည်း၊ အရှင်ဘုရား အကျွန်ုပ်သည် ရှေးဦးစွာ သော ဥပမာဖြင့်ပင် အချိန်မဟုတ်ဘဲ သေခြင်းအကြောင်းကို ထင်ရှားသိပါပြီ၊ စင်စစ်သော်ကား အဖန်တလဲလဲနာလိုပါသည် ဖြစ်၍ အဆင့်ဆင့် ဥပမာ ဥပမေယျ ထုတ်သည်ကို ဝန်မခံနေ ပါသည်၊ အလွန်နှစ်သက်ခြင်းနှင့်တကွ ဝန်ခံပါ၏။"

## ယမမင်း၏ မသေဘာတရား

ကဌောပနိသျှဒ်မှ မသေသော သဘောတရားကို ကောက်နုတ်ဖော်ပြပါဦးမည်၊ ယင်းဥပနိသျှဒ်ကို စီရင်သူမှာ ကဌအမည်ရှိသော ရသေ့ကြီးဖြစ်၏၊ ထိုရသေ့ကြီးသည် ရဇုဝေဒမှ ကောက်နုတ်ပြီး မသေခြင်းနှင့် စပ်လျဉ်းသော သဘောတရားကို ဥပမာဆောင်၍ပြခြင်းဖြစ်၏၊ သို့သော်လည်း ယင်းဥပနိသျှဒ်သည် စီရင်သူ ကဌရသေ့ကြီး၏ အမည်ဖြင့် ထင်ရှား၏၊ နစိကေတ အမည်ရှိသော လူငယ် တဦးသည် သေခြင်း သဘောတရားကို ယမမင်းထံ သွား၍ မေးရာ ယမမင်းက မသေခြင်း သဘောတရားကို ဖြေကြား၏၊ ယမမင်းမှာ သေမင်းဖြစ်၍ သူ့ထက် ပိုပြီး အဘယ်သူသည် သေခြင်းသဘောတရားကို သိနိုင်ပါမည်နည်း။

ဝါဇသျှဝသသည် ယဇ်ပွဲကြီးတခု ပြုလုပ်၏၊ ယင်းယဇ်ပွဲကြီးကို ကြွရောက်လာသော ဧည့်သည်များအား ရှိသမျှအလုံးစုံ အကုန်လှူဒါန်းခြင်းဖြင့် ပြီးဆုံးစေ၏၊ ဝါဇသျှဝသ၏သား နစိကေတာသည် အိုမင်းသော နွားများအား လှူဒါန်းသည်ကို တွေ့မြင်ရ၍ ဤအလှူသည် မြတ်သောအလှူ မဖြစ်နိုင်ဟု စဉ်းစား၏။

သွားကျိုးပြီဖြစ်သော နွားများ၊ နို့မပေးနိုင်သော နွားမများကို လှူဒါန်းခြင်းဖြင့် အဘယ်အကျိုးရှိမည်နည်း၊ အကယ်၍ ငါ၏အဖသည် မိမိနှစ်သက်မြတ်နိုးသော ဥစ္စာများကို ပေးလှူလိုပါက ငါ့ကိုအဘယ်ကြောင့် မပေးမလှူသနည်းဟု စဉ်းစားပြီးလျှင် မိမိအဖထံသို့သွား၍—

"ဖိုးအဖ-သင်သည် အကျွန်ုပ်ကို ဘယ်သူ့အား ပေး မည်နည်း"ဟု မေး၏။

အဖသည် သူ၏အမေးကို ဂရုမစိုက်နိုင်၊ မိမိပြုလုပ်နေသော အလှူဒါနကို စည်းစနစ်ကျစွာ ပြုလုပ်နေ၏၊ သို့သော် နစိကေတာသည် သူ၏အဖအား ဤမေးခွန်းကိုပင် အဖန်ဖန် လဲလဲမေးနေ၏၊ နောက်ဆုံးတွင် အဖသည် ဒေါသထွက်၍—

"ဟဲ့ကိုလား၊ ငါသင့်ကို ယမမင်းအား လှူမည်"ဟု ပြောလိုက်၏။

[illegible] နှုတ်မြွက်သောအချိန်အခါမျိုးမှာ ပြုလုပ်နိုင်သော စကားကိုသာ ပြောဆိုသင့်ပါသည်၊ စင်စစ်အဖသည်လည်း မိမိ [illegible] ပြောကြားမိသည်ကို နောင်တရနေ၏၊ နစိကေတာသည်ကား အဖ၏ အဆိုအမိန့်အတိုင်း ယမမင်းထံသို့

သွားရန် ဆုံးဖြတ်လိုက်၏၊ ငါ၏ ရှေးဦးစွာ လူအများအပြား
ယမမင်းထံသို့ သွားကြကုန် လေပြီ။ ငါ၏ နောက်မှာလည်းလူ
အများအပြား ယမမင်းထံသို့ အမှန်မုချ သွားကြ လိမ့်ဦးမည်၊
ငါတယောက်ထဲသာ ယမမင်းထံသို့ သွားသည်မဟုတ်၊ ယမမင်း
သည် ငါ့ကိုမည်သို့ပြုလုပ်နိုင်မည်နည်း၊သတ္တဝါများ၏ဘဝသည်
မှည့်ရင့်သောအခါ ရိတ်သိမ်းခြင်းခံရမည့် စပါးသဖွယ်ဖြစ်၏။

နစိကေတာသည် ဤသို့စဉ်းစားပြီး ယမမင်း ထံသို့ သွား၏၊
ယမမင်းသည် အလိုအလျောက် ရောက်လာသော ဧည့်သည်အား
လက်ခံရန် အသင့်မရှိ၊ သူသည် ဘယ်သူ့ကိုမျှ အချိန်မကျဘဲ မိမိ
ထံသို့ မလာစေလို၊ နစိကေတာသည် ယမမင်းနှင့် တွေ့ဆုံရန်
သုံးရက်တိုင်တိုင် စောင့်ဆိုင်းနေရ၏၊ယမမင်းသည်ဗြာဟ္မဏများ
အား မလေးမစား မပြုလုပ်စံ့၊ ထို့ကြောင့် သူသည် ရောက်
လာသော ဗြာဟ္မဏ လုလင်အား နှစ်သက်စေရန် ဆုပေး၏။

"အိုနစိကေတာ သင်သည် အသက်ရှည်ခြင်းကို အလိုရှိသ
လော၊ ကမ္ဘာ၏အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို အလိုရှိသ
လော၊ နတ်ပြည်ချမ်းသာကို အလိုရှိသလော၊ မည်သည့်အရာကို
အလိုရှိပါသနည်း၊ အလိုရှိသောဆုကို ငါ၏ထံမှ တောင်းခံ၍
ယူပါလေလော့။"

"အရှင် အကျွန်ုပ်သည် အာတမာ၏ သဘောတရား အသိ
ဉာဏ်ကိုသာလျှင် အရှင်၏ထံမှာ သင်ကြားလိုပါသည်၊ဤဉာဏ်မှ
တပါး အခြား မည်သည့်အရာကိုမျှ အကျွန်ုပ် အလိုမရှိပါ၊ ဤ
အာတမာဉာဏ်ကိုသာ သင်ကြားပေးပါ၊ ဤဉာဏ်ကို သင်ကြား
ပေးနိုင်သော ဆရာမှာ အရှင် ယမမင်းမှတပါး အခြား မည်သူ

မျှ မရှိနိုင်ပါ၊ အရှင် ယမမင်းသည် သတ္တဝါတို့ကို သုတ်သင်ရန် တည်ရှိနေသမျှ ကာလပတ်လုံး အသက်ရှည်သောဆုသည် ဘယ် အကျိုးရှိပါမည်နည်း၊ စီးပွားဥစ္စာ, တူရိယာ, အဆို- အက, မြင်းများနှင့် ယာဉ်ရထားတို့ဖြင့် အဘယ်မှာ ချမ်းသာသုခ ရနိုင် ပါမည်နည်း။"

"အဘယ်နစိကေတာ၏အချက်နှင့်ပတ်သက်၍နတ်ဒေဝတာ များပင် ယုံမှား သံသယ ဖြစ်နေကြသည်၊ အာတမာ၏သဘော တရားမှာ လွန်စွာနက်နဲသိမ်မွေ့သဖြင့် လွယ်ကူစွာ မသိမမြင် နိုင်ပါ၊ သို့ကြောင့် နစိကေတာ သင်သည်ဤမှတပါး အခြား ဆုကို တောင်းယူပါ၊ ဤအတွက် စိတ်အား ထက်သန်မနေပါ လင့်၊ ငါ့အားခွင့်လွှတ်ပါ။"

"အရှင် ယမမင်း နတ်ဒေဝတာများပင် ဤသဘောတရား နှင့်ပတ်သက်၍ ယုံမှားသံသယဖြစ်နေကြသည်၊ ထို့ပြင် လွယ်ကူ စွာဖြင့်လည်းမသိနိုင်၊ သို့ဖြစ်ပါလျှင် အို အရှင် ယမမင်း ဤ သဘောတရားကို အရှင်မှတပါး အခြားမည်သူ သင်ကြားပေး နိုင်ပါမည်နည်း၊ ထို့ပြင်လည်း အခြားဘယ်ဆုသည် ဤဆုနှင့် နှိုင်းယှဉ်နိုင်ပါမည်နည်း၊ စင်စစ် ဤဆုနှင့်တူသောဆုလည်း မရှိ နိုင်ပါ။"

"အို နစိကေတာ သင်သည် ရာပေါင်းများစွာ အသက်ရှည် သည့် သားမြေးမြစ်တို့ ရရှိစေရန် ဆုကိုတောင်းပါ၊ များပြား လှစွာသော ဆင်,မြင်း,ကျွဲ,နွား,ရွှေ,ငွေ,ဥစ္စာ ပစ္စည်းနှင့် အလွန် ကျယ်ဝန်းသော မြေအပြင်ကို ရရှိနိုင်သော ဆုကို တောင်းပါ၊ သင်လိုအပ်သည့် အချိန်ကာလတိုင်အောင် အသက် ရှည်သော

ဆုကိုတောင်းပါ၊ သို့မဟုတ် ပစ္စည်းဥစ္စာ အသက်ရှည်ခြင်းနှင့် အခြားသင်အလိုရှိသောဆုကိုတောင်းပါ၊ အိုနစိကေတာ သင်သည် ကြီးကျယ်လှစွာသော တိုင်းနိုင်ငံ၏ စကြာမင်း ဖြစ်ပါလော့၊ ငါသည် သင့်အား လောကီအာရုံ ကာမဂုဏ် စည်းစိမ်အားလုံး ခံစားနိုင်စေရန် စီရင်ပေးမည်၊ လောက၌ မရနိုင်သော သင်နှစ်သက်ရာ သုံးဆောင်ခံစားမှုကို တောင်းဆိုပါ၊ ရထားစီးပြီး တူရိယာဂီတတီးမှုတ်သီဆိုနေသော နတ်ကညာများကို ယူပါလော့၊ လူ့လောကမှာ ဤသို့သော နတ်ကညာတို့ကို ဘယ်အခါမျှ မြင်ဘူးမည်မဟုတ်ပါ၊ ငါ၏အမိန့်ဖြင့် သူတို့သည် သင့်အား ပြုစုလုပ်ကျွေးကြပါလိမ့်မည်။ သို့သော်သင်သည်ငါ့အား သေခြင်းအကြောင်းကို မမေးပါလင့်"။

"အိုယမမင်း၊ ဤဘခဏမျှသော ချမ်းသာသုခသည်လူတို့၏ စွမ်းအင်သတ္တိကို ပျက်စီးစေပါသည်၊ အကယ်၍ယင်းတို့ကိုတသက်ပတ်လုံး ရပါသော်လည်း ဘယ်မျှအသုံးကျပါမည်နည်း၊ အရှင်သည် ယာဉ်ရထားများ၊ တူရိယာဂီတ အဆိုအကများ၏ စည်းစိမ်ချမ်းသာခံစားရန် ကျွန်ုပ်အားပေးပါသော်လည်း ခံစားသူမှာ သေခြင်းနှင့်မကင်းပါသဖြင့် ယင်းတို့သည် အရှင်၏အထံမှာပင် ကြွင်းကျန်နေပါမည်၊ သို့ကြောင့်ဤတခဏမျှသောစည်းစိမ်ချမ်းသာတို့ကိုအရှင်၏ ထံပါးမှာပင်ထားပါ၊ အကျွန်ုပ်အလိုမရှိပါ၊ လူတို့အား ပစ္စည်းဥစ္စာဖြင့် အဘယ်မှာ ကြေနပ်နှစ်သိမ့်မှုရနိုင်ပါမည်နည်း၊ သို့သော်လည်း သေသောအခါ ယင်းတို့ကို အတူတကွ ယူဆောင်မသွားနိုင်ပါ၊ အရှင်အလိုရှိသမျှသာကျွန်ုပ်

တို့ အသက်ရှင်နိုင်ကြပါသည်။ သို့ကြောင့် အရှင် အကျွန်ုပ် တောင်းဆိုထားသော ဆုကိုသာ ပေးပါ"။

"အို နစိကေတာ သင်ကား သူတော်စင်ဖြစ်၏၊ သင်ကဲ့သို့ စင်ကြယ်မြင့်မြတ်သူ ဤလောကတွင် တစုံတယောက်မျှ မတွေ့မမြင်ဘူးပါ၊ သို့ကြောင့် သင်လွန်စွာသိလိုသောသဘောတရားကို သင့်အား ငါသင်ကြားပေးပါမည်၊ ကောင်းစွာ နှလုံးပိုက်၍ နားစိုက်ပါလော့"။

အမှန်တရားကို ရှာဖွေသူအား ရှေးဦးစွာသိရမည်မှာ ပေယနှင့် သေယ၏ကွဲပြားခြင်းဖြစ်၏၊ သေယနှင့် ပေယမှာ မတူပါ၊ လွန်စွာကွဲပြားခြားနား၏။ ဤတရားနှစ်ပါးတို့သည် လူတို့အား လွန်စွာကွဲပြားခြားနားသော အမှတ်လက္ခဏာသို့ပို့ဆောင်ပေးကြ၏။ သေယကိုလက်ခံသိမ်းပိုက်သူသည် ချမ်းသာသုခကိုရ၏၊ ပေယကို လက်ခံသိမ်းပိုက်သူသည် အမြဲပင် လိုအပ်ချက်များကို စွန့်သွားစေသည်၊ ဉာဏ်ရှိသူများသည် ပေယ၏ သွေးဆောင်မှုခံမပါကြ၊ သူတို့သည် သေယကို လက်ခံသိမ်းပိုက်ကြ၏၊ ပညာမရှိသူတို့သည် ပေယ၏ပိုက်ကွန်တွင်မိ၍ ပျက်စီးခြင်းသို့ ရောက်ကြ၏။

(ပေယကိုသက္ကတဘာသာ၌ ပြေယဟုခေါ်၏၊ အဓိပ္ပာယ်မှာ လောကီ ကာမဂုဏ်ကို ခံစားလိုက်စားခြင်း၊ အဝိဇ္ဇာဖြစ်၏၊ သေယကို သက္ကတဘာသာ၌ သြေယဟုခေါ်၏၊ မြင့်မြတ်ခြင်း ဝိဇ္ဇာဖြစ်၏။)

အဝိဇ္ဇာတွင် နစ်မြုပ်နေသူသည် ကံနှင့်ကြိုးပမ်းခြင်း၌ ကိုင်းညွတ်တွယ်တာပြီး မိမိကိုယ်ကိုပညာရှိ သူတော်စင်ဟု မှတ်ထင်

ကာ အမျိုးမျိုးသော မေးခြင်း၊သေခြင်း စကြာရဟတ်၌ လှည့်ပတ်နေသည်မှာ မျက်မမြင်များကမျက်မမြင်ကို လမ်းညွှန်သကဲ့သို့တည်း။

အမြင့်ဆုံးသောဘဝ၏ ကျင့်စဉ်ကို ဆောင်သောလူ၏ လမ်းစဉ်တွင် မုချအတားအဆီးမှာလူသည် မိမိကိုယ်ကာယနှင့်အာတမာကို တခုတည်းဟု ယူဆခြင်းဖြစ်၏၊ ထို့ကြောင့် ဝေဒါန္တ၏ သင်ကြားချက်အားလုံးမှာ အတွင်း၌တည်ရှိသော အာတမာကို မျက်မှောက်ပြုရေးပေါ်မှာ အလေးပေးသွားခြင်းဖြစ်၏၊အတွင်း၌တည်ရှိသော အစဉ်ထာဝရနိစ္စဖြစ်သော အာတမာ၏ တောက်ပခြင်းကို ခံစားရသောအခါ အောင်မြင်ခြင်းကိုရရှိ၏။

အတွင်း၌တည်ရှိသောပရမာတမာ၌ စိတ်ကိုတည်စေသူအား အာတမာ၏ တောက်ပခြင်းနှင့် ကိုယ်တိုင် သိဒ္ဓိပေါက်သော လွတ်မြောက်မှုကို ခံစားသင့်၏၊ သုခ-ဒုက္ခ အစရှိသောစုံတွဲနှင့် လောကီအာရုံ ကာမဂုဏ်တို့၌ တွယ်တာခြင်းကြောင့် အတွင်း၌တည်ရှိသော အာတမာကို မမှတ်မိဘဲ ဖြစ်နေ၏၊ လူသည် မိမိကိုယ်တွင်း၌ နေသောပရမာတမာကိုမျက်မှောက်ပြုသောအခါ သုခနှင့်ဒုက္ခ၏ယုံမှားသံသယများ ကင်းစင် လွင့်ပျောက်သွား၏။

အမှန်တကယ် စင်ကြယ်၍ မှန်ကန်သော အတွေး အခေါ်သည် လူ၏နှလုံးသားမှ ယိုစီးလာသောအခါ ဤမျက်မှောက်ပြုခြင်းသည် ဖြစ်နိုင်၏၊ ယင်းသည် စာပေသင်ကြားသဖြင့်ရင်း၊ ပညာပြည့်ဝသော အတွေး-အကြံတက္က-ဝိတက္ကဖြင့်ရင်း မဖြစ်နိုင်၊ အတွင်း၌ရှိသော အာတမာကို တွေ့ရန် အတွက် လွန်စွာ အရေးကြီးနေပြီးလျှင် စိတ်သည် မကောင်းမှုတို့မှ မျက်နှာလွှဲ၍

မိမိသည် မိမိအလို၌ ထား၍ လောကီဆိုင်ရာ အမှုကိစ္စများ၌ အညီအမျှထားရန် သင်ကြားထားမှသာ မျက်မှောက် ပြုနိုင်သည်။

မျက်မှောက်ပြုခြင်းသည် လောကအာရုံတို့၌ မတွယ်တာဘဲ လွန်စွာတွေ့ဆုံလိုခြင်းဖြင့် ရလောက်၏၊ လွန်စွာပညာရှိမှမဟုတ်၊ ဆိုလိုသည်မှာ ယင်းသည် ကျွန်ုပ်တို့၏ စိတ်အတွင်း၌ နေသော ပရမာတမာ၏ ကျေးဇူးကြောင့် ရနိုင်ခြင်းဖြစ်သည်။

# အာတမာ တရား၊

ဤတွင် နစိကေတာ သည် စိတ်ဝင်စားမှု မရှိဘဲ တိုက်ပွဲဆင်နွဲရန်အတွက် သိရန်အရေး တစုံတရာမမေးတော့ပါ၊ သို့ရာတွင် စာရှုသူတို့ အာတမာ၏အကြောင်းကို အသင့်အတင့် သိရှိရန်အတွက် ဘဂဝါဒ်ဂီတာမှ အာတမာတရား အချို့ကို ကောက်နှုတ်ဖော်ပြပါဦးမည်။

သင်သည် မွေးဖွားသည်လည်းမဟုတ်၊ သေသည်လည်း မဟုတ်၊ သင်သည် အခြားသောအရာဝတ္ထုဖြင့် ဖြစ်ပေါ်လာသည်လည်းမဟုတ်၊ မိမိမှ တပါးသော တစုံတခုသော ဥပါဒါန်ဖြင့် ပြုလုပ်သည်လည်းမဟုတ်၊ သင်သည် မမွေးဖွား၊ နိစ္စ၊ သဿတ နှင့် သနန္တန ဖြစ်၏၊ ကိုယ်ကာယ၏ ပျက်စီးသော်လည်း သင်၏ပျက်စီးခြင်းမဖြစ်။

အကယ်၍ သင်သည် တစုံတယောက်ကို သတ်ခြင်း သို့မဟုတ် တစုံတယောက်က သင့်အားသတ်ခြင်းဟု သင်ထင်ခြင်းမှာ မှားယွင်းသည်၊ အာတမာသည် တစုံတယောက်ကို သတ်သည်လည်းမဟုတ်၊ တစုံတယောက်ဖြင့် အသတ်ခံရသည်လည်း မဟုတ်။

အဏုမြူထက်လည်းသိမ်မွေ့၍ အကြီးဆုံးထက်လည်းကြီးကျယ်သော အာတမာသည် သတ္တဝါအားလုံးတို့၏ အသဲနှလုံးတို့၌ နေ၏၊ လောကီအာရုံ ကာမဂုဏ်တို့နှင့် ကင်းကွာ၍ စိုးရိမ်သောကကို ပယ်ဖျောက်သူသည် မိမိအတွင်း၌ တည်ရှိသော အာတမာ၏ ကြီးကျယ်မြင့်မြတ်ခြင်းကို တွေ့မြင်ရမည်။

ဉာဏ်ရှိသော သူသည် ကိုယ်ကာယတို့၌ တည်ရှိ၍ ဤကိုယ်ကာယမဲ့သော အာတမာကို ပျက်စီးခြင်း၌ တည်ရှိသော ဤ မပျက်စီးသော သဘာဝတရားဟု ခံစား၏၊ ခံစားပြီးလျှင် စိုးရိမ်သောကကို စွန့်ပယ်သည်။

ဥပနိသျှမှာ ကောင်းစွာကြံတွေးခြင်းဖြင့် အမြဲ နှောင်ဖွဲ့ထားမှသာလျှင် ဘဝခရီးသည် ကောင်းမွန်စွာ ပြီးမြောက်၍ ဗိဿနု၏ တမလွန်လောကသို့ ရောက်နိုင်၏၊ ကိုယ်ကာယသည် ရထားနှင့်တူ၏၊ ယင်းတွင် ဣန္ဒြေတို့သည် မြင်းများကထားသည်နှင့်တူ၏၊ စိတ်သည် နဖားကြိုးနှင့်တူ၏၊ မြင်းထိန်း (အသိဉာဏ်)သည် မြင်းများ(ဣန္ဒြေများ) လမ်းမှန်စွာသွားရန် ဖြောင့်မတ်ပေးနိုင်၏၊ အာတမာသည် ရထားစီးသူဖြစ်၍ ဣန္ဒြေ တို့၏ အာရုံများသည် လောက၏ ရထားလမ်းဖြစ်၏၊ အကယ်၍ နဖားကြိုးကို ခိုင်မြဲစွာ အသိတရားဖြင့် ဆွဲငင်မထားပါလျှင်

ဤလူတို့သည် မြင်းဆိုးများကဲ့သို့ ထိန်းချုပ်မှုအပြင်ဘက်သို့ ထွက်သွားကြလိမ့်မည်၊ ထို့ပြင် ရထားသည် မိမိပန်းတိုင်သို့ မရောက်ဘဲ ရထားစီးသူသည် မေ့းဖွားခြင်းနှင့် တဖန် မေ့ဖွား ခြင်း၏ စက်တွင် လှည့်လည် နေလိမ့်မည်၊ အကယ်၍ လူသည် ပညာရှိ၍ မိမိ၏စိတ်ကို ထိန်းချုပ်နိုင်ပါသော် သူ၏ဤလူ တို့သည် ကောင်းသောရထားထိန်းမောင်းသော မြင်း ကဲ့ သို့ ဖြစ်နေလိမ့်မည်။

သယမ္ဘူဖြစ်သော အာ တ မာ သည် အ ပြင် ဘက် သို့ ကိုင်းညွတ်နေသည်၊ သို့ကြောင့် စိတ်၏တံခါးသည်(၀ါ) ဤလူ တို့သည်လည်း အပြင်ဘက်သို့ မျက်နှာမူနေကြသည်၊ သို့ကြောင့် လူတို့၏ အတွေးအခေါ်များသည်လည်း အမြဲအပြင်သို့ထွက်နေ ၏၊ သို့သော်လည်း အနည်းငယ်မျှသော လူတို့သည် မှန်ကန် သော အသိဉာဏ်ရှိ၍ မိမိစိတ်ကို အတွင်းသို့ မျက်နှာမူထားကြ ပြီးလျှင် မိမိ၏အတွင်းစိတ်၌ရှိသော အာတမာကို မျက်မှောက် ပြုကြ၏၊ ဉာဏ်မရှိသူသည် စိတ်ကို ဆုံးမပဲ့ပြင်မှု မပြုဘဲ အပြင် အပ ချမ်းသာတို့၏နောက်ကို ပြေးလိုက်နေကြ၏၊ ထိုသူတို့သည် မွေးခြင်းနှင့်သေခြင်း၏ ကြီးကျယ်သော ပိုက်ကွန်၌ မိသွားကြ ၏၊ စိတ်တည်ကြည်သူသည် ဘယ်အရာ အမြဲတည်သည်ကို ခံစား ၍ မိမိ၏ အတွေးအခေါ်များကို မမြဲသော ချမ်းသာတို့၏ ဘက်သို့ မျက်နှာမမူ။

အမေ၏ ဝမ်း၌ ခလေးသူငယ်သည် ပုန်းကွယ်နေသကဲ့သို့ သန့်ရှင်းသောမီးသည် ထင်းစ၌ပုန်းကွယ်နေသည်၊ ထင်းစတို့၏ မီးကဲ့သို့ အာတမာသည် ပုန်းကွယ်နေသည်၊ ထင်ရှားသော

မီးသည် လောင်ကျွမ်းသော အရာဝတ္ထု၏ အတိုင်းသာ လျှင် ပုံသဏ္ဌာန်ကိုဆောင်၏၊ တခါတရံ သီမီးနှင့်တူ၏၊ တခါတရံ မီးဖိုမီးနှင့်တူပြီး တခါတရံ တောမီး၏ပုံသဏ္ဌာန်ကို ဆောင်၏၊ ကိုယ်တိုင်ဖြစ်သောမီးသည် တခုတည်းသာလျှင်တည်း၊ ယင်းသို့ လျှင် အာတမာသည် အကယ်၍ များစွာသော ကိုယ်ကာယ တို့၌ တည်ရှိနေစေကာမူ သူကိုယ်တိုင်လည်း မိမိအဆက်အသွယ် ကို တည်ရှိသောနေရာ၌ ဖြန့်ချိခြင်းမပြု။

ဤမှာရှိသောအရာသည် ထိုမှာရှိသောအရာဖြစ်သည်၊ ထိုမှာ ရှိသောအရာသည် ဤမှာရှိသောအရာဖြစ်သည်၊ ဒေဝိပ္ပါယ် ကား အရာဝတ္ထုများနှင့် သတ္တဝါအများအပြား မြင်ရသော် လည်း စင်စစ်မှာ ထိုအားလုံးသည် တခုတည်းသော ပရမာ တမာ ဖြစ်၏၊ ကျွန်ုပ်တို့သည် ဤတခုတည်းကိုသာ ခံစားသော အခါ လွတ်မြောက်သွားမည်ဖြစ်၏၊ အကယ်၍ ကျွန်ုပ်တို့သည် ကွဲပြားခြားနားစွာ တွေ့မြင်ရပါလျှင် သေခြင်းမှ သေခြင်းသို့ လှည့်ပတ်နေ ကြရမည်၊ စိတ်သည်သာလျှင် ဉာဏ်အားဖြင့် ကွဲပြားခြင်း၏ သဘောတရားပေါ်မှာ အောင်မြင်မှုကိုရ၍ အလုံး စုံတို့ထက် မြင့်မြတ်သော တခုတည်းကို မြင်နိုင်၏။

တောင်ထွဋ်ပေါ်၌ ရွာသောမိုးရေသည် ရေယဉ်ပေါင်းများ စွာဖြာ၍ တောင်၏အရပ်လေးမျက်နှာသို့ စီးသွား၏၊ ဉာဏ်မရှိ သော သတ္တဝါတို့သည် များစွာသော ရုပ်သွင်တို့ကို တွေ့မြင်၍ မှားယွင်းစွာ များစွာသော ရုပ်သွင်တို့၏ နောက်သို့ ပြေးလိုက် နေကြ၏၊ ရေကြည်သောရေသည် သူတို့အချင်းချင်း ပေါင်း ဆုံပြီး တခုတည်းဖြစ်သွား၏၊ ဤသို့လျှင် ပညာရှိအား အာတမာ

နှင့်ပတ်သက်၍ ဖြစ်၏၊ သူသည် များစွာသော ရုပ်သွင်တို့တွင် တခုတည်းသော ရုပ်ပုံကိုမြင်၏။

ကျွန်ုပ်တို့ ကြည့်ရှုရန်အစွမ်းသတ္တိကို ပေးသူမှာ အတွင်း၌ တည်ရှိသော အာတမာ ဖြစ်သည်၊ အပြင်ပမှ ပြန့်နှံ့နေသော အလင်းရောင်မဟုတ်ပါ၊ ယင်းအတွင်း၌ တည်ရှိသော အာတမာသည် မိမိအလင်းရောင်ဖြင့် တောက်ပခြင်းလော၊ သို့မဟုတ် အခြားတပါးလော၊ အဓိပ္ပါယ်မှာ ပရမာတမာ၏ အလင်းရောင်ဖြင့် တောက်ပခြင်းလော၊ ယင်းသည် ကိုယ်တိုင်တောက်ပသော၊ အာတမာဖြစ်၍ ယင်းသည် တခုတည်းသော ပရမာတမာ၏ အရိပ်အရောင်လော၊ ဤတောက်ပသော ယုံမှားသံသယနှင့်တကွ ကဌဥပါနိသျှဒ်၏ ပဥ္စမပိုင်း ပြီးပါသတည်း၊ အောက်တွင် ဖေါ်ပြသော ဂါထာနှစ်ပုဒ်ကို ဆက်၍ ဖတ်သင့်ပါသည်။

သူတို့က ပြောကြသည်မှာ အကျွန်ုပ်၏ အတွင်း၌ တည်ရှိသော အဆုံးမရှိသော အာတမာသည်သာလျှင် မှန်မြတ်သော သုခ၏ သဘောဖြစ်၏၊ အကျွန်ုပ်၏ အတွင်း၌ တည်ရှိသော အာတမာသည် ကိုယ်တိုင်သာလျှင်တောက်ပသလော၊ သို့မဟုတ် တလောကလုံး ပျံ့နေသော အာတမာ၏ အရိပ်အယောင်ဖြင့် တောက်ပနေသလောဟု အကျွန်ုပ် အဘယ်သို့ သိနိုင်မည်နည်း။

ထိုအရပ်သို့ နေရောင်သည်လည်း မရောက် လရောင်, ကြယ်ရောင်, လျှပ်စစ်ရောင်လည်း မရောက်၊ ဤယဇ်မီး၏ အရောင်ကား အဘယ်ဆိုဘွယ်ရာ ရှိမည်နည်း၊ မှန်မြတ်သော အရောင်သည် တောက်ပနေ၍ ယင်းဖြင့် အခြားအရာဝတ္ထု အားလုံးတို့

တောက်ပနေကြကုန်၏၊ ဤကမ္ဘာလောက၏ အရာဝတ္ထုတိုင်းသည် ထိုတခုတည်းသောအရောင်မှ အရိပ်အဝါတို့ဖြစ်ကြ၏။

မှားယွင်းခြင်း၏ ပိုက်ကွန်မှ လွတ်မြောက်ရန် ဉာဏ်သက်သက်ဖြင့်မလုံလောက်၊ ယုံကြည်ချက်နှင့် ဆုံးမသြဝါဒများ အမှန်ပင် လိုအပ်ပါသည်၊ မှားယွင်းခြင်းသည် ဉာဏ်မရှိခြင်းကြောင့် မဟုတ်၊ တွယ်တာမက်မောခြင်းကြောင့် ဖြစ်၏၊ ဉာဏ်သည် မတွယ်တာမမက်မောခြင်းကြောင့်ဖြစ်၏၊ ပညာကြောင့် မဟုတ်၊ ယင်းသည် မုချသင်္ခန်းစာဖြစ်၏၊ ဤအပေါ်၌ဟိန္ဒူဒဿန၏ အယူအဆအားလုံးသည် အဆုံးမှပြန်၍ အားလုံးတို့ထက် ပိုပြီးအားပေးသည်၊ လောကီအာရုံ ကာမဂုဏ်တို့မှ လွတ်ကင်းရန်ဆုံးမ၍ စိတ်တည်ကြည်စွာဖြင့် အကူအညီ ပေးသည်၊ ယင်းကိုပင် ယောဂဟု ခေါ်ဆိုကြ၏။

အသဲနှလုံး၏ နှောင်ကြိုးမဲ့သွားသောအခါ လူသည် လောကီအာရုံ ကာမဂုဏ်တို့ကို တပ်မက်ခြင်းမှ ကင်းလွတ်ပြီးလျှင် အမြိုက်ကိုရ၏၊ ယင်းသည် ပြည့်စုံသော သင်္ခန်းစာဖြစ်၏။

အတွင်း၌ တည်ရှိသော အာတမာသည် ကျွန်ုပ်တို့ အသဲနှလုံး၏ လျှို့ဝှက်သောဂူ၌ တည်ရှိသည်၊ ကြိမ်ပင်သည် မိမိ၏ အရွက်ဖြင့် ဖုံးလွှမ်းနေသကဲ့သို့ ယင်းသည်လည်း ဖုံးလွှမ်းနေ၏၊ ကျွန်ုပ်တို့သည် ဉာဏ်ပညာနှင့် အတူတကွ ကာမဂုဏ်များ တွယ်တာခြင်းများမှ လွတ်မြောက်၍ သန့်သန့်ရှင်းရှင်း သီးခြားပြုကာ အာတမာကို ထိုအဖုံးလွှမ်းမှ သီးခြားခွဲထုတ်သင့်သည်၊ အတွင်း၌ တည်ရှိသော အာတမာသည် သန့်ရှင်း၍ မသေပါ၊

ဤဥပါဒ်သုတ်၌ ယမမင်း၏ သခ်ဏ်းစာမှာ ဤသို့လျှင် ပြီးဆုံးပါသတည်း။

**လက်သန်းမျှရှိသော အာတမာသည်** လူတို့၏ အာသဲနှလုံး၌ အမြဲတည်ရှိနေသည်၊ ကြိမ်ပင်ကို ကြိမ်ရွက်တို့မှ သီးခြားပြုသကဲ့သို့ ယင်းကို ဉာဏ်ဖြင့် ခန္ဓာကိုယ်၏ အကွယ်အကာမှ သီးခြားပြုရာ၏၊ ယင်းသည် စင်ကြယ်၍ သေခြင်းကင်း၏ဟု သိပါ။

# သေခြင်းလေးမျိုး

ဟိန္ဒူတို့၏ ပဓါနဝါဒမှာ အာတမာ ဖြစ်၏၊ ယင်းအာတမာမှာ မအို-မသေ အစဉ်အမြဲ တည်ရှိနေသော သဘောတရား ဖြစ်၏၊ သို့ကြောင့် သေခြင်းအကြောင်းမှာ ထိုဝါဒ အတွက် အဓိပ္ပါယ်မရှိ ဖြစ်နေ၏၊ သူတို့၏ အယူအဆမှာ ကိုယ်ကာယသည်သာ သေသည်၊ ထိုတွင်တည်ရှိနေသော အာတမာသည် ဘယ်အခါမျှ သေခြင်းမရှိ၊ ယင်းသည် မွေးဖွားခြင်းလည်းမရှိ၍ သေခြင်းလည်းမရှိဖြစ်၏၊ နစိကေတာက သေခြင်းအကြောင်းကို ယမမင်းအား မေးသည်၊ သူက ဘယ်အခါမျှ မသေသော အာတမာ သဘောတရားကို ရှင်းပြ၏၊ ဆက်လက်၍ ဗုဒ္ဓအဘိဓမ္မာမှ သေခြင်းတရား လေး

ပါးကို လေ့လာသင့်ပါသည်၊ ယင်းကို မြို့ပြင်ကြီးဆရာတော်၏ သင်္ဂြိုဟ် အဓိပ္ပါယ်ကောက်မှ ကောက်နုတ်ဖော်ပြပါမည်။

(၁) အသက်ကုန်၍လည်း သေသည်၊ (၂) ကံကုန်၍လည်း သေသည်၊ (၃) အသက်ကံနှစ်ပါးကုန်၍လည်း သေသည်၊ (၄) ဥပစ္ဆေဒက ကံကြောင့်လည်းသေသည်။

ထိုလေးပါးတို့တွင် အသက်တထောင် နေလောက်သော ကံပါပါလျက်ကို အသက်တမ်းစေ့သောကြောင့် သေရခြင်းသည် အသက်ကုန်၍ သေသည်မည်၏။

သက်တမ်းက ရှစ်ဆယ် ရှိပါလျက်ကို ကံကရှစ်ဆယ်တောင် နေရမည့်ကံမပါ၍ အစိတ်သုံးဆယ်တွင် သေခြင်းသည် ကံကုန်၍ သေသည်မည်၏။

တမ်းကလည်း ရှစ်ဆယ်နေရမည်၊ ကံကလည်း ရှစ်ဆယ် ပါ၍ ရှစ်ဆယ်တိုင်သောအခါ သေခြင်းသည် အသက်ကံနှစ်ပါးတို့ကုန်၍ သေသည်မည်၏။

တမ်းကလည်း ရှစ်ဆယ် နေရမည်၊ ကံကလည်း ရှစ်ဆယ် ပါလျက်ကို နှစ် ၂၀ တွင်ဒါးလက်နက်နှင့်ခုတ်၍၎င်း, သစ်ပင်ပေါ်ကကျ၍၎င်း, ရေနစ်၍၎င်း စသည်ဖြင့် သေခြင်းသည် ဥပစ္ဆေဒကကံကြောင့်သေသည်မည်၏။

၎င်းသေခြင်း လေးပါးတို့တွင် ဥပစ္ဆေဒက ကံ ကြောင့် သေခြင်းသည် ပြိတ္တာ အသုရကာယ်, တိရစ္ဆာန်, လူ, ဘုမ္မစိုး တို့၌သာ ရအပ်၏၊ စတုမဟာရာဇ်မှ စ၍ အထက်အထက် နတ်

ရှာဉ္ဇရင်း၊ ငရဲ, မြောက်ဥတ္တရကုရု ကျွန်း၌ရင်း မရအပ်၊ အာယုက္ခယ, ကမ္မက္ခယ, ဥဘယက္ခယ သုံးပါးကို ရအပ်၏၊

ရင်းသေခြင်း လေးပါး ဥပမာကား မီးစာ, ဆီ တို့ဖြင့် ထွန်းညှိအပ်သော မီးခွက်သည် မီးစာကုန်ခြင်းကြောင့်လည်း သေသည်၊ ဆီကုန်ခြင်းကြောင့်လည်း သေသည်၊ မီးစာ, ဆီ ရှိလျက် လေတိုက်၍လည်း သေသည်၊ ရင်းဥပမာမှာ သေခြင်းနှင့် အစဉ်အတိုင်းဟပ်။

သေခါနီးသော ကာလ၌ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် ထိုက်သည် အားလျော်စွာ ထင်၏။

မည်သူ ထင်စေသနည်း၊ မိဘ ဘိုးဘွား ဆွေမျိုး ဉာတကာ တို့ကရင်း၊ ဆရာသမား ဘုန်းတန်ခိုး ကြီးသော သူတို့ကရင်း၊ ထင်စေသလောဟူမူ။

ကံက ထင်စေသည်။

ကံအပြားတို့တွင် အဘယ်ကံက ထင်စေသနည်းဟူမူ။

ဘဝတပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံက ထင်စေသည်။

ထင်သော် အဘယ်ကဲ့သို့ ထင်သနည်းဟူမူ။

ရှေးရှု ဖြစ်၍ ထင်သည်။

[illegible] ပဟရဏအရမှာ တုတ်လှံစသည်ကို ယူ၊ ဥပကရဏာ အရမှာ ပန်း နံ့သာ စသည်ကို ယူ။

တုတ် လှံကန် ဒါး လှံ လေးမြား၊ ဤကား အကုသိုလ် ကမ္မနိမိတ်။

ကျောင်း ဘုရား စေတီ ဆွမ်း သင်္ကန်း စသည်ကား ကုသိုလ် ကမ္မနိမိတ်။

ငရဲအိုး ငရဲထိန်း ငရဲမီးလျှံ ခွေးနက်ကြီး ဤကား အကုသိုလ် ဂတိနိမိတ်။

နတ်သမီးဗိမာန် ပဒေသာပင် ဥယျာဉ် ရေကန် စသည်ကား ကုသိုလ် ဂတိနိမိတ်။

ကမ္မနိမိတ် ထင်သည်မှာ နွားကိုလှံနှင့်ထိုး၍ သတ်ခဲ့လျှင် ၎င်းကံသည် သေခါနီး၌ ထင်လာသည်၊ ဤနည်းကိုမှီ၍ ကုသိုလ် အရာ အကုသိုလ်ရာ၌ထင်လေ။

ဂတိနိမိတ် ထင်သည်မှာ မိမိလားရာ အရပ်ကို ထင်သည်၊ ထင်ဟန်ကား ပြိတ္တာဘုံသို့ သွားမည့်သူဖြစ်အံ့၊ တောကြီး မြိုင်ကြီး ထင်လာသည်၊ ဤနည်းကိုမှီ၍ အကုသိုလ် အရာ၌ ထင်လေ၊

အဘယ်သူက ထင်စေသနည်းဟူမူ။

ကံက ထင်စေသည်။

အဘယ်၌ ထင်သနည်းဟူမူ။

ဒွါရ၌ ထင်သည်။

ခြောက်ဒွါရလုံး၌ပင် ထင်သလောဟူမူ-

အမှတ်မရှိ တခုခုသော ဒွါရ၌ ထင်သည်။

အဘယ်ကဲ့သို့ ထင်လေသနည်းဟူမူ-

ရှေးရှုဖြစ်၍ ထင်သည်။ [ကုသိုလ်ကမ္မနိမိတ်, ဂတိနိမိတ်မှာ ပရိသုဒ္ဓအရ၊ အကုသိုလ် ကမ္မနိမိတ်, ဂတိနိမိတ်မှာ ဥပက္ကိလိဋ္ဌ အရ၊]

ကမ္မနိမိတ်, ဂတိနိမိတ် တို့သည် ရအပ် ခံစားအပ်သော ဘဝ အားလျော်စွာ ညွတ်သကဲ့သို့ စိတ်၏အစဉ်သည် မြပြတ်၊ များသောအားဖြင့် ဖြစ်ကုန်၏၊ ကံထင်သည်ကား မိမိအလှူ သီတင်း ရှေးကာလက သောမနဿနှင့် ယှဉ်၍ လှူခဲ့သော်ငြား၊ သီလသီတင်း ဆောက်တည်ခဲ့သော်ငြား၊ ဤသောမနဿ နှင့် ယှဉ်သော ကုသိုလ်တို့က အကျိုးပေးမည် ဖြစ်ဆဲ၊ ရှေးလှူစဉ် အခါ သီလသီတင်း ဆောက်တည်စဉ်အခါက ဝမ်းမြောက် ဝမ်းသာ ဖြစ်သကဲ့သို့ ထို့အတူ သေခါနီး၌လည်း ဝမ်းမြောက် ဝမ်းသာ ကြည်လင်လှစွာ ဖြစ်လာ၏၊ ဤသို့ ဖြစ်ခြင်းကိုပင် မိမိကိုယ်ကို အသစ်ပြုပြင်သည်ဟူ၍ဆိုသည်။

(အကုသိုလ် အရာ၌လည်း ဤနည်းကိုမှီ၍ယူ)

ပဉ္စဝေါကာရ ဘုံကို သဝတ္ထုက ယူ၊ အပူပဘုံကို အဝတ္ထုက ယူ။

အဝိဇ္ဇာနုသယ ခြံရံသည် ဆိုသည်မှာ အနုသယ မကင်းသည် ကိုရည်၍ ဆိုသည်၊ အတူတကွ ဖြစ်ကြသည်ကို မဆို။

တဏှာတည်းဟူသော မူလကြောင့် ပဋိသန္ဓေနေရသည်၊မူလ ကင်းသော ရဟန္တာတို့ကား ပဋိသန္ဓေ နေသည်မရှိ။

သမ္ပယုတ် တရားတို့ဖြင့် ခြံရံ၍ ယူရမည် ဆိုသည်ကား ပဋိ သန္ဓေ စိတ်ကိုချည်း မယူအပ်၊ သမ္ပယုတ် တရားတို့ကိုလည်း ယူရ မည်။

ဖဿ အစရှိသော သဟဇာတ တရားတို့၏ တည်ရာဖြစ်၍ လျှင် ပြဋ္ဌာန်းသောအားဖြင့် ဆိုသည်၊ မနောပုဗ္ဗင်္ဂမာဓမ္မာ ဆို သောကြောင့် မှတ်။

ဘဝနှစ်ပါးကို စပ်တတ်သောကြောင့် ပဋိသန္ဓေ ဆိုသည်။

ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရ တိုင်အောင်ကို ပဝတ္တိပွန်ဟု ဆိုသည်။ ၎င်းစုတိသည် ပဝတ္တိပွန် ဘဝအဆုံးတည်း။

အနန္တရ ဘဝမှာဖြစ်သောအခါ နောက်ဘဝက ရုပ်နာမ်တို့ ပါသည်လည်းမဟုတ်၊မပါသည်လည်းမဟုတ်၊ ပဲ့တင်သံ၊မီးလျှံ၊ တံဆိပ်ရေးထိုးကဲ့သို့ မှတ်လေ။

မရဏာသန္န အခါ ဇောသည် ငါးကြိမ်သာလျှင် ဇောရမည်၊ အဘယ့်ကြောင့်နည်းဟူမူ၊ မှီရာဟဒယ ဝတ္ထုရုပ်က အားနည်းသောကြောင့်တည်း။

မရဏာ သန္နဝီထိသည်လည်း (၁) တဒါရုံ နောင်စုတိ၊ (၂) တဒါရုံ နောင်ဘဝင်၊ ဘဝင်နောင် စုတိ၊ (၃) ဇောနောင် စုတိ (၄) ဇောနောင်ဘဝင်၊ ဘဝင်နောင်စုတိဟူ၍ လေးပါး တည်း။

ထိုလေးပါးတို့တွင် တဒါရုံနောင် စုတိ ကျသော ပိတိဥ္ မနော ဒွါရဝီထိနှင်းအစ မရဏာသန္နေဇော အဆုံးရှိသော စိတ် တို့က ရူပါရုံ ကမ္မနိမိတ်ကိုသာ အာရုံပြုသော အခါ၌ ရူပါရုံ သည် ပဋိသန္ဓေနောင် စတုတ္ထ ဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်၏၊ ထို အခါ ပဝတ္တိပွန်ဖြစ်သော ရူပါရုံ ကမ္မနိမိတ်ကို ပဋိသန္ဓေ ဘ ဝင် တို့က အာရုံပြုလျက် နေ၏။

ဤနည်းကဲ့သို့ နောက်နောက် ဝီထိကိုလည်း မှတ်။

ကမ္မနိမိတ်သည် ပဝတ္တိပွန်ဆိုသော်လည်း အစစ်မဟုတ်၊ အတု မျှသာ၊ အစင်မှုကား သက်န်း အစရှိသော ဝတ္ထုကို ရေစက်ချ၍ လှူတုန်းကသာ အစစ်၊ နောက် ခေါ်သိနီးသောအခါ၌ ၎င်း

သင်္ကန်း စသော ဝတ္ထု၌ ရှိသောရုပ်တို့ကလည်း ဥပါဒ်ခိုက် ထို မရဏာ သန္တေဇောလည်း ၎င်းသင်္ကန်း အစရှိသော ရူပါရုံကို အာရုံပြု၍ ကျလာသောကြောင့် သာလျှင် ပစ္စုပ္ပန်ဟု ဆိုသည်၊ အစစ်မဟုတ်။

(ကံ,ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ကာလ, အာရုံ, ဒွါရမှတ်ပုံများမှာ အောက်အာရမ္မဏ သင်္ဂဟ အတိုင်း မှတ်လေ။)

အသညသတ် ပုဂ္ဂိုလ်မှာ ရုပ်ဖြင့် ပဋိသန္ဓေ နေသည်၊ အရူပ ပုဂ္ဂိုလ်မှာ နာမ်ဖြင့် ပဋိသန္ဓေ နေသည်၊ ၎င်းမှကြွင်းသော ပဉ္စဝေါကာရ ပုဂ္ဂိုလ်တို့မှာ နာမ်ရုပ် နှစ်ပါးဖြင့် ပဋိသန္ဓေ နေသည်။

အရူပစုတိနောင် အရူပ ပဋိသန္ဓေ လေးခု, ကာမတိဟိတ် ပဋိသန္ဓေ လေးခုအားဖြင့် ရှစ်ခု နှောင်း၏။

ဘုံဖြင့် မှတ်ပြန်သော် အာကာသာ နဉ္စာယတန စုတိနောင် ၎င်းရှစ်ခုပင် နှောင်း၏။

ဝိညာဏဉ္စာယတန စုတိနောင် ကာမ တိဟိတ် ပဋိသန္ဓေ လေးခု, အာကာသာနဉ္စာယတန ကြဉ်သော အရူပပဋိသန္ဓေ သုံးခုအားဖြင့် ခုနစ်ခုနှောင်း၏။

အာကိဉ္စညာ ယတန စုတိနောင် ကာမတိဟိတ် ပဋိသန္ဓေ လေးခု, အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန ပဋိသန္ဓေအားဖြင့် ခြောက်ခု နှောင်း၏။

နေဝသညာနာသညာ ယတန စုတိနောင် ကာမတိ ဟိတ် ပဋိသန္ဓေ လေးခု, နေဝသညာ နာသညာ ယတန ပဋိသန္ဓေအားဖြင့် ငါးခုနှောင်း၏။

ပုဂ္ဂိုလ်အားဖြင့် မှတ်သော်ကား အာကာသာနဉ္စာ ယတန ဘုံ၌ တိဟိတ် စုတိနောင် အရူပ ပဋိသန္ဓေ လေးခု ကာမတိဟိတ် ပဋိသန္ဓေ လေးခုအားဖြင့် ရှစ်ခုနှောင်း၏၊ ၎င်းဘုံကသော တာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်အံ့၊ အရူပ ပဋိသန္ဓေ လေးခု နှောင်း၏၊ ရဟန္တာဖြစ်အံ့၊ တခုမျှ မနှောင်း။

ဝိညာဏဉ္စာယတနဘုံ၌ တိဟိတ်စုတိနောင် ကာမတိဟိတ် ပဋိသန္ဓေလေးခု, အာကာသာနဉ္စာယတန ကြဉ်သော အရူပ ပဋိသန္ဓေ သုံးခုအားဖြင့် ခုနစ်ခု နှောင်း၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်အံ့၊ အာကာသာ နဉ္စာယတန ပဋိသန္ဓေ ကြဉ်အပ်သော အရူပ ပဋိသန္ဓေ သုံးခုသာ နှောင်း၏၊ ရဟန္တာ ဖြစ်အံ့၊ တခုမျှ မနှောင်း။

အာကိဉ္စညာယတန ဘုံ၌ တိဟိတ် စုတိနောင် ကာမတိဟိတ် ပဋိသန္ဓေလေးခု, အာကိဉ္စညာယတန,နေဝသညာ နာသညာ ယတန ပဋိသန္ဓေအားဖြင့် ခြောက်ခု နှောင်း၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်အံ့၊ အာကိဉ္စညာ ယတနနှင့် နေဝသညာ နာသညာ ယတနသာ နှောင်း၏၊ ရဟန္တာဖြစ်အံ့၊ တခုမျှ မနှောင်း။

နေဝသညာ နာသညာယတနဘုံ၌ တိဟိတ်စုတိနောင် ကာမတိဟိတ် ပဋိသန္ဓေလေးခု, မိမိပဋိသန္ဓေအားဖြင့် ငါးခု နှောင်း၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်အံ့၊ နေဝ သညာ နာသညာယတန တခုနှောင်း၏၊ ရဟန္တာဖြစ်အံ့၊ တခုမျှ မနှောင်း။

အရူပဘုံမှ စုတိ၍ ကာမဘုံသို့ သွားရာ၌ ဒွိဟိတ်, အဟိတ် ပဋိသန္ဓေတို့နှင့် မဖြစ်သည်မှာ ဥပစာရဇော စေတနာ အားကြီး လှသောကြောင့်တည်း။

အထက်အထက်ဘုံက အောက်အောက်ပဋိသန္ဓေကို အရူပဘုံ၌ ကြဉ်ရသည်မှာ အထက်အထက် စျာန်ကိုလိုချင်၍ ကမ္မဋ္ဌာန်း စီးဖြန်းသောအခါ အောက်အောက်စျာန်ကို စွန့်ပစ်၍ စီးဖြန်း ခဲ့သည်၊ ထိုသို့ မိမိ စွန့်ပစ်ခဲ့သော စျာန်ဘုံဖြစ်၍ တဖန်ပြန်၍ မဖြစ်ပြန်သတည်း။

တနည်းကား အောက်အောက်သော ကုသိုလ်စျာန်သည် အထက်အထက်ဘုံ၌ မရှိသောကြောင့် ၎င်းဘုံတို့၌လည်း မိမိ အား မိမိကုသိုလ် စျာန်ကြောင့် သာလျှင် ဝိပါက်ဖြစ်သတည်း၊ တပါးဘုံကို ကုသိုလ်စျာန်သည် မဖြစ်စေနိုင်၊ ထို့ကြောင့် ကြဉ်သည်။

အရိယာတို့မှာ ကာမတိဟိတ် ပဋိသန္ဓေကိုပရ-ကြဉ်သည်မှာ "ဝေဟပ္ဖလေအကနိဋ္ဌေ, ဘဝဂ္ဂေစ ပတိဋ္ဌိတာ၊ နပုနာညတ္တ ဇာယန္တိ, သဒ္ဓေ အရိယပုဂ္ဂလာ၊ ဗြဟ္မလောကဂတာ ဟေတ္ထ, အရိယာနောပပဇ္ဇရေ" ဆိုသောကြောင့်တည်း။

ရူပါဝစရစုတိနောင် ကာမတိဟိတ် ဒွိဟိတ် ပဋိသန္ဓေ မှစ၍ ဥပေက္ခာဟိတ် ပဋိသန္ဓေ ကိုးခုအားဖြင့် သတ္တရသနှောင်း၏၊ ဘုံဖြင့် မှတ်ဖြန့်သော်ကား ပဌမစျာန်ဘုံ၌ သတ္တရသ, ဒုတိယစျာန်ဘုံ၌ သတ္တရသ, တတိယစျာန်ဘုံ၌ သတ္တရသ, ဝေဟပ္ဖိုလ်ဘုံ၌ သတ္တရသနှောင်း၏။

အသညသတ်ဘုံ၌ ရှစ်ခုနှောင်း၏။

သုဒ္ဓါဝါသ **ဒအောက်လေး**ဘုံ၌ ပဋ္ဌမစျာန် ပဋိသန္ဓေတခု **သာ**နေ**ရာ**င်း၏။

အကနိဋ္ဌဘုံ၌ တခုမျှမနေ**ရာ**င်း။

ပုဂ္ဂိုလ်**အား**ဖြင့် မှတ်ပြန်သော် ပဌမစျာန်ဘုံ၌ တိဟိတ်စုတိနောင် အဟိတ်ပဋိသန္ဓေကြဉ်သော ပဋိသန္ဓေ သတ္တရသနေ**ရာ**င်း၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်အံ့၊ မဟဂ္ဂုတ် ပဋိသန္ဓေ ကိုးခုနေ**ရာ**င်း၏၊ ရဟန္တာဖြစ်အံ့၊ တခုမျှမနေ**ရာ**င်း။

ဒုတိယစျာန်ပုံ၌ တိဟိတ် စုတိနောင် သတ္တရသနေ**ရာ**င်း၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်အံ့၊ မဟဂ္ဂုတ် ပဋိသန္ဓေ ကိုးခုနေ**ရာ**င်း၏၊ ရဟန္တာဖြစ်အံ့၊ တခုမျှမနေ**ရာ**င်း။

တတိယ စျာန်ဘုံ၌ တိဟိတ်စုတိနောင်ဖြစ်အံ့၊ သတ္တရသနေ**ရာ**င်း၏၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်အံ့၊ မဟဂ္ဂုတ် ပဋိသန္ဓေကိုးခု နေ**ရာ**င်း၏၊ ရဟန္တာဖြစ်အံ့၊ တခုမျှမနေ**ရာ**င်း။

ဝေဟပ္ဖိုလ်ဘုံ၌ တိဟိတ်စုတိနောင် ဖြစ်အံ့၊ အဟိတ်ပဋိသန္ဓေကြဉ်သော ပဋိသန္ဓေ သတ္တရသ နေ**ရာ**င်း၏၊ သောတာပန်, သကဒါဂါမ်ဖြစ်အံ့၊ "ဝေဟပ္ဖလေ အကနိဋ္ဌေ ကာဋဂ္ဂစ ပတိဋ္ဌိတာ" စသည်ဖြင့် ဆိုသောကြောင့် မိမိဘုံ၌ ထပ်မျိုးသာ ထပ်ရတော့မည်ဖြစ်၍ ပဌမစျာန် ပဋိသန္ဓေတခုသာ နေ**ရာ**င်း၏၊ ရဟန္တာဖြစ်အံ့၊ တခုမျှမနေ**ရာ**င်း။

အောက်သုဒ္ဓါဝါသလေးဘုံ၌ **အနာ**ဂါမ်ဖြစ်အံ့၊ ပဋ္ဌမစျာန် ပဋိသန္ဓေ တခုသာနေ**ရာ**င်း၏၊ ရဟန္တာဖြစ်အံ့၊ **တ**ခုမျှမနေ**ရာ**င်း။

အကနိဋ္ဌဘုံ၌ ထပ်၍လည်း မဖြစ်ကောင်း၊' အနာဂါမ် အဖြစ်ဖြင့် သေသည်ဟူ၍လည်းမရှိ၊ ရဟန္တာ အဖြစ်ဖြင့်သာ သေသည်၊ ထို့ကြောင့် တခုမျှမနှောင်း။

အသညသတ်ဘုံ၌ သုဂတိအဟိတ် တယောက်သာရှိသည်၊ ၎င်းပုဂ္ဂိုလ်သည် စုတေသည်ရှိသော် ကာမဘုံသို့ ဧကန်သွားရ၏၊ ကာမတိဟိတ် ဒွိဟိတ် ပဋိသန္ဓေ ရှစ်ခုသာ နှောင်း၏။

ကာမစုတိနှောင် တခုယုတ် နှစ်ဆယ် နှောင်း၏၊ (၀၁) နှစ်ဆယ်နှောင်း၏၊ ဘုံဖြင့်မှတ်ပြန်သော်ကာမသုဂတိ ခုနစ်ဘုံက စုတေသည်ဖြစ်အံ့၊ တခုယုတ်နှစ်ဆယ်(၀၁)' နှစ်ဆယ်နှောင်း၏၊ အပါယ်လေးဘုံက စုတေသည်ဖြစ်အံ့၊ ကာမပဋိသန္ဓေ ၁၀ နှောင်း၏၊ ပုဂ္ဂိုလ်ဖြင့် မှတ်ပြန်သော်၊ ကာမသုဂတိ ခုနစ်ဘုံ၌ သုဂတိအဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့ စုတေသည်ရှိသော် ကာမ ပဋိသန္ဓေ ၁၀-သာ နှောင်း၏၊ တိဟိတ်စုတိနှောင်ဖြစ်အံ့၊ တခု ယုတ် နှစ်ဆယ် (၀၁)အသညသတ်ကိုထည့်၍ နှစ်ဆယ်နှောင်း၏၊ သောတာပန်, သကဒါဂါမ် စုတိဖြစ်အံ့၊ ကာမတိဟိတ် ပဋိသန္ဓေ လေးခု မဟဂ္ဂုတ် ပဋိသန္ဓေ ကိုးခုနှောင်း၏၊ အနာဂါမ် ဖြစ်အံ့၊ ကာမရာဂကို ပယ်၍ မဟဂ္ဂုတ် ပဋိသန္ဓေ ကိုးခုသာ နှောင်း၏၊ ရဟန္တာမှာ တခုမျှမနှောင်း။

အပါယ်လေးဘုံ၌ ဒုဂ္ဂတိတယောက်သာရှိသည်၊ ၎င်းဒုဂ္ဂတိ ပုဂ္ဂိုလ် စုတေသည်ရှိသော် အဟိတ် ပဋိသန္ဓေ နှစ်ခု, မဟာဝိပါက် ရှစ်ခုအားဖြင့် တဆယ်သာ နှောင်း၏၊ အသညသတ်ဘုံ၌ နေ တုန်းက ရုပ်ချည်းသာ ရှိပါလျက်ကို ကာမဘုံသို့ လာသော

အခါ နာမ်ပဋိသန္ဓေ နေနိုင်ခြင်းသည် ဥပစာရဇော စေထနာကြောင့်မှတ်။

ရူပဘုံ၏ ကာမဘုံသို့ လာရာ၌ အဟိတ်ပဋိသန္ဓေ မနေသည်မှာလည်း ဥပစာရ စေတနာမှတ်လေ၊ ပဋိသန္ဓေကို အကြွင်ပုဂ္ဂိုလ်တို့သည် သူ့အပ်ကုန်၏၊ ထိုပဋိသန္ဓေကို ယူအပ်ပြီးသောပုဂ္ဂိုလ်တို့သည် ၎င်းပဋိသန္ဓေ စိတ်ချုပ်ပြီးသည်ရှိသော် အကြွင်မျှလောက်သော ကာလပတ်လုံး ပီတိစိတ်သည် မဖြစ်၊ ထိုမျှလောက်သော ကာလပတ်လုံး ဘဝင်စိတ်သည် မြစ်ရေအယဉ်ကဲ့သို့မပြတ် ဘဝ၏ အကြောင်း အစိတ်အဖြစ်ဖြင့် ဖြစ်ကုန်၏။

အကြွင်ပုဂ္ဂိုလ်သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိတို့သည် ဖြစ်ကုန်၏၊ ပစ္စုပ္ပန်ဘဝမှ အခြားမဲ့ဖြစ်သော ဘဝ၌လည်း ၎င်းပဋိသန္ဓေ, ဘဝင်, စုတိတို့သည် ဖြစ်ကုန်၏၊ ထို့ကြောင့် သတ္တဝါတို့၌ စုတိပဋိသန္ဓေ ဘဝင်တို့သည် သံသရာစက်ဖြင့် လည်ကုန်၏၊ ပြတ်ခြင်းမှာ တံခွန်စွန့်ဘတရားကို အားထုတ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရ၏၊ ထိုအခါမှစ၍ သံသရာစက်သည် ပြတ်၏။

# ဘဝသုတ်

နောက်ဘဝကိုလေ့လာရာတွင်ဘဝဆိုသည်ကိုကား သိထားဖို့လိုပါသည်၊ ဘဝနှင့်ပတ်သက်၍ မြတ်စွာဘုရား၏ ဟောကြားချက်ကို အင်္ဂုတ္တရ ပါဠိတော်မှ ကောက်နုတ်ဖော်ပြပါမည်၊ ရှင်အာနန္ဒာ မေးလျှောက်၍ မြတ်စွာဘုရား ဖြေကြားသော ဘဝတရားပင်တည်း။

ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်ရှိခိုး၍ တခုသောနေရာ၌ထိုင်လျက် မြတ်စွာဘုရားအား "အရှင်ဘုရား ဘဝဘဝဟု ဆိုပါ၏၊ အရှင်ဘုရား အဘယ်မျှလောက် အတိုင်းအရှည်ဖြင့် ဘဝဖြစ်ပါသနည်း" ဟုလျှောက်၏၊

"အာနန္ဒာ ကာမဓာတ်၌ အကျိုးပေးတတ်သော ကံမဖြစ်ခဲ့လျှင် ကာမဘဝသည် ထင်ရှားဖြစ်ပေါ်နိုင်အံ့လော။"

"ထင်ရှားမဖြစ်ပေါ်နိုင်ပါ အရှင်ဘုရား"

"အာနန္ဒာ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့် တူ၏၊ ဝိညာဉ်သည် မျိုးစေ့နှင့်တူ၏၊ တဏှာသည် အစေးရေနှင့်တူ၏၊ အဝိဇ္ဇာပိတ်ပင်အပ်ကုန်သည်ဖြစ်၍ တဏှာအနှောင်အဖွဲ့ ရှိကုန်သောသတ္တဝါတို့အား ယုတ်နိမ့်သော ကာမဓာတ်၌ ဝိညာဉ်သည် တည်၏၊ ဤသို့တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏။"

"အာနန္ဒာ ရူပဓာတ်၌အကျိုးပေးတတ်သော ကံမဖြစ်ခဲ့လျှင် ရူပဘဝသည် ထင်ရှားဖြစ်ပေါ်နိုင်အံ့လော။"

"အရှင်ဘုရား ထင်ရှားမဖြစ်ပေါ်နိုင်ပါ။"

"အာနန္ဒာ ဤသို့လျှင် ကံသည် လယ်ယာမြေနှင့် တူသည်၊ ဝိညာဉ်သည် မျိုးစေ့နှင့်တူ၏၊ တဏှာသည်အစေးရေ နှင့် တူ၏၊ အဝိဇ္ဇာ ပိတ်ပင်အပ်ကုန်သည်ဖြစ်၍ တဏှာ အနှောင်အဖွဲ့ရှိကုန်သော သတ္တဝါတို့အား အလယ်အလတ်ဖြစ်သော ရူပဓာတ်၌ ဝိညာဉ်သည်တည်၏။ ဤသို့တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏။"

"အာနန္ဒာ အရူပဓာတ်၌ အကျိုးပေးတတ်သော ကံမဖြစ်ခဲ့လျှင် အရူပဘဝသည် ထင်ရှားဖြစ်ပေါ်နိုင်အံ့လော။"

"အရှင်ဘုရား ထင်ရှားမဖြစ်ပေါ်နိုင်ပါ။"

"အာနန္ဒာ ဤသို့လျှင်ကံသည် လယ်ယာမြေနှင့်တူ၏၊ ဝိညာဉ်သည် မျိုးစေ့နှင့်တူ၏၊ တဏှာသည် အစေးရေနှင့်တူ၏၊ အဝိဇ္ဇာပိတ်ပင်အပ်ကုန်သည်ဖြစ်၍ တဏှာ အနှောင်အဖွဲ့ ရှိကုန်သော သတ္တဝါတို့အား မြတ်သော အရူပဓာတ်၌ ဝိညာဉ်သည် တည်၏၊ ဤသို့ တည်သော် နောင်တဖန် ဘဝသစ်၌ ဖြစ်ရ၏၊ အာနန္ဒာ ဤသို့လျှင် ဘဝဖြစ်သတည်း။"

# ကေသမုတ္တိသုတ်

ဤကေသမုတ္တိသုတ်ကိုလည်းအင်္ဂုတ္တရပါဠိတော်၌ ပင် တွေ့နိုင်၏၊ ကာလာမမင်းတို့အား ဟောကြားသောသုတ်ဖြစ်၍ ကာလာမသုတ် ဟုလည်း ခေါ်ကြ၏၊ ဤသုတ်မှာ တမလွန်ဘဝ ရှိမရှိ ပြဿနာအပြင် ယင်းအယူဝါဒကို စွန့်ပယ်ရန် သို့မဟုတ် လက်ခံရန်အတွက်အခြေခံအကြောင်း အရာ အချက်အလက်တို့ ပါရှိ၏၊ ယင်းတို့ဖြင့် ပင် ဝေးနက်လှစွာသော နောင်ဘဝ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်စေရန်အတွက် ကောက်နုတ်ဖော်ပြခြင်း ဖြစ်၏၊ တရား သွေးနွေးသူတို့သည် ဤကောက်နုတ် ဖော်ပြချက်တို့ကို လေ့ကျက်ပြီး ရှုတ်ဆိုဖြေရှင်းလေ့ ရှိကြပါသည်။

အခါတပါး မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ ကြွချီတော်မူလေသော် ကာလာမမင်းတို့၏ ကေသမုတ္တိမည်သော နိဂုံးသို့ ရောက်၏၊ ထိုနောက် ကေသမုတ္တိ နိဂုံးသား ကာလာမ မင်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် မြတ်စွာဘုရားအား "အရှင်ဘုရား အချို့သော သမဏ, ဗြာဟ္မဏ တို့ သည် ကေသမုတ္တိနိဂုံးသို့ ရောက်လာပါကုန်၏၊ သူတို့သည် မိမိအယူဝါဒကိုသာလျှင် ပြပါကုန်၏၊ ထွန်းပစေပါကုန်၏၊ သူတပါး အယူဝါဒကိုမူကား ထိပါးပါကုန်၏၊ မထီမဲ့မြင် ပြုပါကုန်၏၊ ရှုတ်ချပါကုန်၏၊ ချေဖျက်ပါကုန်၏၊ အရှင်ဘုရား၊တခြားသော သမဏ, ဗြာဟ္မဏ အချို့တို့သည်လည်း ကေသမုတ္တိ နိဂုံးသို့ ရောက်လာပါကုန်၏၊ ထိုသူတို့သည်လည်း မိမိ အယူဝါဒကိုသာ ပြပါကုန်၏၊ ထွန်းပစေပါကုန်၏၊သူတပါး အယူဝါဒကိုမူကား ထိပါး ပါကုန်၏၊ မထီမဲ့မြင် ပြုပါကုန်၏၊ ရှုတ်ချပါကုန်၏၊ ချေဖျက်ပါကုန်၏၊အရှင်ဘုရား ဤသမဏ, ဗြာဟ္မဏတို့တွင် အဘယ်သူသည် မှန်သောစကားကို ဆိုပါသနည်း၊ အဘယ်သူသည် မမှန်သောစကားကိုဆိုပါသနည်းဟု အကျွန်ုပ်တို့အား ယုံမှားခြင်း တွေးတောခြင်းဖြစ်ပါ၏"ဟု လျှောက်ကုန်၏။

"ကာလာမမင်းတို့ သင်တို့အား ယုံမှားခြင်းငှာ သင့်ပေ၏၊ တွေးတောခြင်းငှာ သင့်ပေ၏၊ သင်တို့အား ယုံမှားခြင်းငှာသင့်သောအရာ၌ ယုံမှားခြင်းဖြစ်၏၊ ကာလာမမင်းတို့ သင်တို့အည်- (၁) ပြောသံကြားကာမျှဖြင့် မယူကုန်လင့်ဦး၊ (၂) အစဉ် အ

ဆက် ခဏမျှဖြင့်လည်း မယူကုန်လင့်ဦး၊ (၃) ဤသို့ ဖြစ်ဘူးသတတ်ဟူသော စကားမျှဖြင့်လည်း မယူကုန်လင့်ဦး၊ (၄) ပိဋကတ် စာပေနှင့်ညီညွတ်ပါပေသည် ဟူ၍လည်းမယူကုန်လင့်ဦး၊ (၅) ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ (၆) နည်းမှီး ယူခြင်းမျှဖြင့်လည်း မယူကုန်လင့်ဦး၊ (၇) အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း မယူကုန်လင့်ဦး၊ (၈) ကြံစည်နှစ်သက်၍ ယူထားသော အယူနှင့် တူညီပေသည် ဟူ၍လည်း မယူကုန်လင့်ဦး၊ (၉) မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း မယူကုန်လင့်ဦး၊ (၁၀) ငါတို့လေးစားသော ရဟန်း၏စကားဟူ၍လည်း မယူကုန်လင့်ဦး၊ ကာလာမမင်းတို့ ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ်၊ ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွား မရှိခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏ဟု သင်တို့သည် မိမိတို့ ကိုယ်တိုင်ပင် သိသောအခါ၌မူ ပယ်စွန့်ကုန်ရာ၏၊ ကာလာမမင်းတို့ ဤတရားတို့ကား ကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်မရှိသောတရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွားရှိခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟု သင်တို့သည်မိမိတို့ကိုယ်တိုင်ပင်လျှင်သိသော အခါ၌မူ ပြည့်စုံစေ၍ နေကုန်ရာ၏။"

၂။

"ကာလာမမင်းတို့ ရန်ကင်းသောစိတ် ကြောင့်ကြ ကင်းသောစိတ် မညစ်ညူးသောစိတ် စင်ကြယ်သောစိတ်ရှိသော အရိယာတပည့်အား ယခုဘဝ၌ပင် ထောက်တည်ရာ လေးမျိုးတို့ကို ရအပ်ကုန်၏၊ တမလွန်လောကသည် အကယ်၍ရှိအံ့ ကုသိုလ်ကံ- အကုသိုလ်ကံတို့၏ အကျိုးဆက် အကျိုးရင်းသည် အကယ်၍ရှိအံ့၊ ထိုသို့ရှိခဲ့သော် ငါသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ရောက်ရလိမ့်မည်ဟူသော ထောက်တည်ရာကို ရလေ၏၊ ဤသည်ကား အရိယာတပည့်အား ရအပ်သော ပထမ ထောက်တည်ရာပေတည်း။

"တမလွန်လောကသည် အကယ်၍မရှိအံ့၊ ကောင်းသော ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ အကျိုးဆက် အကျိုးရင်းသည် အကယ်၍မရှိအံ့၊ထိုသို့မရှိခဲ့သော် ငါသည် မျက်မှောက်ဘဝ၌ပင် ရန်မရှိသော ကြောင့်ကြမရှိသော ဆင်းရဲမရှိသော ချမ်းသာခြင်းရှိသော မိမိကိုယ်ကို ဆောင်ရပေ၏ဟူသော ထောက်တည်ရာကို ရလေ၏၊ ဤသည်ကား ထိုအရိယာ တပည့်အား ရအပ်သော ဒုတိယ ထောက်တည်ရာပေတည်း။

"မကောင်းမှုကိုပြုခဲ့လျှင် ပြုသည်မည်အံ့၊ ငါသည် တစုံတခုသောမကောင်းမှုကို အားမထုတ်ခဲ့၊ မပြုသော ငါ့အား အကုသိုလ်ကံသည် အဘယ်မှာ ဆင်းရဲကို တွေ့ထိနိုင်စေအံ့နည်း

ဟူသော ထောက်တည်ရာကိုရလေ၏၊ ဤသည်ကား ထိုအရိယာ တပည့်အား ရအပ်သော တတိယ ထောက်တည်ရာပေတည်း။

"မကောင်းမှုပြုသော်လည်း ပြုသည် မမည်အံ့၊ ထိုသို့ ပြုသည် မမည်သော် ငါသည် နှစ်ပါးစုံဖြင့်သာလျှင် စင်ကြယ်သော မိမိကိုယ်ကို ရှုမြင်ရပေ၏ဟူသော ထောက်တည်ရာကို ရလေ၏၊ ဤသည်ကား အရိယာတပည့်အား ရအပ်သော စတုတ္ထ ထောက်တည်ရာပေတည်း၊

"ကာလာမမင်းတို့ ဤသို့ ရန်ကင်းသောစိတ် ကြောင့်ကြကင်းသောစိတ် မညစ်ညူးသောစိတ် စင်ကြယ်သောစိတ်ရှိသော ထိုအရိယာတပည့်အား ယခုဘဝ၌ပင် ဤ ထောက်တည်ရာ လေးမျိုးတို့ကို ရအပ်ကုန်၏၊"

# ပရံ မရဏ သုတ်

နောက်ဘဝ၌ပြဿနာကို သံယုတ်ပါဠိတော်လာ ဤပရံမရဏ သုတ်ဖြင့် စတင်ပါမည်၊ ရှင်သာရိပုတြာက နောက်ဘဝ ပြဿနာကို မေး၍ ရှင်မဟာကဿပက ဖြေဆိုခြင်းဖြစ်၏၊ ရှင်သာရိပုတြာသည် အဘယ်ကြောင့် ကိုယ်တိုင် မြတ်စွာဘုရားထံမှာ မမေးလျှောက်ပါသနည်း၊ ထို့ပြင် အရှင်သည် မြတ်စွာဘုရား၏ "ကြီးမြတ်သော ပညာနှင့်ပြည့်စုံကုန်သော ငါ၏ တပည့် ရဟန်းတို့တွင် အကြင် သာရိပုတြာသည် ရှိ၏၊ ထိုသာရိပုတြာသည် အမြတ်ဆုံး ပေတည်း" ဟု ပညာဧတဒဂ်ကို ရရှိထားသူဖြစ်၏၊ ဤမျှ ပညာကြီးသူသည် ကိုယ်တိုင် နောက်ဘဝကိုမသိမမြင်လေသလောဟုတွေးတောဘွယ်လည်းရှိပါသည်။

အခါတပါး၌ ရှင်မဟာ ကဿပ နှင့် ရှင်သာရိပုတြာ တို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ နေကုန်၏၊ ထိုအခါ ရှင်သာရိပုတြာသည် ညချမ်း အခါ တပါး တည်းကိန်းအောင်းရာမှထလျက် ရှင်မဟာ ကဿပထံသို့ ချဉ်းကပ်၍ ရှင်မဟာ ကဿပနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင်၊ တခုသောနေရာ၌ ထိုင်နေပြီးသော် ရှင်မဟာ ကဿပအား "ငါ့ရှင် ကဿပ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သလော" ဟု လျှောက်၏၊

"ငါ့ရှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မမူ"

"ငါ့ရှင် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်သလော"

"ငါ့ရှင် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍ ဤသို့လည်း မြတ်စွာဘုရား ဟောတော်မမူ"

"ငါ့ရှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ်, မဖြစ်လည်းမဖြစ်သလော"

"ငါ့ရှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ်, မဖြစ်လည်းမဖြစ်ဟူ၍ မြတ်စွာဘုရား ဟောတော်မမူ"

"ငါ့ရှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်သလော"

ငါ့ရှင် သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်းမဟုတ် ဟူ၍ ဤသို့လည်း မြတ်စွာဘုရား ဟောတော်မမူ"

"ငါ့ရှင် အဘယ်ကြောင့် ထိုအကြောင်းကို မြတ်စွာဘုရား ဟောတော်မမူပါသနည်း"

"ငါ့ရှင် ဤစကားသည် အကျိုးစီးပွားနှင့် မစပ်၊ မဂ်၏ ရှေ့အဖို့ဥဿဖြစ်သော အကျင့်မျှလည်းမဟုတ်၊ ငြီးငွေ့ခြင်းငှာမဖြစ်၊ တပ်ခြင်းကင်းခြင်းငှာမဖြစ်၊ ရာဂချုပ်ခြင်းငှာမဖြစ်၊ ငြိမ်းအေး ခြင်းငှာမဖြစ်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာမဖြစ်၊ ထိုးထွင်း၍ သိခြင်းငှာမဖြစ်၊ နိဗ္ဗာန်အကျိုးငှာမဖြစ်၊ ထို့ကြောင့် ထိုစကား ကို မြတ်စွာဘုရား ဟောကြားတော်မမူ၊"

"ငါ့ရှင် ထိုသို့ မဟောကြားခဲ့သည်ရှိသော် မြတ်စွာဘုရား သည် အဘယ်သို့ ဟောတော်မူပါသနည်း၊"

"ငါ့ရှင် ဤသည်ကား ဆင်းရဲတည်း၊ ဤသည်ကား ဆင်းရဲ၏ ဖြစ်ပေါ်ကြောင်းတည်း၊ ဤသည်ကား ဆင်းရဲ၏ ချုပ်ရာတည်း၊ ဤသည်ကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့် တည်းဟု မြတ်စွာဘုရားဟောတော်မူ၏၊"

"ငါ့ရှင် အဘယ့်ကြောင့် ဤစကားကို မြတ်စွာဘုရား ဟောကြားတော် မူအပ်သနည်း၊"

"ငါ့ရှင် ဤတရားသည်ကား အကျိုးစီးပွားနှင့် စပ်၏၊ ဤတရားသည်ကား မဂ်၏ အစဖြစ်သော မြတ်သောအကျင့် လည်းဖြစ်၏၊ ဤတရားသည် ငြီးငွေ့ခြင်းငှာ ရာဂကင်းခြင်းငှာ ငြိမ်းအေးခြင်းငှာ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ ထိုးထွင်း သိခြင်းငှာ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏၊ ထို့ကြောင့် ထိုတရားကို မြတ်စွာဘုရား ဟောတော်မူအပ်၏၊"

## အဂ္ဂိဝစ္ဆသုတ်၊

[မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်]

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ဝစ္ဆအနွယ်ဖြစ်သော ပရိဗ္ဗာဇ် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေပြီးနောက်သင့်လျော်သောနေရာ၌ထိုင်ကာ-

“အရှင်ဂေါတမ လောကသည် မြဲ၏ ဟူသော အယူသည်သာ မှန်၏၊ တပါးသော အယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့ အယူရှိပါသလော”ဟူ၍ လျှောက်၏။

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ။"

"အရှင်ဂေါတမ လောကသည် မမြဲဟူသော အယူသာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလော။"

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ။"

"အရှင်ဂေါတမ လောကသည် အဆုံးရှိ၏ဟူသော အယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလော။"

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ။"

"အရှင်ဂေါတမ လောကသည် အဆုံးမရှိ၏ဟူသောအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလော။"

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ။"

"အရှင်ဂေါတမ ထိုအသက်သည်ပင် ထိုကိုယ်ကောင်တည်းဟူသော အယူသည်သာမှန်၏၊ တပါးသော အယူသည်အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလော။"

"ဝစ္ဆ ငါသည် ဤသို့ အယူမရှိပါ။"

"အရှင်ဂေါတမ အသက်သည်တခြား၊ ကိုယ်ကောင်သည် တခြားတည်းဟူသော အယူသည်သာ မှန်၏၊ တပါးသောအယူသည်အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့ အယူရှိပါသလော။"

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ။"

"အရှင်ဂေါတမ သတ္တဝါသည်သေသည်မှ နောက်၌ဖြစ်၏ ဟူသော အယူသည်သာမှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလော။"

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ။"

"အရှင်ဂေါတမ သတ္တဝါသည်သေသည်မှ နောက်၌မဖြစ် ဟူသောအယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလော။"

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ။"

"အရှင်ဂေါတမ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ် ဟူသော အယူသည်သာ မှန်၏၊ တပါးသောအယူသည် အချည်းနှီးသာတည်းဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလော"။

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ"။

"အရှင်ဂေါတမ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူသော အယူသာမှန်သည်၊ တပါးသောအယူသည် အချည်းနှီးသာတည်း ဟု အရှင်ဂေါတမသည် ဤသို့အယူရှိပါသလော"။

"ဝစ္ဆ ငါသည် ဤသို့အယူမရှိပါ"။

"အရှင်ဂေါတမ အဘယ်သို့သောအပြစ်ကို ကောင်းစွာမြင်၍ ဤသို့ အခါခပ်သိမ်း ဤအယူတို့သို့ မကပ်ရောက်ပါသနည်း"။

"ဝစ္ဆ လောကသည် မြဲ၏၊ စသောအယူသည် မိစ္ဆာအယူတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော တောခြုံတည်း။ မိစ္ဆာဒိဋ္ဌိတည်းဟူသော ခရီးခဲတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော ဆူးငြောင့်တည်း၊

မိစ္ဆာဒိဋ္ဌိတည်းဟူသော တုန်လှုပ်ခြင်းတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော သံယောဇဉ်တည်း၊ ဆင်းရဲနှင့်တကွဖြစ်၏၊ ညှဉ်းဆဲခြင်းနှင့်တကွဖြစ်၏၊ ပြင်းစွာပင်ပမ်းခြင်းနှင့်တကွ ဖြစ်၏၊ ပူလောင်ခြင်းနှင့်တကွဖြစ်၏၊ ငြီးငွေ့ခြင်းငှာမဖြစ်၊ တပ်ခြင်း ကင်းခြင်းငှာမဖြစ်၊ ချုပ်ခြင်းငှာမဖြစ်၊ ငြိမ်းခြင်းငှာမဖြစ်၊ အထူးသိခြင်းငှာမဖြစ်၊ ထိုးထွင်း၍သိခြင် ငှာမဖြစ်၊ ချုပ်ငြိမ်းခြင်းငှာမဖြစ်၊ ဝစ္ဆငါသည် ဤအပြစ်တို့ကို ကောင်းစွာမြင်သည်ဖြစ်၍သာလျှင် ဤသို့အခါခပ်သိမ်း ဒိဋ္ဌိအယူတို့သို့ မကပ်ရောက်"။

"အရှင်ဂေါတမအား တစုံတခုသော အယူသည် ရှိပါသလော"။

"ဝစ္ဆ အယူဟူသောဤစကားကို တထာဂတ သည် ပယ်ထားပြီ၊ ဝစ္ဆ တထာဂတ သည် ဤကား ရုပ်, ဤကား ရုပ်၏ဖြစ်ကြောင်း, ဤကားရုပ်၏ချုပ်ရာ၊ ဤကားဝေဒနာ, ဤကားဝေဒနာ၏ဖြစ်ကြောင်း, ဤကား ဝေဒနာ၏ချုပ်ရာ၊ ဤကားသညာ,ဤကားသညာ၏ဖြစ်ကြောင်း, ဤကားသညာ၏ချုပ်ရာ၊ ဤကား သင်္ခါရ, ဤကား သင်္ခါရတို့၏ဖြစ်ကြောင်း, ဤကား သင်္ခါရတို့၏ချုပ်ရာ၊ ဤကား ဝိညာဏ်, ဤကား ဝိညာဏ်၏ဖြစ်ကြောင်း, ဤကား ဝိညာဏ်၏ချုပ်ရာ ဟု ဤသဘောကို မြင်ထားပြီ၊ ထို့ကြောင့် တထာဂတ သည် ငါ, ငါ၏ဥစ္စာ, ငါ ဟူသော ထောင်လွှားမှု ကိန်းဝပ်ခြင်း ဟူသော အလုံးစုံသော ထင်မှတ်မှု အလုံးစုံသောမွေ့နှောက်မှု တရားတို့၏ ကုန်ခြင်းကြောင့် တပ်ခြင်းကင်းခြင်းကြောင့် ချုပ်ခြင်းကြောင့် စွန့်ခြင်း

ကြောင့် လွတ်ခြင်းကြောင့် စွဲလန်းမှု ဥပါဒါန်မရှိခြင်းကြောင့် လွတ်မြောက်၏”။

“အရှင်ဂေါတမ ဤသို့ လွတ်မြောက်သောစိတ် ရှိသော ရဟန်းသည် အဘယ်၌ဖြစ်သနည်း”။

“ဝစ္ဆ ဖြစ်၏ဟူသောအဖြစ်သို့ မရောက်”။

“အရှင်ဂေါတမ ထိုသို့ဖြစ်ပါမူ မဖြစ်ပါသလော”။

“ဝစ္ဆ မဖြစ်ဟူသော အဖြစ်သို့လည်း မရောက်”။

“အရှင်ဂေါတမ ထိုသို့ဖြစ်မူ ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ်ပါသလော”။

“ဝစ္ဆ ဖြစ်လည်းဖြစ်၏ မဖြစ်လည်းမဖြစ်ဟူသော အဖြစ်သို့ လည်း မရောက်”။

“အရှင်ဂေါတမ ထိုသို့ဖြစ်မူ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်ပါသလော”။

“ဝစ္ဆ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်းမဟုတ် ဟူသော အဖြစ်သို့လည်းမရောက်။”

“အရှင်ဂေါတမ ဤအရာ၌ အကျွန်ုပ်သည် နားမလည်ခြင်း သို့ရောက်ခဲ့ပါ၏၊ ဤအရာ၌ အကျွန်ုပ်သည် တွေဝေခြင်းသို့ ရောက်ခဲ့ပါ၏၊ အရှင်ဂေါတမ၏ ရှေးဦးပြောဆိုသော စကား ဖြင့် အကျွန်ုပ်မှာ ဖြစ်ပေါ်လာသော ကြည်လင်ခြင်းမျှသည် လည်း ယခုအခါ ကွယ်ပျောက်ပါလေပြီ။”

“ဝစ္ဆ သင်နားမလည်ခြင်းငှာ ထိုက်ပါပေ၏၊ တွေဝေခြင်း ငှာထိုက်ပါပေ၏၊ ဝစ္ဆဤတရားသည် နက်လည်းနက်၏၊ မြင်နိုင် ခဲ၏၊ လျော်စွာသိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ ကြံဆ၍

သိသင့်သောအရာမဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိအပ်၏၊ ထိုတရားကို တပါးသော အယူ တပါးသော အကြိုက်၊ တပါးသောအလိုရှိသော၊ တပါးသောအယူ၌ အားထုတ်ခြင်းရှိသော တပါးသောဒိဋ္ဌိဘောင်၌ ဆရာရှိသော သင်သည် သိရန်ခက်၏။”

“ဝစ္ဆ ထိုသို့ဖြစ်ပါမူ ဤအရာ၌ သင့်ကိုသာ မေးမြန်းအံ့၊ သင်သဘောကျသည့်အတိုင်း ဖြေကြားလော့၊ ဝစ္ဆထိုငါဆိုမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သနည်း၊ အကယ်၍ သင်၏ရှေ့၌ မီးတောက်နေငြားအံ့၊ ငါ၏ရှေ့၌ ဤမီးသည်တောက်နေ၏ဟု သင်သိရာအံ့လော။”

“အရှင်ဂေါတမ အကျွန်ုပ် သိရာပါ၏။”

“ဝစ္ဆ သင်၏ရှေ့၌ တောက်နေသော မီးသည်အဘယ်ကိုစွဲ၍ တောက်နေသနည်းဟု သင့်ကိုအကယ်၍မေးငြားအံ့၊ ဝစ္ဆ ဤသို့မေးသည်ရှိသော် သင်သည် အဘယ်သို့ ဖြေကြားရာသနည်း။”

“အရှင်ဂေါတမ ငါ၏ရှေ့၌ တောက်နေသောဤမီးသည် မြက်၊ထင်း လောင်စာကို စွဲ၍ တောက်နေသည်ဟု ဖြေကြားပါအံ့။”

“ဝစ္ဆ အကယ်၍ သင်၏ရှေ့၌ ထိုမီးသည် ငြိမ်းငြားအံ့၊ သင်သည် ငါ၏ရှေ့၌ ဤမီးသည်ငြိမ်း၏ဟု သိရာအံ့လော။”

“အရှင်ဂေါတမ အကျွန်ုပ်သည် သိရာပါအံ့။”

“ဝစ္ဆ သင်၏ရှေ့၌ ငြိမ်းသွားသော မီးသည် ဤအရပ်မှ အဘယ်အရပ်သို့သွားသနည်း၊ အရှေ့အရပ်သို့ရင်း၊ တောင် အရပ်သို့ရင်၊ အနောက်အရပ်သို့ရင်း၊ မြောက်အရပ်သို့ရင်း သွား

လေသလောဟု အကယ်၍ သင့်ကိုမေးငြားအံ့၊ ဝစ္ဆ၊ ဤသို့မေးသည်ရှိသော် သင်သည် အဘယ်သို့ ဖြေကြားရာသနည်း။"

"အရှင်ဂေါတမ သွား၏ဟူသော အရေအတွက်သို့မရောက်၊ အရှင်ဂေါတမ ထိုမီးသည် အကြင်မြက်၊ ထင်း လောင်စာကို အစွဲပြု၍ တောက်၏၊ ထိုမြက်၊ထင်း လောင်စာ၏ ကုန်ခြင်းကြောင့်၎င်း၊ တပါးသောမီးလောင်စာ၏ မရှိခြင်းကြောင့်၎င်း လောင်စာမရှိသည်ဖြစ်၍ ငြိမ်းအေးပြီဟူသော ရေတွက်ခြင်းသို့သာ လျှင် ရောက်ပါ၏။"

"ဝစ္ဆ၊ ဤအတူသာလျှင် အကြင်ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဖြင့် သတ္တဝါဟူ၍ ပညတ်သော် ပညတ်ရာ၏၊ ထိုရုပ် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို တထာဂတအား ပယ်ပြီးဖြစ်၏၊ အမြစ်ပြတ်ပြီးဖြစ်၏၊ ထန်းပင်ငုတ်ကဲ့သို့ပြုပြီး ဖြစ်၏၊ တဖန်မဖြစ်အောင်ပြုပြီးဖြစ်၏၊ နောင်တဖန် ဖြစ်ခြင်းသဘော မရှိတော့ချေ၊ ဝစ္ဆ ထိုရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၏ ကောင်စွာကုန်ခြင်းဖြင့် လွတ်မြောက်ပြီးသော တထာဂတသည် မဟာသမုဒ္ဒရာကဲ့သို့ နက်နဲ၏၊ မချင်းယှဉ်အပ်၊ ထက်ဝန်းကျင် သက်ဝင်နိုင်ခဲ၏၊ ဖြစ်၏ ဟူသော အဖြစ်သို့လည်း မရောက်၊ မဖြစ်ဟူသောအဖြစ်သို့လည်းမရောက်၊ ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်းမဖြစ်ဟူသောအဖြစ်သို့လည်း မရောက်၊ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ် ဟူသော အဖြစ်သို့လည်း မရောက်။"

"အရှင်ဂေါတမ ဥပမာသော်ကား ရွာ၏၎င်း၊ နိဂုံး၏၎င်း မနီးမဝေးသောအရပ်၌ အင်ကြင်းပင်ကြီးသည် ရှိလေရာ၏၊ ထို

အင်ကြင်းပင်ကြီး၏ မမြဲသောသဘောကြောင့် အခက်အရွက်တို့သည် ပျက်စီးကုန်ရာ၏၊ အခွံအပွေးတို့သည် ပျက်စီးကုန်ရာ၏၊ အကာတို့သည် ပျက်စီးကုန်ရာ၏၊ ထိုအင်ကြင်းပင်ကြီးသည် နောင်အခါ၌ ကောင်းသော အခက်အရွက်၊ ကောင်းသောအခွံအပွေး၊ ကောင်းသောအကာရှိသည်ဖြစ်၍ အနှစ်သက်သက်သာ တည်နေသကဲ့သို့ ဤအဘူသာလျှင်အရှင်ဂေါတမ၏စကားသည် အခက်အရွက်မှကင်းပါပေ၏၊ အခွံအပွေးမှ ကင်းပါပေ၏၊ အကာမှ ကင်းပါပေ၏၊အနှစ်သက်သက်၌ တည်ပါပေ၏။”

## ပဋိသန္ဓေပဉှာ၊

နောက်ဘဝ ပြဿနာတွင် ပဓာနဖြစ်သော ပဋိသန္ဓေနေခြင်း အကြောင်းကို မိလိန္ဒပဉှာမှ ကောက်နုတ် ဖော်ပြပါဦးမည်၊ မိလိန္ဒမင်းကြီးက မေး၍ ရှင်နာဂသေန ထေရ်က ဖြေဆိုပါသည်။

၁။

"အရှင်ဘုရား ပဋိသန္ဓေ နေဆဲသော သူသည် ရှေးလူဟောင်းပင်လော၊ သို့မဟုတ် တပါးသော လူသစ်ပင်လော။"

"မင်းကြီး ပဋိသန္ဓေ နေဆဲသောသူသည် ရှေးလူဟောင်းလည်းမဟုတ်၊တပါးသော လူသစ်လည်း မဟုတ်။"

"အရှင်ဘုရား ဥပမာအားဖြင့် ပြတော်မူပါဦးလော့။"

"မင်းကြီး သင်သည် အိပ်ယာထက်၌ ပက်လက်အိပ်သော သူငယ် ဖြစ်ခဲ့ဘူး၏၊ ယခုအခါ သင်သည် ထိုရှေးသူငယ်ပင်လော။"

"အရှင်ဘုရား ထိုသူငယ်မဟုတ်ပါ၊အိပ်ယာထက်၌ ပက်လက်အိပ်သော အခါကာလ လည်းတပါး၊ ယခုကြီးရင့်သော အခါကာလ လည်းတပါး။"

"မင်းကြီး ဤသို့ ကာလနှစ်ခုရှိခဲ့သော် မိခင်, ဖခင်, ဆရာ သမား, အတတ်ပညာ တတ်သောသူ, သီလရှိသောသူ, ပညာရှိသောသူ မရှိကောင်းပြီ၊ အကြောင်းကား မင်းကြီး ကလလ ရေကြည်၏ မိခင်လည်းတပါး၊ ရေမြုပ်၏ မိခင်လည်း တပါး၊ သားတစ်၏ မိခင်လည်းတပါး၊ တခဲနက်၏ မိခင်လည်းတပါး၊ လူငယ်၏ မိခင်လည်းတပါး၊ လူကြီး၏ မိခင်လည်း တပါး၊ တပါးသောသူသည် အတတ်ကိုသင်၏၊ တပါးသောသူသည် သင်အပ်သည်ဖြစ်၏၊ တပါးသောသူသည် မကောင်းမှုကိုပြု၏၊ တပါးသောသူ၏ လက်ခြေကိုဖြတ်၏။"

"အရှင်ဘုရား ဤသို့လည်း မဆိုစကောင်းပါ၊ဤသို့ ဖြစ်လေသော တရားသဘောကို အဘယ်သို့ အရှင်ဘုရား မိန့်ကြားမည်နည်း။"

"မင်းကြီး ငါကိုယ်တိုင်လျှင် အိပ်ယာထက်၌ ပက်လက်အိပ်သောသူငယ် ဖြစ်ဘူး၏၊ ယခုသည်း ငါ၏ ကိုယ်တိုင်ပင်ကြီး၏၊ ငါ၏ ကိုယ်ကိုသာ မှီ၍ ထိုအလုံးစုံသော တရားတို့ကို တပေါင်းတည်း ပေါင်းဆည်းအပ်ကုန်၏၊"

"အရှင်ဘုရား ထိုစကားကို ဥပမာအားဖြင့် ပြတော်မူပါဦးလော့။"

"မင်းကြီး ဥပမာ သော်ကား တစုံတယောက် သောယောကျ်ားသည် ဆီမီးကိုထွန်း၏၊ ထိုဆီမီးတောက်သည် တညဥ့်ပတ်လုံး တောက်အံ့လော။"

"အရှင်ဘုရား တညဥ့်ပတ်လုံး ထိုဆီမီးသည် တောက်ရာ၏။"

"မင်းကြီး ညဥ့်ဦးယံ၌ တောက်သောမီးကို သန်းခေါင်ယံဆီမီးတောက်ဟု ဆိုအပ်မည်လော။"

"အရှင်ဘုရား ညဥ့်ဦးယံ တောက်သော ဆီမီးကို သန်းခေါင်ယံဆီမီးဟု မဆိုအပ်ပါ။"

"မင်းကြီး သန်းခေါင်ယံ၌ တောက်သော ဆီမီးတောက်ကို မိုးသောက်ယံ ဆီမီးတောက်ဟု ဆိုအပ်မည်လော။"

"အရှင်ဘုရား သန်းခေါင်ယံ တောက်သော ဆီမီးတောက်ကို မိုးသောက်ယံ တောက်သော ဆီမီးတောက်ဟု မဆိုကောင်းပါ။"

"မင်းကြီး ညဥ့်ဦးယံဆီမီးသည် တခြားတပါးလော၊ သန်းခေါင်ယံ ဆီမီးသည် တခြားတပါးလော၊ မိုးသောက်ယံ ဆီမီးသည် တခြားတပါးလော။"

"အရှင်ဘုရား ထိုဆီမီးကို တသီးတခြား ပိုင်းခြား၍ မဆိုသာပါ၊ ထိုဆီမီးဟောင်းကို အမှီပြု၍ တညဥ့်ပတ်လုံး ဆီမီးတောက်ပါသည်။"

"မင်းကြီး ထိုဆီမီးအတူ ပရမတ္ထတရား၏ အစဉ်သည် ဖွဲ့ရှက်၍ဖြစ်၏၊ တပါးသော တရားသည် ဖြစ်ခါဖြစ်၏၊ တပါး

သော တရားသည် ချုပ်ဆဲဖြစ်၏၊ မရှေးမနှောင်း စပ်ကာစပ်ကာ ဖြစ်၏၊ ထို့ကြောင့် ထိုရှေးလူဟောင်းလည်း အသစ်ပဋိသန္ဓေမနေ၊ တပါးသော လူသစ်လည်းမဖြစ်၊ ရှေးဖြစ်သော ဝိညာဉ်သည်၊ နောက်ဖြစ်သော ဝိညာဉ်ကို ထောက်ပံ့ခြင်းသို့ ရောက်လေ၏။"

"အရှင်ဘုရား လွန်စွာ ဥပမာ ပြုပါဦးလော့။"

"မင်းကြီး ဥပမာသော်ကား နို့ရည်သည် ကာလရှည်သော် နို့ဓမ်းဖြစ်၏၊ နို့ဓမ်းမှသည် ဆီဦ၊ ဆီဦမှ သည်ထောပတ်ဖြစ်၏၊ သို့ဖြစ်သည်ကို အကြင်နို့ရည်သည် နို့ဓမ်းဖြစ်သည်၊ နို့ဓမ်းသည် ဆီဦဖြစ်သည်၊ ဆီဦသည် ထောပတ်ဖြစ်သည်ဟု ဆိုသူသည် ကောင်းသော ဆုံးဖြတ်ခြင်းဖြင့် ဆိုသည် မည်ကောင်းအံ့လော၊"

"အရှင်ဘုရား ထိုသို့ဆိုခြင်းသည် ရှေးရှေးကိုသာလျှင် မှီ၍ဖြစ်သောကြောင့် ကောင်းသောဆိုခြင်း မမည်ပါ။"

"မင်းကြီး ထို့အတူပင် ပရမတ္ထတရား၏အစဉ်သည် ဖွဲ့ရက်၍ဖြစ်၏၊ တပါးသည်ဖြစ်ဆဲဖြစ်၏၊ တပါးသည် ချုပ်ဆဲ ဖြစ်၏၊ မရှေးမနှောင်းတပြိုင်နက်ကဲ့သို့ ဖွဲ့ရက်၍ဖြစ်၏၊ ထို့ကြောင့် ထိုရှေးလူဟောင်းသည်လည်း အသစ်ပဋိသန္ဓေမနေ၊ တပါးသော လူသစ်လည်းမဖြစ်၊ ရှေးဖြစ်သောဝိညာဉ်သည် နောက်ဖြစ်သော ဝိညာဉ်ကို ထောက်ပံ့ခြင်းသို့ ရောက်၏၊"

"အရှင်ဘုရား ပဋိသန္ဓေမနေသူသည် ငါပဋိသန္ဓေ မနေလတ္တံ့ဟု သိ၏လော။"

"မင်းကြီး ပဋိသန္ဓေမနေသူသည် ပဋိသန္ဓေ မနေလတ္တံ့ဟု သိ၏။"

"အရှင်ဘုရား အဘယ်ကြောင့် သိလေသနည်း။"

"မင်းကြီး ပဋိသန္ဓေနေရန် အကြောင်းတရား အထောက်အပံ့ ပစ္စည်းမျိုးစေ့ကင်းသောကြောင့် ထိုသူသည်ငါ ပဋိသန္ဓေ မနေလတ္တံ့ဟု သိ၏။"

"အရှင်ဘုရား ဥပမာအားဖြင့် ပြပါဦးလော့။"

"မင်းကြီး ဥပမာသော်ကား လယ်ထွန်သော သူကြွယ်သည် ထွန်ယက် စိုက်ပျိုး၍ ကျီကြကို ပြည့်စေ၏၊ ထိုသူကြွယ်သည် နောင်အခါ လယ်ကိုမထွန်မစိုက်နေ၍ ရှိတိုင်းသောစပါးကိုသာ စားမူလည်းစားအံ့၊ ရောင်းမူလည်းရောင်းအံ့ အလိုရှိတိုင်းပြုအံ့၊ မင်းကြီး ထိုသူကြွယ်သည် ငါ၏စပါးကျီ မပြည့်ဟူ၍ သိပါ၏လော။"

"အရှင်ဘုရား ထိုသူကြွယ်သည် သိ၏။"

"မင်းကြီး ထို့အတူ ပဋိသန္ဓေနေခြင်း၏ အကြောင်းတရားကို ပယ်ကြဉ်သောကြောင့် ထိုသူသည်ငါ ပဋိသန္ဓေ မနေရလတ္တံ့ဟု သိ၏။"

## ၂။

"အရှင်ဘုရား အဘယ်တရားသည် ပဋိသန္ဓေ နေသနည်း။"

"မင်းကြီး နာမ်ရုပ်တရားသည် ပဋိသန္ဓေနေ၏။"

"အရှင်ဘုရား ပစ္စုပ္ပန် နာမ်တရားပင်လျှင် ပဋိသန္ဓေ နေသလော။"

"မင်းကြီး ဤပစ္စုပ္ပန် နာမ်ရုပ်ဖြင့်လျှင် ပဋိသန္ဓေ မနေ၊ ဤပစ္စုပ္ပန်နာမ်ရုပ်ဖြင့်ကား ကောင်းသော ကုသိုလ်ကံ မကောင်းသော အကုသိုလ်ကံတရားကိုပြု၍ ထိုပစ္စုပ္ပန်က ပြုသော ကုသိုလ်ကံ, အကုသိုလ်ကံဖြင့် တပါးသော နာမ်ရုပ်သည် ပဋိသန္ဓေ နေ၏။"

"အရှင်ဘုရား ဤပစ္စုပ္ပန် နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေ မဖြစ်အံ့၊ ထိုပုဂ္ဂိုလ်သည် မကောင်းမှုတို့မှ လွတ်လိမ့်မည်လော။"

"မင်းကြီး ပစ္စုပ္ပန် နာမ်ရုပ်သည် အကယ်၍ ပဋိသန္ဓေ မနေသည် စင်စစ်မှန်အံ့၊ မကောင်းမှုတို့မှ လွတ်လေရာ၏၊ မင်းကြီး ပစ္စုပ္ပန် အကြောင်းတရား ခံသောကြောင့် တပါးသော ရုပ်နာမ်တရားတို့သည် ပဋိသန္ဓေ ဖြစ်သောကြောင့် မကောင်းမှုတို့မှ မလွတ်။"

"အရှင်ဘုရား ထိုစကားကို ထင်စွာဥပမာ ပြပါဦးလော့။"

"မင်းကြီး ဥပမာ သော်ကား တစုံ တယောက်သော ယောကျ်ားသည် တပါးသော ယောကျ်ား၏ သရက်သီးကိုခိုး၏၊ ထိုယောကျ်ားကို သရက်သီးရှင်သည် ဖမ်း၍ မင်းအား "အရှင်မင်းကြီး ဤယောကျ်ားသည် အကျွန်ုပ်၏ သရက်သီးကို ခိုးယူသည်"ဟု ဆိုအံ့၊ ထိုသူခိုးကို မေးစစ်သော် ခိုးသူက "အရှင်မင်းကြီး ဤသူ၏ သရက်သီးကို အကျွန်ုပ်မခိုးပါ၊ ဤသူစိုက်ပျိုးသော ထိုသရက်သီးတို့သည် တပါးတို့တည်း၊ အကျွန်ုပ်ခိုးသော ဤသရက်သီးတို့သည် တပါးတို့တည်း၊ သို့ကြောင့် အကျွန်ုပ်သည်

ရာဇဒဏ်အပစ် မရောက်ကောင်းပါ”ဟုဆိုသော် မင်းကြီး အသို နည်း၊ ထိုယောကျ်ားသည် မင်းဒဏ် ရောက်ရာသလော။”

“အရှင်ဘုရား ခိုးသော ယောကျ်ားသည် ထိုသူစိုက်ပျိုးရင်း သရက်သီးကို မခိုးပါဟု ဆိုသော်လည်း ရှေးစိုက်ပျိုးရင်း ဖြစ်သော သရက်သီးကို မပစ်သာသချေဖြစ်၍ နောက်ခိုးသော သရက်သီးဖြင့် ထိုယောကျ်ားသည် မင်းဒဏ်ဖြစ်ရာ၏။”

“မင်းကြီး တို့အတူ ပစ္စုပ္ပန်၌ ဖြစ်သော နမ်ရုပ်ဖြင့် ကောင်း သောကုသိုလ်, မကောင်းသော အကုသိုလ်တရားကို ပြုအံ့၊ ထိုကံတရားဖြင့် တပါးသော နာမ်ရုပ်သည် ပဋိသန္ဓေနေ၏၊ ထိုအကြောင်းရင်းတရားကြောင့် မကောင်းမှုမှ မလွတ်ပါ။”

“အရှင်ဘုရား လွန်စွာ ဥပမာပြုပါဦးလော့။”

“မင်းကြီး ဥပမာ သော်ကား တစုံတယောက်သော ယောကျ်ားသည် တပါးသော ယောကျ်ား၏ သလေးစပါးကို ခိုးအံ့၊ ကြံကိုခိုးအံ့။”

(ဤစပါးခိုး ကြံခိုး ဥပမာကား ရှေးသရက်သီး ဥပမာနှင့် အတူပင်ဖြစ်၏။)

“မင်းကြီး ဥပမာ သော်ကား အကြင် ယောကျ်ားသည် ဆောင်းလအခါ၌ မီးတိုက်၍ မီးလှုံပြီးလျှင် မငြိမ်းစေဘဲ သွား လေသောအခါ ထိုယောကျ်ား၏ မီးသည် သူတပါး၏ လယ်ကို လောင်သည်ဖြစ်အံ့၊ ထိုယောကျ်ားကို လယ်ရှင်သည် ဖမ်းဆီး၍ မင်းအား “အရှင်မင်းကြီး ဤယောကျ်ားသည် အကျွန်ုပ်လယ် ကို မီးတိုက်ခဲ့၏”ဟု ဆိုအံ့၊ ထိုယောကျ်ားက “အရှင်မင်းကြီး အကျွန်ုပ်သည် ဤယောကျ်ား၏ လယ်ကို မီး မတိုက်ပါ၊

အကြောင်းကား အကျွန်ုပ်သည် မီးတိုက်လောင်စေအပ်သော မီးသည်တပါး, ဤသူ၏လယ်ကို လောင်သော မီးသည်တပါး ဖြစ်၍ အကျွန်ုပ်သည် မင်းဒဏ်မရောက်ကောင်းပါ''ဟု ဆိုသည်၊ မင်းကြီး အသို့နည်း၊ ထိုယောကျ်ားသည် မင်းဒဏ်ရောက်ရာသလော။''

''အရှင်ဘုရား ထိုသို့ဖြစ်သောကြောင့် မင်းဒဏ်မရောက်ရာဟု မဆိုရာ၊ ထိုယောကျ်ားသည် အကယ်၍ ဤသို့ဆိုငြားသော်လည်း ရှေးမီးရင်းကို မပစ်သာချေ၊ နောက်ဖြစ်သော ထိုမီးဖြင့် ယောကျ်ားအား မင်းဒဏ်သင့်သည် ဖြစ်ရာ၏။''

''မင်းကြီး ထို့အတူ ဤပဋိသန္ဓေ ဖြစ်သော နာမ်ရုပ်ဖြင့် ကောင်းမှုမကောင်းမှုကို ပြု၏၊ ထိုကံတရားဖြင့် တပါးသော နာမ်ရုပ်တရားသည် ပဋိသန္ဓေ ဖြစ်သောကြောင့် မကောင်းမှုမှ မလွတ်ရာ။''

''အရှင်ဘုရား လွန်စွာ ဥပမာ ပြပါဦးလော့။''

''မင်းကြီး ဥပမာ သော်ကား တစုံ တယောက်သော ယောကျ်ားသည် နွားကျောင်းသား၏ထံမှ နွားနို့ဘိုးကိုဝယ်ခဲ့၍ ထိုနွားကျောင်းသား၏ လက်၌ပင်လျှင် အပ်နှံ၍ နက်ဖန်ယူလာအံ့ဟုဆို၍ သွား၏၊ ထိုနွားနို့သည် တနေ့ရောက်သော် နို့ဓမ်းဖြစ်ခဲ့၏၊ ထိုဝယ်သော ယောကျ်ားလာ၍ ငါ၏နွားနို့ကို ပေးလော့ဟုဆိုလျှင် ထိုနွားနို့သည် နို့ဓမ်းဖြစ်ခဲ့၏၊ ထိုယောကျ်ားက ငါက သင်၏လက်၌ နို့ဓမ်းကိုမဝယ် ငါ၏ နွားနို့ဖိုးကို ပေးလော့ဟုဆို၏၊ နွားကျောင်းသားသည် သင်၏ နို့သည် နို့ဓမ်းဖြစ်လေ၏ဟု ဆိုလေ၏၊ ထိုသူ နှစ်ယောက်တို့

ငြင်းခုန်ကြလျက် မင်းကြီးအထံသို့ ရောက်သော် ဘယ်သူအား တရားကို အနိုင်ပေးအံ့နည်း။”

“အရှင်ဘုရား နွားကျောင်းသား အား အနိုင် ပေးအံ့၊ အကြောင်းကား ထိုဝယ်သော ယောကျ်ား အကယ်၍ ဆိုငြား သော်လည်း နွားကျောင်းသား၏ နို့ ရည်ဟူသော အကြောင်း ရင်းကြောင့် စင်စစ် ထိုနို့ ဓမ်းဖြစ်ပါသည်။”

“မင်းကြီး ထို့ အတူ သေခါနီးကာလ၌ နာမ်ရုပ်လည်းတပါး, ပဋိသန္ဓေနာမ်ရုပ်လည်းတပါး ဖြစ်သော်လည်း ထိုသေခါနီး ဖြစ်သော နာမ်ရုပ်အကြောင်းခံသောကြောင့် ထိုပဋိသန္ဓေ နာမ်ရုပ်အသစ်ဖြစ်၏၊ ထို့ ကြောင့်မကောင်းမှုမှ မလွတ်ပါ။”

၃

“အရှင်ဘုရား နာမ်ရုပ်တရားဟူ၍ အရှင်ဘုရားတို့ဆို၏၊ ထိုသို့ ဆိုအပ်သော နာမ်ရုပ်တရားတို့တွင် နာမ်တရားကား အသို့နည်း၊ ရုပ်တရားကား အသို့နည်း။”

“မင်းကြီး ထိုနာမ်ရုပ်တရားနှစ်ပါးတို့တွင် ရုပ်တရားသည် ရုန့်ရင်း၏၊ နာမ်တရားသည် သိမ်မွေ့၏၊”

“အရှင်ဘုရား ရုပ်နာမ်တရား နှစ်ပါးတို့သည် အသီးအခြား ပဋိသန္ဓေနေသလော။”

“မင်းကြီး နာမ်တရားချည်းသာလျှင်လည်း ပဋိသန္ဓေမနေ၊ ရုပ်တရားချည်းသာလျှင်လည်း ပဋိသန္ဓေမနေ။”

"အရှင်ဘုရား အဘယ်ကြောင့် ထိုရုပ်နာမ် တရားတို့သည် အသီးအခြား ပဋိသန္ဓေမနေသနည်း။"

"မင်းကြီး ထိုရုပ်နာမ် တရားနှစ်ပါးတို့သည် အချင်းချင်း မှီကုန်၍ တပြိုင်နက် တပေါင်းတည်းသာလျှင်ဖြစ်ကုန်၏။"

"အရှင်ဘုရား ဥပမာအားဖြင့် ပြပါဦးလော့။"

"မင်းကြီးဥပမာသော်ကား ကြက်မအားရေကြည်လည်းမဖြစ်အံ့၊ အဥလည်းမဖြစ်ရာ၊ ထိုအခါ အကြင်ရေကြည်လည်း ဖြစ်၏၊ အကြင်အဥလည်းဖြစ်၏၊ ထိုနှစ်ပါးသော ရေကြည်အဥတို့သည် အချင်းချင်းမှီ၍ တပြိုင်နက်သာလျှင် ထိုကြက်ဥတို့၏ ဖြစ်ခြင်းတရားသည် ထင်ရှားစွာဖြစ်၏၊ မင်းကြီး ထို့အတူသာလျှင် ထိုပဋိသန္ဓေကာလ၌ နာမ်တရားချည်းလည်း မဖြစ်ရာ၊ ရုပ်တရားချည်းလည်းမဖြစ်ရာ၊ ထိုပဋိသန္ဓေကာလ၌ အကြင် နာမ်တရားလည်းဖြစ်ရာ၏၊ အကြင်ရုပ်တရားလည်းဖြစ်ရာ၏၊ ထိုနှစ်ပါးစုံသောတရားတို့သည် အချင်းချင်းမှီ၍ တပြိုင်နက် ပဋိသန္ဓေနေ၏၊ ဤသို့ဖြစ်သော် ထိုနာမ်ရုပ်တရား နှစ်ပါးတို့သည် ကာလရှည်စွာဖြစ်၏။"

၄

"အရှင်ဘုရား ဤပစ္စုပ္ပန်ဘဝမကူးဘဲ ဘဝသစ်၌ ပဋိသန္ဓေနေသလော။"

"မင်းကြီး ပစ္စုပ္ပန်ဘဝမှ ကူးလည်း မကူးဘဲ ပဋိသန္ဓေနေ၏။"

"အရှင်ဘုရား အဘယ့်ကြောင့် မကူးဘဲ ပဋိသန္ဓေ နေသနည်း။"

"မင်းကြီး ဥပမာသော်ကား တစုံတယောက်သောယောက်ျား သည် ဆီမီးခွက်တခွက်မှ ဆီမီးခွက်တခွက်ကို ထွန်းအံ့၊ မင်းကြီး ဆီမီးဟောင်းသည် ဆီမီးသစ်သို့ ပြောင်းသလော။"

"အရှင်ဘုရား ဆီမီးဟောင်းမှ ဆီမီးသစ်သို့ မပြောင်းပါ။"

"မင်းကြီး ထို့အတူ ဘဝဟောင်းမှသည် မပြောင်းဘဲလျက် ဘဝသစ်၌ ပဋိသန္ဓေဖြစ်၏။"

"အရှင်ဘုရား ဥပမာပြုပါဦးလော့။"

"မင်းကြီး သင်မင်းကြီးသည် သူငယ်ဖြစ်သော အခါက သိမ်မွေ့စွာတတ်အပ်သော လောကနှင့် စပ်ယှဉ်သော တစုံတခု သော အတတ်ကို ဆရာထံ၌ သင်ခဲ့သည်မဟုတ်လော။"

"အရှင်ဘုရား အကျွန်ုပ်သည် ငယ်ရွယ်သော အခါ၌ ဆရာ ထံမှ သင်ယူရသောအတတ် ရှိပါသည်။"

"မင်းကြီး အသို့နည်း၊ ထိုအတတ်ပညာသည်ထိုဆရာမှပြောင်း သွားသလော။"

"အရှင်ဘုရား ထိုအတတ်သည် ထိုဆရာမှ မပြောင်းပါ။"

"မင်းကြီး ထို့အတူ အဟောင်းဖြစ်သော ဘဝမှ မပြောင်း ဘဲလျက် ဘဝသစ်၌ ပဋိသန္ဓေဖြစ်၏။"

၅

"အရှင်ဘုရား တစုံတယောက်သောသတ္တဝါသည် ဤကိုယ် မှ တပါးသောကိုယ်သို့ ပြောင်းသွားလေသလော။"

"မင်းကြီး သတ္တဝါသည် ဤကိုယ်မှ တပါးသော ကိုယ်သို့ မပြောင်းပါ။"

"အရှင်ဘုရား ဤကိုယ်မှပြောင်းသောသတ္တဝါသည် အကယ်၍မရှိအံ့၊ မကောင်းမှုတို့မှ လွတ်သည် ဖြစ်ကောင်းအံ့လော။"

"မင်းကြီး အကယ်၍ ပဋိသန္ဓေနေသည်ဖြစ်အံ့၊ မကောင်းမှုတို့မှ လွတ်မည်မဟုတ်။"

"အရှင်ဘုရား ဥပမာအားဖြင့် ပြပါဦးလော့။"

"မင်းကြီး ဥပမာသော်ကား တစုံတယောက်သော သူသည် တစုံတယောက်သောသူ၏ သရက်သီးကို ခိုးအံ့၊ သရက်သီး ခိုးသောသူသည် ဒဏ်ရောက်သည် ဖြစ်ရာသလော။"

"အရှင်ဘုရား ဒဏ်ရောက်သည်ဖြစ်ရာ၏။"

"မင်းကြီး ခိုးအပ်သော သရက်သီးတို့ကို ထိုတရားစွဲသောသူသည် စိုက်ပျိုးရင်း သရက်သီးတို့ကို မခိုးတကား၊ အဘယ်ကြောင့် ထိုခိုးသောသူအား ဒဏ်ရောက်ရာသနည်း။"

"အရှင်ဘုရား ထိုသူစိုက်ပျိုးရင်း သရက်သီးတို့ကို စွဲ၍ အကြောင်းရင်း ဖြစ်သောကြောင့် ထိုအကြောင်းရင်းကို စွဲ၍ ထိုသူအား ဒဏ်ရောက်ရာ၏။"

"မင်းကြီး ထို့အတူ ဤပစ္စုပ္ပန်ရုပ်နာမ်ဖြင့် ကောင်းသောအမှု မကောင်းသောအမှုကို ပြု၏၊ ထိုကံတရားဖြင့် တပါးသော နာမ်ရုပ် ပဋိသန္ဓေဖြစ်၏၊ ထို့ကြောင့် မကောင်းမှုမှ မလွတ်။"

# စူဠမာလုကျသုတ်

[မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်]

**အ**ခါဘပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ရှင်မာလုကျပုတ္တသည် ညနေချမ်းအချိန် ကိန်းအောင်းရာမှထ၍ မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေပြီးသော် မြတ်စွာ ဘုရားအား ဤသို့လျှောက်ကြား၏။

"အရှင်ဘုရား ဆိတ်ငြိမ်ရာသို့ ကပ်၍ ကိန်းအောင်းသော အကျွန်ုပ်အား ဤသို့စိတ်အကြံဖြစ်ပါသည်၊ လောကသည် မြဲ၏ ဟုရင်း၊ လောကသည် မမြဲဟုရင်း၊ လောကသည်အဆုံးရှိ၏ဟုရင်း၊ လောကသည် အဆုံးမရှိ၏ဟုရင်း၊ ထိုအသက်သည်ပင် ထိုကိုယ် ထည်းဟုရင်း၊ အသက်သည်တခြား ကိုယ်သည်တခြားဟုရင်း၊ သတ္တဝါသည် သေသည်မှ နောက်မှ ဖြစ်၏ဟုရင်း၊ သတ္တဝါ သည် သေသည်မှနောက်၌ မဖြစ်ဟုရင်း၊ သတ္တဝါသည် သေ သည်မှ နောက်၌ ဖြစ်လည်းဖြစ်၏ မဖြစ်လည်းမဖြစ် ဟုရင်း၊ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်းမဟုတ်ဟုရင်း မြတ်စွာဘုရား မဟောကြားကုန် သော တန့်ထားကုန်သော ပယ်ထားကုန်သော အယူတို့သည် ရှိကုန်၏၊ ထိုအယူတို့ကို မြတ်စွာဘုရားသည် ငါ့အား ဟော ကြားတော်မမူ၊ ယင်းအယူတို့ကို ငါ့အား မြတ်စွာဘုရား မဟော ကြားခြင်းကို ငါမကြိုက်မနှစ်သက်၊ ငါသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ထိုအကြောင်းကို မေးလျှောက်အံ့၊ အကယ်၍ မြတ်စွာဘုရားသည် ငါ့အား ဟောကြားငြားအံ့၊ ငါသည် မြတ်စွာဘုရားထံ၌ မြတ်သောရဟန်း အကျင့်ကိုကျင့်အံ့၊ အကယ် ၍ မြတ်စွာဘုရားသည် မဟောကြားငြားအံ့၊ ငါသည် ရဟန်း သိက္ခာကို စွန့်ပယ်၍ လူထွက်တော့အံ့"ဟု စိတ်အကြံ ဖြစ်ခဲ့ပါ သည်၊ မြတ်စွာ ဘုရားသည် အကယ်၍ သိမြင်တော်မူလျှင် အကျွန်ုပ်အား ဟောကြားတော်မူပါ၊ မသိမမြင်လျှင် မသိ မမြင်ဟု ဝန်ခံခြင်းသည် ဖြောင့်မတ်သော သဘော ဖြစ်၏။

"မာလုံကျပုတ္တ ငါသည် သင့်ကို မာလုကျပုတ္တ သင်လာခဲ့လော့၊ ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်လှည့်လော့၊ လောကသည်မြဲ၏ စသည်ဖြင့် သင့်အား ငါဟောကြားအံ့ဟု ဤသို့ ဆိုခဲ့ဘူးသလော။"

"အရှင်ဘုရား မဆိုခဲ့ဘူးပါ။"

"သင်ကလည်း ငါ့ကို အရှင်ဘုရား လောကသည် မြဲ၏၊ စသည်ဖြင့် အကျွန်ုပ်အား ဟောကြားလျှင် အကျွန်ုပ်သည် မြတ်စွာဘုရားထံ၌ မြတ်သော ရဟန်းအကျင့်ကို ကျင့်ပါအံ့ဟု ဆိုခဲ့ဘူးသလော။"

"အရှင်ဘုရား မဆိုခဲ့ဘူးပါ။"

"မာလုကျပုတ္တ ဤသို့လျှင် ငါကလည်း သင့်ကို မဆိုခဲ့ဘူး၊ သင်ကလည်း ငါ့ကိုမဆိုခဲ့ဘူး၊ အချည်းနှီးဖြစ် ယောကျ်ား ဤသို့ဖြစ်သော် ဘယ်သူတောင်းပန်သည် ဖြစ်၍ ဘယ်သူ့ကို တုံ့ပြန်ပြောကြားရမည်နည်း။"

"မာလုကျပုတ္တ လောကသည် မြဲ၏ စသည်ဖြင့် မြတ်စွာဘုရားသည် ငါ့အား မဟောကြားသေးသမျှ ငါသည် မြတ်စွာဘုရားထံ၌ မြတ်သော ရဟန်းအကျင့်ကို မကျင့်အံ့ဟု ဆိုသူသည် မကျင့်ရသေးမီပင် သေလေရာ၏၊ ထိုအကြောင်းကို တထာဂတ မဟောထားသည်သာ ဖြစ်ရာ၏။"

"မာလုကျပုတ္တ ဥပမာသော်ကား ယောကျ်ားတယောက်သည်၊ ဆိပ်လူးမြှားဖြင့် အပစ်ခံရသည် ဖြစ်ရာ၏၊ ထိုယောကျ်ား၏ မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့သည် မြှားနှုတ်တတ်သော ဆေးဆရာကို ပင့်လာကုန်ရာ၏၊ ထိုမြှားမှန် ခံရသော

ယောကျ်ားက မြှားပစ်သော ယောကျ်ားကို မင်းဟုရင်း, ပုဏ္ဏားဟုရင်း, ကုန်သည်ဟုရင်း, သူဆင်းရဲဟုရင်း မသိသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့ဟု ဆိုရာ၏။"

"ထိုမြှားမှန် ခံရသော ယောကျ်ားသည် မြှားပစ်သော ယောကျ်ားကို ဤသို့သော အမည်ရှိ၏၊ ဤသို့သော အနွယ်ရှိ၏ ဟူ၍ မသိရသေးသမျှ ငါသည် ဤမြှားကို မနုတ်အံ့ဟုဆိုရာ၏။"

"ထိုယောကျ်ားသည် မြှားပစ်သော ယောကျ်ားကို မြင့်သောသူဟုရင်း, နိမ့်သောသူဟုရင်း, အလတ်ဖြစ်သူ ဟုရင်း, မည်းနက်သူဟုရင်း, ရွှေသောသူဟုရင်း, ကြမ်းပိုး ကျောက်ကုန်း ကဲ့သို့ အဆင်းရှိသည်ဟုရင်း, ဤမည်သောရွာကဟုရင်း, ဤမည်သော နိဂုံးကဟုရင်း, ဤမည်သောမြို့ကဟုရင်း။"

"ပစ်သောလေးကို လင်းလေးဟုရင်း, ဒူ လေးဟုရင်း။"

"ပစ်သော ညှို့ကို မုရိုးလျှော်ညှို့ ဖြစ်သည်ကိုရင်း, ဝါးလျှော် ညှို့ ဖြစ်သည်ကိုရင်း, အကြောညှို့ ဖြစ်သည်ကိုရင်း, သင်ပန်း လျှော်ညှို့ ဖြစ်သည်ကိုရင်း, ဥမ္ဘန်းနွယ် လျှော်ညှို့ ဖြစ်သည် ကိုရင်း။"

"ပစ်သောမြှားကို စိုက်ပျိုးမထားသော ခြုံမှဖြစ်သောမြှား ဟုရင်း, စိုက်ပျိုးထားသော ခြုံမှဖြစ်သော မြှားဟုရင်း, လင်းတ တောင် သို့မဟုတ် ဘုံမတီးငှက်တောင် သို့မဟုတ် စွန်ရဲတောင် သို့မဟုတ် ဥဒေါင်းတောင် သို့မဟုတ် သိထိလဟနု အမည်ရှိ သော ငှက်တောင်ဖြင့် မြှားရွက်တတ်ထားသည် ဟုရင်း။"

"ပစ်သောမြှားကို နွားကြော သို့မဟုတ် ကျွဲကြော သို့မဟု စ်ကြော သို့မဟုတ် မျောက်ကြောဖြင့် ရစ်ပယ်ထားသည်ဟုရ

ပစ်သောမြှားကို ပကာတေ့သော မြှားဟုရင်း, သို့မဟုတ် သင်တိုး သွား တတ်ထားသော မြှားဟုရင်း, သို့မဟုတ် နားတွင်းသို့ စူးဝင်နိုင်သော မြှားဟုရင်း, သို့မဟုတ် အသွားတတ်သော မြှား ဟုရင်း, သို့မဟုတ် လေးသော မြှားဟုရင်း, သို့မဟုတ် ကြာမြင့် မှ ရောက်သော မြှားဟုရင်း, မသိသေးသမျှ ဤမြှားကိုမနှုတ် အံ့ဟု ဆိုရာသည်။"

"မာလုကျပုတ္တ ထိုသို့ မနှုတ်ရသေးမီ ထိုယောကျ်ား သေသော် သေရာ၏၊ ထိုအကြောင်းကို ထိုယောကျ်ားသည် မသိနိုင်သည်သာ ဖြစ်လေရာ၏၊ ဤအတူ အကြင်သူသည် လောကသည် မြဲ၏ စသည်ဖြင့် မြတ်စွာဘုရားသည် ငါ့အား မဟောကြားသေးသမျှ ငါသည် မြတ်စွာဘုရားထံ၌ မြတ်သော ရဟန်းအကျင့်ကို မကျင့်အပ်ဟု ဆိုငြားအံ့၊ မာလုကျပုတ္တ ထိုသို့ မကျင့်ရသေးမီ ထိုပုဂ္ဂိုလ် သေရာ၏၊ ထိုအကြောင်းကို ဘုရား မဟောသည်သာ ဖြစ်ရာ၏။"

"မာလုကျပုတ္တ လောကသည် မြဲ၏ဟုရင်း၊ မမြဲဟုရင်း အဆုံးရှိ၏ဟုရင်း အဆုံးမရှိ၏ဟုရင်း၊ ထိုအသက်သည်ပင် ထို ကိုယ်ထည်းဟုရင်း၊ အသက်တခြား ကိုယ်တခြားတည်းဟုရင်း၊ သတ္တဝါသည် သေ၏ နောက်မှဖြစ်၏ဟုရင်း, မဖြစ်ဟုရင်း, ဖြစ် လည်းဖြစ်၏, မဖြစ်လည်းမဖြစ်ဟုရင်း, အယူရှိသော် မြတ်သော အကျင့်ကို ကျင့်သုံးခြင်းသည် ဖြစ်နိုင်ရာသလောဟူမူ ဤသို့ အယူရှိသော် မဖြစ်နိုင်။"

"မာလုကျပုတ္တ လောကသည်မြဲ၏ စသဖြင့် အယူရှိသော်ရင်း အယူမရှိသော်ရင်း ပဋိသန္ဓေ နေရခြင်း, အိုရခြင်း, သေရခြင်း

ပူဆွေးရခြင်း, ငိုကြွေးခြင်း, စိတ်ဆင်းရဲခြင်း, ကိုယ်ဆင်းရဲခြင်း, ပြင်းစွာပင်ပန်းခြင်းတို့သည် ရှိကုန်သည်သာတည်း၊ ယင်းတရားတို့ကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင် ငါပညတ်၏။"

"မာလုကျပုတ္တ ထို့ကြောင့် ဤသာသနာ၌ သင်သည် ငါ မဟောကြားသည်ကိုလည်း မဟောကြားသည့် အတိုင်း မှတ်သားလော့၊ ငါဟောကြားသည်ကိုလည်း ဟောကြားသည့် အတိုင်း မှတ်သားလော့။"

"မာလုကျပုတ္တ ငါမဟောကြားသည်မှာ အဘယ်နည်း၊ လောကသည်မြဲ၏ စသဖြင့် ငါမဟောကြား၊ အဘယ်ကြောင့် ငါမဟောကြားသနည်း၊ ထိုအကြောင်းသည် အကျိုးစီးပွားနှင့် မစပ်၊ မြတ်သောသာသနာ၏ အစွန်းအစမျှလည်း မဖြစ်၊ ဝဋ္ဋဆင်းရဲကို ငြီးငွေ့ခြင်းငှာ မဖြစ်နိုင်၊ ရာဂ ကင်းခြင်းငှာ မဖြစ်နိုင်၊ ရာဂ ချုပ်ခြင်းငှာ မဖြစ်နိုင်၊ ကိလေသာ မီးငြိမ်းအေးခြင်းငှာမဖြစ်နိုင်၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ မဖြစ်နိုင်၊ သစ္စာလေးပါးကို သိခြင်းငှာမဖြစ်နိုင်၊ ချုပ်ခြင်းငှာ မဖြစ်နိုင်၊ ထို့ကြောင့် ထိုအကြောင်းအရာများကို ငါမဟောကြား။"

"မာလုကျပုတ္တ အဘယ်ကို ငါဟောကြားသနည်း၊ မာလုကျပုတ္တ ဤကား ဆင်းရဲတည်းဟု ငါဟောကြား၏၊ ဤကား ဆင်းရဲခြင်းဖြစ်ကြောင်းတည်းဟု ဟောကြား၏၊ ဤကား ဆင်းရဲချုပ်ရာတည်းဟု ငါဟောကြား၏၊ ဤကားဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့်တည်းဟု ငါဟောကြား၏။

မာလုကျပုတ္တ ထိုတရားကို အဘယ့်ကြောင့် ငါဟောကြားသနည်း၊ မာလုကျပုတ္တ ထိုတရားသည် အကျိုးစီးပွားနှင့် စပ်

၏၊ ထိုတရားသည် မြတ်သောအကျင့်ဖြစ်သောသာသနာတော်၏ **အစအနဖြစ်၏၊** ဝဋ္ဋဆင်းရဲ၌ငြီးငွေ့ခြင်းငှာ ရာဂကင်းခြင်းငှာရာဂချုပ်ခြင်းငှာ ကိလေသာမီး အေးငြိမ်းခြင်းငှာ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ သစ္စာလေးပါးကို သိခြင်းငှာ ချုပ်ငြိမ်းခြင်းငှာ ဖြစ်၏၊ ထို့ကြောင့် ထိုတရားကို ငါဟောကြား၏။”

“မာလုံကျပုတ္တ ထို့ကြောင့်သာလျှင် သင်တို့သည် ငါမဟောကြားသည်ကို မဟောကြားသည့် အတိုင်း မှတ်ကြကုန်လော့၊ ငါဟောကြားသည်ကိုလည်း ဟောကြားသည့်အတိုင်း မှတ်သားကြကုန်လော့ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို မိန့်ကြားတော်မူ၏၊ အရှင်မာလုံကျပုတ္တသည်မြတ်စွာဘုရား၏ တရားတော်ကို နှစ်ခြိုက်ဝမ်းမြောက်လေ၏။”

## အမေးလေးမျိုး

ရှင်မာလုကျပုတ္တ၏အမေးပုစ္ဆာကိုမြတ်စွာဘုရား မဖြေကြားခြင်းနှင့်ပတ်သက်၍မိလိန္ဒမင်းကြီးက ရှင်နာဂသေနအား လျှောက်ကြားခဲ့ဘူး၏၊ ဤတွင် ယင်းအမေးနှင့် အဖြေကို မိလိန္ဒပဉှာမှ ကောက်နုတ်ဖော်ပြပါမည်။

အရှင်ဘုရား မြတ်စွာဘုရား ရှင်အာနန္ဒာအား ။ အာနန္ဒာ တထာဂတအား ဆရာစားချန်ထား၍ တရား ဟောကြားခြင်း မရှိဟုမိန့်ကြားတော်မူ၏၊ တဖန်လည်း ရှင်မာလုကျပုတ္တ မေးသောစကားကို ဖြေကြားတော်မမူခဲ့ပါ၊ ယင်းသည် ဆရာစား ချန်ထားခြင်းပင်မဟုတ်ပါလော၊ အရှင်ဘုရား ဤစကား နှစ်

ရပ်မှာ အစွန်းနှစ်ဖက် ထွက်နေပါသည်၊ မြတ်စွာဘုရားသည် ယင်းစကားကို မဖြေကြားနိုင်ခြင်းပင်လော၊ လျှို့ဝှက် ထားခြင်းပင်လော၊ အကယ်၍ မြတ်စွာဘုရားသည် ဆရာစား ချန်မထားပါလျှင် ရှင်မာလုကျပုတ္တ၏ အမေးစကားကို ဖြေကြားရာ၏၊ အကယ်၍ မသိ၍မဖြေကြားလျှင် တထာဂတအား ဆရာစားချန်ထားခြင်းရှိခဲ့ရာ၏။

"မင်းကြီး ရှင်မာလုကျပုတ္တ၏ ပြဿနာကို မဖြေကြားသည်မှာ မြတ်စွာဘုရားသည် မသိ၍လည်း မဟုတ်၊ လျှို့ဝှက်အပ်သောကြောင့်လည်းမဟုတ်ပါ၊ မင်းကြီး ပြဿနာတို့၏သဘောသည် လေးပါးအပြားရှိ၏၊ ယင်းတို့မှာ (၁) ဧကံသ ဗျာကရဏပဉှာ(၂) ဝိဘဇ္ဇ ဗျာကရဏ ပဉှာ(၃) ပဋိပုစ္ဆာဗျာကရဏပဉှာနှင့် (၄) ထပနီယ ဗျာကရဏပဉှာတို့ဖြစ်၏။

(၁) ဧကံသဗျာကရဏပဉှာ ဟူသည်ကား ရူပက္ခန္ဓာသည် အနိစ္စလော၊ ဝေဒနာက္ခန္ဓာသည် အနိစ္စလော၊ သညာက္ခန္ဓာသည် အနိစ္စလော၊ သင်္ခါရက္ခန္ဓာသည် အနိစ္စလော၊ ဝိညာဏက္ခန္ဓာသည်အနိစ္စလော အစရှိသောအမေးမျိုးဖြစ်၏၊ ဤအမေးမျိုးမှာ မေးသောစကားအတွင်း၌ အဖြေတစိတ်တဒေသ ပါဝင်နေသောကြောင့် ဧကံသဗျာကရဏပဉှာ မည်၏၊ ပုစ္ဆာတွင်အဖြေ ထက်ဝက်ပါနေသော မေးခွန်းပင်တည်း။

(၂) ဝိဘဇ္ဇဗျာကရဏပဉှာ ဟူသည်ကား အနိစ္စမည်သောတရားသည်ကား ရူပက္ခန္ဓာလော၊ ဝေဒနက္ခန္ဓာလော၊ သညာက္ခန္ဓာလော၊ သင်္ခါရက္ခန္ဓာလော၊ ဝိညာဏက္ခန္ဓာလော အစရှိသောအမေးမျိုးဖြစ်၏၊ ဤအမေးမျိုး၌ ဝေဖန်ခွဲခြမ်း ဖြေအပ်

သောစကား အမေးအတွင်းမှာ ပါဝင်နေပြီ ဖြစ်သောကြောင့် ဝိဘဇ္ဇဗျာကရဏပဉှာမည်၏၊ ဝေဖန် ခွဲခြမ်းပြီး ဖြေဆိုရသော အမေးပုစ္ဆာဖြစ်၏။

(၃) ပဋိပုစ္ဆာဗျာကရဏပဉှာဟူသည်ကား အသို့နည်း၊ စက္ခုဝိညာဉ်ဖြင့် အလုံးစုံကို သိသလော အစရှိသော အမေးမျိုးဖြစ်၏၊ ဤအမေးမျိုး၌ စက္ခုဝိညာဉ်ဖြင့် အလုံးစုံကို မသိနိုင်သည် ဖြစ်၍ စက္ခုဝိညာဉ်သည် ရူပါရုံကိုသိခြင်း လက္ခဏာ ရှိသည် မဟုတ်လောဟု တဖန်ပြန်၍မေးရမည် ဖြစ်သောကြောင့် ပဋိပုစ္ဆာဗျာကရဏပဉှာမည်၏၊ တဖန် ပြန်မေးပြီး ဖြေဆိုရမည့် အမေးပုစ္ဆာဖြစ်၏။

(၄)ထပနီယဗျာကရဏပဉှာ ဟူသည်ကား လောကသည် မြဲသလော, မမြဲသလော, အဆုံးရှိသလော, အဆုံးမရှိသလော, အဆုံးလည်းရှိ, အဆုံးလည်းမရှိသလော, အဆုံးရှိသည်လည်း မဟုတ်, အဆုံးမရှိသည်လည်းမဟုတ်သလော၊ အသက် တခြား ကိုယ်တခြားလော၊ သတ္တဝါတို့သည် သေသည်မှ နောက်ကာလ၌ ဖြစ်သလော၊ မဖြစ်သလော၊ ဖြစ်သည်လည်းရှိ, မဖြစ်သည် လည်း ရှိသလော၊ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်သလော အစရှိသော အမေးမျိုးဖြစ်၏၊ ဤ အမေးမျိုးကား မေးသည့်အတိုင်း ထားအပ်သောကြောင့် ထပနီယ ပဉှာမည်၏။

မင်းကြီး ရှင်မာလုင်္ကျပုတ္တ၏ ပြဿနာမှာ ထပနီယပဉှာ ဖြစ်၍ မြတ်စွာဘုရားသည် မဖြေကြားဘဲထားခြင်းဖြစ်၏။

## ပဉ္စဗျာကရဏသုတ်

[အင်္ဂုတ္တရပါဠိတော်]

ရဟန်းတို့ ပြဿနာ ဖြေဆိုခြင်းတို့သည် ငါးမျိုးတို့တည်း။

**အဘယ်ငါးမျိုးတို့နည်းဟူမူ-**

(၁) ရဟန်းတို့ဧကန်ဖြေဆိုရမည့် "ဧကံသ ဗျာကရဏီယ" ပြဿနာသည်ရှိ၏။

(၂) ရဟန်းတို့ခွဲခြမ်းဝေဖန်၍ ဖြေဆိုရမည့် "ဝိဘဇ္ဇဗျာကရဏီယ"ပြဿနာသည်ရှိ၏။

(၃) ရဟန်းတို့ ပြန်မေး၍ ဖြေဆိုရမည့် "ပဋိပုစ္ဆာဗျာကရဏီယ" ပြဿနာသည်ရှိ၏။

(၄) ရဟန်းတို့ ထားရမည့် "ဌပနီယ ဗျာကရဏီယ" ပြဿနာသည် ရှိ၏။

ရဟန်းတို့ ပြဿနာဖြေဆို ဆိုခြင်းတို့သည် ဤလေးမျိုးတို့တည်း၊

ကောန်ဖြေဆိုရမည့် ပြဿနာသည် တခု၊ ထို့နောက် ခွဲခြမ်းဝေဖန်၍ ဖြေဆိုရမည့် ဒုတိယ ပြဿနာ၊ တဖန် ပြန်မေးရမည့် တတိယ ပြဿနာ၊ ထားရမည့် စတုတ္ထ ပြဿနာ၊ အကြင်ရဟန်းသည်ကား ထိုထိုသို့သော အရာ၌ ထိုပြဿနာတို့အား လျော်သောအဖြေကိုသိ၏၊ ထိုသို့ သဘောရှိသော ရဟန်းကို အမေးလေးပါး၌ လိမ္မာသော ရဟန်းဟု ဆိုကြ၏။

သူဘပါးတို့ မထိပါး-မလွှမ်းမိုး မဖျက်ဆီးနိုင်သော နက်နဲသော ပညာရှိသူသည် အကျိုးစီးပွားရှိရာ၌ရင်း, အကျိုးစီးပွား မရှိရာ၌ရင်း, နှစ်ပါးစုံ၌ လိမ္မာသူဖြစ်၏။

ပညာရှိသည် အကျိုးစီးပွားမဲ့ကို ရှောင်ကြဉ်၏၊ အကျိုးစီးပွားကို ယူ၏၊ အကျိုးနှစ်ပါးကို သိခြင်းကြောင့် ပညာရှိကို ပဏ္ဍိတဟူ၍ ဆိုအပ်၏။

## ကြေးမုံတရား

### မဟာဝဂ်ပါဠိတော်]

၁

ထိုအခါ မြတ်စွာ ဘုရားသည် များစွာသော ရဟန်းသံဃာနှင့် အတူ နာတိကရွာဆီသို့ ကြွတော်မူ၍ နာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားအား ဤသို့မေးလျှောက်၏။

"အရှင်ဘုရား နာတိကရွာ၌ သာဠှမည်သော ရဟန်းသည် စုတေသွားပါ၏၊ ထိုရဟန်း၏ လားရာဂတိက အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။"

"အာနန္ဒာ သာဠှမည်သော ရဟန်းသည် အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သည့် စိတ်နှင့် လွတ်မြောက်သည့် ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်နေသော ရဟန္တာ ပေတည်း။"

"အရှင်ဘုရား နာတိကရွာ၌ နန္ဒာမည်သော ရဟန်းမိန်းမ သည် စုတေသွားပါ၏၊ ထိုရဟန်းမိန်းမ၏ လားရာ ဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။"

"အာနန္ဒာ နန္ဒာမည်သော ရဟန်းမိန်းမသည် အောက်၌ အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ် ပဋိသန္ဓေနေ၍၊ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည် ခြင်းသဘော မရှိသော အနာဂါမ်ပေတည်း။"

"အရှင်ဘုရား နာတိကရွာ၌ သုဒတ္တမည်သော ဥပါသကာ သည် စုတေသွားပါ၏၊ ထိုဥပါသကာ၏ လားရာ ဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။"

"အာနန္ဒာ သုဒတ္တ မည်သော ဥပါသကာသည် သုံးပါး သော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ ကုန်သည့်အပြင် တပ်မက်ခြင်း ရာဂ၊ အမျက်ထွက်ခြင်း ဒေါသ၊ တွေဝေခြင်း မောဟတို့၏လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့

တကြိမ်သာလျှင်လာ၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ်ပေတည်း။"

"အရှင်ဘုရား နာတိကရွာ၌ သုဇာတာမည်သော ဥပါသိကာမသည် စုတေသွားပါသည်၊ ထိုဥပါသိကာမ၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။"

"အာနန္ဒာ သုဇာတာ အမည်ရှိသော ဥပါသိကာမသည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ ကုန်ကြောင်းမဲ့ကုန်ခြင်း ကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ပေတည်း။"

"အရှင်ဘုရား နာတိကာရွာ၌ ကုက္ကုဋမည်သော ဥပါသကာသည် စုတေသွားပါ၏၊ ထိုဥပါသကာ၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။"

"အာနန္ဒာ ကုက္ကုဋမည်သော ဥပါသကာသည် အောက်၌ အဖို့ရှိသော ငါးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ်ပေတည်း။"

"အရှင်ဘုရား နာတိကရွာ၌ ကာဠိမ္ဗမည်သော ဥပါသကာသည်လည်းကောင်း, နိကဋမည်သော ဥပါသကာသည်လည်းကောင်း, ကဋိဿဟမည်သော ဥပါသကာသည်လည်းကောင်း, တုဋ္ဌမည်သော ဥပါသကာသည်လည်းကောင်း, သန္တုဋ္ဌမည်သော ဥပါသကာသည်လည်းကောင်း, ဘဒ္ဒမည်

သော ဥပါသကာသည်ရင်း, သုဘဒ္ဒမည်သော ဥပါသကာသည်ရင်း စုတေသွားပါ၏၊ ထိုဥပါသကာတို့၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။"

"အာနန္ဒာ ကာဠိမ္ဗမည်သော ဥပါသကာ, နိကဋမည်သော ဥပါသကာ, ကဋိဿဟမည်သော ဥပါသကာ, တုဋ္ဌမည်သော ဥပါသကာ, သံတုဋ္ဌမည်သော ဥပါသကာ, ဘဒ္ဒမည်သော ဥပါသကာ, သုဘဒ္ဒမည်သော ဥပါသကာသည် အောက်ဗွဲ့အဖို့ရှိသည့် ငါးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ်ပေတည်း။"

"အာနန္ဒာ နာတိကရွာမှ စုတေသွားကြသော ဥပါသကာငါးဆယ်ကျော်တို့သည် အောက်ဗွဲ့ အဖို့ရှိသည့် ငါးပါးသော သံယောဇဉ် အနှောင် အဖွဲ့တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော၊ ထိုဘုံမှ ပြန်လည်ခြင်းသဘော မရှိသော အနာဂါမ်တို့ပေတည်း။"

"အာနန္ဒာ နာတိကရွာမှ စုတေသွားကြသော ဥပါသကာကိုးဆယ်ကျော်တို့သည် သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်သည့်အပြင် တပ်မက်ခြင်းရာဂ, အမျက်ထွက်ခြင်းဒေါသ, မတွေဝေခြင်း မောဟတို့၏လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သောတာပန်တို့ပေတည်း။"

"အာနန္ဒာ ဤအရာသည် အံ့ဩဘွယ်မဟုတ်၊ အာနန္ဒာ လူသေတိုင်းသေတိုင်းပင် တထာဂတ ထံသို့ ချဉ်းကပ်၍ ဤ အကြောင်းအရာကို မေးမြန်းနေကြလျှင် တထာဂတအား ပင် ပန်းစေရုံမျှသာ ဖြစ်ရာ၏၊ အာနန္ဒာ ထို့ကြောင့် ကြေးမုံတရား မည်သော ဒေသနာကို ဟောကြားပေအံ့။"

## ၂

"အကြင် ကြေးမုံတရားနှင့် ပြည့်စုံသော အရိယာ သာဝက သည် ပြောကြားလိုပါမူ "ငါ့အား ငရဲ၌ ဖြစ်ရန်မရှိပြီ၊ တိရစ္ဆာန် ဘုံ၌ ဖြစ်ရန်မရှိပြီ၊ ပြိတ္တာဘုံ၌ ဖြစ်ရန်မရှိပြီ၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ ကျရောက်ရန် မရှိပြီ၊ ငါသည် သောတာပန် ဖြစ်ပြီ၊ ပျက်စီးကျရောက်တတ်သော သဘောမရှိပြီ၊ ကိန်းသေ မြဲနေပြီး အထက်မဂ်သုံးပါးသာလျှင် လားရာရှိတော့၏" ဟု မိမိကိုယ်တိုင် ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏။

"အာနန္ဒာ အကြင် ကြေးမုံတရားနှင့် ပြည့်စုံသော အရိယာ သာဝကသည် ပြောကြားလိုပါမူ "ငါ့အား ငရဲ၌ ဖြစ်ရန်မရှိပြီ၊ ပြိတ္တာဘုံ၌ ဖြစ်ရန်မရှိပြီ၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ကျရောက် ရန်မရှိပြီ၊ ငါသည် သောတာပန်ဖြစ်ပြီ၊ ပျက်စီး ကျရောက် တတ်သော သဘောမရှိပြီ၊ ကိန်းသေမြဲနေပြီ၊ အထက်မဂ်သုံးပါး သာလျှင် လားရာရှိတော့၏၊" ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်း ကို ပြောကြားနိုင်ပေ၏၊

"ကြေးမုံတရားမည်သော ထိုဒေသနာကား အဘယ်နည်း။"

“အာနန္ဒာ ဤသာသနာတော်၌ အရိယာ သာဝကသည် မြတ်စွာဘုရားကို ဉာဏ်ဖြင့် တွေ့မြင်၍ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။

ထိုမြတ်စွာ ဘုရားသည် ပူဇော်အထူးကို ခံတော် မူ ထိုက်သော အကြောင်းကြောင့်လည်း ‘အရဟံ’မည်တော်မူပါပေ၏။

အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း ‘သမ္မာသမ္ဗုဒ္ဓ’ မည်တော်မူပါပေ၏။

အသိဉာဏ်‘ဝိဇ္ဇာ’အကျင့်‘စရဏ’နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ‘ဝိဇ္ဇာစရဏသမ္ပန္န’မည်တော်မူပါပေ၏။

ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း ‘သုဂတ’မည်တော်မူပါပေ၏။

လောကကို သိတော်မူသော အကြောင်း ကြောင့်လည်း ‘လောကဝိဒူ’မည်တော်မူပါပေ၏။

ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း ‘အနုတ္တရောပုရိသဒမ္မသာရထိ’မည်တော်မူပါပေ၏။

နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း‘သတ္ထာဒေဝမနုဿနံ’ မည်တော်မူပါပေ၏။

သစ္စာလေးပါး တရားတို့ကို သိစေတော်မူသော အကြောင်းကြောင့်လည်း ‘ဗုဒ္ဓ’မည်တော်မူပါပေ၏။

ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ‘ဘဂဝါ’မည်တော်မူပါပေ၏။

ယင်းသို့လျှင် ဉာဏ်ဖြင့်တွေ့မြင်၍ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ တရားတော်ကိုဉာဏ်ဖြင့် တွေ့မြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

မြတ်စွာဘုရားဟောသော တရားသည် ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း။

ကိုယ်တိုင်သိမြင်နိုင်သောတရားတော်ပါပေတည်း၊အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း။

လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း။

မိမိ၏ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း။

ယင်းသို့လျှင် ဉာဏ်ဖြင့် တွေ့မြင်၍ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့်ပြည့်စုံ၏၊ သံဃာတော်ကို ဉာဏ်ဖြင့်တွေ့မြင်၍ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။

မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာတော်သည် ကောင်းသောအကျင့်ရှိတော်မူပါပေ၏။

မြတ်စွာဘုရား၏ တပည့်သား'သာဝက' သံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏။

မြတ်စွာဘုရား၏ တပည့်သား'သာဝက' သံဃာတော်သည် မှန်သောအကျင့် ရှိတော်မူပါပေ၏။

မြတ်စွာဘုရား၏ တပည့်သား'သာဝက' သံဃာတော်သည် လျော်ကန်သောအကျင့် ရှိတော်မူပါပေ၏။

အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေ အတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား 'သာဝက' သံဃာ

တော်သည် အချပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူ ပူဇော်ရန် ထိုက်တန်တော် မူပါပေ၏။

ညှော်သည်တို့အလို့ငှာ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏။

တမလွန်အတွက် ရည်မြော်သော အလှူကို ခံတော်မူထိုက်ပါပေ၏။

လက်အုပ်ချီခြင်းကို ခံတော်မူထိုက်ပါပေ၏။

သတ္တဝါအပေါင်း၏ ကောင်းမှုပြုစုရန် အမြတ်ဆုံး လယ်မြေ ဖြစ်တော်မူပါပေ၏။

ယင်းသို့လျှင် ဉာဏ်ဖြင့် တွေ့မြင်၍ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။

တဏှာ၏ကျွန်အဖြစ်မှ ကျွတ်လွတ်စေတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားယွင်းစွာ မသုံးအပ်ကုန်သော သမာဓိကိုဖြစ်စေတတ်ကုန်သောမကျိုးမပေါက်မပြောက်မကျားကုန်သော အရိယာတို့ မြတ်နိုးအပ်သော သီလတို့နှင့်ပြည့်စုံ၏။

"အာနန္ဒာ အကြင်ကြေးမုံတရားနှင့် ပြည့်စုံသော အရိယာသာဝကသည် ပြောကြားလိုပါမူ "ငါ့အား ငရဲဖြစ်ရန်မရှိပြီ တိရစ္ဆာန်ဖြစ်ရန်မရှိပြီ၊ အပါယ်ဒုဂ္ဂတိသို့ ပျက်စီး၍ ကျရောက်ရန်မရှိပြီ၊ ငါသည် သောတာပန်ဖြစ်ပြီ၊ ပျက်စီး၍ ကျရောက်တတ်သော သဘောမရှိပြီ။ အထက်မဂ်သုံးပါးလျှင် လားရာရှိတော့၏"ဟု ကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏၊ ကြေးမုံတရား မည်သော ထိုဒေသနာအား ဤသည်ပင်တည်း။

# အပဏ္ဏကသုတ်

[မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်]

အခါတပါး မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူသော် သာလာအမည်ရှိသော ပုဏ္ဏားရွာသို့ရောက်တော်မူ၏။ ထိုအခါ သာလာရွာသား ပုဏ္ဏားသူကြွယ်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်လျက် လျှောက်ပတ်သောနေရာ၌ထိုင်နေကြ၏၊ ထိုအခါမြတ်စွာဘုရားက "သူကြွယ်တို့ အကြောင်း ခိုင်မာသော ယုံကြည်မှုကို ရစေနိုင်သော တစုံတယောက်သော နှစ်သက်လောက်သော ဆရာသမားသည် သင်တို့မှာ ရှိသလော" ဟု မေး၏။

"အရှင်ဘုရား အကျွန်ုပ်တို့မှာ မရှိပါ"

"သူကြွယ်တို့ သင်တို့သည် နှစ်သက်လောက်သော ဆရာသမားကို မရကြသော် ဧကန် အကျိုးရှိသော ဤအကျင့်တရားကို ကောင်းစွာဆောက်တည်၍ ကျင့်ထိုက်၏၊ ထိုအကျင့်တရားသည် သင်တို့အတွက် ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်း၊ ချမ်းသာခြင်းငှာ ဖြစ်လိမ့်မည်"။

"သူကြွယ်တို့ ဧကန်အကျိုးရှိသောအကျင့်တရားသည်အဘယ်နည်း"။

"သူကြွယ်တို့ အလှူပေးခြင်းသည် အကျိုးမရှိ၊ ယဇ်ကြီး ပူဇော်ခြင်းသည် အကျိုးမရှိ၊ ဟုံးပူဇော်ခြင်းသည် အကျိုးမရှိ၊ ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်သည်မရှိ၊ ဤလောကသည်မရှိ၊တပါးသောလောကသည်မရှိ၊အမိ၏ကျေးဇူးမရှိ၊အဖ၏ကျေးဇူးမရှိ၊ သေ၍တဖန် ဖြစ်ပေါ်လာသော သတ္တဝါတို့သည်မရှိကုန်၊ ဤလောကကိုရင်း၊ တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော၊ ကောင်းသော အကျင့်ရှိကုန်သော၊သမဏဗြာဟ္မဏတို့သည် လောက၌မရှိကုန်"ဟု ဤသို့ ပြောဆိုယူဆကုန်သော အချို့သောသမဏ ဗြာဟ္မဏတို့သည် ရှိကုန်၏။

"သူကြွယ်တို့ ထိုသမဏ ဗြာဟ္မဏတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဝါဒရှိကုန်သော အချို့သောသမဏဗြာဟ္မဏတို့သည် အလှူပေးခြင်းသည်အကျိုးရှိ၏၊ ယဇ်ကြီးပူဇော်ခြင်းသည်အကျိုးရှိ၏၊ ဟုံးပူဇော်ခြင်းသည်အကျိုးရှိ၏၊ကောင်းမှုမကောင်းမှုတို့၏ အကျိုး ဝိပါက်သည်ရှိ၏၊ ဤလောကသည်ရှိ၏၊ တပါးသော

လောကသည်ရှိ၏၊ အမိ၏ကျေးဇူးရှိ၏၊ အဖ၏ကျေးဇူးရှိ၏။ သေ၍ တဖန်ဖြစ်ပေါ်သောသတ္တဝါတို့သည်ရှိကုန်၏၊ ဤလောကကိုရင်း၊ တပါးသောလောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော သမဏ ဗြာဟ္မဏတို့သည်လည်း ရှိကုန်သည်သာတည်းဟု ပြောဆိုကြကုန်၏။

"သူကြွယ်တို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ဤသမဏ ဗြာဟ္မဏတို့သည် အချင်းချင်း ပြောင့်ပြောင့်ဆန့်ကျင်ဘက်ဝါဒ ရှိကြကုန်သည် မဟုတ်လော။"

"အရှင်ဘုရား မှန်ပါ၏။"

"သူကြွယ်တို့ ထိုအယူနှစ်မျိုးတို့တွင် ပေးလှူခြင်းသည်အကျိုးမရှိ၊ အစရှိသဖြင့် ပြောဆိုယူဆကြကုန်သော သမဏ ဗြာဟ္မဏတို့အား ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက် ဤသုံးပါးသော ကုသိုလ်တရားတို့ကို ဖေါက်ခွဲ ဖျက်ဆီး၍ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် ဤသုံးပါးသော အကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်ကြလိမ့်မည်ဟူသော အပြစ်သာ ဧကန်ဖြစ်ရမည်၊ အကြောင်းကား ထိုသမဏ ဗြာဟ္မဏတို့သည် အကုသိုလ်တရားတို့၏ အပြစ်, ယုတ်ညံ့ပုံ, ညစ်နွမ်းပုံကို မမြင်ကြကုန်၊ ကုသိုလ်တရားတို့၏ အကုသိုလ်မှ ထွက်မြောက်ခြင်း၌ အကျိုးကို ဖြူစင်သော အဖို့ကို မမြင်ကြကုန်သော ကြောင့်တည်း။"

"ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို တမလွန်လောကမရှိဟု ထိုသူမှာအယူရှိ၏၊ ဆိုသူ၏အယူသည် မှား

သောအယူ ဖြစ်၏၊ ထင်ရှားရှိသည်သာလျှင်ဖြစ်သော တမလွန်လောကကို တမလွန်လောကမရှိဟု ကြံ၏၊ ထိုသူ၏ ထိုအကြံသည် မှားသော အကြံဖြစ်၏၊ ထင်ရှားရှိသည် သာလျှင် ဖြစ်သော တမလွန်လောကကို တမလွန်လောက မရှိဟူသော စကားကို ပြောဆို၏၊ ထိုသူ၏ ထိုစကားသည် မှားသောစကား ဖြစ်၏၊ ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို တမလွန်လောက မရှိဟု ပြောဆို၏၊ ဤသူသည် တမလွန်လောကကို သိကြကုန်သော ရဟန္တာအရှင်တို့အား ဆန့်ကျင်ဘက်ပြု၏။"

"ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို တမလွန်လောကသည် မရှိဟု သူတပါးကိုသိစေ၏၊ ထိုသူ၏ ထိုသိစေခြင်းသည် မသူတော် တရားကိုသိစေခြင်းဖြစ်သည်၊ ထိုမသူတော်တရားကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို ချီးမြှောက်၏၊ သူတပါးကို ရှုတ်ချ၏၊ ဤသို့လျှင် ထိုသူမှာ ရှေးမှကပင်လျှင် ကောင်းသော သဘောသည် ပယ်ထားပြီးဖြစ်၏၊ မကောင်းသော သဘောသည် ရှေးရှုတည်နေ၏။"

"ဤမှားသောအယူ မှားသောအကြံ မှားသောစကား အရိယာတို့နှင့် ဆန့်ကျင်ခြင်း မသူတော်တရားကို သိစေခြင်း မိမိကိုယ်ကို ချီးမြှောက်ခြင်း သူတပါးကို ရှုတ်ချခြင်း၊ ဤသို့ များစွာသော ယုတ်မာသော ဤအကုသိုလ် တရားတို့သည် မှားသော အယူဟူသော အကြောင်းကြောင့် ထိုသူမှာ ဖြစ်ပေါ်လာကုန်၏။"

"သူကြွယ်တို့ ဤအယူ နှစ်မျိုးတို့တွင် ပညာရှိသော ယောကျ်ားတယောက်သည် ဤသို့ဆင်ခြင်၏။"

"တမလွန်လောကသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ ဤသို့ မရှိခဲ့သော် ဤအရှင်ယောကျ်ားသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ မိမိကိုယ်ကိုယ် ချမ်းသာအောင်ပြုလိမ့်မည်။"

"တမလွန်လောကသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုသို့ ရှိခဲ့ပါမူ ဤအရှင် ယောကျ်ားသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာဖြစ်သော ဖရိုဖရဲကျရာဖြစ်သော ငရဲသို့ရောက်လိမ့်မည်။"

"တမလွန်လောကသည် အကယ်၍ မရှိပါနှင့်ဦး၊ ထိုအရှင်သမဏ ဗြာဟ္မဏတို့၏ စကားသည် မှန်သည်ပင် ဖြစ်ပါစေဦး၊ ထိုသို့ပင်ဖြစ်သော်လည်း ဤအရှင် ယောကျ်ားသည် မျက်မှောက်သော ကိုယ်၏အဖြစ်၌ပင်လျှင် သီလမရှိသော မှားသောအယူရှိသော နတ္ထိကဝါဒရှိသော ယောကျ်ားတည်းဟု ပညာရှိတို့ အကဲ့ရဲ့ကို ခံရ၏။"

"တမလွန်လောကသည် အကယ်၍ ရှိသည်သာလျှင် ဖြစ်အံ့၊ ဤသို့ရှိခဲ့သော် ဤအရှင် ယောကျ်ားသည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌လည်း၊ ပညာရှိတို့ အကဲ့ရဲ့ခံရခြင်း၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌လည်း ချမ်းသာ ကင်းသော မကောင်းသော လားရာရှိသော ဖရိုဖရဲကျရာဖြစ်သော ငရဲသို့ ရောက်ရခြင်း အားဖြင့် နှစ်ပါးစုံ ဆုံးရှုံး၏၊ ဤသို့ ထိုသူ၏ မကောင်းသော အားဖြင့် စွဲယူဆောက်တည်ထားသော ဤကန်အကျိုးရှိသော အကျင့်တရားသည် တဖက်သတ် [illegible] ၍တည်၏၊ သိုလ်တရားကို ကြဉ်ရှောင်၏။"

“သူကြွယ်တို့ ထိုအယူ နှစ်မျိုးတို့တွင် ပေးလှူခြင်း၏ အကျိုးသည် ရှိ၏၊ အစရှိသဖြင့် ပြောဆိုယူဆလေ့ ရှိကုန်သော သမဏဗြာဟ္မဏတို့မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် ဤသုံးပါးသော အကုသိုလ်တရားတို့ကို ပေါက်ခွဲ ဖျက်ဆီး၍ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက် ဤသုံးပါးသော ကုသိုလ်တရားတို့ကို ဆောက်တည်၍ ကျင့်လိမ့်မည် ဟူသော အကျိုးသာ ကေန်ဖြစ်ရမည်၊ အကြောင်းကား ထိုအရှင် သမဏဗြာဟ္မဏတို့သည် အကုသိုလ်တရားတို့၏ အပြစ် ယုတ်ညံ့ပုံ ညစ်ညူးပုံကို မြင်ကြ၍ ကုသိုလ်တရားတို့၏ မကောင်းမှုတို့မှ ထွက်မြောက်ခြင်း၌ အကျိုးကိုပြုစင်သော အဖို့ကို မြင်ကြကုန်သောကြောင့်တည်း။”

“ထိုမှတပါး ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို တမလွန်လောကသည် ရှိ၏ဟုထိုသူမှာ အယူရှိ၏၊ ထိုသူ၏ ထိုအယူသည် မှန်သော အယူဖြစ်၍ ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို တမလွန်လောကရှိ၏ဟု ကြံ၏၊ ထိုသူ၏ ထိုကြံသည် မှန်သော အကြံဖြစ်၏၊ ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို တမလွန်လောကသည် ရှိ၏ဟူသော စကားကိုဆို၏၊ ထိုသူ၏ ထိုစကားသည် မှန်သောစကားဖြစ်၏၊ ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို တမလွန်လောကသည် ရှိ၏ဟု ပြောဆို၏၊ ဤသူသည် တမလွန်လောကကို သိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား ဆန့်ကျင်ဘက် မပြုလုပ်၊ ထင်ရှားရှိသည်သာလျှင် ဖြစ်သော တမလွန်လောကကို တမလွန်လောကသည် ရှိ၏ဟု သူတပါးကိုသိစေ၏၊ ထိုသူ၏ ထိုသိ

စေခြင်းသည် သူတော်ကောင်းတရားကို သိစေခြင်း ဖြစ်သည်၊ ထိုသူတော်ကောင်းတရားကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကိုယ် မချီးမြှောက်၊ သူတပါးကိုမရှုတ်ချ၊ ဤသို့လျှင် ထိုသူမှာ ရှေး မဆဲ့ကပင်လျှင် မကောင်းသော သဘောသည် ပယ်ထားပြီး ဖြစ်၏၊ ကောင်းသော သဘောသည် ရှေးရှုဘည်နေ၏။"

"ဤမှန်သောအယူ မှန်ကန်သောအကြံ မှန်ကန်သောစကား အမှုအရာတို့နှင့် မဆန့်ကျင်ခြင်း သူတော်ကောင်းတရားကို သိစေခြင်း၊ မိမိကိုယ်ကိုယ် မချီးမြှောက်ခြင်း သူတပါးကိုမရှုတ်ချခြင်း၊ ဤသို့များစွာသော ဤကုသိုလ်တရားတို့သည် မှန်သော အယူဟူသော အကြောင်းကြောင့် ထိုသူမှာ ဖြစ်ပေါ်လာကုန်၏။"

"သူကြွယ်တို့ ထိုအယူ နှစ်မျိုးတို့တွင် ပညာရှိသော ယောက်ျားသည် ဤသို့ဆင်ခြင်၏။"

"တမလွန်လောကသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ဤသို့ရှိခဲ့သော် ဤအရှင် ယောက်ျားသည် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည် လောကသို့ ရောက်ရလိမ့်မည်။"

"တမလွန်လောကသည် အကယ်၍ မရှိပါနှင့်ဦး၊ ထိုအရှင် သမဏ ဗြာဟ္မဏတို့၏ စကားသည် အမှန်ပင် ဖြစ်ပါစေဦး၊ ထိုသို့ ဖြစ်စေသော်လည်း ဤအရှင် ယောက်ျားသည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင် သီလရှိသော မှန်သော အယူရှိသော ကံ၊ ကံ၏ အကျိုးကို ယုံကြည်သော ဝါဒရှိသော ယောက်ျား တည်း'ဟု ပညာရှိတို့၏ အချီးအမွမ်း ခံရ၏။"

“တမလွန်လောကသည် အကယ်၍ ရှိသည်သာလျှင် ဖြစ်အံ့၊ ဤသို့ရှိခဲ့သော် ဤအရှင် ယောကျ်ားသည် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင်လျှင် ပညာရှိတို့ အချီးအမွမ်း ခံရခြင်း ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာဖြစ်သော နတ်ပြည်လောကသို့ ရောက်ရခြင်းအားဖြင့် နှစ်ပါးစုံအောင်မြင်၏၊ ဤသို့ ထိုသူ၏ ကောင်းစွာ စွဲယူဆောက်တည်ထားသော ဤကောန် အကျိုးရှိသော အကျင့်တရားသည် နှစ်ပါးသောအဖို့ကို နှံ့၍တည်၏၊ အကုသိုလ်အရာကို ကြဉ်ရှောင်၏။”

# ဒီဃနခသုတ်

[မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်]

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်တွင် သူကရခတ လိုဏ်ဂူ၌ သီတင်းသုံး နေတော်မူ၏၊ ထိုအခါ ဒီဃနခ ပရိဗိုဇ်သည် မြတ်စွာဘုရား ရှိရာအရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဘွယ် အမှတ်ရဘွယ်သောစကားကို ပြောဆိုပြီးဆုံးစေ၍ သင့်လျော်ရာအရပ်၌ ရပ်တည်ပြီးသော ဒီဃနခ ပရိဗိုဇ် သည် မြတ်စွာဘုရားအား— "အရှင်ဂေါတမ အကျွန်ုပ်သည် အယူအားလုံးကို မနှစ်သက်ဟု ဤသို့ဆိုလေ့ရှိပါ၏၊ ဤသို့ယူလေ့ရှိပါ၏" ဟု လျှောက်ထား၏။

"အဂ္ဂိဝေဿန အယူအားလုံးကို အကျွန်ုပ်မနှစ်သက်ဟူသော သင်၏အယူကိုမူလည်း သင်မနှစ်သက်သလော။"

"အရှင်ဂေါတမ ထိုအယူကိုလည်း အကျွန်ုပ်နှစ်သက်ပြီးဆဲ၊ ထိုအယူအားလုံးကို မနှစ်သက်ဟူသော စကားသည်လည်း ထိုနှစ်သက်ပါသည် ဟူသောစကားနှင့် အလားတူပင်ဖြစ်ရာ၏၊ ထိုအယူအားလုံးကို မနှစ်သက် ဟူသောစကားသည်လည်း ထိုနှစ်သက်ပါသည် ဟူသောစကားနှင့် အလားတူပင်ဖြစ်ရာ၏။"

"အဂ္ဂိဝေဿန လောက၌ ထိုအယူအားလုံးကို မနှစ်သက် ဟူသောစကားသည်လည်း ထိုနှစ်သက်ပါသည် ဟူသောစကားနှင့် အလားတူပင်ဖြစ်ရာ၏၊ ထိုအယူအားလုံးကို မနှစ်သက် ဟူသောစကားသည်လည်း ထိုနှစ်သက်ပါသည် ဟူသောစကားနှင့် အလားတူပင်ဖြစ်ရာ၏ဟု ဆိုကြ၍ ထိုအယူကိုလည်း မစွန့်ကြဘဲ အယူတပါးကိုလည်း စွဲလန်းနေသော သူတို့သာလျှင် အလွန်အလွန် များကုန်၏။"

"အဂ္ဂိဝေဿန ဤလောက၌ ထိုအယူအားလုံးကို မနှစ်သက် ဟူသောစကားသည်လည်း ထိုနှစ်သက်ပါသည် ဟူသောစကားနှင့် အလားတူပင်ဖြစ်ရာ၏၊ ထိုအယူအားလုံးကို မနှစ်သက် ဟူသောစကားသည်လည်း ထိုနှစ်သက်ပါသည် ဟူသောစကားနှင့် အလားတူပင်ဖြစ်ရာ၏ဟု ဆိုကြ၍ အယူကိုစွန့်ကြသော အယူတပါးကိုလည်း မစွဲလန်းကြသော သူတို့ကား အလွန်အလွန် နည်းပါးကုန်၏။"

"အဂ္ဂိဝေဿန အယူအားလုံးကို ငါနှစ်သက်၏ဟု ဤသို့ ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော အချို့သော ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏။"

"အဂ္ဂိဝေဿန အယူအားလုံးကို ငါမနှစ်သက်ဟု ဤသို့

ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော အချို့သော ရဟန်း ပုဏ္ဏားတို့သည် ရှိကုန်၏။"

"အဂ္ဂိဝေဿန အချို့ကိုငါနှစ်သက်၏ အချို့ကိုငါမနှစ်သက်ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော အချို့သော ရဟန်း ပုဏ္ဏားတို့သည် ရှိကုန်၏။"

"အဂ္ဂိဝေဿန ထိုသုံးမျိုးသောပုဂ္ဂိုလ်တို့တွင် အယူအားလုံး ကို ငါနှစ်သက်၏ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ ရှိကုန်သော သူတို့၏ ဤအယူဝါဒသည် ပြင်းစွာတပ်ခြင်းငှာ နီးစပ်၏၊သံယောဇဉ်ဖြစ်ခြင်းငှာနီးစပ်၏၊အလွန်နှစ်သက်ခြင်းငှာ နီးစပ်၏၊ လွှမ်းမိုးဖိစီးခြင်းငှာ နီးစပ်၏၊ ပြင်းစွာစွဲလန်းခြင်းငှာ နီးစပ်၏။"

"အဂ္ဂိဝေဿန ထိုသုံးမျိုးသောပုဂ္ဂိုလ်တို့တွင် အယူအားလုံး ကို ငါမနှစ်သက်ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ ရှိကုန်သော သူတို့၏ ဤအယူဝါဒသည် ပြင်းစွာမတပ်ခြင်းငှာ နီးစပ်၏၊ သံယောဇဉ်မဖြစ်ခြင်းငှာ နီးစပ်၏၊ အလွန်မနှစ်သက် ခြင်းငှာ နီးစပ်၏၊မလွှမ်းမိုးခြင်း မဖိစီးခြင်းငှာ နီးစပ်၏၊ပြင်းစွာ မစွဲလန်းခြင်းငှာ နီးစပ်၏။"

"အရှင်ဂေါတမသည် အကျွန်ုပ်၏အယူကို ချီးမြှောက်၏၊ အရှင်ဂေါတမသည် အကျွန်ုပ်၏အယူကို ရှင်လန်းစေ၏။"

"အဂ္ဂိဝေဿန ထိုသုံးမျိုးသော ပုဂ္ဂိုလ်တို့တွင် အချို့ကို ငါ နှစ်သက်၏၊ အချို့ကိုငါမနှစ်သက်ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့အား နှစ်သက်သော အယူ သည် ပြင်းစွာတပ်ခြင်းငှာ နီးစပ်၏၊ သံယောဇဉ်ဖြစ်ခြင်းငှာ

နီးစပ်၏၊ လွန်စွာ နှစ်သက်ခြင်းငှာ နီးစပ်၏၊ လွှမ်းမိုးဖိစီးခြင်းငှာ နီးစပ်၏၊'' ပြင်းစွာ စွဲလန်းခြင်းငှာ နီးစပ်၏၊ ထိုပုဂ္ဂိုလ် တို့အား မနှစ်သက်သော အယူသည် ပြင်းစွာ မဘပ်ခြင်းငှာ နီးစပ်၏၊ သံယောဇဉ်မဖြစ်ခြင်းငှာနီးစပ်၏၊ လွန်စွာမနှစ်သက်ခြင်းငှာ နီးစပ်၏၊ မလွှမ်းမိုးမဖိစီးခြင်းငှာနီးစပ်၏၊ ပြင်းစွာ မစွဲလန်းခြင်းငှာ နီးစပ်၏၊

“အဂ္ဂိဝေဿန ထိုသုံးမျိုးသောပုဂ္ဂိုလ်တို့တွင် အယူအားလုံးကို ငါနှစ်သက်၏ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော ရဟန်းပုဏ္ဏားတို့၌ သိကြားလိမ်မာသော ယောကျ်ားသည် ဤသို့ဆင်ခြင်၏။

အယူအားလုံးကို ငါနှစ်သက်၏ဟူသော ငါ၏ ဤအယူကို သာလျှင် အခိုင်အမာ အစွဲအမြဲနှလုံးသွင်း၍ ဤငါ၏အယူသည် သာမှန်၏၊တပါးသောအယူသည် အချည်းနှီးသာတည်းဟု ဤသို့ ပြောဆိုငြားအံ့၊နှစ်သက်သောပုဂ္ဂိုလ်တို့နှင့်ငါ၏ဝိဝါဒကွဲခြင်းသည် ဖြစ်ရာ၏။

အယူအားလုံးကို ငါမနှစ်သက်ဟု ဤသို့ဆိုလေ့ရှိသော ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်၎င်း၊ အချို့ကို ငါနှစ်သက်၏၊ အချို့ကိုငါမနှစ်သက်ဟု ဤသို့ဆိုလေ့ရှိသော ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားအချို့တို့နှင့်၎င်း ဤနှစ်မျိုးသော ပုဂ္ဂိုလ်တို့နှင့် ငါ၏ ဝါဒ ကွဲခြင်းသည် ဖြစ်ရာ၏။

ဤသို့ဝါဒကွဲခြင်းဖြစ်တတ်သော် စကားများရာ၏၊ စကားများခြင်းဖြစ်လတ်သော် စိတ်ဆင်းရဲခြင်းဖြစ်ရာ၏၊ စိတ်ဆင်းရဲခြင်းဖြစ်လတ်သော် စိတ်ပင်ပမ်းခြင်းဖြစ်ရာ၏၊ ဤသို့ထိုသူသည်

ဝါဒကွဲခြင်း စကားများခြင်း စိတ်ဆင်းရဲခြင်း စိတ်ပင်ပန်းခြင်းကို မိမိ၌ကောင်းစွာ မြင်သည်ဖြစ်၍ ထိုအယူကိုလည်း စွန့်၏၊ အယူတပါးကိုလည်း မစွဲလန်း၊ ဤသို့ဆိုလျှင် ဤအယူတို့ကို ပယ်ခြင်းသည်ဖြစ်၏၊ စွန့်ခြင်းသည်ဖြစ်၏။

အဂ္ဂိဝေဿန ထိုသုံးယောက်သော ပုဂ္ဂိုလ်တို့တွင် အယူအားလုံးကို ငါမနှစ်သက်ဟု ဤသို့ဆိုလေ့ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သောရဟန်းပုဏ္ဏားတို့၌ သိကြားလိမ်မာသောယောကျ်ားသည် ဤသို့ ဆင်ခြင်၏။

အယူအားလုံးကို ငါမနှစ်သက်ဟူသော ငါ၏ ဤအယူကိုသာလျှင် အခိုင်အမာအစွဲအမြဲနှလုံးသွင်း၍ ဤငါ၏ အယူသာလျှင် မှန်၏၊ ယပါးသောအယူသည် အချည်းနှီးသာတည်းဟု ဤသို့ ပြောဆိုငြားအံ့၊ နှစ်ယောက်သော ပုဂ္ဂိုလ်တို့နှင့် ဝါဒကွဲခြင်းသည် ဖြစ်ရာ၏။

အယူအားလုံးကို ငါနှစ်သက်၏ဟု ဤ သို့ ဆိုလေ့ရှိသော ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်ငင်း၊ အချို့ကို ငါနှစ်သက်၏၊ အချို့ကိုငါမနှစ်သက်ဟုဤသို့ဆိုလေ့ရှိသော ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်ငင်း ဤနှစ်မျိုးသောပုဂ္ဂိုလ်တို့နှင့် ငါ၏ဝါဒကွဲခြင်းသည် ဖြစ်ရာ၏။

ဤသို့ဝါဒကွဲခြင်းဖြစ်သော် စကားများခြင်းသည် ဖြစ်ရာ၏၊ စကားများခြင်းဖြစ်သော် စိတ်ဆင်းရဲခြင်းဖြစ်ရာ၏၊ စိတ်ဆင်းရဲခြင်းဖြစ်သော် စိတ်ပင်ပန်းခြင်း ဖြစ်ရာ၏၊ ဤသို့ ထိုသူသည် ဝါဒကွဲခြင်း၊ စကားများခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်ပင်ပန်းခြင်းကို မိမိ၌ကောင်းစွာ မြင်သည်ဖြစ်၍ ထိုအယူကိုလည်းစွန့်

၏၊ အယူတပါးကိုလည်းမစွဲလန်း၊ ဤသို့လျှင် ဤအယူတို့ကို ပယ်ခြင်းသည်ဖြစ်ရာ၏၊ စွန့်ခြင်းသည် ဖြစ်ရာ၏။

အဂ္ဂိဝေဿန ထိုသုံးယောက်သော ပုဂ္ဂိုလ်တို့တွင် အချို့ကို ငါနှစ်သက်၏၊ အချို့ကိုငါမနှစ်သက်ဟု ဤသို့ဆိုလေ့ ရှိကုန်သော ဤသို့ယူလေ့ရှိကုန်သော ရဟန်းပုဏ္ဏားတို့၌ သိကြားလိမ်မာသော ယောကျ်ားသည် ဤသို့ဆင်ခြင်၏။

အချို့ကိုငါနှစ်သက်၏၊ အချို့ကို ငါမနှစ်သက် ဟူသော ငါ၏ဤအယူကိုသာလျှင် အခိုင်အမာ အစွဲအမြဲ နှလုံးသွင်း၍ ဤငါ၏ အယူသည်သာမှန်၏၊ တပါးသောသူတို့၏ အယူသည် အချည်းနှီးသာတည်းဟု ဤသို့ ပြောဆိုငြားအံ့ နှစ်ယောက်သောပုဂ္ဂိုလ်တို့နှင့် ဝါဒကွဲခြင်းဖြစ်ရာ၏။

အယူအားလုံးကို ငါနှစ်သက်၏ဟု ဤသို့ ဆိုလေ့ရှိသော ဤသို့ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်၎င်း၊ အယူအားလုံးကို ငါမနှစ်သက်ဟု ဤသို့ဆိုလေ့ရှိသော ဤသို့ ယူလေ့ရှိသော ရဟန်းပုဏ္ဏားတို့နှင့်၎င်း၊ ဤနှစ်မျိုးသော ပုဂ္ဂိုလ်တို့နှင့် ငါ၏ ဝါဒကွဲခြင်းသည် ဖြစ်ရာ၏။

ဤသို့ဝါဒကွဲပြားခြင်းဖြစ်သော် စကားများခြင်းသည် ဖြစ်ရာ၏၊ စကားများခြင်းဖြစ်သော် စိတ်ဆင်းရဲခြင်းဖြစ်ရာ၏၊ စိတ်ဆင်းရဲခြင်းဖြစ်သော် စိတ်ပင်ပန်းခြင်းဖြစ်ရာ၏၊ ဤသို့ထိုသူသည် ဝါဒကွဲပြားခြင်း စကားများခြင်းစိတ်ဆင်းရဲခြင်း စိတ်ပင်ပန်းခြင်းကို မိမိ၌ကောင်းစွာ မြင်သည်ဖြစ်၍ ထိုအယူကိုလည်းစွန့်၏၊ သူတပါးကိုလည်း မစွဲရန် ဤသို့လျှင် ဤအယူကိုပယ်ခြင်းသည်ဖြစ်၏၊ စွန့်ခြင်းသည်ဖြစ်၏။

# သလ္လသုတ်

## [ သုတ္တနိပါတ် ပါဠိတော် ]

ဤလောက၌ သတ္တဝါတို့၏ အသက်သည် အမှတ်နိမိတ်ကင်းသည်ဖြစ်၍ သေရမည့်အခါ လားရာဂတိ အသက်အပိုင်းအခြားကို မသိနိုင်၊ အကြောင်းများစွာနှင့်စပ်သဖြင့် ပင်ပန်းငြိုငြင်ရ၏၊ နည်းငယ်တိုတောင်းလှ၏၊ သို့ဖြစ်နေလျက်လည်း ထိုအသက်သည် ဆင်းရဲအမျိုးမျိုးနှင့် ရောယှက်နေသေး၏၊

ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာသော သတ္တဝါတို့သည် အကြင်ဆေးဝါး မန္တရား စသော လုံ့လဖြင့်မသေကုန်ရာ၊ ထိုမသေရာသော လုံ့လမျိုးသည် မရှိနိုင်၊ အိုခြင်းသို့ ရောက်၍

သော်၎င်း, အိုခြင်းသို့ မရောက်မူ၍သော်၎င်း သေ တတ် ၏၊ သတ္တဝါတို့သည် ဤသို့ သေတတ်သော သဘောရှိကုန်သည် သာတည်း။

သစ်သီးမှည့်တို့အား နံနက်တိုင်း ကြွေကျ ရ ခြင်း ကြောင့် ဘေးဖြစ်သကဲ့သို့ ဤအတူ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာ ကုန်သော သတ္တဝါတို့အား သေရခြင်းကြောင့် အမြဲဘေးဖြစ် နေ၏။

အိုးထိန်းသည် ပြုလုပ်အပ်သော မြေအိုးမြေခွက် အားလုံးတို့ သည် ကွဲခြင်းလျှင် အဆုံးရှိကြကုန်သကဲ့သို့ ဤအတူ သတ္တဝါတို့ အသက်သည် သေခြင်းလျှင် အဆုံးရှိ၏၊

ငယ်သူတို့သည်၎င်း ကြီးသူတို့သည်၎င်း မိုက်သူတို့သည်၎င်း ပညာရှိသူတို့သည်၎င်း ထိုသူအားလုံးတို့သည် သေ မင်း အ လို နိုင်ငံသို့ လိုက်ပါကြရကုန်၏၊ အလုံးစုံသောသူတို့သည် သေမင်း ၏အထံသို့ ဆိုက်ရောက်ကြရကုန်၏။

သေမင်းနှိပ်စက်အပ်ကုန်သည်ဖြစ်၍ တ မ လွန် လော က သို့ သွားကုန်သော ထိုသတ္တဝါတို့တွင် အမိအဖသည် သားသမီးကို သေဘေးမှ မစောင့်ရှောက်နိုင်၊ ဆွေမျိုးတို့သည်လည်း ဆွေမျိုး တို့ကို သေဘေးမှ မစောင့်ရှောက်နိုင်ကုန်။

ကြည့်စမ်းပါဦး လော့ - သတ်မည့် နွားကို ဆောင် ယူ သွား သကဲ့သို့ ဆွေ မျိုး တို့ ကြည့် ရှု နေ ကြ ကုန် စဉ်ပင် အထူးထူး အထွေထွေ ငိုကြွေးမည်တမ်းနေကြကုန်စဉ်မှာပင် သ တ္တ ဝါ တို့တွင် တယောက်စီတယောက်စီ ဆောင်ယူသွားလေ၏။

ဤသို့ သတ္တဝါအပေါင်းကို သေခြင်းတရားသည်၎င်း အိုခြင်းတရားသည်၎င်း အလွန်ညှင်းဆဲ နှိပ်စက်နေ၏၊ ထို့ကြောင့် ပညာရှိတို့သည် လောကအကြောင်းကိုသိ၍ မစိုးရိမ်ကြကုန်။

ဤဘဝသို့ လာသည်လည်းဖြစ်သော ဘဝတပါးသို့ သွားသည်လည်းဖြစ်သော အကြင်သူ၏ လမ်းခရီးကိုမသိ၊ ထိုသူ၏ သွားရာလာရာ ခရီး နှစ်မျိုးလုံးကို ကောင်းစွာမမြင်ရ၊ အကျိုးမဲ့ ငိုကြွေး၏။

ငိုကြွေးသည်ဖြစ်၍ အကျိုးတစုံတရာကို ဆောင်နိုင်ခဲ့ပါမူ တွေ့ဝေသည်ဖြစ်၍ မိမိကိုယ်ကို ညှင်းဆဲလျက် အကျိုးတစုံတရာကို ဆောင်နိုင်ခဲ့ပါမူ ပညာရှိသည် ထိုငိုကြွေးမှု အစပြုသည်ကို ပြုရာ၏။

တစုံတယောက်သော သူသည် ငိုကြွေးခြင်းဖြင့်၎င်း စိုးရိမ်ပူဆွေးခြင်းဖြင့်၎င်း စိတ်၏ငြိမ်းအေးခြင်းသို့ မရောက်နိုင်၊ ထိုငိုကြွေးသူအား ဆင်းရဲခြင်းသာလျှင် လွန်စွာဖြစ်ရ၏၊ ခန္ဓာကိုယ်သည်လည်း ပင်ပန်းရာ၏။

မိမိကိုယ်ကို မိမိကိုယ်တိုင် နှိပ်စက် ညှင်းဆဲသူသည် ကြုံလှီသော ကိုယ်ရှိသူ အဆင်းမလှသူ ဖြစ်ရ၏၊ ထိုသို့ ထိုသို့ ငိုကြွေးသဖြင့် သေသောသူတို့သည် မမျှတနိုင်ကုန်၊ ထို့ကြောင့် ငိုကြွေးခြင်းသည် အကျိုးမရှိ။

စိုးရိမ်မှု 'သောက'ကို မစွန့်ပယ်နိုင်သော သတ္တဝါသည် လွန်စွာ ကိုယ်စိတ်ဆင်းရဲခြင်းသို့ ရောက်၏၊ သေသူကိုအကြောင်းပြု၍ အဖန်တလဲလဲ စိုးရိမ် ညည်းတွားသူသည် စိုးရိမ်ခြင်း၏ အလိုသို့ အစဉ်လိုက်ရ၏။

ဤလောက၌ တမလွန်သို့ သွားသောကံအားလျော်စွာ ဘဝသို့ ရောက်ရကုန်သော တပါးသူတို့ကိုငင်း သေမင်း၏ အလိုနိုင်ငံသို့ရောက်ကုန်၍ သေဘေးဖြင့် တုန်လှုပ်ကုန်သော သတ္တဝါတို့ကိုငင်း ကြည့်ရှုလော့။

မှန်၏ သတ္တဝါတို့သည် အကြင်သို့သော အသက်ရှည်လိမ့်မည်၊ အနာကင်းလိမ့်မည် စသော အခြင်းအရာဖြင့် ထင်မှတ်အောက်မေ့ကုန်၏၊ ထိုထင်မှတ် အောက်မေ့သည်မှ တပါးသေခြင်း အနာရောဂါများခြင်း စသော အခြင်းအရာဖြင့် ဖြစ်၏၊ ဤသို့သဘောရှိသော ဆန့်ကျင်ဘက်သဘောသည် ဖြစ်၏၊ ဤသို့လောက၏ အကြောင်းကို ရှုပါလော့၊

ဤလောက၌ သတ္တဝါသည် အနှစ်တရာသော်လည်း အသက်ရှည်၏၊ အနှစ်တရာထက် အလွန်သော်လည်း အသက်ရှည်ရ၏၊ သို့ပင် အသက်ရှည်ရသော်လည်း ဆွေမျိုး အပေါင်းအသင်းမှကင်း၍ဖြစ်ရတတ်၏၊ နောက်ဆုံး၌မူ အသက်ကို စွန့်ရသည်သာတည်း။

ထို့ကြောင့် မြတ်စွာဘုရား၏ တရားတော်ကို ကြားနာ၍သေသောသူကို တွေ့မြင်ရသည်ရှိသော် ဤသေသောသူသည် တဖန်အသက်ရှင်ပါစေသတည်းဟု ငိုတောင့်တ၍ မရနိုင်တော့ပေဟု ပိုင်းခြားသိလျက် ငိုကြွေးခြင်းကို ပယ်ဖျောက်ရာ၏။

မီးလောင်နေသော အိမ်ကို ရေဖြင့် ငြိမ်းသတ်ရာ သကဲ့သို့ ဤအတူ တည်ကြည်သည်ဖြစ်၍ ပဋိသန္ဓေ ပညာရှိသော အကြားအမြင် ပညာရှိ၍ လိမ္မာသော ပုဂ္ဂိုလ်သည် မိမိအပေါ်၌ ကျရောက်နေသော စိုးရိမ်မှုသောကကို ငြိမ်းစေရာ၏၊ လေသည်

ဝါဂွမ်းကို တိုက်ခိုက်ဖျက်ဆီးလိုက်သကဲ့သို့ စိုးရိမ်မှုသောကကို ဖျက်ဆီးရာ၏။

မိမိ၏ ချမ်းသာရာကို ရှာသောသူသည် ငိုကြွေးမှု တောင့်တမှု နှလုံးမသာယာမှု ဟူသော မိမိ၌ စူးဝင်နေသော မြှားငြောင့်ကို မိမိကိုယ်တိုင်ပင် နှုတ်ရာ၏။

မြှားငြောင့်ကို နှုတ်ပြီးသူသည် တဏှာဒိဋ္ဌိကို မမှီမူ၍ စိတ်၏ ငြိမ်းအေးခြင်းသို့ ရောက်လျက် စိုးရိမ်မှုအားလုံးကို လွန်မြောက်ကာ စိုးရိမ်မှုမရှိ ငြိမ်းအေးသူ ဖြစ်၏။

## လောကာယတ

[စာရဝါက၏ အတွေးအမြင် အယူအဆ ဖြစ်သော နတ္ထိကဝါဒ ဒဿနကို လောကာယတဟု ခေါ်ကြ၏၊ နတ္ထိကဝါဒ ဟူသည်မှာ ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးအာနိသင် မရှိ၊ တမလွန်လောက မရှိဟု ယူဆ ယုံကြည်ခြင်း ဖြစ်၏၊ ယင်းအယူအဆသည် ပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်ချောက်ခြားစေ၏၊ သို့ကြောင့် ယင်းဝါဒကို ဝိတဏ္ဍာဟုလည်း ခေါ်ကြ၏၊ စင်စစ် တဖက်စွန်းရောက် ရုပ်ကြမ်း ဝါဒပေတည်း၊ ဤတွင်ယင်းအယူ အဆကိုအသင့်-အတင့်သိသာရုံမျှအတွက် စာရဝါက ဒဿနမှ ပါဠိဘာသာ ပြန် ငါးဂါထာကို မေဂ္ဂလ္လာန် နိုသျှ နိဒါန်းမှ ကောက်နုတ်ဖော်ပြပါမည်။]

(၁) ယာဝဇီဝံ သုခံဇီဝေ
နတ္ထိ မစ္စုအဂေါစရော၊
ဘသ္မီဘူတဿ ဒေဟဿ
ပုနရာဂမနံ ကုတော။

ယာဝဇီဝံ — အသက်ရှည်သမျှ
သုခံ — ချမ်းသာစွာ
ဇီဝေ — အသက်ရှင်ရာ၏၊
မစ္စုအဂေါစရော — သေခြင်း၏ စားကျက် မဟုတ်သော
အရပ်သည်-ဝါ- သေခြင်းမှ လွတ်
မြောက်သူမည်သည်။

နတ္ထိ — မရှိ၊
ဘသ္မီဘူတဿ — ပြာဖြစ်ပြီးသော
ဒေဟဿ — ကိုယ်၏
ပုန — တဖန်
အာဂမနံ — ပြန်လာခြင်းသည်
ကုတော — ဘယ်မှာရှိအံ့နည်း။

(၂) န သဂ္ဂေါ နာပဝဂ္ဂေါဝါ
နေဝတ္တာ ပါရလောကိကော၊
နေဝ ဝဏ္ဏာသမာဒီနံ
ကြိယာ စ ဖလဒါယိကာ။

သဂ္ဂေါ—နတ်ပြည်သည်
န—မရှိ၊
အပဝဂ္ဂေါ ဝါ—နိဗ္ဗာန်သည်လည်း
န—မရှိ၊
ပရလောကိကော—တမလွန်ဘဝ၌ဖြစ်သော
အတ္တော—အသက်ဇီဝဟုသော အတ္တသည်
န—မရှိ၊
ဝဏ္ဏာဿမာဒီနံ - အမျိုးလေးပါး ဘိက္ခုစသောအာဿမ
လေးပါးတို့၏
ဖလဒါယိကာ—အကျိုးကိုပေးတတ်သော
ကြိယာ စ —အမှုသည်လည်း
နေဝ—မရှိ။

(၃) အဂ္ဂိဟုတ္တံ တယောဝေဒါ
တိဒဏ္ဍံ ဘသ္မဂုဏ္ဌနံ၊
ဗုဒ္ဓိပေါရိသ ဟီနာနံ
ဇီဝိကာ ဓာတုနိမ္မိတာ။
အဂ္ဂိဟုတ္တံ—မီးပူဇော်ခြင်းသည်၎င်း
တယောဝေဒါ ဝေဒ သုံးပုံတို့သည်၎င်း
တိဒဏ္ဍံ—အခွသုံးခုပါသော တောင်ဝှေးသည်၎င်း ဝါ-
စလွယ်ကြိုး သုံးသွယ်သည်၎င်း
ဘသ္မ ဂုဏ္ဌနံ—နဖူး၌ ပြာလူးခြင်းသည်၎င်း
ဗုဒ္ဓိပေါရိသ ဟီနာနံ—ဉာဏ်ပညာနှင့် လူစွမ်းမရှိသူတို့၏

ဓာတု နိမ္မိတာ—သူတို့ ဗြဟ္မာသည် ဖန်ဆင်းအပ်သော
ဇီဝိကာ—အသက်မွေးမှုတည်း။

(၄) ယာဝံ ဇီဝေ သုခံ ဇီဝေ
ဣဏံ ကတွာ ဃတံ ပိဝေ၊
ဘသ္မီ ဘူတဿ ဒေဟဿ
ပုန ရာဂမနံ ကုတော။

ယာဝ—အကြင်မျှလောက်
ဇီဝေ—အသက်ရှင်ရာ၏၊
တာဝ—ထိုမျှလောက်
သုခံ—ချမ်းသာစွာ
ဇီဝေ—အသက်ရှင်ရာ၏၊
ဣဏံ ကတွာ—ကြွေးယူ၍
ဃတံ—ထောပတ်ကို
ပိဝေ—သောက်ရာ၏၊
ဘသ္မီ ဘူတဿ—ပြာဖြစ်ပြီးသော
ဒေဟဿ—ကိုယ်၏
ပုန—တဖန်
အာဂမနံ—ပြန်လာခြင်းသည်
ကုတော—ဘယ်မှာရှိအံ့နည်း။

(၅) ယဒိ ဂစ္ဆေ ပရံ လောကံ
ဒေဟာ ဧသော ဝိနိဂ္ဂတော၊
ကသ္မာ ပုနော န စာယတိ
ဗန္ဓု သ္နေဟ သမာကုလော။

သော—ဤအသက်ဇီဝ ဟူသောအတ္တသည်
ဒေဟာ—ကိုယ်မှ
ဝိနိဂ္ဂတော—ထွက်သွားလျက်
ပရံ လောကံ—တမလွန်လောကသို့
ယဒိ ဂစ္ဆေ—အကယ်၍ သွားနိုင်ငြားအံ့၊
ဗန္ဓုသ္နေဟ သမာ ကုလော—ဆွေမျိုးသားချင်း တို့၌
ချစ်ခင်ခြင်း ပြင်းထန်
သည်ဖြစ်၍
ပုနော—တဖန်
ကသ္မာ—ဘယ်ကြောင့်
န စ အာယံတိ—မလာသတဲ့နည်း။
[ထွက်သွားနိုင်လျှင် ပြန်လာနိုင်ရမည်ဟူလို]

# ဥစ္ဆေဒဝါဒ

## [ နာရဒ ဇာတ်တော်ကြီး ]

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ အင်္ဂတိ အမည်ရှိသောမင်းသည် မင်းပြု၏၊ထိုမင်း၌ အမှုကြီးငယ်ကို စီရင်ဆုံးဖြတ်တတ်သော အမတ်ကား ဝိဇယ မည်သော အမတ်, သုနာမ မည်သောအမတ်, အလာတ မည်သောအမတ်- ဤသို့သုံးယောက်တို့သည် အမှုကြီးငယ်ကို စီရင်ဆုံးဖြတ်တတ် သောအမတ်တို့တည်း။

တရံရောအခါ မိုးလေးလ အဆုံးဖြစ်သော တန်ဆောင်မုန်း လပြည့်နေ့ ကြတ္တိကာ နက္ခတ်သဘင်ဖြစ်လတ်သော် နတ်ပြည်ကဲ့သို့ မိထိလာပြည်ကိုရင်း, နန်းတော်ကိုရင်း တန်ဆာဆင်၍

မင်းကြီးသည် ညစာ ထမင်း စားတော်ခေါ်ပြီးလျှင် ခြသေ့ံခံသော လေသာနန်းတံခါးကိုဖွင့်လျက် ပြာသာဒ်ထက်၌ အမတ်အပေါင်းခြံရံလျက် စံပျော်တော်မူ၏၊ ထိုသို့စံပျော်စဉ် လပြည့်ဝန်းကို မင်းကြီးမြင်တော်မူ၍ — "အချင်းအမတ်တို့ ယခုညဉ့်သည်ကား အလွန်မွေ့လျော်ဖွယ်ရှိ၏၊ အဘယ်မည်သော မွေ့လျော်ခြင်းဖြင့် ငါတို့မွေ့လျော်ကြအံ့နည်း၊သင်တို့နှစ်သက်ရာကို လျှောက်ကုန်လော့" - ဟု ဆို၏။

ထိုအမတ်တို့တွင် စစ်သူကြီးဖြစ်သော အလာတ အမတ်ကြီးက="အရှင်မင်းကြီး များစွာသော စစ်အင်္ဂါလေးပါး မှူးမတ်ဗိုလ်ခြေ သူရဲ သင်းပင်းတို့ကို စည်းဝေးစေ၍ စစ်ထိုးအံ့သော အစီ-အရင်ဖြင့် ထွက်တော်မူပါလော့" - ဟု လျှောက်၏။

သုနာမ အမတ်ကြီးက— "အရှင်မင်းကြီး ယနေ့ကား မြတ်သော ဥပုသ်နေ့တည်း၊ စစ်ထိုးခြင်းကို အကျွန်ုပ် မနှစ်သက်၊ မြတ်သော ခဲဘွယ် ဘောဇဉ် အဖျော် စသည်ဘို့ကို သောက်စား၍ ကခြင်း, သီခြင်း အစရှိသော အထူးထူးသော ကာမဂုဏ်တို့ဖြင့် မွေ့လျော်တော်မူလော့"—ဟု လျှောက်၏။

ဝိဇယ အမတ်ကြီးကား-"အရှင်မင်းကြီး ခပ်သိမ်းကုန်သော ကာမဂုဏ်တို့ဖြင့် နေ့တိုင်း စံပျော်မွေ့လျော်တော်မူရ၏၊ ကာမဂုဏ်ကို ရခဲသည် မဟုတ်၊ အရှင်မင်းကြီးတို့အား အလွန်ရလွယ်၏၊ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော ရဟန်း-ပုဏ္ဏားတို့သို့ ဆည်းကပ်ရသော် ကောင်းအံ့"—ဟု လျှောက်၏၊

ထိုအခါ အင်္ဂတိမင်းကြီးက - "ဝိဇယ အမတ်ကြီး လျှောက်ကြားသောစကားကို ငါနှစ်သက်၏၊ ဗဟုသုတနှင့် ပြည့်စုံသော

ရဟန်း-ပုဏ္ဏားတို့ကို ဆည်းကပ်ရသော်ကောင်း၏”–ဟု ဆို၏။

ထိုအခါ အလာတ အမတ်ကြီးက- “အရှင်မင်းကြီး မိဂဒါ ဝုန်တော၌ အဝတ်လည်းမဝတ်သော ပညာရှိဟုလည်း သမုတ် အပ်သော တက္ကတွန်းဆရာသည် ရှိ၏၊ ဤဆရာကား အမျိုးအား ဖြင့် ကဿပအမျိုးတည်း၊ အကြားအမြင်လည်း များ၏၊ အဆန်း တကြယ် နာပျော်ဖွယ်သော စကားကိုလည်း ဆိုတတ်၏၊ အခြေ အမြွေကိုလည်း ဆောင်တတ်၏”ဟု လျှောက်၏။

မင်းကြီးသည်လည်း အလာတ အမတ်ကြီး ညွှန်ပြအပ်သော ဆရာသို့ ဆည်းကပ်အံ့ဟု မြင်းရထား စီးလျက် မှူးမတ် ဗိုလ်ပါ အပေါင်းတို့သည် မြင်းစီးလျက် ထက်ဝန်းကျင်ခြံရံ၍ ကဿပ တက္ကတွန်းထံသို့ ထွက်၏၊ ရောက်လျှင် တင့်အပ်သော မင်းနေရာ၌ နေပြီးသော်“အရှင်ကဿပ လူအပေါင်းတို့သည် မိဖတို့၌ အဘယ် သို့ကျင့်ရပါအံ့နည်း၊ ဆရာ၌ရင်း, သား-မယား၌ရင်း, အသက် အရွယ်ကြီးသောသူ၌ရင်း, ရဟန်း- ပုဏ္ဏား၌ရင်း, မှူးမတ်ဗိုလ် ပါ၌ရင်း, မြို့ရွာ နိဂုံးဇနပုဒ် ပြည်ထဲရေး၌ရင်း- အဘယ်သို့ ကျင့်ရပါအံ့နည်း၊ အဘယ်အကျင့်ကို ကျင့်၍ အထက်နတ်ပြည်သို့ ရောက်ရပါအံ့နည်း၊ အဘယ်တရားမှ ယုတ်သောကြောင့် အောက် အပိစိ ငရဲသို့ကျကုန်သနည်း”ဟု မေး၏။

ထိုအခါ ကဿပ တက္ကတွန်းကား ကျက်စားသော နွားကို လှံတံဖြင့် ခတ်မိသကဲ့သို့ရင်း, ခူးပြီးသော ထမင်းပွဲ၌ အမှိုက်ကို ဖစ်ချဘိသကဲ့သို့ရင်း-“မင်းမြတ်နာတော်မူ”ဟုဆို၍ ငါးဂါထာ ခွဲဖြင့် မိမိအယူအဆကိုပြ၏–

"တရားကို ကျင့်သောသူအား ကောင်းကျိုးလည်း မရှိ၊ မကောင်းကျိုးလည်းမရှိ၊ တမလွန်လောကလည်း မရှိ၊ ထိုစကားသည် မှန်၏၊ အဘယ်မည်သော သူသည် တမလွန် လောကမှ ဤပစ္စုပ္ပန်လောကသို့ လာသည်ကို မြင်ဘူးသနည်း။"

"အမိ-အဖ, ဆရာဟူသည် မရှိ၊ မယဉ်ကျေးသော သူကို အဘယ်သူသည် ဆုံးမနိုင်အံ့နည်း ခပ်သိမ်းသော သတ္တဝါတို့သည် ထပ်တူသာလျှင်ပင် ဖြစ်ကြကုန်၏။"

"အသက်ကြီးသောသူကို အရိုအသေ အလေးအမြတ် ပြုအပ်သည်လည်း မရှိ၊ အားလုံ့လအကျိုးလည်းမရှိ၊ သဘောပဲ့ကဲ့သို့ သတ္တဝါတို့သည် ထပ်တူသာလျှင်ပင် အမြဲဖြစ်ကုန်၏။"

"ထိုသတ္တဝါတို့သည် ရအပ်လော ဥစ္စာတို့ကိုရခြင်း၌ အဘယ်ကောင်းမှုအကျိုးဟု ဆိုအံ့နည်း၊ ပေးလှူခြင်း အကျိုးလည်း မရ မရှိ၊ လုံ့လလည်း အစိုးမရ။"

"သူမိုက်တို့သည် အလှူကိုဆောက်တည်ကြ၏၊ ပညာရှိတို့သည် ခံယူကြ၏၊ သူမိုက်တို့သည် မိမိတို့ဥစ္စာကို အစိုးမရ၍ ပညာရှိတို့အား ပေးရကုန်၏။"

"ဤသို့လျှင် အလှူပေးခြင်း၌ အကျိုးမရှိသည်ကို ချီးမွမ်းပြီး၍ မကောင်းမှု၌ အပြစ်မရှိသောအဖြစ်ကို ပြလိုရကား ခြောက် ဂါထာခွဲဖြင့် ဆက်လက်ဟောကြားပြန်၏—

"ဤခုနစ်ပါးသော အပေါင်းတို့သည် မြဲကုန်၏၊ မစွန့်အပ်ကုန်၊ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ကုန်၊ ခုနစ်ပါးသောအပေါင်းဟူသည်ကား (၁) မီး၊ (၂) မြေ၊ (၃) ရေ၊ (၄) လေ၊ (၅) ချမ်းသာ၊(၆) ဆင်းရဲ၊(၇) အသက်-ဤခုနစ်ပါးတည်း။

"ဤခုနှစ်ပါးသော အပေါင်းတို့သည် မြဲကုန်၏၊ ကွဲခြင်း မည်သည် မရှိ၊ သတ်ခြင်း, ဖြတ်ခြင်း, ညှဥ်းဆဲခြင်း မည်သည်လည်း တစုံတယောက်မျှ မရှိ၊ ကိုယ်၏အကြား၌သာလျှင် ဒါး လှံ စသော လက်နက်တို့သည် သွားကုန်၏။

"အကြင်သူသည် သူတပါးတို့ ဦးခေါင်းကို ထက်စွာသော သန်လျက်ဖြင့် ဖြတ်၏၊ ထိုသူသည်ထိုအပေါင်းဖြစ်သောသူတို့ကို ဖြတ်သည်မဖြစ်၊ထိုသို့ဖြတ်သည်မဖြစ်ရာ၌မကောင်းမှုအကျိုးသည် အဘယ်မှာရှိအံ့နည်း။

"ခပ်သိမ်းသောသူတို့သည် ကမ္ဘာကြီး ၈၄-ကမ္ဘာပြည့်သည် ရှိသော် စင်ကြယ်ကုန်၏၊ ထိုကမ္ဘာကြီး ၈၄-ကမ္ဘာ မစေ့-မရောက်မီ ကိုယ်၊နှုတ်၊နှလုံးစောင့်၍ ကောင်းမှုကိုပြုသော်လည်း မစင်ကြယ်ကုန်။

"ကမ္ဘာကြီး ၈၄- မစေ့သမျှ ကာလ ပတ်လုံး များစွာသော မကောင်းမှုကိုပြုသော်လည်း ထိုခဏ၌ မလွန်နိုင်ကုန်၊ ခပ်သိမ်းသောသတ္တဝါတို့သည် ကမ္ဘာကြီး ၈၄-သာလျှင် ဖြစ်ကုန်၏။

"ကမ္ဘာကြီး ၈၄-ပြည့်မှသာ မဖြစ်ကုန်၊ ကမ္ဘာကြီး ၈၄-မစေ့သမျှ ကာလပတ်လုံး၊ မဟာသမုဒ္ဒရာသည် ကမ်းကို မလွန်နိုင်သကဲ့သို့ ထိုခဏကို မလွန်နိုင်ကုန်။"

ဤသို့ ဥစ္ဆေဒ ဒိဋ္ဌိအယူရှိသော ကဿပ တက္ကတွန်းသည် မိမိအစွမ်းအားဖြင့် မိမိအယူကို အကြွင်းမဲ့ မင်းကြီးအားဖြေ၏။

ထို့နောက် မင်းကြီးသည်-"အရှင်ကဿပ အကျွန်ုပ်တို့သည် ဤမျှလောက်သော ကာလပတ်လုံး မမေ့-မလျော့ကုန်အံ့၊ ယခု

အကျွန်ုပ်တို့သည် အရှင်ဘုရားတည်းဟူသောဆရာကိုရပြီး၊ဤနေ့မှ စ၍ ကာမဂုဏ် ချမ်းသာကိုသာ ခံစားအံ့၊ အရှင်ကဿပ ထံ၌ ဤမျှလောက်သော ကာလပတ်လုံး တရားနာ၍ နေရခြင်းသည် လည်း ကြာမြင့်လှပြီ၊ အကျွန်ုပ်တို့ သွားပါကုန်အံ့၊ အသက်ရှည် ကြပ္ါလျှင် နောင်လည်း အရှင်ဘုရားအား ဖူးမြင်ရပါလတ္တံ့” ဟု ကဿပ တက္ကတွန်းကို ယှန်ခဲ့၍ နန်းတော်သို့ ပြန်လေ၏။

# နတ္ထိကဝါဒ

[ရာမာယဏ]

တရားသိသော ရာမက ဘရတအား ပြောဆို နားချနေစဉ်ပုဏ္ဏားတို့၏ ဦးဆောက်ပန်းသဖွယ် ဖြစ်သော ဇာဗါလိအမည်ရှိသူက ဤတရားနှင့် ဆန့်ကျင်သောစကားကို ဆိုလေ၏။

"ရာမအရှင် ငါးသားသည်အမှန်ကို ပြောပေ၏၊ သို့သော် အရှင့်သားသည် မြတ်သောအသိဉာဏ်ရှိသူဖြစ်ပါသဖြင့် အရှင့် သားသည် မလိမ္မာသောလူကဲ့သို့ ဤသို့အကျိုးမဲ့သော စဉ်းစားခြင်းကို စိတ်ထဲတွင်မထားသင့်ပါ။"

"လောက သံသရာတွင် အဘယ်မည်သော ယောကျ်ားသည် အဘယ်မည်သောသူ၏ ညီအစ်ကို ဆွေမျိုးညာတိဖြစ်၍ အဘယ် မည်သောသူထံမှ အဘယ်အရာဝတ္ထုကိုရစရာရှိပါသလဲ၊ အသက်

ဇီဝသည် တကိုယ်တည်းပင် မွေးဖွားလာ၍ တကိုယ်တည်းပင် ပျက်စီးသွားတော်၏"။

"သို့ဖြစ်၍ အိုရာမ အမေအဖေဟု ထင်မှတ်၍တစုံတယောက်အား ခင်မင်တွယ်တာသောသူအား အရူးသဖွယ် မှတ်ရာသည်၊ အကြောင်းကား ဤလောကတွင် တစုံတယောက်သည် တစုံတယောက်နှင့် ဘာမှမတော်စပ်ပါ။"

"ဥပမာ တစုံတယောက်သော သူသည် အခြား ရပ်ရွာသို့ သွားသောအခါ ပြင်ပတွင်ရှိသော တစုံတခုသော သာလာယံဇရပ်တွင် ညဥ့်အဖို့ ရပ်နားနေပြီးနောက် နောက်တနေ့တွင် ထိုနေရာကိုစွန့်၍ ရှေ့သို့ တိုးသွားလေဘိသကဲ့သို့ မိဖအိမ်နှင့် ဥစ္စာပစ္စည်းတို့သည်ကား လူတို့၏ တည်းခိုရာ နေရာမျှသာ ဖြစ်၏၊ ခတ္တိယ အနွယ်ဝင်တို့၏ တန်ဆာသဖွယ်ဖြစ်သော ရာမ ဤမိဖစသည်ကို၌ သူတော်ကောင်းတို့သည် ခင်မင်တွယ်တာခြင်း မရှိကြပါ။"

"ထို့ကြောင့် အရှင်သည် ခမည်းတော်၏ နိုင်ငံကို စွန့်ပစ်၍ ဤဆင်းရဲခြင်းနှင့် မြွမ်းသော မညီညာ၍ ဆူးငြောင့်ခလုတ်များသော တောမြိုင်၏ မကောင်းသောလမ်းကို မသွားသင့်ပါ။"

"အရှင်သည် စည်ကားလှသော အယောဓယာတွင် မင်းအဖြစ်၌ အဘိသိက်ခံယူပါ၊ ထိုမြို့တော်သည် လင်သယ် တပြည်တရွာသို့ သွားနေသော မိန်းမကဲ့သို့ စောင်းတခုကို ပိုက်လျက် အရှင့်သားအား စောင့်မျှော်နေပါသည်။"

"မင်းသား နတ်တို့ဘုရင် သိကြားမင်းသည် နတ်ပြည်တွင် စံ

နေတော်မူဘိသကဲ့သို့ သင်မင်းသားသည်လည်း အဖိုးထိုက်သော မင်းစည်းစိမ်တို့ကိုခံစားစံစားလျက် အယောဓယာတွင်နေတော်မူပါလော့။”

“ဒသရထမင်းကြီးသည် သင်မင်းသားနှင့် ဘာမှမတော်စပ်ပါ၊ သင်မင်းသားလည်း သူနှင့်ဘာမျှမတော်စပ်ပါ၊ မင်းကြီးသည် တခြားသင်မင်းသားလည်း တခြားစီပင်ဖြစ်ကြ၏၊ သို့ဖြစ်ပါ၍ အကျွန်ုပ် ပြောသလိုပင်ပြုပါလော့။”

“ဖခင်သည် အသက်ဝိညာဉ် မွေးဖွားလာရာ၌ အကြောင်းနိမိတ်မျှသာဖြစ်၏။ စင်စစ်မှာ ဥတုသွေး လာသော မိခင်၏ ဝမ်းတွင်း၌ ဆောင်ထားအပ်သော သုက်နှင့် သွေး အချင်းချင်း ပေါင်းစပ်ခြင်းကြောင့်သာလျှင် ယောကျ်ားသည် ဤဘဝတွင် မွေးဖွားလာခြင်းဖြစ်၏။”

“မင်းကြီး သွားလိုရာကိုသွားလေပြီ၊ ဤသို့စုန်ဆန်သွားလာနေခြင်းသည်ကား သက်ရှိသတ္တဝါတို့၏ သဘာဝ အခြေအနေပင်ဖြစ်၏၊ ရှင်မင်းသားသည် အချည်းနှီးပင် ဆင်းရဲခံနေ၏၊

“ရရှိအပ်သော အကျိုးစီးပွားကို စွန့်ပစ်ကာ တရားကို ခင်မင်သူတို့အတွက် အကျွန်ုပ်ဝမ်းနည်းသနားမိပါ၏၊ အခြားသူတို့အတွက်မဟုတ်၊ ထိုသူတို့သည် ဤလောက၌ တရားဟူသော အမည်ဖြင့် သက်သက် ဆင်းရဲဒုက္ခကို ခံစားကာ သေလွန်ပြီးနောက် ပျက်စီးသွားကြ၏။”

“ကွယ်လွန်ပြီးသောသူ နတ် ပြိတ္တာများကို သပိတ်သွတ် လှူဒါန်းမှုစသည်ပြုက အကျိုးရှိသည်ဟု ယုံကြည်၍ လူတို့သည် သပိတ်သွတ်ခြင်း စသည်ကို ပြုကြကုန်၏၊ သို့သော်လည်း သေ

ချ-စွာစဉ်းစားကြည့်ပါလျှင် ဤသို့ပြုခြင်း၌ ကောက်ပဲသီးနှံ များ ဆုံးရှုံးခြင်းသာလျှင် အဖဘဲတင်ပေသည်၊ သေပြီးသော သူသည် အဘယ်ကို စားပါတော့အံ့နည်း။"

"အကယ်၍ ဤလောကတွင် တယောက် စားအပ်သော အစာအဟာရသည်အခြားသူတဦး၏ ခန္ဓာကိုယ်သို့ ရောက်သွား သည်ဆိုပါလျှင် တိုင်းတပါးသို့ သွားသောသူတို့အား လမ်းခရီး တွင် စားသောက်ရန် အစားအစာထည့်မပေးဘဲ သပိတ် သွတ် ခြင်းကိုသာ ပြုသင့်ပေ၏။"

"နတ်တို့အလို့ငှာ ယဇ်နှင့်ပူဇော်ပသခြင်းကိုပြု၊ အလှူပေး ယဇ်သီလကိုခံယူ၊ ခြိုးခြံ၍ကျင့်၊ အိမ်ယာကို စွန့်ခွါ၊ ရသေ့ ရဟန်းပြုစသော စကားကို ပြဆိုသော ကျမ်းစာတို့သည်ကား အလိမ္မာ ပါးနပ်သော သူတို့ကအလှူပေးကမ်းခြင်းဘက်သို့ လူတို့ သက်ဝင်လာစေရန်အလို့ငှာသာ စီရင်ရေးသားသော ကျမ်းစာ ဖြစ်လေသည် "

"ထို့ကြောင့် ဘဘောထား ကြီးမြတ်သော ရာမ သင်သည် ဤဘဝမှတပါး၊ အခြားသောဘဝမရှိဟု ဆုံးဖြတ်ပါလော့၊ ပစ္စက္ခမင်းစည်းစိမ်ကို အမှီပြုကာ မျက်ကွယ်ဖြစ်သော လာဘ် လာဘကို နောက်သို့ တွန်းထုတ်ပစ်လိုက်ပါလော့။"

"လူအပေါင်းတို့အား လမ်းကောင်းကို ညွှန်ပြတတ်သော ကြောင့် ခိုင်မာသော သာဓကရှိသော သူတော်ကောင်းတို့၏ အသိညာဏ်ကို ရှေးရှုကာ ဘဒတ၏ တိုက်တွန်းမှုဖြင့် အရှင့်သား သည် အယောဇ္ဈာ နေပြည်တော်၏ မင်းအဖြစ်ကို လက်ခံ တော်မူပါလော။"

## ရာမမင်းအဖြေ

[ရာမာယဏ]

ဗာလ်ပါလိ၏ ဤစကားကိုကြား၍ တကယ်စွမ်းပ ကား ရှိတော်မူသော ရာမလည်း မိမိ၏ သံသယ ကုက္ကုစ္စမှ ကင်းစင်သော အသိဉာဏ်ဖြင့် ကျမ်း ဆိုနှင့် ညီညွတ်သော အယူမှန်ကို မိုငြမ်း၍ ပြော သည်ကား-

"ပုဏ္ဏားမြတ် သင်သည် ကျွန်ုပ်နှစ်သက်စေရန်အတွက် ဤ နေရာတွင်ပြောသော စကားသည် ပြုအပ်သော ဝတ္တရားကဲ့သို့ ထင်ရပါသော်လည်း စင်စစ်မှာ မပြုအပ်သော ဝတ္တရားဖြစ်၏၊ ထိုစကားသည် ခေတ်စာကဲ့သို့ ထင်ရသော်လည်း စင်စစ်မှာ မစားအပ်သောအစာဖြစ်၏။"

"အကြင်ယောကျ်ားသည် တရား, တနည်းဝေဒ၏ နယ်နမိတ် အပိုင်းအခြားကို ကျူးကျော်၏၊ ထိုသူသည် မကောင်းမှုတွင် ပါဝင်သွားတတ်၏၊ သူ့အကျင့် အာစာရနှင့် အတွေးအခေါ်သည် ဖောက်ပြန်ပျက်ပြားသွားတတ်၏။ သို့ဖြစ်၍ ထိုသူသည် သူတော်ကောင်းတို့အလယ်တွင် ဘယ်အခါမျှ ချီးကျူးခြင်းကို မခံရပါ။"

"အကျင့်အာစာရသည်ပင် အဘယ် ယောကျ်ားသည် မြတ်သောအမျိုး၌ ဖြစ်ပေါ်သည်၊ ယုတ်ညံ့သောအမျိုး၌ ဖြစ်ပွားလာသည်၊ အဘယ်သူသည် ရဲရင့်၍ အဘယ်သူသည် အချည်းနှီးပင် မိမိကိုယောကျ်ားဟု မှတ်ယူသည်၊ အဘယ်သူသည် ဖြူစင်၍ အဘယ်သူသည် မဖြူစင်ဆိုသည်ကို ဖော်ပြ၏။"

"အချင်း သင်ပြဆိုသော အာစာရကို လိုက်နာ ကျင့်သုံးသော ယောကျ်ားသည် သူမြတ်ဟုထင်ရသော်ငြားလည်း စင်စစ်မှာ မသူတော်ဖြစ်ပါလိမ့်မည်၊ အပြင်ပန်းအားဖြင့် ဖြူစင်သည်ဟု ထင်ရသော်လည်း အတွင်းကမူ မည်းညစ်ပါလိမ့်မည်၊ မြင့်မြတ်သောလက္ခဏာတို့နှင့်ယှဉ်သည်ဟုထင်ရပါသော်လည်းစင်စစ်မှာ ကောင်းမြတ်သော လက္ခဏာ နှင့် ဆန့်ကျင်ပါလိမ့်မည်၊ ထို့အတူပင်သီလရှိသူဟု ထင်ရသော်လည်း စင်စစ်မှာထိုသူသည် ဒုဿီလပင်ဖြစ်ပါလိမ့်မည်။"

"အချင်းပုဏ္ဏား၏ အဆုံးမ ဥပဒေသသည် အပေါ်ယံက တရားတည်းဟူသော အင်္ကျီရှည်ကြီးကို ဝတ်ထားသော်လည်း စင်စစ်မှာ မတရားပင်ဖြစ်၏။ ဤဆုံးမဩဝါဒဖြင့်လောကတွင် အမျိုးဇာတ် ပျက်ပြားခြင်းပျံ့နှံ့လာပေလိမ့်မည်၊ အကယ်တန္တ

အကျွန်ုပ်သည် ဤအဆုံးအမဥပဒေသကိုလိုက်ကာ ဝေဒကြမ်းလာ ကောင်းမြတ်သော ကုသိုလ်မှုတို့ကို စီရင်ခြင်းမှ ရှောင်ကျဉ်ကာ စည်းကမ်းမဲ့သော အမှုတို့ကို ပါဝင်ဆောင်ရွက်မည် ဆိုပါက ပြုအပ်သောအမှု မပြုအပ်သောအမှုကို သိရှိနားလည်၍အဘယ် မည်သော လိမ္မာသောသူသည် အကျွန်ုပ်အား မြတ်သောသူဟု မှတ်ထင် ရှိသေပါတော့အံ့နည်း၊ ထိုကဲ့သို့သော အခြေအနေ၌ အကျွန်ုပ်အား ဤလောကတွင် သူယုတ်မာဟူ၍ရင်း, လောက လူတို့အား နာမည်ဖျက်သူဟူ၍ရင်း, မှတ်ယူကြပါလိမ့်မည်။"

"မိမိကိုယ်တိုင် ပြုအပ်သော ပဋိညာဉ်ကို ဖျက်သိမ်းပစ်သော နည်းနာကို လိုက်နာပြုမူပါလျှင် အကျွန်ုပ်သည် အဘယ်နည်း ဖြင့် နတ်ပြည်ကို ရောက်နိုင်ပါအံ့နည်း၊ ထို့အတူ သင်ဟောပြော သော အကျင့်အာစာရ ဥပဒေသသည် အဘယ်သို့ နည်းလမ်း ပါနည်း၊ ယင်းကို အကျွန်ုပ် လိုက်နာရမည်ဆိုထားပေဦး၊ အဘယ် ကြောင့်ဆိုသော် သင်၏ပြောစကားအရဆိုလျှင် အကျွန်ုပ်သည် မိဖစသူဘိုးဘွင် မည်သူနှင့်မျှ အဆက်အသွယ်မရှိ ဖြစ်ပါ၏၊"

"အချင်းပုဏ္ဏားကြီးက ပြဆိုအပ်သောလမ်းကို လိုက်မည်ဆို ပါက ပထမ အစမှာ အကျွန်ုပ်သည် ထင်ရာပြုသူ တယောက်ဖြစ် မည်၊ တဖန် ဤလောကလုံးသည်လည်း ထင်ရာစိုင်းသူများ ဖြစ်သွားပေလိမ့်မည်၊ အဘယ့်ကြောင့်ဆိုပါမူ အုပ်စိုးသူမင်းတို့ အကျင့်အာစာရကဲ့သို့ပင် တိုင်းသူပြည်သားတို့လည်း ထိုကဲ့သို့ ပင် ကျင့်ကြံတတ်ပါသည်။"

"ဂတိသစ္စာကို စောင့်ထိန်းခြင်းသည်ပင် ဘုရင်တို့၏ဓမ္မတာ လျှင် ပြဋ္ဌာန်းသော တရားဓမ္မ ဖြစ်၏၊ အစဉ်အဆက် ဆင်း

သက်လာသော အကျင့်အာစာရဖြစ်၏၊ ထို့ကြောင့် မင်းအဖြစ်သည် သစ္စာ၏သရုပ်ပင်ဖြစ်၏၊ သစ္စာ၌သာ တလောကလုံးတည်မြဲနေ၏။”

“ရသေ့ကြီးတို့နှင့် နတ်တို့သည် အမြဲ သစ္စာတရားကိုသာ လျှင် ရှိသေခဲ့ကြ၏၊ ဤလောက၌ သစ္စာဝါဒီလူသည် မြတ်သောဘုံသို့ ရောက်ရ၏။”

“မုသားပြောဆိုတတ်သောသူအား လူအပေါင်းတို့သည် အဆိပ်ပြင်းသောမြွေကဲ့သို့ ကြောက်ရွံ့ကြ၏၊ လောကတွင် သစ္စာသည်ပင်တရား၏၊ အတွတ်အထိပ်ဖြစ်၍ ထိုသစ္စာသည်ပင် အားလုံးသောတရား၏ ရေသောက်မြစ် ဖြစ်ပေ၏။”

“ကမ္ဘာလောကတွင် သစ္စာသည်ပင် ထာဝရ ဘုရားဖြစ်၏၊ အခါခပ်သိမ်း သစ္စာတည်းဟူသော အုတ်မြစ်၌ပင် တရားသည် တည်နေ၏၊ သစ္စာသည်ပင် အားလုံးတို့၏ ရေသောက်မြစ် ဖြစ်၏၊ သစ္စာတက်ပိုမိုမြင့်မြတ်သော အခြားတစုံတရာ အဆင့် အတန်း မရှိတော့ပါ။”

“အလှူဒါန, ယဇ်, ဟုန်းပူဇော်မှု, တရားကျင့်ခြင်းနှင့် ဝေဒ၊ ဤအားလုံးသော ကုသိုလ်အမှုတို့၏တည်ရာသည်ကား သစ္စာပင်ဖြစ်၏၊ ထို့ကြောင့် လူအားလုံးတို့သည် သစ္စာကိုသာ အတွခင်မင်ရှိသေ၏။”

“လူတယောက်သည် တလောကလုံးကို ထိန်းသိမ်း စောင့်ရှောက်၏၊ တမျိုးလုံးကို စောင့်ရှောက်၏၊တယောက်သည် ငရဲသို့ ကျရောက်၍ တယောက်ကား နတ်ဘုံသို့ရောက်ရ၏။”

"အကျွန်ုပ်သည်ကား သစ္စာတည်သူ ဖြစ်၍ သစ္စာဆိုကာ ခမည်းတော်၏ ဂတိသစ္စာကို စောင့်ထိန်းဖို့ရန် လက်ခံထားပြီး ဖြစ်ပါသည်၊ ဤကဲ့သို့သော အခြေအနေတွင် အကျွန်ုပ်သည် ခမည်းတော်၏ အမိန့်အာဏာကို အဘယ့်ကြောင့် မစောင့် ထိန်းရပါအံ့နည်း။"

"အစက သစ္စာကိုစောင့်ရန် ပဋိညာဉ်ပြုပြီးမှ ယခုလောဘ, မောဟနှင့် အသိဉာဏ်ကင်းမဲ့မှုကြောင့် ရှေ့နောက်ကို မစဉ်းစား မဝေဖန်တော့ဘဲ အကျွန်ုပ်သည် ခမည်းတော်၏ သစ္စာနယ်နိမိတ် ကို ဖောက်ဖျက်ကျူးကျော်ခြင်းပြုမည်မဟုတ်ပါ။"

"အကျွန်ုပ်ကြားဘူးသည်ကား မိမိ၏ ဂတိသစ္စာကို ဖောက် ဖျက်ခြင်းဖြင့်တရားပျက်၍မတည်ကြည်သောစိတ်ရှိသူယောကျ်ား ၏ ပေးလှူအပ်သော အလှူဒါနတို့ကိုနတ်နှင့်ဘဂဝတပါးပြောင်း သွားလေသော မိဖ,ဘိုးဘေးတို့လည်းလက်မခံကြပါ။"

"အကျွန်ုပ်သည် ဤသစ္စာတည်းဟုသော တရားကို အားလုံး သော သတ္တဝါတို့အတွက် အကျိုးကို ဖြစ်ထွန်းစေရန် အားလုံး သောတရားတို့ထက် မြတ်သည်ဟု ယူဆပါသည်၊ သူတော် ကောင်း သူမြတ်လောင်းတို့သည်ဆံကျစ်နှင့် လျှော်ထည်သက်န်း ကို ဆောင်ခြင်းတည်းဟူသောရသေ့တို့အကျင့်ကို ကျင့်ဆောင် ခဲ့ကြပါသည်၊ သို့ဖြစ်၍အကျွန်ုပ်လည်း ထိုသူတော်သူမြတ်တို့အား ချီးကျူးထောပနာ ပြုပါ၏။

"အကြင်အယူဝါဒသည် တရားနှင့် ယှဉ်သည်ဟု ထင်ရသော် လည်း စင်စစ်မှာ မတရားဖြစ်၏၊ အကြင်အယူဝါဒကို ယုတ်ညံ့ သူ, ရက်စက်သူ, လောဘကြီး သူနှင့် မသူတော်တို့ အကျင့်ကို

ကျင့်ဆောင်သော ယောကျ်ားတို့ မှိဝဲကျင့်သုံးခဲ့ကြ၏၊ ဤကဲ့သို့ သောခက္ကိယတို့တရားကို အကျွန်ုပ်ကောင်းပင် ပစ်ပယ်ပါအံ့။"

"လူသည် မိမိ၏ ကိုယ်အင်္ဂါဖြင့် အကြင်မကောင်းမှုကို ပြု၏၊ ထိုမကောင်းမှုကို ပထမ အစ စိတ်ဖြင့် ပြုအပ်သော ဝတ္တရားတခု အနေဖြင့် ဆုံးဖြတ်ချက်ချ၏၊ တဖန်လျှာ၏ အကူအညီဖြင့် ထို မကောင်းသော အမှုကို စကားလုံးတို့ဖြင့် သူတပါးတို့အား ပြောပြ၏။ ထို့နောက် အခြားသူတို့၏ အကူအညီဖြင့် ထိုမကောင်း မှုကို ခန္ဓာကိုယ်ဖြင့် ပြီးမြောက်အောင်ပြု၏၊ ဤနည်းအားဖြင့် တခုတည်းသော မကောင်းမှုသည် ကိုယ်, နှုတ်, စိတ်အားဖြင့် သုံးပါးအပြား ရှိ၏။"

"ပထဝီမြေကြီး အကျော်အစော အခြံအရံနှင့် ကျက်သရေ ဤအားလုံးတို့သည် သစ္စာစကားကို ဆိုအပ်သော ယောကျ်ား ကိုသာလျှင် လိုအပ်သော ဆန္ဒရှိ၍ လိမ္မာ ယဉ်ကျေးသော ယောကျ်ားသည် သစ္စာတရားကိုသာလျှင် အစဉ် လိုက် ကုန်၏၊ ထို့ကြောင့် လူသည် သစ္စာကိုသာလျှင် မှိဝဲဆည်းကပ်ရာ၏။"

"အချင်းပုဏ္ဏားကြီးသည် သင့်တော်လျောက်ပတ်စွာ အခိုင် အမာ ပြု၍ ထင်ခြင်းဝေဘန်ဖော်ပြအပ်သော အတွေးအခေါ်စကားတို့ ဖြင့် အကျွန်ုပ်အား မင်းအဖြစ်ကို လက်ခံခြင်းသည်ပင် ကောင်း မြတ်သည်ဖြစ်သောကြောင့် ဤစကားကို မချွတ်လိုက်နာပါဟု ပြောပေသည်၊ အချင်းပုဏ္ဏားကြီး၏ ဤအမိန့်သည် ကောင်း မြတ်သည်ဟု ထင်ရသော်လည်း သူတော်ကောင်းတို့ လိုက်နာ ကျင့်ဆောင်ခြင်း မပြုထိုက်ပါ။"

"ကျွန်ုပ်သည် ခမည်းတော် ရွှေမှာက်တွင် ဤကဲ့သို့တော တွင် နေဘို့ရန် ပဋိဉာဉ်ပြုပြီးပါပြီ၊ ယခု ကျွန်ုပ်သည် ထိုခမည်း တော်၏ အမိန့်ကို ကျူးကျော်ကာ ဘရတ၏ စကားကို အသို့ လိုက်နာပါအံ့နည်း။"

"မိဖ၏ ရွှေမှာက်တွင် ပြုအပ်သော ထိုအကျွန်ုပ်၏ ပဋိဉာဉ် သည်ကား မပြောင်းလွဲနိုင်သော ပဋိဉာဉ်ဖြစ်၏၊ အဘယ်နည်း နှင့်မျှမဖေါက်ဖျက်နိုင်ပါ၊ ဒကျွန်ုပ် ပဋိဉာဉ် ပြုစဉ် အခါက ကဲကေယီ၏ စိတ်နှလုံးသည် ဝမ်းသာအားရခြင်းဖြင့် ရွှင်မြူးသွား ပါသည်။"

"အကျွန်ုပ်သည် တော၌ပင်နေကာ ဒတွင်းအပြင် ဖြူစင် သည်ဖြစ်၍ သတ်မှတ်အပ်သော အစားအစာကို စား၍ ဖြူစင် သောသစ်သီး သစ်ဥနှင့် ပန်းတို့ဖြင့် နတ်တို့အားရင်း၊ ကွယ်လွန် ပြီးသော မိဖ ဘိုးဘေးတို့အားရင်း ရောင့်ရဲစေလျက် ပဋိဉာဉ် ကိုစောင့်ထိန်းပါအံ့။"

"ဘယ်အရာ လုပ်သင့်သည် မလုပ်သင့်ဆိုသည်ကို အကျွန်ုပ် ပိုင်းခြား ဆုံးဖြတ်ပြီး ဖြစ်ပါသည်၊ ထို့ကြောင့် သစ်သီး သစ်ဥ တို့ဖြင့် ဤနေပါးတို့ကို ရောင့်ရဲတင်းတိမ် နေပြီးလျှင် မလိမ် မကောက် ဖြောင့်မတ်တည်ကြည်သော သဒ္ဓါတရားဖြင့် လောက ခရီးစဉ် ကို လိုက်သွားပါအံ့။"

"ဤလောက်၌ ဝတ္တရား၏ တည်ရာ မြေအပြင်ကို တွေ့၍ ကောင်း မြတ်သော လုပ်ငန်းတို့ကို စီရင် ပြုလုပ်သင့်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် မီး လေ နှင့်လတို့သည်ပင် ကောင်း

မှုကုသိုလ်ကံ၏ အကျိုးစက်ကြောင့်ပင် ထိုထိုသောအဆင့်အတန်းကို ရရှိခံစားကြရ၏။”

“နတ်တို့ သနင်းသိုကြားမင်းသည် ယဇ်အလှူပေါင်းတရာကို ပေးလှူခြင်းကြောင့် နတ်ပြည်သို့ ရောက်ရ၏၊ ရသေ့ကြီးတို့သည်လည်း ထက်မြက်သော အကျင့်ကို ခြိုးခြံ ကျင့်သောင်ခြင်းဖြင့် နတ်ပြည်လောကတွင် နေရရကြ၏။”

တန်ခိုးထက်မျက်သော မင်းသားရာမသည် တမလွန်ဘဝရှိခြင်းကို ပယ်သော ဇာဗါလိ၏ အဆိုပါစကားကို ကြား၍ ထိုစကားတို့ကို သည်းမခံနိုင်သောကြောင့် ထိုစကားတို့ကို ကဲ့ရဲ့ ရှုတ်ချလျက် တဖန်သူ့အား ပြောပြသည်။

“သစ္စာ၊ တရားဓမ္မ၊ စွမ်းအား အားလုံးသော သတ္တဝါတို့အား သနားတတ်ခြင်း၊ လူအားလုံးတို့နှင့် ချိုသာသောစကားကို ပြောဆိုခြင်း၊ ထိုအတူ နတ်များ၊ ဧည့်သည်များနှင့်ပုဏ္ဏားတို့အား ဆည်းကပ်ခြင်း၊ ဤအားလုံးသော တရားတို့ကို သူတော်ကောင်း ယေဘုယျကြားတို့သည် နတ်ပြည်သို့ သွားရာလမ်းကြောင်းဟု ပြဆိုခဲ့ကြ၏။”

“သူတော်ကောင်းတို့၏ ဤစကားနှင့်အညီ တရား၏သရုပ်ကိုသိ၍ ထိုအတူ လျော်ကန်သော စဉ်းစားဝေဖန်ခြင်းဖြင့် ထိုတရားကို ထိုက်သင့်သည်အားလျော်စွာ ဆုံးဖြတ်၍ တခုတည်းသော ဆုံးဖြတ်ချက်သို့ ရောက်ပြီး သတိတရားရှိသော ဗြာဟ္မဏသည် ကောင်းစွာ တရားကျင့်သည်ဖြစ်၍ ထိုထိုသော မြတ်သောဘုံလောကသို့ ပေါက်ရောက်လိုပါ၏။”

"အချင်းပုဏ္ဏား၏ အသိဉာဏ်သည် မညီညာ မပြေပြစ်သော လမ်း၌ တည်နေပါသည်၊ သင်သည် ဝေဒ နှင့် ဆန့်ကျင့်သော လမ်းကို မှီငြမ်းထားပါသည်၊ သင်သည် အကြီးဆုံးသော မိစ္ဆာဒိဋ္ဌိ ဖြစ်၍ တရားနည်းလမ်းမှ ကောသပေါင်းများစွာ အလှမ်း ကွာနေပေသည်၊ ဤကဲ့သို့သော ဘာသာရေးကို ပြောကာ လှည့် စားတတ်သော ဉာဏ်ဖြင့် မသင့်လျော်သော အကြံအစည်အယူ အဆကို ဖြန့်ဝေနေသော သင့်အား အကျွန်ုပ်၏ ခမည်းတော်က မိမိ၏ ယဇ်ပူဇော်သူ ဆရာအဖြစ်ဖြင့် ခန့်အပ် ထားခြင်းကို အကျွန်ုပ် ရှက်မိပါ၏။"

"အချင်း ပုဏ္ဏားမှတ်ပါ။ အခြားသော ပုဏ္ဏားမြတ်တို့သည် ပစ္စုပ္ပန်-တမလွန် အကျိုးတရားကို လိုချင်ခြင်းကို စွန့်ပယ်လျက် ဝေဒလာ တရားနည်းလမ်းဟု ယူဆကာ အခါခပ်သိမ်း များစွာ သော ကောင်းမြတ်သော ကုသိုလ်မှုတို့ကို စီရင်ခဲ့ကြ၏၊ ထို့ ကြောင့်ပင် ပုဏ္ဏားတို့သည် ဝေဒကိုပင် ခိုင်မာသောအထောက် အထားပြုကာ သူတပါးအား မညှဉ်းဆဲ မသတ်ဖြတ်ခြင်းနှင့် သစ္စာ စသည် [illegible]ကျင့်ခြင်း အလှူပေးခြင်း ပရဟိတအကျိုး ကိုဆောင်ခြင်း စသည် လိုအပ်သော ယဇ်ပူဇော်ခြင်းစသည် အမှုတို့ ကို [illegible]ပြုလုပ်ကြကုန်၏။"

"အကြင်သူသည် တရားကို [illegible]မြဲစောင့်၏၊ သူတော်ကောင်း တို့နှင့် ပေါင်းသင်း၏၊ တ[illegible]ရှိ၏၊ အလှူပေးခြင်းတည်းဟူသော ဂုဏ်သည် ပဓါနဖြစ်၏၊ တစုံတခုသော သက်ရှိသတ္တဝါကို မည် သည့်အခါမျှ မသတ်ဖြတ်၊ အညစ်အကြေးမှ ကင်းစင်၏၊ ဤကဲ့

သို့သော မြတ်သောရသေ့ ရဟန်းသည်သာ လောကတွင် ပူဇော်ခံထိုက်၏။”

ဇာပါလိပုဏ္ဏားနှင့် ရာမသည် နတ္ထိကဝါဒနှင့်သဿတဝါဒ၏ အခြေအတင်ဖြစ်၏၊ ဇာပါလိက နတ္ထိကဝါဒကို တင်ပြသည်၊ ယင်းဝါဒကို ရာမမင်းက ခြေဖျက်ပြီး သဿတဝါဒကို ထွန်းပြ၏၊ ဤနည်းနှင်နှင် ဆက်လက်တင်ပြလိုသည်မှာ ပါယာသိမြို့စား နှင့် ရှင်ကုမာရကဿပ၏ ဥစ္ဆေဒဝါဒနှင့် ယင်းအပြေဗုဒ္ဓဝါဒ ပြင်၏။ ဗြာဟ္မဏ ဓမ္မတွင် ရာမာယဏ မဟာကဗျာမှာ ခိုင်လုံ သော အထောက်အထားဖြစ်သကဲ့သို့ ဗုဒ္ဓဝါဒတွင်လည်း ပါဠိ တော်မှာ ခိုင်လုံလှပါသည်။

# ပါယာသိသုတ်

## [မဟာဝဂ် ပါဠိတော်]

၁

အခါတပါး ရှင်ကုမာရကဿပသည် ရဟန်းသံဃာ ငါးရာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်ရာ သေတဗျမည်သော မြို့သို့ရောက်၍ ထိုမြို့၏မြောက်အရပ် ယင်းတိုက်တော၌ သီတင်းသုံး နေတော်မူ၏။

ထိုအခါ ပါယာသိမြို့စားသည် ပသေနဒီ ကောသလမင်း အပိုင်စား ပေးထားသော သေတဗျမြို့ကို အုပ်ချုပ်၍ နေ၏၊ ထိုနောက် ပါယာသိမြို့စားသည် သေတဗျမြို့နေ ပုဏ္ဏားနှင့် အမျိုးသားတို့ဖြင့် ခြံရံလျက် ယင်းတိုက်တော ရှင်ကုမာရကဿပ သို့ချဉ်းကပ်ပြီးလျှင် "အရှင်ကဿပ အကျွန်ုပ်သည် ဤသို့ဆိုလေ့ ရှိပါ၏၊ ဤသို့ယူလေ့ ရှိပါ၏၊ ဤအကြောင်းကြောင့်လည်း

တပါးသောလောကသည်မရှိ၊ သေ၍တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိဟူ၍ ယူလေ့ရှိပါသည်”ဟု လျှောက်၏။

“မြို့စား ငါသည် ဤသို့ ဆိုလေ့ရှိသောသူ ဤသို့ယူလေ့ရှိသောသူကို မြင်လည်းမမြင်စဘူး၊ ကြားလည်း မကြားစဘူး၊ မြို့စားသို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် ပြန်၍မေးအံ့၊ သင်နှစ်သက်သည့် အတိုင်း ထိုအမေးကိုဖြေလော့၊ မြို့စား ထိုအရာကို၊ အဘယ်သို့ထင်သနည်း၊ ဤလ, နေတို့သည်လောက၌ဖြစ်ကုန်သလော၊ တပါးသော လောက၌ ဖြစ်ကုန်သလော၊ ထိုလ, နေ တို့သည် နတ်တို့ဖြစ်ကုန်သလော၊ လူတို့ဖြစ်ကုန်သလော။”

“အရှင်ကဿပ ဤလ, နေတို့သည် တပါးသောလောက၌ဖြစ်ပါကုန်၏၊ ဤလောက၌ မဖြစ်ပါကုန်၊ ထိုလ, နေတို့သည် နတ်တို့ဖြစ်ပါကုန်၏၊ လူတို့မဟုတ်ပါကုန်။”

“မြို့စား ဤအကြောင်းဖြင့်လည်း သင်၏အယူသည် ဤသို့ဖြစ်ပါလော့၊ ဤအကြောင်းကြောင့်လည်း တပါးသော လောကသည် ရှိ၏၊ သေ၍တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် ရှိကုန်၏၊ ကောင်းမှုကံ, မကောင်းမှုကံ တို့၏ အကျိုး ဝိပါက်သည် ရှိ၏။”

## ၂

“အရှင်ကဿပ ဤသို့ဆိုသော်လည်း ဤနေရာ၌ အကျွန်ုပ်၏ အယူသည် ဤသို့ ပင်ဖြစ်ပါ၏။”

"မြို့စား သင်၏ ဒိဋ္ဌိ ဖြစ်ခြင်း၏ အကြောင်းသည် ရှိသလော။"

"ရှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါ၏။"

"မြို့စား ထို အကြောင်းကား အဘယ်နည်း။"

"ရှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းသွေးသောက်တို့သည် အသက်ကို သတ်လေ့ရှိကုန်၏၊ မပေးသော ဥစ္စာကို ယူလေ့ရှိကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိကုန်၏၊ မဟုတ်မမှန်သော စကားကို ပြောလေ့ရှိကုန်၏၊ ကုန်းချောစကားကို ပြောလေ့ရှိကုန်၏၊ ကြမ်းတမ်းသော စကားကိုပြောလေ့ ရှိကုန်၏၊ ပြိန်ဖျင်းသော စကားကို ပြောလေ့ ရှိကုန်၏၊ တပ်မက်မောခြင်းများ ရှိကုန်၏၊ ပျက်စီးစေလိုသော စိတ်ရှိကုန်၏၊ မှားသောအယူရှိကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ ရောဂါနှိပ်စက်ကုန်၏၊ ဆင်းရဲခြင်းသို့ ရောက်ကုန်၏၊ ပြင်းထန်စွာ နာမကျန်းရှိကုန်၏၊ ဤသူတို့သည် ဤရောဂါမှ ထလိမ့်မည်မဟုတ်ဟု သိသောအခါ အကျွန်ုပ်တို့သည် ထိုသူတို့ ထံချဉ်းကပ်၍ ဤသို့ပြောဆိုပါ၏။"

"အချင်းတို့ အချို့သော သမဏ ဗြာဟ္မဏတို့သည် ဤသို့ဆိုလေ့ရှိကုန်၏၊ ဤသို့ယူလေ့ရှိကုန်၏၊ အသက်ကိုသတ်ခြင်းဒိဋ္ဌိ စသည်ပြုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ငရဲသို့ရောက်လိမ့်မည်ဟု ဆိုလေ့ ယူလေ့ရှိကုန်၏၊ အချင်းတို့သည်ကား အသက်ကိုသတ်ခြင်း စသောအမှုတို့ကို ပြုလေ့ ရှိကုန်၏၊ ထိုအရှင် သမဏ ဗြာဟ္မဏတို့၏ စကားသည် အကယ်၍ မှန်အံ့၊

အချင်းတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ငရဲသို့ ရောက်ကျလိမ့်မည်၊ ငရဲသို့အကယ်၍ ရောက်ကျသော် ငါ့ထံလာ၍ ပြောကြားကြပါလော့၊ အချင်းတို့သည် ငါ၏ ယုံကြည်ကိုးစားထိုက်သူဘို့ဖြစ်ကြ၏၊ အချင်းတို့သိမြင်သော အရာသည် ငါကိုယ်တိုင်သိမြင်သော အရာဖြစ်လိမ့်မည်ဟု ပြောဆိုပါသည်၊ ထိုသူတို့သည် ကောင်းပါပြီဟု အကျွန်ုပ်အား ဝန်ခံကြပြီး လျှင် လာ၍လည်းမပြောကြပါ၊ တမန်ကိုလည်း မစေလွှတ်ကြပါ။

“မြို့စား ထိုအရာကိုအကယ်သို့မှတ်ထင်သနည်း၊ ဤလောက၌ သင်၏ မင်းချင်းယောကျ်ားတို့သည် အပြစ်ကျူးလွန်သော ခိုးသူကိုဖမ်း၍ပြကုန်ရာ၏။”

“အရှင် ဤသူကား အပြစ်ကို ကျူးလွန်သောအရှင်၏ အုပ်စိုးရာနယ်မြေမှ ခိုးသူပါတည်း၊ ဤခိုးသူအားပေးထိုက်သောအပြစ်ဒဏ်ကိုပေးပါလော့ဟု ပြကုန်ရာ၏။”

“ထိုသူတို့ကို သင်သည် အချင်းတို့သို့ဖြစ်လျှင် ဤယောကျ်ားကို ခိုင်သောကြိုးဖြင့် မြဲမြံစွာ လက်ပြန်ကြိုးချည်၍ ခေါင်းတုံးရိတ်ပြီးလျှင် အသံပြင်းစွာ မည်သောစည်ဖြင့် ကြေညာလျက်၊ လမ်းမတခုမှ လမ်းမတခုသို့၊ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ခေါ်ဆောင်၍ တောင်တံခါးမှ ထွက်ပြီးလျှင် မြို့၏ တောင်ဘက်သူသတ်ကုန်းမှ ဦးခေါင်းကိုဖြတ်ကုန်လော့ဟု ဆိုရာ၏။”

“ထိုသူတို့သည် ကောင်းပါပြီဟု ဝန်ခံ၍ ထိုခိုးသူကို မြို့၏တောင်ဘက် သူသတ်ကုန်း၌ ထိုင်နေစေကုန်ရာ၏။

ထိုခိုးသူသည် သူသတ်တို့ကို အရှင်သူသတ်တို့ ဤမည်သောရွာနိဂုံး၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့

သည် ရှိကုန်၏၊ အကျွန်ုပ်သည် ထိုသူတို့အား မိမိကိုယ်ကိုရင်း သိမ်းထားသော ဥစ္စာကိုရင်း ပြ၍ ပြန်လာသည့် တိုင်အောင်၊ ဆိုင်းငံ့ပါကုန်ဦးလော့ဟုအခွင့်တောင်းသော် ရရာသလော။"

"ရှင်ကဿပ မရပါ၊ စင်စစ်သော်ကား ငိုကြွေးမြည်တမ်း စဉ်ပုင်လျှင် သူသတ်တို့သည် ထိုသူ၏ ဦးခေါင်းကို ဖြတ်ကုန်ရာ၏။"

"မင်းသား လူသားဖြစ်သော ထိုခိုးသူသည် လူသားဖြစ်သော သူသတ်တို့ကို မခွင့်တောင်း၍မရအံ့၊ ယင်းသို့ဖြစ်မူ သူ့အသက်ကို သတ်ခြင်း စသည်ပြုသော သင်၏ အဆွေခင်ပွန်း ပေါက်ဖော်တို့သည် ငရဲသို့ရောက်ကုန်သည်ရှိသော် ငရဲထိန်းတို့ကို အဘယ်မှာ အခွင့်တောင်း၍ ရရာအံ့နည်း။"

၃

"ရှင်ကဿပ ဤသို့ဆိုသော်လည်း ဤအရာ၌အကျွန်ုပ်၏အယူသည် ဤသို့ပင်ဖြစ်ပါ၏။"

"မင်းသား သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော။"

"အရှင်ကဿပအကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။"

"မင်းသား ထိုအကြောင်းကား အဘယ်နည်း။"

"ရှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ အဆွေခင်ပွန်း သားချင်းပေါက်ဖော်တို့သည် အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်

ကုန်၏၊ မပေးသောဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မဟုတ်မမှန်သောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကုံးချောစကားကို ပြောခြင်းမှ ရှောင်ကြဉ် ကုန်၏၊ ကြမ်းတမ်းသောစကားကို ပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ပြိန်ဖျင်းသောစကားကိုပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တပ်မက်မောခြင်း မများကုန်၊ ပျက်စီးစေလိုသောစိတ် မရှိကုန်၊ မှန်သောအယူရှိကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ ရောဂါနှိပ်စက်အပ်ကုန်၏၊ ဆင်းရဲခြင်းသို့ရောက်ကုန်၏၊ ပြင်းထန်စွာ နာမကျန်းရှိကုန်၏၊ ဤသူတို့သည် ဤရောဂါမှ ထလိမ့်မည် မဟုတ်ဟု သိသောအခါ ဒ ကျွန်ုပ်သည် ထိုသူတို့ထံကပ်၍ ဤသို့ပြောဆိုပါ၏။”

“အချင်းတို့ အချို့သော သမဏဗြာဟ္မဏတို့သည်ဤသို့ဆိုလေ့ရှိကုန်၏၊ ဤသို့ယူလေ့ရှိကုန်၏၊ သူ့အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ခြင်း စသည်ပြုသူတို့သည် ခန္ဓာကိုယ်ပျက်စီး၍သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်၏ဟု ယူလေ့ရှိကုန်၏။”

“အချင်းတို့သည်ကားသူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းပြု စသည်ပြုကုန်၏၊ ထိုအရှင်သမဏဗြာဟ္မဏတို့၏ စကားသည် အကယ်၍ မှန်အံ့၊ အချင်းတို့သည် ကိုယ်ခန္ဓာ ပျက်စီး၍သေပြီးသည်မှ နောက်၌ နတ်ပြည်သို့ ရောက်ကုန်လိမ့်မည်၊ နတ်ပြည်သို့ အကယ်၍ ရောက်ကုန်လျှင် ငါ့ထံလာ၍ ပြောကြပါကုန်လော့။”

“အချင်းတို့သည် ငါ၏ယုံကြည်လိုးစားထိုက်သူတို့ဖြစ်ကြကုန်

၏၊ အချင်းတို့ သိမြင်သောအရာသည် ငါကိုယ်တိုင်သိမြင်သော အရာဖြစ်လိမ့်မည်ဟု ပြောဆိုပါ၏။"

"ထိုသူတို့သည် ကောင်းပါပြီဟု အကျွန်ုပ်အား ဝန်ခံကြပြီး လျှင် လာ၍လည်း မပြောကြပါ၊ တမန်ကိုလည်း မစေလွှတ် ကြပါ။"

"မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အားပြောအံ့၊ ဤလော ကဌ် အချို့သော ပညာရှိတို့သည် ဥပမာဖြင့် ပြော ဆိုသောစကား ၏ အဓိပ္ပာယ်ကို သိကုန်၏၊ မြို့စားဥပမာသော်ကား ယော ကျ်ား တယောက်သည် မစင်တွင်း၌ နစ်မြုပ်လျက် ရှိရာ၏၊ ထိုအခါ သင်သည် မင်းချင်းယောကျ်ားတို့ကို ဤသို့လည်း စေခိုင်း ရာ၏။"

"အချင်းတို့ ထိုယော ကျ်ားကို ထိုမစင်တွင်းမှ ထုတ် ယူကုန် လော့၊ ထိုယောကျ်ား၏ ကိုယ်၌ ပေကျံနေသော မစင်ကို ဝါး ခြမ်းစိတ်ကိုဖြင့် ကော င်းစွာ သုတ် သင်ကုန်လော့၊ ထိုယော ကျ်ား ၏ ကိုယ်ကို မြေဖြူဖြင့် သုံးကြိမ်တိုင်အော င် ကောင်းစွာ ပွတ် တိုက် ကုန်လော့၊ ဆီဖြင့်သုတ်ပြန်၍ နူ ညံ့သော ကသယ်မှုန့်ဖြင့် သုံး ကြိမ်ကောင်းစွာ ဆေးကြော ကြင်းကို ပြုကုန်လော့၊ ဆံ မှုတ်ဆိတ်တို့ကို ပြုပြင်ကုန်လော့၊ အဖိုး ထိုက်သော နံ့သာကုန်းကို ၎င်း၊ နံ့သာ ပန်းကိုင်း၊ အဝတ်ကိုင်း ဆောင်နှင်းကုန် လော့၊ အချင်းတို့ ထိုယော ကျ်ားကို ပြာသာဒ်ထက်သို့တင်၍ ကာမ ဂုဏ်ငါးပါးတို့ကို အဆင်သင့် ရရှိရန် ထားကုန်လော့ဟု ဆိုရာ၏။

"မြို့စား ထိုစကားကိုအဘယ်သို့ ထင်သနည်း၊ ကောင်းစွာ ရေချိုးပြီးသော မြတ်သော ပြာသာဒ်ထက ၌ နေ ရ လျက် ကာမ

ဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံစွာ ခံစား၍နေရသော ထိုယောကျ်ားအား ထိုမစင်တွင်း၌ တဖန်နှစ်မြုပ်လိုသော ဆန္ဒ ရှိရာသေးသလော။"

"ရှင်ကဿပ ထိုသို့မဖြစ်ရာပါ၊ မစင်တွင်းသည် စက်ဆုပ်ဖွယ်လည်းဖြစ်၏၊ ရွံရှာဖွယ်လည်းဖြစ်၏။"

"မြို့စား ဤအတူသာ လူ့ငလူတို့သည် နတ်တို့၏ အားခြင်အနေ၌ ညစ်ညမ်းသည်လည်းဖြစ်၏၊ နံစော်သည်လည်းဖြစ်၏၊ စက်ဆုပ်ဖွယ်လည်း ဖြစ်၏၊ ရွံရှာဖွယ်လည်းဖြစ်၏၊ ယူဇနာ တရာကပင် လူတို့၏ အနံ့သည် နတ်တို့ကို နှိပ်စက်နိုင်၏၊ ယင်းသို့ဖြစ်၍ သင်၏ အဆွေခင်ပွန်းသားချင်း ပေါက်ဖေါ်တို့သည် နတ်ပြည်သို့ ရောက်ကုန်သည်ရှိသော် အဘယ်မှာ လာ၍ ပြောကြားကုန်အံ့နည်း။"

၄

"ရှင်ကဿပ ဤသို့ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏အယူသည် ဤသို့ပင်ဖြစ်ပါ၏။"

"မြို့စားသင်၏အယူဖြစ်ခြင်း၏အကြောင်း ရှိသေးသလော။"

"ရှင်ကဿပ အကျွန်ုပ်၏အယူ ဖြစ်ခြင်း၏ အကြောင်း ရှိပါသေး၏။"

"မြို့စားထိုအကြောင်းကား အဘယ်နည်း။"

"ရှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ အဆွေခင်ပွန်းသားချင်းပေါက်ဖေါ်တို့သည် အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်

ကုန်၏၊ မပေးသောဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ မဟုတ်မမှန်သော စကားကိုပြောခြင်းမှ ရှောင်ကြဉ်ကုန်၏၊ သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ ရောဂါနှိပ်စက်အပ်ကုန်၏၊ ဆင်းရဲခြင်းသို့ ရောက်ကုန်၏၊ ပြင်းထန်စွာ နာမကျန်းရှိကုန်၏၊ ဤသူတို့သည် ဤရောဂါမှ ထလိမ့်မည်မဟုတ်ဟု သိသောအခါ အကျွန်ုပ်သည် ထိုသူတို့ထံ ချဉ်းကပ်၍ "အချင်းတို့ ကိုယ်ခန္ဓာပျက်စီး၍သေပြီးသည်မှ နောက်၌ကောင်းသော လားရာနတ်ပြည်ဝယ် တာဝတိံသာ နတ်တို့၏အပေါင်းအသင်းအဖြစ်သို့ အကယ်၍ ရောက်ကုန်သော် ငါ့ထံလာ၍ ပြောကြကုန်လော့"ဟု ပြောဆိုပါသည်၊ ထိုသူတို့သည် ကောင်းပါပြီဟု အကျွန်ုပ်အား ဝန်ခံပြီးလျှင် လာ၍လည်းမပြောကြကုန်၊ တမန်ကိုလည်း မစေလွှတ်ကုန်။

"မြို့စား ဤလူ့ပြည်၌ အနှစ်တရာသည် တာဝတိံသာနတ်တို့၏ တနေ့တညဥ့်ဖြစ်၏၊ ထိုသို့သော နေ့ညဥ့် သုံးဆယ်သည် တလမည်၏။ ထိုသို့သော တဆယ့်နှစ်လသည် တနှစ် မည်၏၊ ထိုသို့သောနှစ်ဖြင့် နတ်ပြည်၌ဖြစ်သော အနှစ် တထောင်သည် တာဝတိံသာနတ်တို့၏ သက်တမ်းဖြစ်၏၊ သင်၏ အဆွေခင်ပွန်းသားချင်း ပေါက်ဖော်တို့သည် တာဝတိံသာ နတ်အဖြစ်သို့ ရောက်ကုန်သော် နတ်၌ဖြစ်သော ကာမဂုဏ် ငါးပါးတို့ဖြင့် ပြည့်စုံစွာ နှစ်ရက်သုံးရက် ခံစားဦးအံ့၊ ထို့နောက်မှငါ့တို့သည် ပါယာသိမြို့စားထံသွား၍ ပြောကြားကုန်အံ့ဟု ထိုသူတို့သည်လာ၍ ပြောကြားနိုင်ရာသလော။"

"ရှင်ကဿပ မပြောကြားနိုင်ကုန်ရာပါ၊ စင်စစ်အားဖြင့် အကျွန်ုပ်တို့သည် ကြားမြားစွာသော ခါကပင် သေပြီးဖြစ်ကုန်ရာပါ၏၊ သို့သော်လည်း တာဝတိံသာနတ်တို့သည် ရှိကုန်၏ဟုငြင်း၊ တာဝတိံသာ နတ်တို့သည် ဤသို့ အသက်ရှည်ကုန်၏ဟုငြင်း ဤအကြောင်းကို အရှင့်အား အဘယ်သူသည် ပြောကြားပါသနည်း၊ အရှင်၏ စကားကို အကျွန်ုပ်တို့ ယုံကြည်ပါကုန်။"

"မင်းကြီး ဥပမာသော်ကား ဝမ်းတွင်းကန်း သားယောကျာ်းသည် မည်းသော အဆင်း ဖြူသော အဆင်းတို့ကို မမြင်ရာ၊ ညိုသောအဆင်း၊ ရွှေသောအဆင်းတို့ကို မမြင်ရာ၊ နီသောအဆင်း မောင်းသောအဆင်းတို့ကို မမြင်ရာ၊ ညီညွတ်သောအရာ၊ မညီညွတ်သောအရာကို မမြင်ရာ၊ ကြယ်တာရာ အရောင်တို့ကို မမြင်ရာ၊ လ,နေ တို့ကိုမမြင်ရာ၊ ထိုဝမ်းတွင်းကန်းသည်မည်းသောအဆင်း ဖြူသောအဆင်းတို့သည် မရှိကုန် စသည်ဖြင့်ပြောဆိုရာ မှန်စွာဆိုသည် မည်ရာသလော။"

"အရှင်ကဿပ မှန်စွာဆိုသည် မမည်ရာပါ၊ မည်းသော အဆင်း ဖြူသော အဆင်းတို့သည် ရှိပါကုန်၏။"

"မင်းကြီး ဤအတူပင် ငါ့အား သင်ပြောသောစကားကြောင့် သင်သည် ဝမ်းတွင်းကန်းကဲ့သို့ ဖြစ်မည်မှာ ထင်ရှား၏၊ မင်းကြီး သင်ထင်သကဲ့သို့ ဤမံသစက္ခုဖြင့် တပါးသော လောကကို မြင်အပ်သည်ဟု မမှတ်အပ်၊ အကြင်သမဏဗြာဟ္မဏတို့သည် ရွာမှဝေးကွာသော ဆိတ်ငြိမ်ရာ တောကျောင်းတို့ကို မှီဝဲနေကုန်၏၊ မမေ့မလျော့ကုန်သည်ဖြစ်၍ ပြင်းထန်သော လုံ့လ ရှိကုန်သည်ဖြစ်၍ တည်ကြည်သောစိတ် ရှိကုန်သည် ဖြစ်၍ ထိုတော

ကျောင်း၌ နေကုန်သော ထိုသမဏဗြာဟ္မဏတို့သည် ဒိဗ္ဗစက္ခုအဘိညာဏ်ကို ကြည်လင်စေကုန်၏၊ ထိုသမဏဗြာဟ္မဏတို့သည် အထူးသဖြင့် ကြည်လင်သော လူတို့၏အမြင်ကိုလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ဤလောကကိုလည်း၊ တပါးသောလောကကိုလည်း သေ၍တဖန် ဖြစ်ပေါ်သော သတ္တဝါတို့ကိုလည်း မြင်ကုန်၏၊ မြို့စား ဤသို့လျှင် တပါးသော လောကကို မှတ်အပ်၏၊ သင်ထင်သကဲ့သို့ ဤမံသစက္ခုဖြင့် မြင်အပ်သည်ဟု မမှတ်အပ်။"

၇

"ရှင်ကဿပ ဤသို့ဆိုသော်လည်း ဤအရာ၌အကျွန်ုပ်၏ အယူသည် ဤသို့ပင်ဖြစ်ပါသည်။"

"မြို့စား သင်၏ အယူဖြစ်ခြင်း၏အကြောင်းသည် ရှိသေးသလော။"

"ရှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။"

"မြို့စား ထိုအကြောင်းကား အဘယ်နည်း။"

"အရှင်ကဿပ သီလရှိကုန်သော ကောင်းသော အကျင့်ရှိကုန်သော ဤသမဏ ဗြာဟ္မဏတို့သည် ငါတို့သေကုန်သော် ဤလောကထက် မွန်မြတ်သည် ဖြစ်လိမ့်မည်ဟု သိကုန်ငြားအံ့ ယခု ချက်ချင်း အဆိပ်ကိုမူလည်း စား၍ သေကုန်ရာ၏၊ ဓား လက်နက်ကိုလည်း ဆောင်ယူ၍ သတ်သေရာကုန်၏၊ ကြိုးဆွဲချ၍မူ

လည်း သေကုန်ရာ၏၊ ကမ်းပါးပြတ်ဥ္စမူလည်း ခုန်ချ၍သေကုန်ရာ၏၊ ငါတို့သေကုန်သော ဤလောကထက် မွန်မြတ်သည် ဖြစ်လိမ့်မည်ဟု မသိကုန်သောကြောင့် ထိုသမဏဗြာဟ္မဏတို့သည် အသက်ရှည်ရန် အလိုရှိကုန်၏၊ မသေရန် အလိုရှိကုန်၏၊ ချမ်းသာကို အလိုရှိကုန်၏၊ ဆင်းရဲကိုစက်ဆုတ်ကုန်၏၊ မိမိကိုယ်ကို မသတ်ကုန်။"

"မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အားပြောအံ့။"

"မြို့စား ရှေး၌ဖြစ်ဘူးသည်ကား၊ ပုဏ္ဏား တယောက်အား မယားနှစ်ယောက်ရှိ၏၊ တယောက်အား ဆယ်နှစ် ဆယ့်နှစ်နှစ် အရွယ် သားတယောက်ရှိ၏၊ တယောက်သည်ကား ကိုယ်ဝန် အရင့်အမာ သားဖွားခါနီးဖြစ်၏၊ ထိုအခါ ပုဏ္ဏားသည် သေလေ၏၊ ထိုပုဏ္ဏားသေသောအခါထိုပုဏ္ဏား၏သားလုလင်ငယ်သည် အမိ၏ရန်သူ မိထွေးအား "အမိ ဤဥစ္စာစပါး ရွှေငွေ အလုံးစုံသည် အကျွန်ုပ်၏ဥစ္စာသာတည်း၊ ဤဥစ္စာစု၌ သင်၏အဖို့ တစုံတခုမျှမရှိ၊ အမိအကျွန်ုပ်အား အဖ၏ အမွေအနှစ်ကို အပ်နှင်းပါလော"ဟုဆို၏။

ဤသို့ဆိုသော် ထိုမိထွေး ပုဏ္ဏေးမသည်ထို လုလင်ငယ်အား—

"အမောင်မွေးဖွားသည့်တိုင်အောင် ဆိုင်းငံ့ပါဦး၊ အကယ်၍ သတိုးသားမွေးဖွားသည်ဖြစ်အံ့၊အချို့အဝက်သည် ထိုသတိုးသား၏အဖို့ အစုလည်းဖြစ်လိမ့်မည်၊ အကယ်၍ သတိုးသမီးမွေးဖွားသည်ဖြစ်အံ့ ထိုသတိုးသမီးသည်လည်းသင်၏ အလုပ်အကျွေးဖြစ်လိမ့်မည်ဟုဆို၏။"

နှစ်ကြိမ်မြောက်လည်း ထိုလုလင်ငယ်သည် အမိ၏ ရန်သူ မိထွေးအား ဤစကားကိုဆို၏၊

နှစ်ကြိမ်မြောက်လည်း ထိုမိထွေး ပုဏ္ဏားမသည် ထိုလုလင်ငယ်အားဤစကားကိုဆို၏။

သုံးကြိမ်မြောက်လည်း ထိုလုလင်ငယ်သည် အမိ၏ရန်သူ မိထွေးအား ဤစကားကိုဆို၏။”

ထိုအခါ ပုဏ္ဏားမသည် ဓားလက်နက်ကိုယူ၍ တိုက်ခန်းသို့ ဝင်ပြီးလျှင်သတိုးသားဖြစ်စေ သတိုးသမီးဖြစ်စေ မွေးဖွားစေခြင်းငှာ ဝမ်းကိုခွဲလေ၏၊ ထိုပုဏ္ဏားမသည် မိမိကိုယ်ကိုရင်း၊ အသက်ကိုရင်း အလုံးစုံသော ဥစ္စာနှစ်ကိုရင်း ဖျက်ဆီး၏၊ မိုက်သော မလိမ္မာသော ပုဏ္ဏားမသည် အဆင်ခြင်ကင်းမဲ့စွာ အမွေအနှစ်ကို ရှာသည်ဖြစ်၍ပျက်စီးခြင်းသို့ ရောက်ဘိသကဲ့သို့ သီလရှိကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် မရင့်ကျက်သေးသည်ကို ရင့်ကျက်အောင် မပြုကုန်၊ စင်စစ်သော်ကားရင့်ကျက်သော အခါကို ဆိုင်းငံ့ကုန်၏၊ အဓွန့်ရှည်စွာတည်နေသည့် အလျောက် များစွာသောကုသိုလ်ကောင်းမှုကို တိုးပွားစေကုန်၏၊ လူတို့၏ပွားစီးရန်လည်းကျင့်ကုန်၏၊ လူတို့၏ချမ်းသာရန်လည်းကျင့်ကုန်၏၊ သတ္တလောကကိုသနားသောကြောင့် နတ်လူတို့၏အကျိုးများရန် ပွားစီးရန် ချမ်းသာရန်ကျင့်ကုန်၏။

၆

"ရှင်ကဿပ ဤသို့ ဆိုသော်လည်း ဤအရာ၌အကျွန်ုပ်၏ အယူသည် ဤသို့ပင်ဖြစ်ပါ၏။"

"မင်းကြီး သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည်ရှိသေးသလော။"

"ရှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်းအကြောင်းသည် ရှိပါသေး၏။"

"မင်းကြီး ထိုအကြောင်းကား အဘယ်နည်း။"

"ရှင်ကဿပ ဤလောက၌အကျွန်ုပ်၏မင်းချင်းယောကျ်ားတို့သည် အပြစ်ကျူးလွန်သော ခိုးသူကို ဖမ်း၍ ပြပါကုန်၏၊ ထိုအခါ အကျွန်ုပ်က အချင်းတို့ ဤယောကျ်ားကို အသက်ရှင်စဉ်ပင် အိုး၌ထည့်၍ အိုးဝကိုပိတ်ပြီးလျှင် စိုစွတ်သောသားရေဖြင့်ကျက်၍ စိုစွတ်သောမြေဖြင့် ထူစွာ လိမ်းကြံပြီး သော ခုံလောက်ပေါ်သို့တင်လျက် မီးတိုက်ကုန်လော့ဟုဆိုပါ၏။"

"အကျွန်ုပ်သည်ထိုယောကျ်ားသေပြီဟုသိသောအခါ ထိုအိုးကို ခုံလောက်မှချ၍ လိမ်းကြံသော မြေကို ခွာလျက် အိုးဝကို ဖြေးညှင်းစွာဖွင့်ပြီးလျှင် ထိုခိုးသူ၏ ထွက်သွားသော အသက်ကိုမြင်ကောင်း မြင်ကုန်ရာ၏ဟု ကြည့်ပါကုန်၏၊ သို့ကြည့်ကြရာ ထိုခိုးသူ၏ ထွက်သွားသော အသက်ကို အကျွန်ုပ်တို့သည် မမြင်ရပါကုန်၏။"

"မင်းကြီး သင်နေ့အချိန်၌ အပန်းဖြေအိပ်စက်သော ...
အာရာမ်၏မွေ့လျော်ဖွယ်, ဥယျာဉ်၏မွေ့လျော်ဖွယ်, မြေ၏မွေ့...

လျှော်ဖွယ့်ရေကန်၏ မွေ့လျော်ဖွယ်တို့ကို အိပ်မက်၌ မြင်မက်ဘူးသည်ကို မှတ်မိပါသလော။"

"ရှင်ကဿပ မှတ်မိပါ၏။"

"မြိုစား ထိုအိပ်မက်စဉ်အခါ မောင်းမတို့သည် သင့်ကို စောင့်နေကုန်သလော"

"ရှင်ကဿပ စောင့်နေကြပါကုန်၏။"

"မြိုစား ထိုမောင်းမတို့သည် သင်၏ အသက် ဝင်သည် ထွက်သည်ကို မြင်ကုန်သလော။"

"အရှင် ကဿပ မမြင်ကြပါကုန်။"

"မြိုစား အသက်ရှင်လျက် ရှိကုန်သော ထိုမောင်းမတို့သည် အသက်ရှင်လျက်ရှိသော သင်၏အသက် ဝင်သည် ထွက်သည်ကိုမမြင်ရမူ သင်သည် သေသောသူ၏ အသက် ဝင်သည် ထွက်သည်ကို အဘယ်မှာမြင်ပါအံ့နည်း။"

၇

"အရှင်ကဿပ ဤသို့ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏အယူသည် ဤသို့ပင်ဖြစ်ပါသည်။"

"မြိုစား သင်၏အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော။"

"ရှင်ကဿပ အကျွန်ုပ်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။"

"မြို့စား ထိုအကြောင်းကား အဘယ်နည်း။"

"ရှင်ကဿပ ဤလောက၌ အကျွန်ုပ်၏မင်းချင်းယောကျ်ား တို့သည် အပြစ်ကျူးလွန်သော ခိုးသူကိုဖမ်းရှိပြကုန်၏၊ထိုအခါ အကျွန်ုပ်က 'အချင်းတို့ ဤယောကျ်ားကို အသက်ရှင်စဉ်ပင် စဉ်းချိန်ဖြင့် ချိန်စက်လျက် ထွက်သက်မရှိအောင် လေးကြိုးဖြင့် လည်၌ညှစ်၍ သတ်ပြီးလျှင် တဖန် စဉ်းချိန်ဖြင့် ချိန်စက်ကုန် လော့'ဟု ဆိုပါ၏။

"ထိုမင်းချင်းယောကျ်ားတို့သည် ထိုခိုးသူကိုထိုကဲ့သို့သတ်ပြီး လျှင် တဖန် စဉ်းချိန်ဖြင့် ချိန်စက်ပါကုန်၏၊ ထိုယောကျ်ား သည် အသက်ရှင်စဉ်အခါ၌ ပို၍ ပေါ့လည်းပေါ့၏၊ ပျော့ ပျောင်းလည်း ပျော့ပျောင်း၏၊ အပြုအပြင်လည်း ခံ၏၊ သေ သည့်အခါ၌ ပို၍လေးလည်းလေး၏၊ ခက်မာလည်း ခက်မာ ၏၊ အပြုအပြင်လည်းမခံ။"

"မြို့စား ဥပမာအားဖြင့် ယောကျ်ားတယောက်သည် တ နေ့ပတ်လုံး ပူလောင်သော ရဲရဲညီသော ပြောင်ပြောင်တောက် သော အလျှံနှင့်တကွသော သံတွေခဲကို စဉ်း ချိန် ဖြင့် ချိန် စက်ရာ၏၊ နောင်အခါ အေးပြီးသော အခိုးငြိမ်းပြီးသောထိုသံ တွေ ခဲကို စဉ်း ချိန်ဖြင့် သဖန် ချိန်စက် ပြန်ရာ၏၊ ဘယ်အခါ မှာ ထိုသံတွေခဲတွေသည် ပို၍ ပေါ့လည်း ပေါ့သနည်း၊ ပျော့ ပျောင်းလည်း ပျော့ပျောင်းသနည်း၊ အပြုအပြင်လည်း ခံသ နည်း၊ ရဲရဲညီသော ပြောင်ပြောင်တောက်သော အလျှံနှင့် တကွဖြစ်သောအခါ၌လော၊ သို့မဟုတ် အေးပြီးသောအခိုး ငြိမ်း ပြီးသောအခါလော။"

"ရှင်ကဿပထိုသံတွေခဲ့သည် အပူဓာတ် လေဓာတ်နှင့်ပေါင်းဆုံမိ၍ ရဲရဲညီးသော ပြောင်ပြောင်တောက်သော အလျှံနှင့်တကွဖြစ်သောအခါ ပို၍ ပေါ့လည်းပေါ့၏၊ ပျော့ပျောင်းလည်း ပျော့ပျောင်း၏၊ အပြုအပြင်လည်းခံ၏၊ ထိုသံတွေခဲသည် အပူဓာတ်, လေဓာတ်ကင်းကွာ၍ အေးသော အခိုးငြိမ်းသော အခါ၌ကား ပို၍လေးလည်းလေး၏၊ ခက်မာလည်း ခက်မာ၏၊ အပြုအပြင်လည်းမခံပါ။"

"မှူးစား ဤအတူပင်ဤကိုယ်သည်အသက်, ကိုယ်ငွေ့, ဝိဉာဏ်တို့နှင့် ပေါင်းဆုံမိသောအခါ ပို၍ ပေါ့လည်းပေါ့၏၊ ပျော့ပြောင်းလည်း ပျော့ပျောင်း၏၊ အပြုအပြင်လည်းခံ၏၊ ဤကိုယ်သည်အသက်, ကိုယ်ငွေ့, ဝိဉာဏ်တို့နှင့် ကင်းကွာသော အခါ၌ကား ပို၍လေးလည်း လေး၏၊ ခက်လည်း ခက်မာ၏၊ အပြုအပြင်လည်းမခံ။"

၈

"ရှင်ကဿပ ဤသို့ဆိုသော်လည်း ဤအရာ၌ အကျွန်ုပ်၏အယူသည် ဤသို့ပင်ဖြစ်ပါ၏။"

"မှူးစား သင်၏ အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိသေးသလော။"

"ရှင်ကဿပ အကျွန်ုပ်၏အယူဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏။"

"မှူးစား ထိုအကြောင်းကား အဘယ်နည်း။"

"ရှင်ကဿပ ဤလောက၌ အကျွန်ုပ်၏ မင်းချင်းယောကျ်ားတို့သည် အပြစ်ကျူးလွန်သော ခိုးသူကိုဖမ်း၍ပြကုန်၏၊ ထိုအခါ အကျွန်ုပ်က အချင်းတို့ ဤယောကျ်ားကို အရေပါး၊ အရေထူ အသား၊ အကြော၊ အရိုး၊ ရိုးတွင်း ချဉ်ဆီကို မပျက်စီးစေမူ၍ သတ်ကုန်လော့၊ ထိုသူ၏ အသက်ထွက်သည်ကို မြင်ကောင်းမြင်ရာ၏ဟုဆိုပါ၏၊ ထိုမင်းချင်းယောကျ်ားတို့သည် ထိုယောကျ်ားကို ပက်လက်ချထားကုန်၏၊ အကျွန်ုပ်တို့သည် ထိုသူ၏အသက် ထွက်သည်ကို မမြင်ကြရပါကုန်။"

"ထိုအခါ အကျွန်ုပ်သည် မင်းချင်းတို့အား အချင်းတို့ သို့ဖြစ်လျှင် ဤခိုးသူယောကျ်ားကို မှောက်ခုံချထားကုန်လော့၊ တဖက်သို့စောင်း၍ ချထားကုန်လော့၊ အခြားတဖက်သို့စောင်း၍ ချထားကုန်လော့၊ မတ်ရပ်ထောင်၍ ထားကုန်လော့၊ ဦးစောက်ပြောင်းပြန်ထားကုန်လော့၊ လက်ဖြင့်ပုတ်ကုန်လော့၊ ခဲဖြင့် ထုကုန်လော့၊ တုတ်ဖြင့်ရိုက်ကုန်လော့၊ ဓားဖြင့်ခုတ်ကုန်လော့၊ ဤမှာဘက်မှ ပြုကုန်လော့၊ ထိုမှာဖက်မှ ပြုကုန်လော့၊ ဤဘက်ထိုဘက် အပြန်ပြန်အလှန်လှန်ပြုကုန်လော့၊ ငါတို့သည် ထိုသူ၏ အသက်ထွက်သည်ကို မမြင်ကြရပါကုန်။"

"ထိုသူအားထိုမျက်စိ ထိုရူပါရုံတို့ပင် ရှိလျက် ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုမျက်စိဖြင့် ရူပါရုံကို မခံစားပါ၊ ထိုနား ထိုသဒ္ဒါရုံတို့ပင်ရှိလျက် ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုနားဖြင့် ထိုသဒ္ဒါရုံကို မခံစားပါ၊ ထိုနှာခေါင်း ထိုဂန္ဓာရုံတို့ပင်ရှိလျက် ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုနှာခေါင်းဖြင့် ထိုဂန္ဓာရုံကို မခံစားပါ၊ ထိုလျှာ၊ ထိုရသာရုံတို့ပင်ရှိလျက်ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုလျှာ

ဖြင့် ထိုရသာရုံကို မခံစားပါ၊ ထိုကိုယ် ထိုဖောဋ္ဌဗ္ဗာရုံတို့ ပင် ရှိလျက်ဖြစ်ပါကုန်၏၊ သို့ရာတွင် ထိုကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို မခံစားပါ။"

"မြို့စား ရှေး၌ ဖြစ်ခဲ့ဘူးသည်ကား ခရုသင်းမှုတ်သော ယောကျ်ားတယောက်သည် ခရုသင်းကိုယူ၍ တိုင်းစွန်ပြည်ဖျား ကျေးလက်တခုသို့ သွားလေ၏၊ ထိုသူသည် ရွာတရွာသို့ ချဉ်း ကပ်၍ ရွာ၏အလယ်၌ရပ်လျက် ခရုသင်းကို သုံးကြိမ်မှုတ်ပြီးလျှင် ခရုသင်းကို မြေ၌ချထား၍ သင့်လျော်သောအရပ်၌ ထိုင်နေ၏။ ထိုအခါကျေးလက်သားတို့သည်ခရုသင်းမှုတ်သောယောကျ်ား ကို အချင်း ဤသို့တပ်မက်ဖွယ်ဖြစ်သော နှစ်သက်ဖွယ်ဖြစ်သော ယစ်မူးဖွယ်ဖြစ်သောငြိတွယ်ဖွယ်ဖြစ်သော၊ မိန်းမောဘွယ်ဖြစ် သော ဤအသံသည် အဘယ်အရာ၏ အသံပါနည်းဟု မေးကုန် ၏။"

"အချင်းတို့ ဤအရာသည် ခရုသင်း မည်၏၊ ဤအသံသည် ယင်း ခရုသင်း၏ အသံတည်းဟုဆို၏။"

ထိုကျေးလက်သားတို့သည် ထိုခရုသင်းကို ပက်လက်ချထား ကုန်၍ ခရုသင်း မည်လော့ ခရုသင်း မည်လော့ ဟု ဆိုကြကုန် ၏၊ ထိုခရုသင်းသည် အသံ မမြည်သည်သာတည်း။

ထိုကျေးလက်သားတို့သည် ထိုခရုသင်းကို မှောက်ခုံ ထား ကုန်၏၊ တဖက်သို့စောင်း၍ ချထားကုန်၏၊ အခြား တဖက်သို့ စောင်း၍ထားကုန်၏၊ မတ်ရပ်ထောင်၍ထားကုန်၏၊ ဦးစောက် ပြောင်းပြန် ထားကုန်၏၊ လက်ဖြင့် ပုတ်ကုန်၏၊ ခဲဖြင့်ထုကုန်၏၊ ဒုတ်ဖြင့် ရိုက်ကုန်၏၊ ဓားဖြင့် ခုတ်ကုန်၏၊ ဤမှာဘက်မှ ပြုကုန်

၏၊ထိုမှာဘက်မှ ပြုကုန်၏၊ဤဘက်ထိုဘက် အပြန်ပြန်အလှန်လှန် ပြုကုန်၏၊ ခရုသင်းမည်လော့ ခရုသင်းမည်လော့ ဟု ဆိုကုန်၏၊ ထိုခရုသင်းသည် အသံမမည်သည်သာတည်း။

ထိုအခါ ခရုသင်းမှုတ်သော ယောကျ်ားအား ဤကျေးလက်သားတို့သည် ဤမျှလောက် မိုက်ကျကုန်စွတရား၊ ခရုသင်းသံကို အဆင်ခြင်ကင်းမဲ့စွာ အဘယ့်ကြောင့် ရှာကုန်ဘိသနည်းဟု ထိုကျေးလက်သားတို့ကြည့်နေစဉ် ခရုသင်းကို ကိုင်၍ သုံးကြိမ်မှုတ်ပြီးလျှင် ခရုသင်းကိုယူ၍ ဖယ်သွားလေ၏၊

ထိုအခါ ကျေးလက်သားတို့အား အချင်းတို့ ဤခရုသင်းမည်သည်ကား မှုတ်သောယောကျ်ား, မှုတ်ခြင်းလုံ့လ, မှုတ်အပ်သောလေနှင့် ပေါင်းဆုံမိသောအခါ အသံမည်၏၊ အချင်းတို့ ဤခရုသင်း မည်သည်ကား မှုတ်သော ယောကျ်ား, မှုတ်ခြင်းလုံ့လ, မှုတ်အပ်သော လေတို့နှင့် ကင်းကွာသောအခါ အသံမမည်ဟု ပြောပြ၏။

မြို့စား ဤအတူ ဤကိုယ်သည် အသက်,ကိုယ်ငွေ့,ဝိညာဏ်တို့နှင့် ပေါင်းဆုံမိသောအခါ ရှေ့သို့လည်းတက်၏၊ နောက်သို့လည်း ဆုတ်၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်းထိုင်၏၊ အိပ်လည်း အိပ်၏၊ မြင်၏၊ ကြား၏၊ နမ်း၏၊ လျှက်၏၊ တွေ့ထိ၏၊ သိ၏၊ အသက်, ကိုယ်ငွေ့, ဝိညာဏ်တို့နှင့် ကင်းကွာသောအခါ ရှေ့သို့မတက်၊ နောက်သို့မဆုတ်၊ မရပ်၊ မထိုင်၊ မအိပ်၊ မမြင်၊ မကြား၊ မနမ်း၊ မလျှက်၊ မတွေ့ထိ၊ မသိသည်သာတည်း။

၉

"ရှင်ကဿပ ဤသို့ဆိုသော်လည်း ဤနေရာ၌ အကျွန်ုပ်၏ အယူသည် ဤသို့ပင် ဖြစ်ပါသည်။"

"မှူးစား သင်၏အယူ ဖြစ်ခြင်း၏အကြောင်းသည် ရှိသေးသလော။"

"ရှင်ကဿပ အကျွန်ုပ်၏အယူ ဖြစ်ခြင်း၏ အကြောင်းသည် ရှိပါသေး၏"

"မှူးစား ထိုအကြောင်းကား အဘယ်နည်း။"

"ရှင်ကဿပ ဤလောက၌အကျွန်ုပ်၏ မင်းချင်းယောကျ်ားတို့သည် အပြစ်ကိုကျူးလွန်သော ခိုးသူကိုဖမ်း၍ ပြပါကုန်၏၊ ထိုအခါ အကျွန်ုပ်က အချင်းတို့ သို့ဖြစ်ပါလျှင် ဤ ခိုး သူ၏ အရေကို ခွာကြကုန်လော့၊ အသားကို လှီးကြကုန်လော့၊ အကြောကို ဖြတ်ကြကုန်လော့၊ အရိုးကို ပိုင်းကြကုန်လော့၊ ရိုးတွင်းချဉ်ဆီကို ထုတ်ကြကုန်လော့၊ ထို ခိုးသူ၏ အသက်ကို မြင်ရကောင်း မြင်ရတန်ပါ၏ဟု ဆိုရာ၏၊ သို့ရာတွင် အကျွန်ုပ်တို့သည် ထိုခိုးသူ၏အသက်ကို မမြင်ကြရပါကုန်။"

"မှူးစား ရှေး၌ဖြစ်ဘူးသည်ကား ဥပမာကို လုပ်ကျေးသော ရသေ့တယောက်သည် တောကြီးအတွင်း သစ်ရွက်မိုးကျောင်း၌ နေ၏၊ ထိုအခါ လှည်းအုပ်တအုပ်သည် ထိုရသေ့၏ သခ်ျင်းကျောင်းအနီး၌ တညဉ့်မျှ တည်းခို သွားလေ၏၊ ထို့ နောက် ရသေ့သည် စောစောထပြီးလျှင် ထိုလှည်းစခန်း ချရာသို့ ချဉ်း

ကပ်လေရာ နူနယ်သော ပဏ်လက်အိပ် တတ် ခါမျှ ဖြစ် သော သူငယ်ကလေးကိုတွေ့မြင်ရ၍ ကျောင်းသို့ယူဆောင်ကာ အသက်ရှည်စေ၏၊ မွေးမြူ၏၊ ကြီးပွားစေ၏၊ ထိုသူငယ် ဆယ်နှစ်၊ ဆယ့်နှစ်နှစ် အရွယ်သို့ ရောက်သောအခါ ထိုရသေ့အား ဇနပုဒ်၌ တစုံတခုသော ပြုဘွယ်ကိစ္စဖြစ်ပေါ်လ ၍ ထိုသူငယ်အား- "ချစ်သား ငါသည် ဇနပုဒ်သို့သွားလို၏၊ သင် သည် မီးကို လုပ်ကျွေးရစ်လော့၊ မငြိမ်းစေလင့်၊ အကယ်၍ မီးငြိမ်း ခဲ့အံ့၊ ဤကား ပဲခွပ်တည်း၊ ဤကား ထင်းတို့တည်း၊ ဤကား မီးပွတ်အစုံတည်း၊ မီးကိုဖြစ်စေ၍ မီးကိုလုပ်ကျွေးရစ်လော့"-ဟု ဆိုလေ၏။

ထို့နောက် ရသေ့သည် ဇနပုဒ်သို့သွားလေ၏၊ ထိုသူငယ်သည် ကစားမြူးတူး၍နေစဉ်ပင် မီးငြိမ်းလေ၏၊ ထိုအခါ ထိုသူငယ်သည် မီးကို ရကောင်းရတန်ရာ၏ဟု စဉ်းစားလျက် မီးပွတ်အစုံကို ပဲခွပ်ဖြင့် ရွေ၏၊ မီးကို မရသည်သာလျှင်တည်း၊ မီးပွတ်အစုံကို နှစ်စိတ်၊ သုံးစိတ်ခွဲ၏၊ လေးစိတ် ငါးစိတ်ခွဲ၏၊ အစိတ်စိတ်ပြု၍ ဆုံ၌ထောင်း၏၊ မီးကိုမရသည်သာတည်း။

ထိုအခါ ရသေ့သည် ဇနပုဒ်၌ ပြုဘွယ်ကိစ္စ ပြီးဆုံး၍ မိမိ သခ်ိန်းကျောင်းသို့ ချဉ်းကပ်ပြီးလျှင် သူငယ်အား- "ချစ်သား အသို့နည်း၊ သင့်အား မီးမငြိမ်းဘဲ ရှိပါ၏လော" ဟု ဆို၏။

"ဖခင် ဤအရပ်၌ အကျွန်ုပ် ကစားမြူးတူး၍နေစဉ် မီးသည် ငြိမ်းခဲ့ပါ၏၊ ထိုအခါ ကျွန်ုပ်သည် မီးကို ရကောင်းရတန်ရာ၏ ဟု မီးပွတ်အစုံကို အစိတ်စိတ်ပြု၍ ဆုံ၌ထောင်းပါ

၏၊ ထောင်း၍ ပြင်းစွာသော လေ၌ကြဲလွှင့်ပါ၏၊ အကျွန်ုပ်သည် မီးကို မရပါ ဟု ဆို၏၊

ထိုအခါ ရသေ့သည် ထိုသူငယ် ကြည့် နေ စဉ် ပင် လျှင် မီးပွတ်အစုံကိုယူ၍ မီးကိုဖြစ်စေလျက် - "ချစ် သား မီး ကို ဤသို့သာ ဖြစ်စေအပ်၏၊ မိုက်သော မလိမ္မာသော သင်သည် အဆင်ခြင် ကင်းမဲ့စွာ မီးကိုရှာသကဲ့သို့ ပညာရှိသော လိမ္မာသော သူသည် မရှာသည်သာတည်း" ဟု ပြောဆိုသည်။

"မြို့စား ဤအတူ မိုက်သော မလိမ္မာသော သင်သည် အဆင်ခြင် ကင်းမဲ့စွာ တမလွန်သော လောကကို ရှာဘိ၏။"

## ၁၀

"ရှင်ကဿပ ဤသို့ဆိုသော်လည်း အကျွန်ုပ်သည် ဤအယူကို စွန့်လွှတ်ခြင်းငှာ မတတ်နိုင်ပါ၊ အရှင်၏စကားကို ချေပသောအားဖြင့်ထိုအယူကို ယူမြဲယူရပါဦးမည်။"

"မြို့စား ဤသို့ဆိုလျှင် ဥပမာပြု၍သင့်အားပြောအံ့။"

"မြို့စား ရှေး၌ဖြစ်ဘူးသည်ကား လှည်းတထောင်ပါသော လှည်းအုပ်ကြီးတအုပ်သည် အရှေ့နိုင်ငံမှ အနောက်နိုင်ငံသို့ သွား၏၊ ရောက်ရာအရပ်၌ မြက်, ထင်း, ရေနှင့် စိမ်းစိုသော သစ်ရွက်တို့သည် လျင်မြန်စွာကုန်၏၊ ထိုလှည်းအုပ်ကြီး၌ ငါးရာ ငါးရာသော လှည်းတို့၏ အကြီးအမှူး ဖြစ်သော လှည်း မှူး နှစ်ယောက်တို့ ပါရှိကုန်၏၊ ထိုအခါ ထိုလှည်းမှူးကြီးတို့အား- ဤလှည်းအုပ်သည် တထောင် အရေအတွက်ရှိ၏၊ ငါတို့ရောက်

လေရာ အရပ်၌ မြက်, ထင်း, ရေနှင့် စိမ်းစိုသောအရွက်တို့သည် လျှင်မြန်စွာကုန်၏၊ ငါတို့သည် လှည်းအုပ်ကြီးကို တအုပ်လျှင် လှည်းငါးရာ ငါးရာစီ နှစ်အုပ်ခွဲရမူ ကောင်းလေစွဟု အကြံ ဖြစ်၏။”

ထို့နောက် ထိုလှည်းမှူးတို့သည် ထိုလှည်းအုပ်ကြီးကို တအုပ် လျှင် လှည်းငါးရာ ငါးရာစီ နှစ်အုပ်ခွဲလေကုန်၏၊ တယောက် သော လှည်းမှူးသည် များစွာသော မြက်,ထင်း,ရေတို့ကို တင် ၍ လှည်းအုပ်ကို မောင်းနှင်စေ၏၊ နှစ်ရက် သုံးရက် နှင်မိသော် ထိုလှည်းမှူးသည် နီသော မျက်စိရှိသော လေး, မြား, တောင့် ကို လွယ်သော ကြာပန်းကိုပန်သော စိုသော အဝတ် ရှိသော စိုသော ဆံပင်ရှိသော မည်းနက်သော ယောကျ်ားကို ညွန့်တို့ ဖြင့် လိမ်းကပ်သော လှည်းဘီးရှိသော ကောင်းသော ရထား ဖြင့် ခရီးခင်ဆိုင် လာနေသည်ကိုမြင်၏၊ မြင်သော်– “အချင်း ဘယ်အရပ်က လာခဲ့သနည်း”-ဟု မေး၏။

“ဤအမည်ရှိသော အရပ်မှလာခဲ့ပါသည်။”

“ဘယ်အရပ်သို့သွားအံ့နည်း။”

“ဤမည်သောအရပ်ကိုသွားပါအံ့။”

“အချင်းတို့ အသို့ပါနည်း ရှေ့ခရီး၌ မိုးကြီးသည်းထန်စွာ ရွာသွန်းပါသလော။”

“အရှင် မှန်ပါ၏၊ ရှေ့ခရီး၌ မိုးကြီး သည်းထန်စွာ ရွာပါ ၏၊ ခရီးလမ်းတို့သည် မိုးရေဖြင့် သွန်းဖျန်းထားအပ်ကုန်၏၊ မြက် ထင်း,ရေသည်လည်း ပေါများပါ၏၊ အရှင်တို့ အဟောင်းဖြစ် သော မြက်,ထင်း,ရေတို့ကို စွန့်ပစ်ပါကုန်လော့၊ ဝန်ပေါ့

လှည်းတို့ဖြင့် လျှင်လျှင်မြန်မြန် သွားပါကုန်လော့၊ နွားတို့ကို မပင်ပန်းပါစေကုန်နှင့်။"

ထိုအခါ လှည်းမှူးသည် လှည်းသားတို့အား—

"အချင်းတို့ အဟောင်းဖြစ်သောမြက်တို့ကိုစွန့်ပစ်ကုန်လော့ ပေါ့သော လှည်းတို့ဖြင့် လှည်းတို့ကို မောင်းနှင်ကုန်လော့" ဟု ပြောကြား၏။

"အရှင် ကောင်းပါပြီဟု ထိုလှည်းသားတို့သည် ဝန်ခံကြပြီးလျှင် အဟောင်းဖြစ်သော မြက်, ထင်း, ရေတို့ကို စွန့်ပစ်ကုန်၍ ဝန်ပေါ့လှည်းတို့ဖြင့် လှည်းကို မောင်းနှင်ကုန်၏။"

ထိုလှည်းသားတို့သည် ပထမလှည်းစခန်းချရာ၌လည်း မြက်, ထင်း, ရေတို့ကို မတွေ့မမြင်ရကုန်၊ ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမ ဆဋ္ဌ, သတ္တမလှည်းစခန်းချရာ၌လည်း မတွေ့မြင်ရကုန်၊ အလုံးစုံသောသူတို့သည် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်၏၊ ထိုလှည်းအုပ်၌ပါသော အလုံးစုံသော လူ, နွားတို့ကို လူယောင်ဆောင်သော ဘီလူးတို့သည် စားလေ၏၊ အရိုးတို့သာလျှင်ကြွင်းကျန်၏။

ဒုတိယလှည်းမှူးသည် ထိုလှည်းမှူးထွက်သွားသည်မှာ ကြာလေပြီဟု သိသောအခါ များစွာသော မြက်, ထင်း, ရေ တို့ကို တင်၍ လှည်းအုပ်ကို မောင်းနှင်စေ၏၊ နှစ်ရက် သုံးရက်မောင်းနှင်မိသော် ထိုအတူဘီလူးသည် လူယောင်ဆောင်၍—

"အချင်းတို့ အဟောင်းဖြစ်သော မြက်, ထင်း, ရေတို့ကို စွန့်ပစ်ပါ ... "စသဖြင့်တိုက်တွန်း၏၊

"ထို ... လှည်းမှူးသည် လှည်းသားတို့အား—"

"အချင်းတို့ ဤယောက်ျားသည် ငါတို့၏ မိတ်ဆွေလည်း မဟုတ်၊ သားချင်းပေါက်ဖော်လည်းမဟုတ်၊ အဘယ့်ကြောင့် ငါတို့သည် ဤသူ့အားယုံကြည်၍ သွားကုန်အံ့နည်း၊ ပစ္စည်းဟောင်းတို့ကို မစွန့်ပစ်ကုန်အံ့" ဟု ပြောကြား၏။

"အရှင် ကောင်းပါပြီ"ဟု ထိုလှည်းသားတို့သည် ဝန်ခံ၍ တင်ခဲ့တိုင်းသော ပစ္စည်းဘဏ္ဍာဖြင့်သာ လှည်းအုပ်ကို မောင်းနှင်ကုန်၏။

ထိုလှည်းသားတို့သည် ပထမလှည်းစခန်းချရာ၌လည်းမြက်၊ ထင်း၊ ရေတို့ကို မတွေ့မြင်ရကုန်၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ ဆဋ္ဌ၊ သတ္တမ လှည်းစခန်းချရာ၌လည်း မတွေ့မြင်ရကုန်၊ ပျက်စီးခြင်းသို့ရောက်နေသော ထိုလှည်းအုပ်ကိုသာ တွေ့မြင်ရကုန်၏။

"မြို့စား ဤအတူ မိုက်သော မလိမ္မာသော သင်သည် အဆင်ခြင်ကင်းမဲ့စွာ တမ်းသော လောကကိုရှာသော် ထိုရှေးဖြစ်သော လှည်းမှူးကဲ့သို့ ကြီးစွာသောပျက်စီးခြင်းသို့ ရောက်လိမ့်မည်၊

၁၁

"ရှင်ကဿပ ဤသို့ဆိုသော်လည်း အကျွန်ုပ်သည် ဤအယူကို စွန့်လွှတ်ခြင်းငှာ မတတ်နိုင်ပါ၊ အရှင်၏စကားကို ခြေပသောအားဖြင့်လည်း ထိုအယူကို ယူမြဲယူရပါဦးမည်၊ အရှင့်ကို တုပြိုင်သောအားဖြင့်သည်း ထိုအယူကို ယူမြဲ ယူရပါဦးမည်။"

"မြို့စား သို့ဖြစ်လျှင် ဥပမာပြု၍ သင့်အားပြောအံ့။"

"မြို့စား ရှေး၌ဖြစ်ဘူးသည်ကား စက်မွေးသောယောက်ျား တယောက်သည် မိမိရွာမှတပါးသောရွာသို့သွား၏၊ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ကြင်ကြီးခြောက်ကို မြင်လေရာ ထိုယောက်ျားသည် အပေါ်ရုံကိုဖြန့်၍ များစွာသော ကြင်ကြီး ခြောက်တို့ကို ထည့်ပြီးလျှင် အထုပ်, ထုပ်လျက် ဦးခေါင်း၌ တင်၍သွား၏၊ ရွာသို့မရောက်မီ ခရီးအကြား၌ အခါမဲ့ မိုးကြီး သည် သည်းထန်စွာရွာ၏၊ ထိုယောက်ျားသည် ခြေသည်းဖျား လက်တည်းဖျားတိုင်အောင်မစင်တို့သည်ကျသည်ဖြစ်၍ လျှံ ထွက်ယိုစီးနေသော မစင်ထုပ်ကိုယူ၍သွား၏။

ထိုယောက်ျားကို လူတို့သည် တွေ့မြင်၍—

"အချင်း သင်သည် ရူးသလော၊ စိတ်ပျံ့လွင့်သလော၊မစင် ထုပ်ကို အဘယ်ကြောင့် ယူဆောင်ဘိသနည်း။" ဟု ဆိုကုန်၏။

"အချင်းတို့ သင်တို့သည်သာလျှင် ရူးကုန်၏၊စိတ်ပျံ့ လွင့်ကုန် ၏၊ ထိုမစင်ထုပ်သည် ငါ၏ဝက်စာဖြစ်၏" ဟုပြန်ပြော၏။

"မြို့စား ဤအတူ သင်သည် မစင်ထုပ်ကို ဆောင်ယူခဲ့သော သူကဲ့သို့ ဖြစ်သည်မှာ ထင်ရှား၏။"

၁၂

ရှင်ကဿပ ဤသို့ဆိုသော်လည်း အကျွန်ုပ်သည် ဤအယူကို စွန့်ခြင်းငှာမတတ်နိုင်ပါ။

"မြို့စား ရှေး၌ ဖြစ်ဘူးသည်ကားအန်သမား နှစ်ယောက်တို့ သည် အန်ကစားကြကုန်၏၊ တယောက်သော အန်သမားသည် လာတိုင်း လာတိုင်းသော ရှုံးမည့်အန်ကိုမြို၏၊ ဒုတိယအန်သမား

မြင်သော် ထိုအန်သမားကို အဆွေ သင်သည် အမှန်ပင် နိုင်၏၊ အကျွန်ုပ်အား အန်တို့ကိုပေးဦးလော့၊နတ်ဘင်ဦးအံ့ဟုပြော၏။၊

ဪဆွေ ကောင်းပြီဟု ပထမအန်သမားသည် ဒုတိယ အန်သမားအား အန်တို့ကို ပေး၏။

ထိုအခါ ဒုတိယ အန်သမားသည် အန်တို့ကို အဆိပ်ဖြင့် လိမ်း၍ ထိုပထမအန်သမားကို အဆွေလာလော့၊ အန်ကစားအံ့ဟု ပြော၏။

အဆွေ ကောင်းပြီဟု ပထမ အန်သမားသည် ပြန်ပြော၏၊ နှစ်ကြိမ်မြောက်လည်း ထိုအန်သမား တို့သည် ကစားကုန်၏၊ ထိုအတူပင် ပထမအန်သမားသည် လာတိုင်း လာတိုင်းသော ရှုံးမည့်အန်ကို မျို၏။

ထိုအခါ ဒုတိယအန်သမားက "အန်ကိုမျိုသော ယောကျ်ားသည် အလွန်အစွမ်းထက်သော အဆိပ်ဖြင့် လိမ်းထားသည်ကို မသိ၊ ဟယ်ယုတ်မာသော အန်သမား မျိုဦးလော့၊ နောက် မကြာမီ သင့်အား ပြင်းထန် ဆိုးရွားသော ဘေးဒုက္ခ ဖြစ်လိမ့်မည်" ဆိုလေ၏။

မျိုစား ဤအတူပင် သင်သည် ပထမ အန်သမား ကဲ့သို့ ဖြစ်သည်မှာ ထင်ရှား၏။

၁၃

ရှင်ကဿပ ဤသို့ဆိုသော်လည်း အကျွန်ုပ်သည် ဤအယူကို စွန့်လွှတ်ခြင်းငှာ မတတ်နိုင်ပါ။

မြို့ပြား ရှေး၌ ဖြစ်ဘူးသည်ကား တခုသော ကျေးလက်သည ပြောင်းရွှေ့၏၊ ထိုအခါမိတ်ဆွေတဦးသည် မိတ်ဆွေတဦးကို "အဆွေလာ သွားကြကုန်အံ့၊ ပြောင်းရွှေ့သွားသော ကျေးလက်ဆီသို့ ချဉ်းကပ်ကုန်အံ့၊ ဤကျေးလက်၌ တစုံတခုသော ဥစ္စာကို ရကောင်းရတန်ရာ၏" ဟု ပြော၏။

"အဆွေ ကောင်းပါပြီ" ဟု မိတ်ဆွေတဦးသည် မိတ်ဆွေတဦးအား ပြန်ပြော၏။

ထိုသူတို့သည် ထိုကျေးလက်အတွင်းရှိ ရွာတရွာသို့ ချဉ်းကပ်ကုန်၏၊ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ပိုက်ဆံလျှော်ကိုတွေ့မြင်၍ မိတ်ဆွေတဦးက "ငါတို့သည် ဤပိုက်ဆံလျှော်ထုပ်ကို ယူ၍သွားကုန်လော့" ဟု ပြော၏။

"အဆွေ ကောင်းပါပြီ" ဟု မိတ်ဆွေတဦးက ပြန်ပြော၍ ပိုက်ဆံလျှော်ထုပ်ကို ထုပ်ပြီးလျှင် ထိုမိတ်ဆွေ နှစ်ယောက်တို့သည် ပိုက်ဆံလျှော်ထုပ်ကို ယူ၍ တခြားတနေရာသို့ သွားကြ၏။

ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ပိုက်ဆံလျှော်ချည်ကိုတွေ့မြင်၍ မိတ်ဆွေတဦးသည် မိတ်ဆွေတဦးကို "အဆွေပိုက်ဆံလျှော်ချည် အလို့ငှာ ပိုက်ဆံလျှော်ကို အလိုရှိကုန်၏၊ များစွာသော ပိုက်ဆံလျှော်ချည်ကို စွန့်ပစ်ထား၏၊ သို့ကြောင့် သင်သည် ပိုက်ဆံလျှော်ထုပ်ကို စွန့်ပစ်လော့၊ အကျွန်ုပ်သည်လည်း စွန့်ပစ်အံ့၊ အကျွန်ုပ်တို့ နှစ်ယောက် ပိုက်ဆံ လျှော်ချည်ထုပ်ကို ယူ၍ သွားကုန်အံ့" ဟု ပြော၏။

အဆွေ အကျွန်ုပ်သည် ဤပိုက်ဆံလျှော်ထုပ်ကို ဝေးလံသော အရပ်မှ ဆောင်ယူခဲ့၏၊ ကောင်းစွာ ထုပ်၍လည်း ထား၏၊

အကျွန်ုပ်အား ဤလျှော်ဖြင့်ပင် တော်ပါပြီ၊ သင်သည်သာလျှင် ခွဲခြား၍ သိပါလော့ဟု ဆို၏။

ထိုသူတို့သည် အခြားရွာတရွာသို့ ချဉ်းကပ် ကြပြန်ကုန်၏၊ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ပိုက်ဆံလျှော်ထည် တို့ကို တွေ့၍ မိတ်ဆွေ တဦးသည် မိတ်ဆွေ တဦးကို အဆွေ ပိုက်ဆံလျှော်ထည် အကျိုးငှာ ပိုက်ဆံလျှော်ကိုရင်း၊ ပိုက်ဆံလျှော်ချည်ကိုရင်း အလိုရှိကုန်ရာ၏၊ ဤသည်တို့ကား ပိုက်ဆံလျှော်အထည်တို့ဘည်း၊ အဆွေ သို့ဖြစ်၍ အကျွန်ုပ်တို့နှစ်ယောက် ပိုက်ဆံလျှော်ထုပ်၊ ပိုက်ဆံလျှော်ချည်ထုပ်ကို စွန့်ပစ်ပြီး ပိုက်ဆံလျှော်အထည်ထုပ်ကို ယူ၍ သွားကုန်လော့ဟု ပြော၏။

အဆွေ အကျွန်ုပ်သည် ဤပိုက်ဆံလျှော်ထုပ်ကို ဝေးသော အရပ်မှ ဆောင်ယူခဲ့၏၊ ကောင်းစွာ ထုပ်၍လည်း ထား၏၊ အကျွန်ုပ်အား ပိုက်ဆံလျှော်ဖြင့်ပင် တော်ပါပြီ၊ သင်သာလျှင် ခွဲခြား၍ သိပါလော့ဟု ဆို၏။

ထိုသူတို့သည် အခြားရွာတရွာသို့ ချဉ်းကပ် ကြပြန်ကုန်၏၊ ထိုရွာ၌ စွန့်ပစ်ထားသော များစွာသော ခုံလျှော်ကို တွေ့မြင်ကြ ရ၏။

တခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော ခုံလျှော် ချည်တို့ကို တွေ့မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော ခုံလျှော် အထည်တို့ကို တွေ့မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော ဝါကိုတွေ့ မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော ဝါချည်ကို တွေ့မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသောဝါအထည်ကို တွေ့မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော သံကိုတွေ့မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော ကြေးကို တွေ့မြင်ကြရ၏။

အခြားတရွာ၌စွန့်ပစ်ထားသောများစွာသောခဲပုပ်ကို တွေ့မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော ဘင်ကိုတွေ့မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော ငွေကို တွေ့မြင်ကြရ၏။

အခြားတရွာ၌ စွန့်ပစ်ထားသော များစွာသော ရွှေကို တွေ့မြင်ကြရ၏။

ထိုအခါ မိတ်ဆွေတဦးက မိတ်ဆွေတဦးအား အဆွေ ရွှေအကျိုးငှာ ပိုက်ဆံလျှော် အစရှိသည်ကို အလိုရှိကုန်ရာ၏၊ ကျွန်ုပ်၌ များစွာသော ရွှေတို့ကို စွန့်ပစ်ထား၏။ အဆွေ သို့ဖြစ်၍သင်သည် ပိုက်ဆံလျှော်ထုပ်ကို စွန့်ပစ်လော့၊ အကျွန်ုပ်လည်း ငွေထုပ်ကို စွန့်ပစ်အံ့၊ ကျွန်ုပ်တို့နှစ်ယောက် ရွှေထုပ်ကို ယူ၍ သွားကုန်အံ့ဟု ပြော၏။

"အဆွေ အကျွန်ုပ်သည် ပိုက်ဆံလျှော်ထုပ်ကို အဝေးမှ ဆောင်ယူခဲ့ရ၏၊ ကောင်းစွာ ထုပ်၍လည်း ထား၏၊ အကျွန်ုပ်အား ဤပိုက်ဆံလျှော်ဖြင့် တော်ပါပြီ၊ သင်သည်သာလျှင် ခွဲခြား၍ သိပါလော့"ဟုဆိုပါ၏၊

"မြို့စား ဤအတူပင် သင်သည် ပိုက်ဆံလျှော်ထုပ်ကို ဆောင်ယူသောသူကဲ့သို့ ဖြစ်သည်မှာ ထင်ရှား၏။"

"ရှင်ကဿပ ရှင်ကဿပ၏ ရှေးဦးစွာသော ဥပမာဖြင့်ပင်လျှင် အကျွန်ုပ်သည် နှစ်သက်ပါ၏၊ ကြည်ညိုပါ၏၊ ထိုသို့ဖြစ်သော်လည်း အကျွန်ုပ်သည် ဤဆန်းကြယ်သော အမေးအဖြေတို့ကို နာကြားလိုသည်ဖြစ်၍သာလျှင် ရှင်ကဿပကို ဆန့်ကျင်ဘက်ကဲ့သို့ ပြုအပ်သည်ဟု အကျွန်ုပ် မှတ်ထင်ခဲ့မိပါ၏၊ ရှင်ကဿပ အလွန်နှစ်သက်ဖွယ်ရှိပါပေ၏၊ မှောက်ထားသည်ကို လှန်ဘိသကဲ့သို့ရင်း၊ ဖုံးထားသည်ကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း၊ မျက်စိလည်သောသူအား လမ်းမှန်ကို ညွှန်ကြားဘိသကဲ့သို့ရင်း၊ မျက်စိအမြင်ရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း ဤအတူ ရှင်ကဿပသည် များစွာသော အကြောင်းဖြင့်တရားကို ပြတော်မူပါပေ၏၊ ရှင်ကဿပ အကျွန်ုပ်သည် အရှင်ဂေါတမကို ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ တရားတော်ကိုလည်း ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ ရှင်ကဿပသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ။"

ပါယာသိမြို့စား၏ အယူအဆမှာ နတ္ထိကဝါဒ, ဥစ္ဆေဒဝါဒ ဖြစ်၏၊ ထိုဝါဒအကြောင်းကို ရှေ့ပိုင်းက အတန်ဖော်ပြခဲ့ပါပြီ၊ ယခုဆက်လက်၍ ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဝိမုတ္တိရသကျမ်းမှ အတ္တဝါဒအကြောင်းကို ကောက်နုတ် ဖော်ပြဦးမည်။ ဤကောက်နုတ်ချက်ကို ရှေ့ပိုင်းက ဖော်ပြခဲ့သော ကဠုဥပနိသျှဒ်နှင့် ဘဂဝဒ်ဂီတာတို့ဖြင့် ဆက်စပ်ကြည့်ရှုသင့်ပါသည်။ ယင်းသည် နောက်ဆုံး ဖော်ပြမည်ဖြစ်သော လူဝင်စားပြဿနာနှင့်လည်း ဆက်စပ်နေ၏၊ တူညီသော အကြောင်းအရာ အချက်အလက်တို့ကို တနေရာတည်း၌ စုပုံ၍မထားဘဲယင်းသို့ကြိုးကြား ကြိုးကြားညှပ်၍ ထားသည်မှာ ဝါဒတပါး၌ အာရုံစိုက်သွားမည်စိုးသောကြောင့်လည်း ဖြစ်၏၊ ရှေ့နှင့်နောက် ဆက်စပ်ရန်လည်းဖြစ်၏။

## မိစ္ဆာဒိဋ္ဌိတို့အယူပုံ

[ဝိမုတ္တိ ရသကျမ်း]

မိစ္ဆာဒိဋ္ဌိတို့ ကြံဆအပ်သော ဝတ္ထုဟူသည်ကား လောကကို ဖန်ဆင်းသောသူသည် အကြောင်းမရှိ အလိုလိုသယမ္ဘူ ဖြစ်၏၊ အိုခြင်း, သေခြင်း, ပျက်စီးခြင်းမရှိ မြဲ၏၊ လောကကို အစိုးရ၏၊ ဤလောက၌ ဖြစ်သော သတ္တဝါအပေါင်းကို ဖန်ဆင်းသည် ဖြစ်၏၊ ထိုသတ္တဝါအပေါင်းတို့သည် ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဗြဟ္မာ့ထံ ရောက်အောင် ဆုတောင်းလျှင် သေသည်ကာလ ထိုဗြဟ္မာထံသို့ရောက်၍ မအို, မသေ အမြဲနေရ၏၊ ထို့ကြောင့် ဤလောက၏အစသည် ဗြဟ္မာပင်တည်း၊ အဆုံးလည်းဗြဟ္မာပင် တည်း၊ နိဗ္ဗာန်ဆိုသည်လည်း ဤဗြဟ္မာပင်တည်း၊ ထိုဗြဟ္မာသည် ကောင်းကင်၌ တည်၏၊ လောကကိုပျံ့နှံ့၏၊ ရာဂ, ဒေါသ, မော

ဟ,ကိလေသာ မရှိ၊ မမြင်နိုင်၊ မကြံစည်နိုင်သောဂုဏ် ရှိ၏၊ လောကသုံးပါးကို ရွက်ဆောင်သော ကိုယ်ရှိ၏၊ ထိုဗြဟ္မာကို ပရမအတ္တဟု ခေါ်အပ်၏။

ထို့ကြောင့် သုရိယ သိဒ္ဓန္တကျမ်း၌ "မကြံနိုင်သော မထင်ရှားသော အရုပ်သဏ္ဌာန်ရှိသော ရာဂ, ဒေါသ, မောဟ, ကိလေသာ မရှိသော သီလ, သမာဓိ ဟူသော ဂုဏ်သဘောရှိသော အလုံးစုံသော လောကသုံးပါးတို့၏ တည်ရာလည်းရှိသော ဗြဟ္မာအား ရှိခိုးပါ၏"ဟု ဆို၏။

ဤဗြဟ္မာသည် သတ္တဝါတို့ကို ဖန်ဆင်းသည်ကာလ မိမိ၏ ကိုယ်မှအစိတ် စဉ်းငယ်သတ္တဝါတို့၏ ကိုယ်တွင်း၌ ထည့်လိုက်သည်၊ မီးခဲကြီးမှ ထွက်သော မီးပွားကဲ့သို့ ဖြစ်သော ဗြဟ္မာ၏ အစိတ် ဤသတ္တဝါတို့၏ ကိုယ်တွင်း၌ ရှိသောကြောင့် မြင်ခြင်း, ကြားခြင်း, နမ်းခြင်း, လျက်ခြင်း, တွေ့ထိခြင်း အစရှိသောအမှုကိစ္စတို့ကို ပြီးစေနိုင်၏၊ ဤကိုယ်တွင်း၌ ရှိသော လောကကို ဖန်ဆင်းသော ဗြဟ္မာကြီး၏ အစိတ်သည် အတ္တ မည်၏။

ဤခန္ဓာ၌ စက္ခု,သောတ အစရှိသော ဒွါရရုပ်တို့သည်အိမ်၌ ရှိသော တံခါးပေါက်ကဲ့သို့ အိပ်ရာနေရာတို့ကဲ့သို့ ထိုအတ္တသည် အလိုရှိရာ အရပ်၌နေ၍ အလိုရှိရာ ဒွါရပေါက်က ကြည့်ရှု, ကြားနာ,သိမြင် ခံစားခြင်း အစရှိသော ကိစ္စတို့ကို ပြီးစေနိုင်သည်၊ ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဉ်ဟူသောနာမက္ခန္ဓာတို့ကိုလည်း အစိုးရ၏၊ အတ္တ၏ အလိုသို့လိုက်ရ၏၊ အိမ်၌ အိမ်၏အရှင်သည် အိမ်မှုကိစ္စအလုံးစုံကို ပြီးစေနိုင်သော ကတ္တား ကာရက ဖြစ်သကဲ့သို့ရင်း, အိမ်၌ ဖြစ်သမျှသော အမှုကိစ္စကို အိမ်ရှင်ခံစား

ဘိသကဲ့သို့ရင်း အိမ်၌ရှိသော အလုံးစုံကို အိမ်ရှင် အစိုးရသကဲ့သို့ရင်း, အိမ်၌ရှိသောသူတို့သည် အိမ်ရှင်အလိုသို့ လိုက်ရဘိသကဲ့သို့ရင်း ဤခန္ဓာငါးပါး၌ ရှိသမျှတို့ကို အတ္တသည် အစိုးရသည် ဖြစ်၍ ကာရက, ဝေဒက, သယံဝသီဖြစ်၏။

ဤအတ္တသည် အစိန္တေယျဖြစ်သော မအို,မသေအမြဲ တည်သော လောကကိုဖန်ဆင်းသော ဗြဟ္မာ၏ အစိတ် ဖြစ်သောကြောင့် မပျက်မစီးမြဲ၏၊ ဆင်းရဲခြင်းမရှိ နိစ္စ,သုခ,အတ္တ ဖြစ်၍ ဤကိုယ်၏ အနှစ်သာရဖြစ်၏။

ဤနာမ်-ရုပ်ဟူသော ခန္ဓာမူကား အမြဲမတည်၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းကြောင့် အနိစ္စ, ဒုက္ခ,အနတ္တ ဖြစ်၍ အကာ ဖြစ်၏၊ သတ္တဝါတို့သေ၍ ဤခန္ဓာပျက်သော်လည်း အတ္တမသေ၊ တအိမ်ပျက်လျှင်, အိမ်သစ်တခုသို့ပြောင်းသော အိမ်ရှင်ကဲ့သို့ နောင်ဘဝ၌ ခန္ဓာသစ်တခုတွင် တည်ပြန်သည်။

ဤသို့ဆိုပြီးခဲ့သောနည်းအားဖြင့် ဤအတ္တ၏ အကြောင်း အလုံးစုံကိုသိလျှင် မြတ်သောဉာဏ်ကို ရသည်ဖြစ်၍ သေသည် အခြားမဲ့၌ လောကကို ဖန်ဆင်းသော အတ္တ၏ အရင်းအမြစ်ဖြစ်သော ပရမအတ္တဟူသော ဗြဟ္မာထံသို့ ရောက်၍ မအို,မသေ အမြဲနေသော နိဗ္ဗာန်ချမ်းသာကို ရ၏ဟု ဗေဒသုံးပုံ၏ အနှစ်ကို စုထားသော "ဗေဒန္တသာရ"မည်သောကျမ်း, "ဘဂဝါဒ်ဂီတာ"မည်သော ကျမ်းတို့၌ ဆိုသည်။

ဤအတ္တသည် ဇီဝလည်းမည်သောကြောင့် ယခုလောက၌ အန္ဓပုထုဇ္ဇန်တို့က အသက်ဟူ၍ ခေါ်ကြပြီးလျှင် အသက်ထွက်၍ သွား၏၊ ဤဘဝ အသက်ထွက်ခါနီး လူကိုတစုံတခု နည်း,အိုးမဲ

စသည်တို့ဖြင့် မှတ်လိုက်လျှင် နောင်ဘဝ၌ အမှတ်ပါသည်၊ ဤအသက်ရှိ၍သာ သတ္တဝါတို့သည် လုပ်လုပ်ရွရွအလုံးစုံသောအမှုကို လုပ်ဆောင်နိုင်သည်၊ ဤအသက်မရှိလျှင် မလုပ်မဆောင်နိုင်ပြီဟူ၍၎င်း, အသက်ထွက်၍ နောင်တမလွန်သို့ သွားသော ဤအသက်ဇီဝသည် မေ့ပင်၊ မုန်းပင် တို့အောက်သို့ ဝင်မိလျှင် ဤဘဝ၌ အနေအမျိုးတို့ကို မေ့သည်၊ မုန်းသည် ဟူ၍၎င်း, ဤဇီဝကို အမှောင့်ဆရာတို့က လိပ်ပြာဟူ၍ ပြောပြီးလျှင် အနာရောဂါကြီး အထိတ်တလန့်ကြီးရှိ၍ မေ့လျော့မိန်းမောသောသူမှာ ဤဇီဝဟူသော လိပ်ပြာ ကိုယ်တွင်းကခွါ၍ ခေတ္တနေသောကြောင့်ဖြစ်သည်၊ လိပ်ပြာစင်လွင့်သည် ဆိုပြီးလျှင် ခေါ်ခွက်များနှင့် မန္တာန်မန်း၍ လိပ်ပြာခေါ်၍ သွင်းသည် ဟူ၍၎င်း, မိန်းမယောကျ်ားနှစ်ယောက်တို့ လိပ်ပြာခြင်းကူးပြီးလျှင် ချစ်ကြိုက်သည်ဟူ၍၎င်း, အမှောင့်ဆရာ စုန်းတတ်သူတို့က လိပ်ပြာကိုဘမ်း၍ ထားတတ်သည်ဟူ၍၎င်း ပြောဆိုကြ၍ ဤအဆိုင်းပင်ထင်မှတ် ယုံကြည်ကြသည်၊ အချို့သူတို့လည်း လောက်လန်းသဘွယ် ဝိညာဉ်တွယ်သည် ဆိုသောကြောင့် ဤဘဝမှ သေသောသူ၏ အသက်ဇီဝ ဝိညာဉ်သည် နောင်ဘဝ၌ လောက်လန်း ကဲ့သို့တွယ်၍ဖြစ်သည်၊ ဤဘဝကတစုံဘခု နောင်ဘဝသို့ပါသွားသည်၊ ဘဝတခုမှ ဘဝတခုသို့ ကူးပြောင်း၍ ပါသောဝတ္ထု တစုံတခု ရှိတန်ရာသည်၊ ဤခန္ဓာ ပျက်သော်လည်း ထိုနောင်ဘဝတွင် ဖြစ်ရန် ဝတ္ထုတခုမှုကား မပျက်၊ ထိုဝတ္ထုပျက်လျှင် နောင်ဘဝမှာဖြစ်ရန်မရှိ၊ သင်သီးတွင် မျိုးစေ့ကဲ့သို့ ဤသတ္တဝါများတို့ကိုယ်တွင်း၌ နောင်ဘဝတွင် ဖြစ်ရန်မျိုးစေ့ရှိ၍ ဖြစ်သောကြောင့်သာ

မည်သူ ဝင်စားသည်၊ နောင်ဘဝက အမှတ်အသားများပင်သော်လည်း ပါလာသေးသည် ပြောဆိုထင်မှတ်ကြသည်။

ဟောတော်မူသော နာမ်-ရုပ်သဘောကို သိရှိမှုနှင့် ကိုယ်၏ အနှစ်ဖြစ်သော အတ္တမရှိဟု မထင်နိုင်၊ နာမ်-ရုပ်သဘောကို သိလျှင် ဤအတ္တအယူမရှိဘူးဟူ၍ မထင်နှင့်၊ သိမ်မွေ့ နက်နဲသော အရာဖြစ်၍ ရှိသည်ကိုမှ ရှိမှန်းမသိ၍သာ မရှိဘူးထင်သည်။

ဆက်လက်၍ သေခြင်းအကြောင်းကို လူထု သိပ္ပံကျမ်းမှ ကောက်နှုတ်ဖော်ပြပါဦးမည်၊ ရှေ့ပိုင်းက သေခြင်း တရားနှင့် မသေခြင်းတရားတို့ကို နာကြားခဲ့ပါပြီ၊ ထိုတရားတို့သည် ဝိဇ္ဇာ စာပေရှုထောင့်တို့မှ ဖြစ်ကြ၏၊ စင်စစ်သိပ္ပံပညာ ရှုထောင့်မှ သေခြင်းအကြောင်းကိုလည်း ကောင်းစွာသိထားဘို့ လိုအပ်ပါသည်၊ သို့မှသာလည်းအဖက်ဖက်မှ ပြည့်စုံ၍နောင်ဘဝနှင့်စပ်လျဉ်း၍ ခိုင်လုံစွာ ဆုံးဖြတ်နိုင်မည်ဖြစ်၏။

# အဘယ့်ကြောင့် သေရသနည်း

[ လူထုသိပ္ပံ ကျမ်း ]

## ဖြစ်ခြင်းမှပျက်ခြင်းသို့ ပျက်ခြင်းမှဖြစ်ခြင်းသို့

သက်ရှိဟူသည် သင့်တင့်လျောက်ပတ်သော အခြေအနေရှိမှသာ ပေါက်ဖွားအသက်ရှင်နိုင်၍ ထိုအခြေအနေကင်းမဲ့လျှင် သေဆုံးသွား၏၊ သေဆုံးခြင်းသည် အများအားဖြင့် အသက်ရှင်မှုအတွက် လိုအပ်သော အခြေအနေများကို နှောင့်ယှက်ဖျက်ဆီးလိုက်ခြင်းကြောင့်ဖြစ်၏၊ တဦးနှင့်တဦး တိုက်ခိုက်သတ်ဖြတ်ခြင်း၊ မတော်တဆ ထိခိုက်မိခြင်း၊ ငတ်မွတ်ခြင်း၊ အဆိပ်အတောက်မိခြင်း စသော ကြမ္မာဆိုးများကား သက်ရှိတို့ကို ဖျက်ဆီးတတ်သော အကြောင်းရင်းများဖြစ်၏၊ သို့ပင်ဖြစ်လင့်ကစား

သေဆုံးခြင်းသည် တခါတရံ သက်ရှိလောကတွင် အလွန် အရေးပါအရာရောက်သော အခြားအရာတခုဖြစ်၏၊ အကြောင်းကား သတ္တဝါတမျိုး သေဆုံးသွားခြင်းသည် အခြားသက်ရှိတမျိုး အသက်တည်မြဲမှုအတွက် ဒရထောက်အပံ့ဖြစ်လာသည်၊ လောကတွင် သက်ရှိများ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် ထက်ဝက်ခန့်သည် ငတ်မွတ်ခြင်းဘေးကို ကျော်လွှန်နိုင်ရန် ပြုလုပ်ရသော လုပ်ငန်းဖြစ်၏၊

ဤနေရာ၌ ကျွန်ုပ်တို့သည် ဓမ္မတာအတိုင်း သေဆုံးခြင်းကိုသာ စဉ်းစားကြမည်၊ ဓမ္မတာအတိုင်း သေဆုံးခြင်းသို့ ပြောဆိုရာ၌ အခြားသေနည်းမျိုးကို ဓမ္မတာ မဟုတ်ဟု မဆိုလိုပေ၊ ဤနေရာတွင် အပြင်ပယောဂဖြစ်သော ယိုးခုတ်သတ်ဖြတ်ခြင်း ငတ်မွတ်ခေါင်းပါးခြင်း စသောအကြောင်းကြောင့် မဟုတ်ဘဲ ကိုယ်ခန္ဓာအတွင်းမှ သက်ရှိတို့၏ သွားရာလမ်းစဉ်အတိုင်း သေဆုံးခြင်းကို အခြားသေဆုံးနည်းမျိုးနှင့် မရှုပ်ထွေးစေရန် သီးသန့်၍ ခေါ်ဆိုလိုက်ခြင်းဖြစ်၏၊ ဓမ္မတာအတိုင်း သေဆုံးနည်းကို အခြားသေဆုံးနည်းမျိုးနှင့် မခွဲခြားနိုင်လျှင် ရှေ့တွင် ဖော်ပြလတ္တံ့သော သက်ရှိလောကတခုလုံးနှင့် သက်ဆိုင်သည့် သေခြင်းသဘောတရား (ဝါ) သဘောဓမ္မဖြစ်စဉ်ကို နားလည်နိုင်မည်မဟုတ်ပေ။

ဓမ္မတာအတိုင်းသေဆုံးခြင်းမျိုး အကယ်ပင်ရှိသည်ကို ကျွန်ုပ်တို့ သေချာကျနစွာ သိရန်လို၏၊ လူတို့သည် မသေဆုံးသင့်ဘဲ မသေဆုံးရအောင် မကြာခဏ ကာကွယ်နိုင်ကြကြောင်းကိုရင်း၊ လူတို့သည် အများအားဖြင့် သက်တမ်းမစေ့မီ သေဆုံးသွားကြ

ကြောင်းကိုရင်း၊ ယခုခေတ်တွင် ကျွန်ုပ်တို့ သိလာကြပြီ၊ ထို အချက်များကိုထောက်၍ ကိုယ်၌အဆိပ်သင့်ခြင်း၊ စားသုံးသော အစာ ကျန်းမာရေး စသည်တို့ကို ပိုမို သိရှိလာသောအခါ လူများအား မသေရအောင် ပြုလုပ်ပေးနိုင်ကြမည်ဟု အချို့သူ များ အထင်ရောက်ကောင်း ရောက်ကြပေမည်၊ လူ့ ထက် အဆင့်အတန်း အလွန်နိမ့်သော သတ္တဝါများသည် အပြင် ပယောဂဖြစ်သော ပတော်ဘဆထိခိုက်မှု၊ ရာသီဥတု ပြောင်းလဲ မှု၊ [illegible]ပါးမှု၊ တဦးကိုတဦး သတ်ဖြတ်စားသောက် မှု စသည်တို့ကြောင့် သေဆုံးလျက်ရှိသည်ကို ကျွန်ုပ်တို့ မျက် မြင် ကိုယ်တွေ့ဖြစ်သည်၊ ဤအချက်များကို တွေ့ရှိရသောအခါ မည်သည့်သက်ရှိကိုပင်ဖြစ်စေ ဘေးဥပဒ်လုံခြုံအောင် အကာ အကွယ်ပေးနိုင်ပါက သေဆုံးခြင်းမရှိဘဲ ထာဝစဉ် အသက် ရှင်လျက် ရှိနေစေနိုင်မည်ဟု ထင်မှတ်စရာ ဖြစ်လာသည်၊ သို့သော်လည်း သက်ရှိများကား ထာဝစဉ် အသက်ရှင်လျက် မရှိနိုင်ပေ၊ အသက်ရှင်မှုအတွက် လိုအပ်သော ပတ်ဝန်းကျင် အခြေအနေကို ပိုမို ကောင်းမွန်အောင် ဖန်တီးပေးခြင်းဖြင့် သတ္တဝါတမျိုးအား သက်တမ်းတိုးလာအောင် ပြုလုပ်နိုင်မည် ဖြစ်သော်လည်း ထာဝစဉ် အသက်ရှင်လျက်ရှိအောင် ပြုလုပ် မပေးနိုင်ပေ၊ အိမ်၌ မွေးမြူထားသော တိရစ္ဆာန်များသည် ငယ်ရာမှကြီးပြင်းလာသကဲ့သို့ ကြီးရာမှ အိုမင်းမစွမ်း ဖြစ်လာ မည်မှာ မလွဲပေ၊ ကြောင်ပေါက်စသည် ကြောင်ကြီးဖြစ်ရန် သေချာသကဲ့သို့ ကြောင်ကြီးသည် အိုမင်းမစွမ်း ဖြစ်ပြီးနောက် သေဆုံးရမည်မှာ ဓမ္မတာဖြစ်၏။

တနည်းအားဖြင့်ဆိုသော် သေခြင်းသဘောတရားသည် ကြောင်ကလေးနှင့်အတူ မွေးကတည်းကပင် ပါလာ၏၊ ကျွန်ုပ်တို့အားလုံးသည်လည်း တနေ့နေ့တွင် သေဆုံးကြမည်မှာ သေချာသကဲ့သို့ အပင်လောကတွင် ပေါက်ရောက်ဝင်သော သက်ရှိအားလုံးသည်လည်း တနေ့နေ့တွင် သေဆုံးကြမည်ဖြစ်၏၊ သေဆုံးခြင်းသည် သက်ရှိဟူသမျှ ရှောင်လွှဲ၍ မရနိုင်သော ဖြစ်စဉ်တခုပ်ဖြစ်၏။

## သက်ရှိများတွင် သေဆုံးရခြင်းသည် ဝဋ်ဟာ ဖြစ်၏။

အပင်တွင် အရွက်သည်ရင်း၊ ကျွဲနွားတွင် လက်သည်းနှင့် ခြေသည်းသည်ရင်း၊ ဆိုင်ရာသက်ရှိ၏၊ ကြီးပွားဖွံ့ဖြိုးမှုနှင့် မျိုးပွားမှုအတွက် အထောက်အပံ့ ဖြစ်စေမည့်... မတွေ့ရသည်၊ သက်ရှိများသည် မိမိတို့၏ ရည်ရွယ်ချက်အတိုင်း လုံးပမ်း၍ ကြီးထွားဖွံ့ဖြိုးလာကြပြီးနောက် အိုမင်းရင့်ရော်ဖြစ်ပြီးလျှင် သေဆုံးသွားကြသည်၊ သက်ရှိတို့သည် ဤသို့ဖွံ့ဖြိုး ကြီးထွားလာပြီးနောက်သေဆုံးခြင်းနှင့်သာပြီးကြလျှင်သက်ရှိတို့၏ကြိုးပမ်းမှုသည် မည်သို့ အဓိပ္ပါယ်ရှိတော့မည်နည်း။

## အသင့်တော်ဆုံးသာ တည်မြဲသည်

သက်ရှိအသီးသီး၌ တွေ့ရသော ဂုဏ်ရည်တို့များကို လေ့လာပါက သဘာဝရွေးချယ်မှု (ဝါ) အသင့်တော်ဆုံးသာ တည်မြဲသည်ဆိုသော သီအိုရီကို မှန်ကန်သကဲ့သို့ ... ပေမည်။ ဤ

သီအိုရီအရ သက်ရှိအရာဟူသမျှသည် ပတ်ဝန်းကျင် အခြေအနေနှင့် အဆင်ပြေရန် တတ်နိုင်သမျှ တိုးတက်လာအောင် လုံ့လစိုက်ထုတ်၏၊ ယာခုခေတ်တွင် တွေ့မြင်ကြရသောသက်ရှိဟူသမျှသည် ရှေးပဝေဏီမှစ၍ အသက်တည်မြဲရေးအတွက် လုံးပမ်းခဲ့ရ၏၊ ထိုလုံးပမ်းမှုတွင် အသင့်တော်ဆုံး (ဝါ) ပတ်ဝန်းကျင်ပြောင်းလဲမှုကို ခံနိုင်ရည်ရှိသော သက်ရှိများသာ အောင်နိုင်ခဲ့ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျောရိုး့ဆင်စွယ်, ပင်ကိုယ်သိဉာဏ်(အင်းစကင့်) အတောင်,ကိုက်ဖြတ်ရန်သွားစသည်တို့၌ တည်မြဲမှု တန်ဘိုးရှိသည်ဟု ပြောဆိုကြသည်. ဤအယူအဆပေါ်လာပြီးသည့်နောက် ကျွန်ုပ်တို့ တွေ့ရှိခဲ့သော အချက်တချက်မှာ တည်မြဲမှုတန်ဘိုးမရှိသည့် သတ္တဝါများ တခါတရံ ပေါ်ပေါက်လာတတ်သည်ဆိုသော အချက်ပင်ဖြစ်၏၊ သို့ရာတွင် ထိုသတ္တဝါများကား သာမန်အခြေအနေမျိုးတွင် အလွယ်တကူ ပျက်စီးပျောက်ကွယ်သွားကြ၏၊ ဥပမာ ‘တူ့ပိုင်ဒေါ’ ဟု ခေါ်သော အလွန်ငယ်သည့် ခွေးအမျိုးသည် ဤသတ္တဝါမျိုးတွင် အကျုံးဝင်၏။

သေသုံးခြင်းရှိသောကြောင့် သက်ရှိများ တည်တံ့လျက် ရှိပုံနှင့် တိုးတက်လာပုံ (သေသုံးခြင်း၏ အသက်တည်မြဲမှု တန်ဘိုး)

သေသုံးခြင်းရှိသောကြောင့် သက်ရှိများ တည်တံ့လျက်ရှိပုံနှင့် တိုးတက်လာပုံကို ကျွန်ုပ်တို့သိရှိရန်လိုသည်၊ ကျွန်ုပ်တို့သည် ပင်ငယ်၏ ဗည်းများကိုအင်ခြင်လာသောအခါ [illegible] ကော် နည်

မည္တတ်သကဲ့သို့တွေ့ရှိလာကြပေမည်၊ သိပ္ပံဆရာများစွာကမူကား သက်ရှိဟူသမျှ၏ ဂုဏ်အင်္ဂါရပ်များသည် သဘာဝ၏ ရွေးချယ်မှုကြောင့် ပေါ်ပေါက်ခဲ့ကြသည်ဟု ယုံကြည်ကြသည်၊ တနည်းအားဖြင့်ဆိုသော် အသက်ရှင်နေရန် သင့်တော်သော သက်ရှိများသာ အသက်ရှင် ကျန်ရစ်၍ မသင့်တော်သော သက်ရှိများမှ မူကား ပျောက်ကွယ်သွားကြသည်၊ သို့သော်လည်း သေဆုံးခြင်းမှ မည်သည်သက်ရှိမျှ မလွတ်နိုင်ကြပေ၊ ဤသို့ ဖြစ်လျှင် အသင့်တော်ဆုံးသော တည်မြဲသည်ဟူသော အဆိုသော်လည်း မှားရမည်၊ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် သေဆုံးခြင်းကြောင့် သက်ရှိများရရှိနေသော အသက်တည်မြဲမှု တန်ဘိုးကို သော်လည်း ပြကြရပေမည်၊

သေဆုံးခြင်းသည်သေသွားသော ဝက်သစ်ချပင်နှင့် ဟဲရင်းငါးတို့ကို မည်သို့မျှ အကျိုးမပေးနိုင်သော်လည်း ယင်းတို့၏မျိုးစိတ်များကိုမူ အကျိုး ဖြစ်ထွန်းစေနိုင်၏၊ ဤသို့ဖြင့် သေဆုံးခြင်းသည် ကာလကြာမြင့်သော် သက်ရှိများကို တိုးတက်ကောင်းမွန်လာအောင် ပြုလုပ်ပေးနိုင်သည်၊ ထိုနက်နဲလှသော ပြဿနာကို စဘင်ခဲ့ကြသူမှာ ဂျာမန်လူမျိုး ပါဏဗေဒပါရဂူကြီးဖြစ်သူ ဩဂတ်ဝိုက်စမင်ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ လုပ်ငန်းကြောင့် ကျွန်ုပ်တို့သည် မျိုးရိုးဗီဇနှင့် စပ်လျဉ်း၍ အချက်အလက် များစွာကို သိရှိခဲ့ရပေသည်။ ဝိုက်စမင်သည် သဘာဝရွေးချယ်မှု သီအိုရီတွင် အထူးသက်ဝင်ယုံကြည်သူဖြစ်၏၊ သေဆုံးခြင်းသည် သက်ရှိများကို တည်တံ့လျက်ရှိစေသည် ဟူသော အချက်ကိုရင်း၊ သက်ရှိတို့သည် အသက်များကို တည်တံ့ရေးအတွက် သဘာဝ

ရွေးခြယ်မှုဖြင့် ထူးခြားသော ဂုဏ်အင်္ဂါရပ်များကို ပေါ်ပေါက်လာစေသည်ဟူသော အချက်အလက်ကိုရင်း သက်သေပြရန် လိုကြောင်း ဝိုက်စမင် သိခဲ့သည်။

**ဝိုက်စမင်၏ ထင်ရှား ကျော်ကြားသောစာတမ်းကို ယခုခေတ် အမြင်ဖြင့်လေ့လာခြင်း**

ဝိုက်စမင်၏စာတမ်းမှာ နှစ်ပေါင်းများစွာက ရေးခဲ့သော်လည်း ထိုစာတမ်းပါ အချက်အလက်များကြောင့် ကျွန်ုပ်တို့၏ အသိဉာဏ်မှာ များစွာတိုးပွားလာခဲ့သဖြင့် ထိုပုဂ္ဂိုလ်ကြီးအား ကျွန်ုပ်တို့ ကျေးဇူး အထူးတင်ထိုက်ပေသည်၊ ဤနေရာတွင် ထိုစာတမ်းပါ အချက်အလက်များတို့ ယခုခေတ် အမြင်ဖြင့် ဖော်ပြသွားပေမည်၊

ယခုအခါ ကျွန်ုပ်တို့သည် ထိုပညာရှိ သူခမိန်ကြီး သိရှိခဲ့သည်ထက်မည်သည့် အချက်ကိုမျှ ပိုမိုမသိကြသေးပေ၊ ကျွန်ုပ်တို့သည် သက်ရှိ များမွေး ဖွား ခြင်း ကို လေ့လာ ကြ ပြီး နောက် သေဆုံးခြင်းကို ရှင်းပြကြမည်၊ ဤသို့ရှင်းပြရာ၌ ဝိုက်စမင် အသုံးပြုခဲ့သောနည်းကိုလိုက်၍ အဆင့်အတန်း အနိမ့်ဆုံး သတ္တဝါများမှ အဆင့်အတန်းမြင့်သော သတ္တဝါများသို့ရောက်အောင် လေ့လာကြည့်ကြမည်၊ ဝိုက်စမင်၏ အဆိုအရ ကမ္ဘာဦး သက်ရှိများသည် ယခုအခါ တွေ့ရသော အဆင့်အတန်း အနိမ့်ဆုံး အမျိုးအစားဖြစ်ခဲ့လျှင် အစပထမ၌ သက်ရှိ လောကတွင် သေဆုံးခြင်းတည်းဟူသော ဖြစ်စဉ်မရှိခဲ့ပေ၊ သေဆုံးခြင်းသည် ကျောရိုး ဦးကျောက်စသည်တို့ကဲ့သို့ ဆင့်ကဲတိုးတက်မှုမှ ပေါက်

ပွားလာခဲ့၏၊ ထို့ကြောင့် သေဆုံးခြင်းကို နားလည်လိုပါက သေဆုံးရန်အခြေအနေ ပေါ်ပေါက်လာပုံကို လေ့လာဖို့လို၏။

သေဆုံးခြင်းစတင်ပေါ်ပေါက်လာပုံနှင့် သေဆုံးခြင်းမရှိသော သက်ရှိများ

ကွဲပွားခြင်းဖြင့်မျိုးပွားလေ့ရှိသောကလပ်စည်းတခုသာရှိသည့် သက်ရှိများတွင် ကျွန်ုပ်တို့နားလည်သော သေဆုံးခြင်းမျိုး မရှိချေ၊ မူလအမီးဗား သို့မဟုတ် ဗက်ဆီသတ်သည့် ပျောက်သွား၊ သော်လည်း မည်သည့်အစိတ်အပိုင်းမျှ သေဆုံးခြင်း မရှိပေ။ သို့ဖြစ်၍ကား ထိုသက်ရှိတို့၏ ဘဝသည် သေဆုံးခြင်း မရှိသော ဘဝမျိုးဖြစ်၏။ ဆိုလိုရင်းကား ထိုသက်ရှိလောကတွင် ဓမ္မတာ အလျောက် သေနည်းမျိုးမရှိပေ။

ယခုအခါ အပင်နှင့် တိရစ္ဆာန် လောက နှစ်ခုစလုံး၌ ဆိုခဲ့ပြီးသော ကလပ်စည်းတခုတည်းသာရှိသည့် အပင်နှင့် တိရစ္ဆာန်များကိုတွေ့ကြရ၏၊ ကလပ်စည်းပေါင်း များစွာရှိသော အပင်နှင့် သတ္တဝါများသည် ကလပ်စည်း တ ခု တည်း သာ ရှိသော သက်ရှိမျိုးမှ ဆင်းသက်ပေါက်ပွား လာကြကြောင်းကို သိပ္ပံဆရာများသည် သက်သေအထောက်အထားဖြင့် မပြနိုင်သော်လည်း ထိုအချက်မှုကား ယုံကြည်ကြသည်၊ ကလပ်စည်း တခုတည်းဖြင့်ပြီးသော သက်ရှိများသည် သက်ရှိတိုင်း ဆောင်ရွက်ရန်ဖြစ်သော ဝတ္တရားဟူသမျှကို ဆောင်ရွက်ရ၏၊ သို့ဖြစ်၍ကား ကလပ်စည်းတိုင်း၏ တာဝန်ဝတ္တရားမှာ အတူတူပင်ဖြစ်၏၊ ကလပ်စည်းတခုတည်းမဟုတ်ဘဲ ကလပ်စည်းပေါင်း မြောက်မြားစွာ

ရှိသော သက်ရှိများတွင်မူကား ကလပ်စည်းအချို့သည် ဝတ္တရားတခုကိုဆောင်ရွက်ရ၍ အခြား ကလပ်စည်း များမှာ မူကား အခြားဝတ္တရားများကို ဆောင်ရွက်၏၊ ဤအချက်သည် ကလပ်စည်း များ စွာ ရှိသော သက်ရှိတို့၏ အခြေအနေကို လုံးဝ ပြောင်းလဲသွားစေ၏။

## အမျိုးသည် သက်ရှိတခုစီထက် အရေးကြီးပုံ

ငှက်မွှးတွင်ပါသော ကလပ်စည်းများမှရင်း၊ အရေပြားတွင်ပါသော ကလပ်စည်းများမှရင်း၊ အရွက်တွင်ပါသော ကလပ်စည်းများမှရင်း၊ငှက်, လင်းနို့, ဝက်သစ်ချပင် အသီးသီး မဖြစ်လာနိုင်ပေ၊ အကြောင်းကား ထိုကလပ်စည်းများသည် မိမိတို့နှင့်ဆိုင်ရာ တာဝန်များကို ပြုလုပ်ရန် သီးခြားဖြစ်ပေါ်လာသော ကလပ်စည်းများဖြစ်ကြ၏၊ ထိုနည်းအတူ သက်ရှိတခုစီ၏ ခန္ဓာကိုယ်သည်လည်း ယင်းနှင့်သက်ဆိုင်ရာ ဝတ္တရားကိုသာ ဆောင်ရွက်နိုင်၏၊ သို့ရာတွင် မိုက်ကရုပ်နှင့် အမီးဗား များတွင် တွေ့ရသော မူလအလေ့အထမှာ ပျောက်ကွယ်၍ မသွားခဲ့ပေ၊ ထိုအလေ့အထမှာ တဖြည်းဖြည်း ကြီးလာရန်နှင့် နောက်ထပ် မကြီးလာနိုင်သောအခါ ကွဲပွားရန် ဖြစ်၏၊ လူ၏ ကိုယ်ခန္ဓာတွင်ရှိသော ကလပ်စည်းနှင့် ဝက်သစ်ချပင်တွင် ရှိသော ကလပ်စည်းများသည် ဗက်တီးလတ်နှင့် အမီးဗား တို့မှာ ကဲ့သို့ ကွဲပွားသွား၏၊ တနည်းအားဖြင့် ဆိုသော် သက်ရှိ မျိုးစိတ်ဟူသမျှတွင် မိမိတို့၏မျိုးစိတ် ပြန့်ပွားလာအောင် ပြုလုပ်ပေးရန်မှာ အဓိကရည်ရွယ်ချက်ဖြစ်၏၊ သေဆုံးခြင်းသည် သက်ရှိ

အရာတခုနှင့်သာ သက်ဆိုင်၍ ထိုသက်ရှိတမျိုးလုံးနှင့် မည်သို့မျှ မပတ်သက်ပေ၊ တနည်းအားဖြင့် တမျိုးလုံးတိုးတက်မှု အတွက် သက်ရှိအရာတခုအသုံးပေးရခြင်းဖြစ်၏၊ ဤအချက်ကို ကျွန်ုပ်တို့သည် ရှင်းလင်းပြတ်သားစွာ နားလည်အောင်ကြိုးစားရပေမည်၊ ဤကိစ္စအတွက် သက်ရှိအရာတခုနှင့် သက်ရှိ တမျိုးလုံးကို ဆင်ခြင်ကြည့်ရန်လို၏။

ဗက်ဆီလတ် နှင့် အမီးဗါးကဲ့သို့ ကလပ်စည်း တခုဝီသာရှိသည့်အနိမ့်ဆုံး သက်ရှိများ၌ အမျိုးနှင့် အကောင်ငယ်တကောင်စီကို ခွဲခြား၍မရပေ၊ အကြောင်းကား ဤသတ္တဝါများသည် ကလပ်စည်းတခုသာ ပါသောသတ္တဝါများဖြစ်၍မျိုးပွားရာတွင် တကောင်လုံး ပါဝင်ဆောင်ရွက်ရ၏၊ သို့ရာတွင် အဆင့်အတန်းမြင့်သော သတ္တဝါများတွင်ကား ဤကဲ့သို့မဟုတ်ပေ၊ သတ္တဝါတဦးစီတွင် ဗီဇကလပ်စည်းဟု ခေါ်သော သီးခြားကလပ်စည်းများပါရှိရာ ထိုဗီဇ ကလပ်စည်းများသည် ကိုယ်ခန္ဓာနှင့်စာလျှင် အလွန်သေးငယ်၏၊ ဤနေရာ၌ သတ္တဝါသည် အမျိုးနှင့်တခြားစီဖြစ်၏၊ ယင်းသည် ဗီဇကလပ်စည်းများကို ခေတ္တဝင်ရောက်စောင့်ထိန်း ထား သူ သာ လျှင် ဖြစ် ၏၊ ယင်း၏ တာဝန်ဝတ္တရားမှာ ထိန်းသိမ်းရန် ပေးအပ်လိုက်သော ကလပ်စည်းများကို မပျက်မစီးစေဘဲ ရှေ့သို့ လက်ဆင့်ကမ်း လိုက်ရန်ဖြစ်၏၊ ထိုကိစ္စပြီးဆုံးသည်နှင့် တပြိုင်နက် ယင်းသည် တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ပြီး [illegible] သေဆုံး ပျောက်ကွယ်နိုင်ပေပြီ၊ အမှန်ကိုဆို သော် ထိုတာဝန်ကို ဆောင်ရွက်ပြီးလျှင် သေဆုံးသွားရမည်ဖြစ်၏၊ သို့မှသာလျှင် နောင်လာ နောက်သား

အတွက် အကျိုးရှိပေမည်၊ ထို့ကြောင့် သေဆုံးခြင်းသည် သက်ရှိတို့ကို အကျိုးရှိစေသည့်အပြင် သက်ရှိတို့၏ ကောင်းကျိုးကိုလည်း ဖြစ်စေ၏။

သက်ရှိတဦ.စီနှင့် စပ်လျဉ်းသော ဤထင်မြင် ယူဆချက်မှာ ရှေးအယူအဆကို တော်လှန် ပစ်လိုက်သော အယူအဆ ဖြစ်၍ ယင်းကို ထောက်ခံရန် သက်သေအထောက်အထား လိုနေ၏၊ အသက်အကြောင်း လေ့လာ လျက်ရှိသော ပညာရှင်များက ဝိုက်စမင်၏ ယူဆချက်ကိုမှန်ကန်သည်ဟုဆိုကြသည်၊ ဝိုက်စမင်၏ အယူအဆအရကလပ်စည်းတခုသာရှိသောသက်ရှိများ၌ထာဝစဉ် အသက်သည်မြဲနေနိုင်မည့်သတ္တိရှိ၏၊ ဤသက်ရှိများသည် အခြားနည်းဖြင့် သေဆုံးသွားနိုင်ကြသော်လည်း ဓမ္မတာအလျောက် သေဆုံးခြင်းမရှိကြပေ။

## မျိုးရိုးကိုဖြစ်စေသော သက်ရှိအစဉ်အဆက်

ကလပ်စည်းတခုထက်ပိုမိုပါရှိသောသက်ရှိများ၏ကိုယ်ခန္ဓာထဲတွင်ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းခံရသော ဗီဇမျိုးစေ့များသည် အမိးဗ ႏကောင်နှင့်တူ၏ထို့ကြောင့် ထိုဗီဇမျိုးစေ့များကို ကလပ်စည်းတခုသာပါရှိသောသက်ရှိများကဲ့သို့ထာဝစဉ်အသက်ရှိ နေနိုင်သည်ဟု ယူဆနိုင်သည်၊ သဘာဝ၏ ရည်ရွယ်ချက်မှာအဆံမျိုးကိုစောင့်ရှောက်ထားရန်ဖြစ်၍ယင်းသည်သက်ရှိများကိုဗီဇကလပ်စည်းများ ကိုန်းအောင်းပါရှိသော အရာများကဲ့သို့သာ သဘောထား၏၊သက်ရှိများကိုသဘာဝက ဖန်တီးထားခြင်းမှာ

ကျွန်ုပ်တို့ ထင်မှတ်သကဲ့သို့ ထိုသက်ရှိများ၏ အကျိုးအတွက် မဟုတ်ဘဲ မျိုးရိုးတည်တံ့နေစေရန်အတွက်သာလျှင်ဖြစ်၏။

**သဘာဝ၏ အဓိကရည်ရွယ်ချက်မှာ သက်ရှိများ အဆက်မပြတ် ပေါ်ပေါက်လျက်ရှိနေစေရန်ဖြစ်၏**

တမ္ဘာပေါ်တွင် သက်ရှိများ ဖြစ်ပေါ်လာခြင်းမှာ ထိုသက်ရှိတို့၏ အကျိုးအတွက်မဟုတ်ဘဲ ဗီဇမျိုးစေ့များထို ထိန်းသိမ်းပေးရန်သာဖြစ်၏၊ ဤတာဝန်ကို ထမ်းဆောင်ပြီးသောအခါ ယင်းတို့လည် သေဆုံးသွားကြပြီး မြေဩဇာဖြစ်သွား၏။

ဤအချက်များကို သုံးသပ်ကြည့်လျှင် အထက်တွင် ဖော်ပြခဲ့သော မပြစ်နိုင်ဟု ထင်ရသည့် ယူဆချက်များသည် မှန်ကန်ကြောင်းတွေ့ရသည်။ အသက်ကို ထိန်းသိမ်းထားရန်မှာ သဘာဝ၏ အဓိကရည်ရွယ်ချက်ဖြစ်သည်ဟု လူအများ ပြောဆိုလေ့ရှိ၏။

ဤအချက်မှာ သက်ရှိတဦး၏ သေဆုံးမှုကြောင့် တမျိုးလုံး ထိခိုက်နိုင်မှသာ မှန်၏၊ ဤနေရာတွင် အသက်ကို ထိန်းသိမ်းရန် ဟုဆိုရာ၌ သက်ရှိတဦးစီကို မဆိုလိုဘဲ တမျိုးလုံးကို ဆိုလိုသည်၊ သက်ရှိလောကတခုလုံးကိုကြည့်က အသက်ကို ထိန်းသိမ်းထားခြင်းမှာ သက်ရှိအမျိုးကိုပျောက်ကွယ်မသွားစေရန်ဖြစ်ကြောင်း တွေ့ရသည်၊ တနည်းအားဖြင့်ဆိုသော် သက်ရှိများ တခုပြီး တဆက် ပေါ်ပေါက်လာရန်မှာ သဘာဝ၏အဓိက ရည်ရွယ်ချက်ဖြစ်၏၊ ဤရည်ရွယ်ချက် ဖြစ်မြောက် အောင်မြင်အောင် ဆောင်ရွက်ပေးသော အင်္ဂါစတင့်(ပင်ကိုယ်သိဉာဏ်)ကို ပေါက်

ပွားလိုစိတ်(ဝါ)ကာမဂုဏ်စိတ်ဟု ခေါ်ဆိုကြသော်လည်း အမှန်မှာ ယင်းသည် မျိုးထိန်းသိမ်းလိုစိတ်ဖြစ်၏၊ ထိုစိတ်ကိုအမျိုးတည်တံ့မှုအတွက် အဓိကလိုအပ်၏၊ အသွင်အမျိုးမျိုးဖြင့်တွေ့ရသော ဤမျိုးထိန်းလိုစိတ်သည် သက်ရှိလောကတွင် ဒီကြီးမားဆုံးစိတ်ဖြစ်၏၊ ဤကမ္ဘာတွင် မည်သည့်သတ္တဝါနှင့်မျှ မတူသောလူ၌ ဤစိတ်သည် အသွင်အမျိုးမျိုးဆောင်လျက်ရှိရကား အချို့နေရာတွင် ထိုစိတ်ကို မှတ်မိနိုင်ရန်ပင် ခဲယဉ်း၏၊ တခါတရံ ယင်းကို တဏှာရာဂ အသွင်ဖြင့်ရင်း၊ တခါတရံလည်း အချစ်စိတ်အသွင်ဖြင့်ရင်း တွေ့ရ၏၊ မည်သို့ပင်ဖြစ်စေ ထိုစိတ်သည် ရှေးပဝေဏီမှစ၍ လူ့အမျိုးတိုးတက်လာမှု၏အကြောင်းရင်းဖြစ်ခဲ့ပေသည်။

## သက်ရှိတို့၏တည်မြဲမှုသည် တနည်းအားဖြင့် ဤမျိုးပွားလိုစိတ်ပေါ်၌တည်ပုံ

ဤစိတ်ကို လေ့လာမှတ်သားကြည့်သောအခါ သက်ရှိတဦး၏တည်တံ့မှုသည် အရင်းခံမဟုတ်ဘဲ အမျိုး၏တည်တံ့မှုသာလျှင် အရင်းခံဖြစ်ကြောင်း တွေ့ရသည်။ အချို့သက်ရှိများသည် သားငယ်များပေါက်ပွားပြီးသည်နှင့် တပြိုင်နက် သေဆုံးသွားကြ၏၊ သတ္တဝါတဦးသည် ဤစိတ်ကြောင့် တဦးနှင့်တဦး ယှဉ်ပြိုင်ကြသောအခါ မိမိအသက် ဆုံးရှုံးမည်ကိုရင်း၊ ဒီကြီးအကျယ် ဘေးအန္တရာယ်ဖြစ်မည်ကိုရင်း မမြင်ချေ၊ "မျိုးပွားလိုစိတ်သည် သက်ရှိတို့ကို တည်မြဲလျက်ရှိစေ၏" ဟူသောစကားကို အဓိပ္ပါယ်အမျိုးမျိုး ကောက်ယူနိုင်၏၊ ထိုအဓိပ္ပါယ်

အမျိုးမျိုးအနက် သက်ရှိလောက၏ အဓိကရည်မှန်းချက်သည် သက်ရှိများကို အဆက်မပြတ် ဖြစ်ပေါ်နေစေရန်ဖြစ်၏ ဟူသော အဓိပ္ပါယ်သည် အမှန်ဆုံးဖြစ်၏။

**မည်သည့်သက်ရှိမျှ မလွန်ဆန်နိုင်သော လမ်းစဉ်**

အမျိုးတည်တံ့မှုအတွက် သက်ရှိတိုင်းဆောင်ရွက်ရန် ဝတ္တရားများကို သဘာဝက ချမှတ်ထားပြီးဖြစ်၍ မည်သည့်သက်ရှိမျှ ထိုလမ်းစဉ်ကို လွန်ဆန်၍မရပေ၊ အချို့ သတ္တဝါများသည် သားငယ်ကို ပေါက်ဖွားပေးပြီးသည့်နောက် သေဆုံးသွား၏၊ ပျားတွင် အမျိုးတည်တံ့ရေးအတွက် မည်သို့မျှ အထောက်အပံ့ မပြုနိုင်ပြီဖြစ်သော ပျားထီးများကို ပျားမများသည် သုတ်သင် ရှင်းလင်း ပစ်လိုက်၏၊ အကြောင်းကား ပျားအုံတည်တံ့ရေး အတွက် အစာအားလုံးလိုရာ ပျားထီးများကို မသုတ်သင်ဘဲ ထားပါက နောင်ပေါက်လာမည့် ပျားငယ်များ စားသုံးရန် အစာ မလုံမလောက် ဖြစ်နေပေမည်၊ အချို့သက်ရှိများသည် မျိုးရိုးဗီဇကို သိန်းသိမ်းပြီးလျှင် ယင်းကို လက်ဆင့်ကမ်းလှမ်း လိုက်ပြီးသည့်နောက် ပေါက်ဖွားလာသော သားငယ်များကို ပြုစုစောင့်ရှောက်ထားကြသည်၊ ဤသက်ရှိမျိုးကား သားငယ်များ ပေါက်ဖွားပြီးနောက် သေဆုံးမသွားကြဘဲ ထိုသားငယ်များကို ပြုစုစောင့်ရှောက်ရန် အသက်ရှင်လျှက် ရှိကြပေသည်။ နောင်လာနောက်သားအတွက် အားထုတ်မှုသည် ကျွန်ုပ်တို့အား လူဖြစ်ကျိုးနပ်စေ၏၊

ဤနေရာ၌ ကျွန်ုပ်တို့သည် သက်ရှိတို့ လိုက်နာအပ်သော သာမန်အလေ့အကျင့်များကိုသာ ဆိုလိုသည်၊ မိမိဇနီးသည်အား

မှိုခိုနေထိုင်၍ သားသမီးများ၏လုပ်စာကို စားသောက်ပြီးလျှင် အရက်မူးလာသောအခါ ဇနီးသည်ကို မိမိ၏ရင်သွေးဖြစ်သော နို့စို့ကလေးဖြင့် ကိုင်ပေါက်သည့် ဘခင်မျိုးကား လောကတွင် ရှာမှရှားသော လူဆိုးလူယုတ်မျိုးဖြစ်၏၊ ဤသို့သော လူယုတ်မာမျိုး (ဝါ) လူအများလိုက်နာအပ်သော အလေ့အကျင့်များကို မလိုက်နာသူမျိုးကား သေဆုံးသောအခါတွင် ကိုယ်ခန္ဓာကို ပုပ်ပွပျက်စီးစေမည့် မိုက်ကရုပ်ပိုးများထက်ပင် ယုတ်ညံ့သေး၏၊

ဤအပြုအမူမျိုးကို စက်ဆုတ်ရွံရှာသော အကျွန်ုပ်တို့၏ စိတ်သည် သက်ရှိဟူသမျှမှာ သက်ရှိမျိုး တည်တံ့မှုအတွက် ဖြစ်ကြောင်းကိုရင်း၊ နောင်လာနောက်သားအတွက် အားထုတ်မှုမှာ သက်ရှိများအား အသက်ရှင်ကျိုး နပ်စေကြောင်းကိုရင်း ထောက်ခံလျက် ရှိပေသည်၊ ဤသည်ကား အပင်၊ အင်းဆက်ပိုး၊ ငါး၊ ငှက် စသည့်သက်ရှိများအပေါ်တွင် ထားရှိသော သဘာဝ၏ ရည်ရွယ်ချက်ဖြစ်၏၊ ဤ သဘာဝလမ်းစဉ်သည် နှစ်ပေါင်း သန်းချီ၍ ကြာမြင့်ပြီဖြစ်သည်။

သဘာဝတွင် မိဘ၏မေတ္တာသည် ထင်ရှားသော အချက်တချက် ဖြစ်၏၊

အချို့မိဘများသည် သားသမီးများ၏ မေတ္တာတုံ့ပြန်မှု နည်းပါးပုံကို မကြာခဏငြီးတွားပြောဆိုကြ၏၊ အရွယ်ရောက်ပြီး သား ယောကျ်ားသည်ရင်း၊ ကျောင်းသား သူငယ်သည် ရင်း၊ ငယ်ရွယ်စဉ်အခါက မိခင်ချစ်မြတ်နိုးသကဲ့သို့ မိခင်ဖြစ်သူအား ချစ်ခင်မြတ်နိုးခြင်း မရှိချေ၊ သဘာဝတွင် မိဘမေတ္တာဟူ၍သာ

ရှိ၏၊ သားသမီးမေတ္တာဟူ၍ကား အခေါ်သာ ရှိသော်လည်း အကယ်စင်စစ် မရှိပေ၊ ငယ်ရွယ်သူများနှင့် အရွယ်ရောက်သူ သားသမီးများတွင် မိဘတို့အားချစ်ခင်ခြင်း, ကျေးဇူးတင်ခြင်း, သက်ရွယ်အိုမင်းသူတို့အား ဂရုဏာစိတ် ထားရှိခြင်း စသော စိတ်များရှိကြပေမည်၊ သို့သော် ထိုစိတ်ထားသည် သားသမီးများပေါ်တွင်မိဘများထားရှိသောမေတ္တာနှင့် မယှဉ်သာအောင် ကွာခြား၏၊ အိုမင်းမစွမ်းဖြစ်ပြီး သူငယ်ပြန် နေသူ များအား ကျွန်ုပ်တို့ ပြုစုစောင့်ရှောက် လိုသောစိတ်သည် စင်စစ်ဆိုသော် အသွင်တမျိုးဖြင့်တွေ့ရသော မိဘမေတ္တာစိတ်သာလျှင် ဖြစ်၏။

အချုပ်ကိုဆိုသော် သဘာဝသည် နောင်လာနောက်သားများအတွက်သာအစီအစဉ်ပြုလုပ်ထားသည်၊ပေါက်ပွားပြီးသော သက်ရှိများအတွက်မူကား မည်သည့်အစီအစဉ်မျှ မရှိချေ၊မိခင်တွင် မေတ္တာစိတ်သည် နောင်လာမည့် မျိုးရိုးအစဉ်အဆက်အတွက်သာ ဖြစ်၏၊ သို့ဖြစ်ရကား ဝတ္တရားကျေပြွန်စွာ ဆောင်ရွက်ပြီးသော မိခင်သည် သားသမီးများထံမှ ရသမျှသော မေတ္တာဖြင့် ရောင့်ရဲရန်သာ ရှိပေသည်၊ဤအချက်မှာ ဝမ်းနည်းဖွယ်ရာ ကောင်းသော်လည်း သဘာဝ၏စီမံမှုသာလျှင်ဖြစ်သည်၊ လူသည် အခြား သတ္တဝါများနှင့်စာလျှင် သဘာဝဆန့်ကျင်၍ သားသမီးမေတ္တာကို ခံယူနိုင်ပေသည်။

## သက်ရှိများ တည်တံ့ရေးအတွက် သေဆုံးခြင်းရှိပုံ

အထက်ပါ အကြောင်း ၆ ချက်ကို ကျွန်ုပ်တို့ လက်ခံသည် ဆိုပါက ကျွန်ုပ်တို့သည် အခြား အခက်အခဲတရပ်နှင့် ရင်ဆိုင်

တိုးနေပေသေးသည်၊ ယခု ကျွန်ုပ်တို့သည် သက်ရှိလောကတွင် အသိဉာဏ်နှင့်ပြည့်စုံသည့် လူကို ဖယ်ထား၍ ဝက်သစ်ချပင်၊ ပျံလွှားငှက်၊ ဟဲရင်းငါး၊ ဖန်းပင် စသည်တို့ကဲ့သို့ သက်ရှိများကို နမူနာထား၍ စဉ်းစားကြည့်ကြမည်။

သဘာဝသည် ရှိပြီးဖြစ်သော သက်ရှိများနှင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိဘဲ အဘယ့်ကြောင့် ရှိပြီး သတ္တဝါများ ကို ဖျက်ဆီးပြီးလျှင် အသစ် တဖန် ဖန်တီးလျက်ရှိသနည်း၊ ဤသို့ ဖြစ်ပျက်နေပုံမှာ ဖြုန်းတီးရာ ရောက်သည့်အပြင် တဖက်မှဖန်တီးပေးသည်ကို အခြားတဖက်မှ ဖျက်ဆီးနေသည်နှင့်လည်းတူနေ၏။

သဘာဝသည် သက်ရှိများကို အဆက်မပြတ်ဖန်တီးပေးပြီး ယင်းတို့ကို ပျောက်ကွယ်သွားအောင် ပြုလုပ်လျက် ရှိသည်ကား မှန်၏၊ သို့သော်လည်း နောက်ထပ်ပေါ်ထွန်းလာသည့် သက်ရှိများသည် ယခင်ပေါ်ပေါက်ခဲ့သော သက်ရှိများထက်တိုးတက်လာသဖြင့် သတ္တဝါနှင့်အပင်လောကသည် အဆင့်အတန်းမြင့်တက်လာသည်၊ ကမ္ဘာဦးမှစ၍ သက်ရှိတို့တွင် အီးဗော်လူးရှင်း ခေါ် ဆင့်ကဲဖြစ်လာခြင်းကြောင့် သက်ရှိလောကမှာ တိုးတက်လာခဲ့၏။ ထိုဆင့်ကဲ ဖြစ်လာသည့် အဆင့်ဆင့်တို့ကို ကျွန်ုပ်တို့ လေ့လာပါက သတ်မှတ်ထားသော သက်တမ်းနှင့်အဆက်မပြတ် ပေါက်ပွားမှုရှိမှသာ တိုးတက်နိုင်ကြောင်း သိရ၏၊ သို့မှသာ နောင်ပေါက်ပွားလာသော သက်ရှိများသည် ယခင်ပေါ်ပေါက်ခဲ့သောသက်ရှိများထက် တိုးတက် လာနိုင်ပေမည်။

ငယ်ရွယ်သူများကို ဦးစားပေးရမည်ဆိုသော ပြင်သစ် စကားပုံသည် သက်ရှိလောက၏ လမ်းစဉ်ဖြစ်၏။

သက်ရှိများသည် ပေါက်ပွားခြင်းဖြင့်သာ အသွင်ပြောင်းလဲလာနိုင်ကြသည်၊ ပေါက်ပွားမှုကို ဖြစ်စေသော ဗီဇမျိုးစေ့များသည် တခုနှင့်တခုမတူဘဲ ကွာခြားကြ၏၊ အခွင့်အခါသင့်ပါက ဗီဇမျိုးစေ့များသည် မိဘထက်သာသော သက်ရှိများကို ပေါက်ပွားပေးနိုင်၏၊ သက်ရှိများ တိုးတက်လာနိုင်ရန်မှာ ဤအချက်တချက်သည်းပေါ်တွင်တည်နေ၏၊ ဆင့်ကဲဖြစ်လာခြင်းသဘောတရားသည် ပြောင်းလဲခြင်းပေါ်တွင် တည်နေသော ပေါက်ပွားမှုမရှိလျှင် ပြောင်းလဲမှုသည်း မရှိနိုင်ချေ၊ ပေါက်ပွားမှု ရှိလာသောအခါ အသစ် ပေါက်ပွား လာသော သတ္တဝါငယ်များအတွက် မိဘလုပ်သူများက နေရာဖယ်ပေးရန် လိုလာသည်။ "ငယ်ရွယ်သူတို့အား ဦးစားပေးရမည်"ဆိုသော ပြင်သစ်စကားပုံသည် သက်ရှိလောက၏ လမ်းစဉ်ဖြစ်၏၊ ဤအချက်သည်ကား တိုးတက်မှုအတွက် လိုအပ်သော အဓိက အချက်ကြီးဖြစ်၏။

ဤအချက်ကိုထောက်၍ အထက်၌ ဖော်ပြခဲ့သည့်သေခြင်း၌ အသက်တည်မြဲမှုတန်ဖိုးရှိသည်ဟု ဆိုသော စကားမှာ မှန်ကန်ကြောင်းတွေ့ရ၏၊ သေဆုံးခြင်းသည်တိုးတက်မှုကိုဖြစ်စေသဖြင့် သက်ရှိလောက၏ ကောင်းကျိုးကို ဆောင်ရွက်ပေးကြောင်း သိရှိခဲ့သည်မှာ များစွာမကြာသေးပေ၊ ဤအချက်ကို သိရှိခဲ့ရခြင်းသည် ဗိုင်ဿလိုဂျီ၏ အလွန်ကြီးမားသော တိုးတက်မှုတရပ်

ဖြစ်၏၊ ယခုတည်ဆဲအပင်နှင့် တိရစ္ဆာန်တို့သည် ယခင်တည်ရှိခဲ့သော သက်ရှိများထက် တိုးတက် ကောင်းမွန်လာကြသော်လည်း အချိန်တန်လျှင် နောင်အသစ် ပေါ်ထွန်းလာကြမည့် အပင်နှင့် တိရစ္ဆာန်များအတွက် နေရာဖယ်ပေး ကြရပေမည်၊ ဤသက်ရှိများ၏ သက်တမ်းသည် လွန်စွာပင် တိုးတောင်း လှသော်လည်း ယင်းတို့သည် ကမ္ဘာမြေပြင်ပေါ်တွင် အချည်းနှီးပေါ်ပေါက်ခဲ့ကြခြင်းမဟုတ်သည်မှာ ထင်ရှား၏။

သက်ရှိများပေါ်ပေါက်လာခြင်းမှာ သက်ရှိလောကကိုမြှင့်တင်ရန်ဖြစ်၏၊

သက်ရှိများပေါ်ပေါက်လာခြင်းသည် အချိန်တန်လျှင် သေဆုံးသွားရန်အတွက်မဟုတ်ဘဲ နောင်လာနောက်သားတို့၏ ဘဝကို မြှင့်တင်ပေးရန်အတွက်ဖြစ်၏၊သက်ရှိများ၏ သက်တမ်းသည် လွန်စွာပင် တိုးတောင်း ငြားသော်လည်း သက်ရှိ လောကကို တိုးတက်အောင် ပြုလုပ်နိုင်ရန် အတွက် ထိုသက်ရှိ များ ကို လိုသဖြင့် သဘာဝသည် ယင်းတို့၏ ဘဝကိုတွယ်တာ မြတ်နိုးဖွယ် ဖြစ်အောင် ဖန်တီးပေးထား၏၊ ပေါက်ပွားမှု အချင်းချင်း ဆက်ဆံမှုစသော သက်ရှိများ အဆက်မပြတ်ဖြစ် ပေါ်နေရန် လိုသည့် အလုပ်များကိုပင် နှစ်လိုဖွယ် ကိစ္စရပ်များ ဖြစ်အောင် ဖန်တီးထား၍ သေဆုံးခြင်းကိုကား သတ္တဝါတို့၏ အသိဉာဏ်တွင် အ... ...င်စားမိစေရန် ဖုံးကွယ်ထားသည်၊ သဘာဝသည် ... ...ကြီးကို မည်မျှမြတ်နိုးတတ်မက်ဖွယ်ရာဖြစ်အောင် ပြုလုပ်ထ... ...ည်းဆိုသော် ကြောက်မက်ဖွယ် ကောင်းသော

သေဆုံးခြင်း၏ဘေးဒုက္ခကိုမြှော်ခေါ်တွေးဆဘဘ်သူ လူအများ ပင်လျှင် မိမိတို့၏ တုံးတောင်းလှသော ဘဝကိုမေ့ပျောက်ကာ အသက်ရှင်နေရခြင်းကိုပင် ရှင်ရကျိုးနပ်လှ၏ဟု အထင်ရောက် လျက်ရှိနေလေသည်။

အထက်တွင် ပြဆိုခဲ့သော အချက်အလက်များကို လေးနက် စေရန် ထပ်မံရှင်းလင်းလိုပေသည်၊ သက်ရှိဟူသည် မြတ်သည် ဖြစ်စေ၊ ယုတ်သည်ဖြစ်စေ၊ နှစ်လိုဖွယ် ကောင်းသည် ဖြစ်စေ၊ စက်ဆုပ်ဖွယ်ကောင်းသည်ဖြစ်စေ၊ အားလုံးပင်အချိန်တန်လျှင် သေကြရ၏၊ သို့ဖြစ်ရကား သေဆုံးခြင်းဆိုသည်မှာ အာယုံနှည်း၊ ကိုယ်ခန္ဓာဟုခေါ်သော သက်ရှိသတ္တဝါတို့၏ ရုပ်သည်ချုပ်ငြိမ်း၍ အစိပ်စိပ် အပြွာမြွာ ကွဲသွားခြင်းကို သေဆုံ ခြင်းဟု ကျွန်ုပ် တို့ဆိုလိုပေသည်။

ကိုယ်ခန္ဓာချုပ်ငြိမ်းပြီးနောက် မည်သို့ဖြစ်သွားသည်ကို အသိရ ခက်ပုံ

အထက်တွင်ဖော်ပြခဲ့သော သေဆုံးခြင်းမျိုးအား ယခုခေတ် သိပ္ပံပညာအလိုအားဖြင့် ယူဆသော သေဆုံးခြင်းမျိုး ဖြစ်၏၊ သိပ္ပံပညာအလိုအရ သေဆုံးခြင်းသည် သက်ရှိတို့၏ ခန္ဓာကိုယ် ချုပ်ငြိမ်းခြင်းကို ဆိုလိုသည်၊ သေဆုံးခြင်းသည် ဖြန့်တီးရာ ရောက်သည့်အပြင် သက်ရှိများကို ရက်စက်ရာလည်း ရောက်၏၊ သို့သော် သေဆုံးခြင်းသည် နောင်ပေါ်ထွန်းလာမည့်သတ္တဝါတို့ ၏ သဝမြှင့်တင်ရေးအတွက် အထူးလိုအပ်သည်ဟုဆိုပေသည်။

အသက်နှင့်ကိုယ်ခန္ဓာ အိုးစားကွဲပြီးနောက် အသက်မည်သို့ ဖြစ်သွားသည်ကို ယခုခေတ်သိပ္ပံဆရာများ ရှင်းလင်းမပြသနိုင်

သေးပေ၊ သိပ္ပံဆရာများသိရှိရသမျှမှာ ကျွန်ုပ်တို့သိရှိထားသကဲ့သို့ပင် ကိုယ်ခန္ဓာချုပ်ငြိမ်းသည်နှင့် တပြိုင်နက် အသက်ရှင်နေသောလက္ခဏာများ ကွယ်ပျောက်သွား၍ ကိုယ်ခန္ဓာသည်လည်း တဖြည်းဖြည်းဆွေးမြေ့ ပျက်စီးသွားသည်ဟူ၍ဖြစ်၏၊ ဤသည်ကားသေဆုံးခြင်း(ဝါ) ကျွန်ုပ်တို့သိကြသော သေဆုံးနည်းမျိုးဖြစ်၍ ယင်းကိုသိပ္ပံဆရာများ ရှင်းလင်းပြသရန် ကြိုးစားလျက်ရှိ၏၊ သို့ရာတွင် မိမိကိုယ်ကို အလောင်ကြီးသူ အချို့သည် သဘာဝ ဖြစ်စဉ်များကို အပေါ်ယံကြောမှသာ လေ့လာ၍ သေဆုံးပြီးနောက် တဖြည်းဖြည်း ပျက်စီးသွားသော ကိုယ်ခန္ဓာမှတပါး မည်သည့်အရာမျှ မကျန်ရစ်ဟု ယူမှတ်လျက် ရှိ၏၊ ဤသူများကား ပညာရှိဟု ခေါ်ဆိုထိုက်သူများ မဟုတ်ပေ၊ ဂရိတ်ပညာရှိကြီး ဆိုကရေးတိ၏ အလိုအရ မိမိမသိနားမလည်ခြင်းကို သိရှိသောသူသာလျှင် ပညာရှိမည်ပေသည်၊ ပညာရှိကြီး ဆိုကရေးတိအား သတ်ခါနီး ဆဲဆဲတွင် သေပြီးနောက် မည်သည့်နေရာ၌ မြှုပ်ရမည်ကို မေးမြန်းသောအခါ "သင်တို့ငါ့အားဖမ်းနိုင်ရှင် မြှုပ်လိုရာမှာမြှုပ်ကြ"ဟု ပြန်ပြောခဲ့လေသည်၊ ဤစကားကား ကမ္ဘာပေါ်တွင် လူအမျိုးတည်တံ့နေသမျှ ကာလပတ်လုံး ထင်ရှားလျက်ရှိနေမည်မှာ မလွဲပေ။

ဆက်လက်၍ ဝိမာနဝတ္ထုနှင့် ပေတ ဝတ္ထုမှ နတ်နှင့် ပြိတ္တာအချို့ကို ကောက်နုတ်ဖော်ပြပါဦးမည်၊ ယင်းဝတ္ထုတို့သည်ကား ဗုဒ္ဓဝါဒမှ တမလွန်လောက၏ ပြယုဂ်တို့ဖြစ်၏၊ မြန်မာတို့သည် ဝိမာနကို ဗိမာန်ယခေါ်၍ ပေတကို ပြိတ္တာဟုခေါ်ကြ၏။

# နာဝါဝိမာနဝတ္ထု

မြတ်စွာဘုရားသည် ဒေသစာရီ လှည့်လည်တော်မူသည်ရှိသော် ရဟန်းသံဃာ နှင့်တကွ ကောသလတိုင်းထူဏ ပုဏ္ဏား ရွာသို့ ဆိုက်ရောက်တော်မူခဲ့၏၊ ထူဏရွာရှိပုဏ္ဏားနှင့်အမျိုးသားတို့သည် "ရဟန်းဂေါတမသည် ငါတို့၏ရွာသို့ ရောက်လာသတတ်"—ဟု ကြားသိကြ၏၊ ထိုအခါ ထူဏရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့ သည် သာသနာတော်ကို မကြည်ညိုကြသော မိစ္ဆာဒိဋ္ဌိအယူရှိ၍ မစွေ့ရ ပြောသူများ ဖြစ်ကြရကား "ရဟန်းဂေါတမသည် ဤ ရွာ၌ နှစ်ရက်, [illegible] နေကောင်းနေရာ၏၊ ဤရွာသားအားလုံး ကို မိမိစကား၌ တည်စေရာ၏၊ ထိုမှလဲ၍ ဗြာဟ္မဏ ဓမ္မ၌ တည် ခြင်းကို မရရာ"—ဟု စဉ်းစားမိကြသဖြင့် ထိုရွာ၌ မြတ်စွာဘုရား

အား နေရာမရစိမ့်သောငှာ အားထုတ်ကြကုန်လျက် မြစ်ဆိပ်တို့၌ရှိသောလှေတို့ကိုလည်း ဝှက်ထားဖယ်ရှားကြကုန်၏၊ တံတားတို့ကိုလည်း ဖျက်ဆီးကြကုန်၏၊ ထို့အတူ ရေချမ်းစင် မဏ္ဍပ်တို့ကိုလည်း ဖျက်ဆီးကြကုန်၏၊ ရေတွင်းတတွင်းကိုသာ (ရွာသူရွာသားတို့သုံးရန်) ချန်ထား၍ ရေတွင်းအားလုံးတို့ကို မြက်စသည်တို့ဖြင့် ပြည့်စေ၍ ဖို့ပိတ်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏားတို့၏ဖောက်ပြန်သော အချင်းအရာကို သိတော်မူ၍ ထိုပုဏ္ဏားတို့ကို အစဉ်သနားတော်မူသဖြင့် ရဟန်းသံဃာနှင့်တကွ ကောင်းကင်ခရီးဖြင့် မြစ်ကိုကျော်၍ ကြွလာတော်မူပြီးလျှင် အစဉ်အတိုင်းထူကာပုဏ္ဏားရွာသို့ရောက်သော် လမ်းမပေါ်သို့သက်ဆင်းကာ သစ်ပင်ရင်းတခု၌ အသင့်ရှိနေသောနေရာဝယ် ထိုင်နေတော်မူလေ၏။

ထိုအခါ များစွာကုန်သော ရေခပ်သူ အမျိုးသမီးတို့သည် ဘုရားနှင့် မနီးမဝေးလမ်းဖြင့် ရေအိုးတို့ကိုရွက်၍ သွားကြကုန်၏၊ ထိုရွာ၌ အကယ်၍ ရဟန်းဂေါတမ ရောက်လာခဲ့မူ ထိုရဟန်းဂေါတမအား ခရီးဦးကြိုဆိုခြင်း မပြုရ၊ အိမ်သို့ကြွလာသည့် ရဟန်းဂေါတမ၏ တပည့်တို့အားလည်း ထမင်း မပေးရ”—ဟု ကတိကဝတ် ပြုထားကြကုန်၏။

ထိုအခါ၌ ပုဏ္ဏားတဦး၏ ကျွန်မအမျိုးသမီး ကလေးတဦးသည် အိုးဖြင့် ရေခပ်ပြီး ပြန်လာသည်ရှိသော် ရဟန်းအပေါင်းခြံရံကာ ထိုင်နေတော်မူသော မြတ်စွာဘုရားကိုရင်း ခရီးဖြင့်ပင်ပန်း နွမ်းနယ်လာသည့် ရဟန်းအပေါင်းကိုရင်း တွေ့မြင်၍ ကြည်လင်သောစိတ်ရှိလျက် သောက်ရေကို ပေးလှူလိုသည် ဖြစ်

ရကား, "ရဟန်းဂေါတမအား တစုံတရာမျှမပေးရ၊ ခရီးဦးကြို ခြင်းမျှလည်း မပြုရဟု ရွာသားတို့ထားခဲ့သော ကတိကဝတ်သည် ငါ့အား တည်ရှိခဲ့၏၊ သို့ပင်ဖြစ်သော်လည်း ဤသို့ကောင်းမှုပြု ရာ လယ်တာ မြေကောင်းသဖွယ် ဖြစ်သော အလှူခံ ပုဂ္ဂိုလ်မြတ် တို့ကို ရပါလျက် ဤသို့သောက်ရေလှူဒါန်းခြင်းမျှလည်းမိမိအဖို့ တောက်တည်ရာကို မပြုငြားအံ့၊ အဘယ်အခါ၌ ငါသည်ဆင်းရဲ စွာ အသက်မွေးရခြင်းမှ လွတ်ပါအံ့နည်း၊ ငါ၏ သခင်သည်ရင်း၊ ရွာသား အားလုံးတို့သည်ရင်း၊ ငါ့အား သတ်လိုက သတ်စေ၊ ဤသို့သော ကောင်းမှုပြုရာ လယ်မြေမြတ်၌ သောက်ရေလှူဒါန်း မှုတည်းဟူသော ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးမည်သာတည်း" ဟု သန္နိဋ္ဌာန်ပြုပြီးလျှင် အခြား သော ရေခပ်အမျိုးသမီးတို့ကတား မြစ်ကြသော်လည်း အသက်ကို မငဲ့ကွက်ပဲ ဦးခေါင်းပေါ်မှ သောက်ရေအိုးကိုချ၍ လက်နှစ်ဖက်တို့ဖြင့် ချီမကာမြတ်စွာဘုရား ထံသို့ ချဉ်းကပ်လျက် ငါးပါးသော ထိခြင်းတို့ဖြင့် ရှိခိုးပြီးနောက် သောက်ရေဖြင့် ဖိတ်ကြားလေ၏၊ သောက်ရေကိုလှူ၏။

မြတ်စွာဘုရားသည် ထိုအမျိုးသမီး၏ စိတ်ကြည်လင်မှုကို ရှုငဲ့၍ အမျိုးသမီးကို ချီးမြှောက်တော်မူလိုသဖြင့် ရေကိုရေစစ် ဖြင့်စစ်လျက် လက်ခြေတို့ကို ဆေးကြောကာ သောက်ရေကို သောက်တော်မူလေ၏၊ အိုး၌ရေသည် ကုန်ခန်းခြင်းသို့မရောက်၊ အမျိုးသမီးသည် ထိုအခြင်းအရာကို မြင်ရသော် တဖန်ကြည်လင် သောစိတ်ဖြင့် ရဟန်းတပါးအား ပေးလှူပြန်၏၊ ထိုမှတပါး အခြားအခြား ရဟန်းများအားလည်း ပေးလှူပြန်၏၊ ဤသို့ဖြင့်

အလုံးစုံသော ရဟန်းတို့အား ပေးလှူလေ၏၊ ရေသည်ကုန်ခမ်းခြင်းသို့ မရောက်သည်သာတည်း။

အမျိုးသမီးသည် ရှင်လန်းသောစိတ် ရှိသည်ဖြစ်၍ ပြည့်မြဲတိုင်းသောရေအိုးဖြင့် အိမ်သို့ရှေးရှုပြန်သွား၏၊ ထိုအမျိုးသမီး၏ အရှင်သခင်ဖြစ်သော ပုဏ္ဏားသည် သောက်ရေ ပေးလှူသည့် အဖြစ်ကို ကြားသိ၍ ဤကျွန်မသည် ရွာ၏ကတိကဝတ်ကို ဖျက်ဆီး၏၊ ငါကိုယ်တိုင် ရှုတ်ချသင့်၏ဟု ကြံစည်ကာ အမျက်ဒေါသ မီးသည် တဖျစ်ဖျစ်မြည်အောင် တောက်လောင်သည်ဖြစ်၍ အမျိုးသမီးကို မြေသို့လဲကျစေလျက် လက်တို့ဖြင့်၎င်း၊ ခြေတို့ဖြင့်၎င်း၊ ရိုက်နှက်ကန်ကျောက်၏၊ အမျိုးသမီးသည် ထိုလုံ့လပရောဂဖြင့် အသက်ကုန်ခြင်းသို့ ရောက်၍ တာဝတိံသာ နတ်ဘုံ၌ ဖြစ်လေ၏။

အမျိုးသမီး၏ ကုသိုလ်ကံ အာနုဘော်ကြောင့် ပဒေသာပင်ဖြင့် တင့်တယ်သော ကြီးစွာသော ဗိမာန်သည်ဖြစ်၏၊ ထိုဗိမာန်ကိုဝန်းရံ၍ ငွေဖြင့် တန်ဆာဆင်အပ်သော ပုလဲကွန်ရက်ကဲ့သို့သော သဲတို့ဖြင့် ဖြန့်ကြဲအပ်သော ဖြူစင်သော သဲသောင်ကမ်းပါးရှိသော ပတ္တမြားအစုကဲ့သို့ သန့်ရှင်းကြည်လင်သော ရေကိုဆောင်သည့်မြစ်သည်ရှိ၏၊ ထိုမြစ်၏ ကမ်းပါးနှစ်ဖက်တို့၌ ရှိသည့် ဥယျာဉ် ဗိမာန်၏ တံခါးဝ၌ အဆင်းငါးမျိုးရှိသော ကြာအပေါင်းတို့နှင့် တန်ဆာဆင်အပ်သော ရွှေလှေနှင့်တကွ ကြီးစွာသော ရေကန်ကြီးသည် ဖြစ်ပေါ်၏၊ နတ်သမီးသည် နတ်စည်းစိမ်ကို အစဉ်ခံစားလျက် လှေဖြင့် ကစားမြူးတူးသည် ဖြစ်၍ လှည့်လည်သွားလာနေ၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်အာနန္ဒာကို, "အာနန္ဒာ ငါ့တိုက်တွန်း၏၊ ရေတွင်းမှ ရေကို ဆောင်ယူချေလော့" – ဟု အမိန့်တော်ရှိ၏။

အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား ယခုအခါ ရေတွင်းကိုတူကာရွာသားတို့သည် ဖျက်ဆီးအပ်ပါပြီ၊ ရေကိုဆောင်ယူရန်မဖြစ်နိုင်ပါ"-ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် နှစ်ကြိမ်သုံးကြိမ်စေခိုင်း၏၊ သုံးကြိမ်မြောက် စေခိုင်းရာ၌ အာနန္ဒ မထေရ်သည် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူဆောင်၍ ရေတွင်းသို့ ရှေးရှု ကြွသွားလေ၏၊ အာနန္ဒာမထေရ် ရေတွင်းသို့ ကြွသွားသည်ရှိသော် ရေတွင်းသည် ရေပြည့်သည်ဖြစ်၍ လျှံတက်လာပြီးလျှင် ထက်ဝန်းကျင်စီးဆင်း၏၊ ရေတွင်းကို ဖို့ပိတ်ထားသော မြက်ထုံး အလုံးစုံသည် မျော၍ အလိုလိုထွက်၊ ထိုစီးသောရေသည် အောင်ဆင့်တိုးပွား၍ တပါးသောရေအိုင်တို့ကို ပြည့်လျက် ထိုထူကာ ပုဏ္ဏား ရွာကို ထက်ဝန်းကျင်မှ ဝန်းရံ၍ ရွာတံတိုင်းကို လွှမ်းမိုး သွားလေ၏။

ထိုတန်ခိုးပြာဋိဟာကို မြင်ရလေသော် ပုဏ္ဏားတို့သည် ဧအံ့ တညြမဖြစ်ဘူးမြဲ ထူးကဲသောစိတ်ဖြစ်ကြ၍ မြတ်စွာ ဘုရားကို တောင်းပန်ကြကုန်၏။ ထိုတောင်းပန်သော ဧခဏ၌ပင် ရေအာယဉ်သည် ကွယ်ပျောက်လေ၏၊ ပုဏ္ဏားတို့သည် မြတ်စွာဘုရား၏ရှင်း ရဟန်းသံဃာ၏ရှင်း၊ နေရာဌာနကိုစီရင်၍နက်ဖန်ဆွမ်း အလို့ငှာ ပင့်ဖိတ်ကာ ဒုတိယနေ့၌ ကြီးစွာသော အလှူကို ပြု ပြင်ဆင်ယင်လျက် ဘုရားအမှူးရှိသော သံဃာကို မွန်မြတ်သော ဘွယ်ဘောဇဉ်ဖြင့် လုပ်ကျွေးပြီးသော် အလုံးစုံသော ထူကာ

ရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည်မြတ်စွာဘုရားကို ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသည့်တိုင်အောင် ကောင်းစွာလုပ်ကျွေးကြကုန်လျက် ထိုင်နေကြကုန်၏။

ထိုအခါ နတ်သမီးသည် မိမိ၏စည်းစိမ်ကို ဆင်ခြင်၍ထိုအကြောင်းကို စူးစမ်းသည်ရှိသော် ထိုသောက်ရေလှူဒါန်းခဲ့သည်ကိုသိ၍ နှစ်သက်ဝမ်းမြောက်လျက်–

"ယခုပင်ငါသည် မြတ်စွာဘုရားကို ရှိခိုးအံ့၊ ကောင်းသောအမှုကိုပြုရာ၌ ပြုသူတို့အား အနည်းငယ်မျှကို ပြုလုပ်သော်လည်း များမြတ်သောအကျိုးပေးသည်အဖြစ်ကို လူ့လောက၌ ထင်ရှားအောင်ပြုပေအံ့"ဟု ကြံစည်၍ အားထုတ်မှုကို ဖြစ်စေလျက် နတ်သမီးတထောင် အခြံအရံရှိသော ဗိမာန်နှင့်အတူသာလျှင် ကြီးကျယ်သော နတ်တန်ခိုး၊ ကြီးမားသော နတ်အာနုဘော်ဖြင့် လာလတ်၍လူအများ မြင်စဉ်ပင် ဗိမာန်မှဆင်းသက်လျက်မြတ်စွာဘုရားကိုချဉ်းကပ်ရှိခိုး၍လက်အုပ်ချီကာ ရပ်တည်လာ၏။

# လတာဝိမာနဝတ္ထု

မြွတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ၌ သာဝတ္ထိပြည်သား ဥပါသကာ တယောက်၏ သမီးသည် လတာမည်၏၊ ပညာရှိ၏၊ လိမ္မာ၏၊ ထက်မြက်စူးရှသောဉာဏ် ရှိ၏၊ လင်အိမ်သို့ ရောက်သောအခါ လင်ကိုရင်း၊ ယောက္ခမနှစ်ဦးကိုရင်း ကျိုးလွန်၍မကျင့်၊ ချစ်ဖွယ်သောစကားကိုဆို၏၊ အခြွေအရံအား ချီးမြှောက်ခြင်း၌ လိမ္မာ၏၊ အိမ်၌ အိမ်ထောင်ဝန်ကို ဆောင်စွမ်းနိုင်၏၊ အမျက်ထွက်လေ့မရှိ၊ သီလအကျင့်နှင့်ပြည့်စုံ၏၊ ပေးကမ်းဝေဖန်ခြင်းနှင့်မမေ့လျော့၏၊ မကျိုးမပေါက်သောသီလရှိ၍ ဥပုသ်စောင့်သုံးခြင်း၌ မမေ့မလျော့ဖြစ်၏။

ထိုလဘာအမျိုးသမီးသည် နောက်အဖို့၌ သေဆုံးကွယ်လွန်၍ ဝေဿဝဏ်နတ်မင်းကြီး၏သမီးဖြစ်ကာလတာဟူသော အမည်ဖြင့်သာလျှင်ဖြစ်၏၊ ထိုလတာ နတ်သမီးအား တပါးသော သဇ္ဇာ၊ ပဝရာ၊ အစ္စိမတီနှင့် သုတာဟူသော ညီမလေးဖော်တို့သည်ရှိကုန်၏၊ ထိုနတ်သမီး ညီအစ်မ ငါးဦးလုံးတို့ကိုလည်း သိကြားမင်းသည် ဆောင်ယူ၍ ကချေသည်အဖြစ်ဖြင့် အလုပ်အကျွေးအရာ၌ထား၏၊ လတာ နတ်သမီးသည် အက အဆို စသည်၌လိမ္မာကျွမ်းကျင်သဖြင့် အကြီးအမှူးဖြစ်လေ၏။

ထိုနတ်သမီးတို့သည် တပေါင်းတည်းစု၍ ချမ်းသာစွာ နေထိုင်ကြစဉ် ကောင်းစွာသီဆိုခြင်း၌ ကျွမ်းကျင်မှုကိုစွဲ၍ အငြင်းအခုန်ဖြစ်၏၊ ထိုနတ်သမီးတို့သည် ဖခင်ဝေဿဝဏ်နတ်မင်းကြီးထံသို့ သွား၍—

“ခမည်းတော် သမီးတော်တို့တွင် အဘယ်သမီးတော်သည် ကခြင်း စသည်တို့၌ အကောင်းဆုံး ဖြစ်ပါသနည်း”ဟု မေးကုန်၏။

ဝေဿဝဏ်နတ်မင်းကြီးက “ချစ်သမီးတို့ သွားကြကုန်၊ အနောတတ်အိုင်၏ကမ်းပါး နတ်သဘင်အစည်းအဝေး၌ကောင်းစွာသီဆိုခြင်း ဖြစ်စေကုန်လော့၊ ထိုအစည်းအဝေး၌ သင်တို့၏ ထူးခြားမှုသည် ထင်ရှားလတ္တံ့”ဟုဆို၏။

ထိုနတ်သမီးတို့သည် ဖခင် ဝေဿဝဏ်နတ်မင်းကြီးဆိုတိုင်း ပြုကြကုန်၏၊ ထိုနတ်သဘင် အစည်းအဝေး၌ နတ်သားတို့သည် လတာနတ်သမီးကခုန်သည်ရှိသော် မိမိနေမြဲတိုင်း သဘာဝဖြင့် ရပ်တည်ခြင်းငှာ မတတ်နိုင်ကုန်၊ ကောင်းစွာ ဖြစ်သော ရှင်

လန်းခြင်းရှိကြသဖြင့် ရင်သပ်ရှုမော အံ့ဩသောစိတ်ဖြစ်ကုန်၍ အစဉ်မပြတ် ကောင်းချီးပေးကုန်လျက် ကျယ်လောင်စွာ ဟစ်ကြွေးကာ အဝတ်ပုဆိုးတို့ကိုမြှောက်ပင့်ဝှေ့ရမ်းခြင်းဖြင့် ပူကြကုန်၏၊ ဟိမဝန္တာတတောလုံး တုန်လှုပ်သကဲ့သို့ ကြီးစွာသော အုတ်အုတ်ကျက်ကျက်အသံသည် ဖြစ်လေ၏။

လတာနတ်သမီးမှတပါး နတ်သမီးတို့ ကခုန်သောအခါ၌ကား အေးချမ်းလှသောရာသီဖြစ်သည့် သိသိရ ရတုအခါ၌ဥဩငှက်ကဲ့သို့ တိတ်ဆိတ်စွာ ထိုင်နေကြကုန်၏၊ ဤသို့လျှင် ထိုသီဆိုပွဲ၌ လတာနတ်သမီး၏ ထူးခြားသော ထင်ရှား ကျော်ကြားမှုသည် ဖြစ်လေ၏။

ထိုအခါ၌ နတ်သမီးတို့တွင် သုတာမည်သော ညီမအငယ်ဆုံးနတ်သမီးသည်—

"အဘယ်ကောင်းမှုကိုပြု၍ ဤအစ်မကြီးလတာသည် ငါတို့ကိုအဆင်းဖြင့်ရင်း, အခြံအရံဖြင့်ရင်း လွှမ်းမိုး၍ တည်သနည်း၊ ငါသည် အစ်မကြီးလတာကို မေးပေအံ့" ဟု ကြံစည်ကာ လတာနတ်သမီးကို မေး၏။

လတာနတ်သမီးသည် ထိုသို့ဖြစ်ရခြင်း အကြောင်းကို ဖြေကြား၏၊ ထိုအကြောင်းကို ဝေဿဝဏ်နတ်မင်းကြီးကနတ်ပြည်သို့ ဒေသစာရီ ကြွချီလာသော အသျှင်မဟာမောဂ္ဂလ္လာန်အား လျှောက်ထား၏၊ မထေရ်သည် ထိုအကြောင်းကို မေးမြန်းသော အကြောင်းရင်းမှစ၍ ဘုရားရှင်အား လျှောက်ထားလေ၏။

# စဏ္ဍာလီဝိမာနဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးနေတော်မူသည်ရှိသော် နံနက်မိုးသောက်ထ အခါ၌ ဘုရားရှင်တို့အလေ့အကျက်အားလျော်စွာ မဟာကရုဏာ သမာပတ်ကို ဝင်စားရာမှထ၍ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ထိုရာဇဂြိုဟ်မြို့၌ပင်လျှင် စဏ္ဍာလတင်းကုပ်၌နေသော သက်တမ်းကုန် (သေခါနီး) နေသည့် စဏ္ဍာလီမည်သော အမယ်အိုကို၎င်း၊ ထိုစဏ္ဍာလီ အမယ်အို၏ ငရဲဖြစ်မည့်ကံသည်လည်း အနီးကပ်၍ တည်နေသည်ကို၎င်း မြင်တော်မူ၏။

မြတ်စွာဘုရားသည် မဟာကရုဏာတော် ကောင်းစွာ တိုက်တွန်းအပ်သော စိတ်ရှိသည်ဖြစ်၍ "နတ်ပြည်၌ ဖြစ်လတ္တံ့သောကံကိုဖြစ်စေ၍ ထိုအမယ်အိုအား ငရဲ၌ဖြစ်ခြင်းကို တားမြစ်ကာ နတ်ပြည်၌ တည်စေအံ့"ဟု ကြံစည်တော်မူပြီး၍ များစွာသော ရဟန်း, သံဃာ အပေါင်းနှင့်တကွ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်တော်မူ၏။

ထိုအခါ စဏ္ဍာလီအမယ်အိုသည် တောင်ဝှေးကိုဆွဲကိုင်ကာ ရာဇဂြိုဟ်မြို့မှထွက်စဉ်၌ မြတ်စွာဘုရားကိုမြင်၍ ရှေးရှု မျက်နှာမူလျက်ရပ်နေလေ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလ္လာန်သည် မြတ်စွာဘုရား၏ စိတ်အလိုတော်ကိုရင်း, ထိုအမယ်အို၏ အသက်ကုန်လတ္တံ့သည်ကိုရင်း သိ၍ မြတ်စွာဘုရားအား ရှိခိုးရန် အမယ်အိုအားဂါထာ နှစ်ပုဒ်ရွတ်ဆို၍ တိုက်တွန်းတော်မူ၏။

အသျှင်မဟာမောဂ္ဂလ္လာန် ထေရ်သည် ဂါထာ နှစ်ပုဒ်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကို ပြောကြား၍ မိမိ၏တန်ဘိုးအာနုဘော်၌တည်ကာ ထိုစဏ္ဍာလီအမယ်အိုလည်း အသက်တမ်း ကုန်သည့် အဖြစ်ကို ထင်စွာပြု၍ ထိတ်လန့်စေပြီးလျှင် မြတ်စွာ ဘုရားအား ရှိခိုးရန် တိုက်တွန်းလေ၏။

ထိုစဏ္ဍာလီ အမယ်အိုသည် အသျှင် မဟာမောဂ္ဂလ္လာန်၏ စကားကိုကြား၍ ထိတ်လန့်ခြင်းဖြစ်ကာ မြတ်စွာဘုရား၌ ကြည်လင်သောစိတ်ရှိလျက် ငါးပါးသော ထိခြင်းဖြင့် ရှိခိုး၍လက်အုပ်ချီလျက် ကိုယ်ကိုညွတ်ပြီးလျှင် ဘုရားသို့ရောက်သော ပီတိဖြင့် တည်ကြည်သောစိတ်ရှိသည်ဖြစ်၍ ရပ်တည်၏။

မြတ်စွာဘုရားသည် "ဤမျှဖြင့် သင့်လျော်ပြီ၊ ဤစက္ကာလိအား နတ်ပြည်၌ဖြစ်ကြောင်းဖြစ်လေပြီ"ဟု ကြံစည်တော်မူ၍ နောက်ပါ ရဟန်းသံဃာနှင့်အတူ မြို့သို့ဝင်လေ၏၊ ထိုစဉ်တွင် အစာရှာ လှည့်လည်လာသော နွားသားငယ်ရှိသည့် နွားမတကောင်သည် ထိုနွားသားငယ်ကြောင့်ပင် ပြေးလာလျက် ဦးချိုဖြင့်စက္ကာလိအမယ်အိုကို ထိုး၍ဇီဝိတိန္ဒြေမှ ချလေ၏။

စက္ကာလိသည် ထိုဘဝမှ စုတေခဲ့၍ တာဝတိံသာ နတ်ဘုံ၌ဖြစ်၏၊ နတ်သမီးတထောင် တို့သည် ထိုစက္ကာလိ နတ်သမီး၏ အခြွေအရံတို့ဖြစ်ကုန်၏၊ ထိုခဏ၌သာလျှင် စက္ကာလိနတ်သမီးသည် ဗိမာန်နှင့်တကွလာ၍ ဗိမာန်မှ သက်ဆင်းကာ အသျှင်မဟာ မောဂ္ဂလ္လာန်အား ချဉ်းကပ်ရှိခိုး၏။

ထို့နောက် အသျှင်မဟာမောဂ္ဂလ္လာန်က မေး၍ နတ်သမီးက စက္ကာလိဖြစ်ကြောင်း ပြောကြား၍ ကုသိုလ်ကောင်းမှု ကိုလည်း လျှောက်ထားလေ၏။

## တိရောကုဋ္ဋပေတဝတ္ထု။

ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကိုးဆယ့် နှစ်ကမ္ဘာထက်၌ ကာသိမည်သော မြို့သည်ရှိ၏၊ ထိုမြို့၌ဇယသေနမည်သော မင်းသည် မင်းပြု၏၊ ထိုမင်းအား သိရိမာမည်သော မိဖုရားသည်ရှိ၏၊ ထိုမိဖုရားကြီး၌ ဖုဿမည်သော ဘုရားလောင်းသည် ဖွားမြင်၍ ကာလအစဉ်အားဖြင့် ဘုရားအဖြစ်သို့ရောက်၏။

ဇယသေနမင်းသည် "ငါ၏သားသည် ကြီးစွာသော တောထွက်ခြင်းကိုပြု၍ ဘုရားဖြစ်၏၊ ငါ၏သား ဖြစ်သောကြောင့် ငါတဦးတည်းပိုင်သည့် ငါ၏ဘုရားသာဖြစ်၏၊ ယင်းဘုရားဟော

သည့် တရားသည်လည်း ငါ၏ တရားသာဖြစ်၏၊ ယင်းဘုရား၏ တပည့်သံဃာသည်လည်း ငါ၏ သံဃာဖြစ်၏”ဟု မိမိတဦးတည်း ပိုင်ဖြစ်စေ၍ အခါခပ်သိမ်း ကိုယ်တိုင်သာလျှင် လုပ်ကျွေး၏၊ သူတပါးတို့အား လှူဒါန်းပူဇော်ရန် အခွင့်မပေးချေ။

မြတ်စွာဘုရား၏ အမိကွဲဖြစ်သော ညီနောင်သုံးယောက်တို့ သည်“ဘုရားတို့မည်သည် အလုံးစုံသော လောက၏အကျိုးစီပွား အလို့ငှာ ဖြစ်ကုန်၏၊ တဦးတယောက်၏ အကျိုးငှာ မဟုတ်၊ ငါတို့၏ ခမည်းတော်သည် တပါးသူတို့အား လှူဒါန်းပူဇော်ရန် အခွင့်မပေး၊ အဘယ်သို့လျှင် ငါတို့သည် မြတ်စွာဘုရားကို လုပ် ကျွေးခြင်းငှာ, ရဟန်းသံဃာအား လုပ်ကျွေးခြင်းငှာအခွင့်ရပါ အံ့နည်း”ဟု ကြံစည်ကြကုန်၏။

ထိုမင်းသားတို့သည် “ယခုငါတို့သည် အကြောင်း ဥပါယ် တခုကိုပြုကုန်အံ့”ဟူ၍ ပြောဆိုတိုင်ပင်ကြကုန်ပြီးလျှင် ပစ္စန္တရစ် ထကြွသကဲ့သို့ ပြုကုန်၏၊ ထိုအခါ မင်းကြီးသည်“ပစ္စန္တရစ်သည် ထကြွ၏”ဟု ကြားသိ၍ သားတော်သုံးပါးတို့ကို ပစ္စန္တရစ် ငြိမ် သက်စေရန်စေလွှတ်၏။

မင်းသားတို့သည် သွား၍ ငြိမ်သက်စေပြီးလျှင် ပြန်လာကြ ကုန်၏၊ မင်းကြီးသည် နှစ်သက်သည်ဖြစ်၍“သင်တို့သည်အလိုရှိရာ ဆုကို ယူကြကုန်” ဆုပေး၏။

ထိုမင်းသားတို့က“အကျွန်ုပ်တို့သည် မြတ်စွာရားကိုလုပ်ကျွေး ရန် အလိုရှိကြပါကုန်၏၊”ဟု ဆိုကုန်၏။

မင်းကြီးသည် “ထိုအရာကိုထား၍တပါးသောအရာကို ယူကြ ကုန်လော့”ဟု ဆိုပြန်၏။

မင်းသားတို့သည် "အကျွန်ုပ်တို့အား တပါးသော အရာကို အလိုမရှိကုန်"ဟု ဆိုကုန်၏။

"သို့တပြီးကား အပိုင်းအခြားကို ပြုပြီး၍ ယူကြကုန်လော့" ဟု မင်းကြီးဆိုလေသော် မင်းသားတို့သည် မြတ်စွာဘုရားကို ပူဇော်ရန် ခုနစ်နှစ်တို့ကို တောင်းကုန်၏၊ မင်းကြီးသည် မပေး၊ ဤသို့လျှင် ခြောက်နှစ် ငါးနှစ် လေးနှစ် သုံးနှစ် နှစ်နှစ် တနှစ် ခုနစ်လ ခြောက်လ လေးလတို့ကို ဆို၍ မပေးလေသော်သုံးလကို တောင်းကုန်၏။

ထိုအခါမှ မင်းကြီးသည် "ယူကြကုန်"ဟုပေးလေ၏။

ထိုမင်းသားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍"အရှင်ဘုရား အကျွန်ုပ်တို့သည် သုံးလပတ်လုံး မြတ်စွာဘုရားကို လုပ်ကျွေးခြင်းငှာ အလိုရှိပါကုန်၏၊ မြတ်စွာဘုရားသည် သုံးလပတ်လုံး ဝါဆိုခြင်းကို လက်ခံတော်မူပါ"ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလေ၏၊ မင်းသား ညီနောင်သုံးဦးတို့သည် မိမိတို့၏ ဇနပုဒ်တို့ကို လွှဲအပ်ထားသော တိုင်းမှူးယောကျ်ားထံစာရေး၍ "ဤသုံးလပတ်လုံး ငါတို့သည် မြတ်စွာဘုရားကိုလုပ်ကျွေးအံ့၊ ကျောင်းကိုအစပြု၍ အားလုံးသော မြတ်စွာဘုရားအား လျော်သည့် အလုပ်အကျွေး အဆောက်အဦကို စီရင်လေလော့"ဟုမှာလိုက်၏၊ ထိုတိုင်းမှူးယောကျ်ားသည် အလုံးစုံကို စီရင်၍ အကြောင်းပြန်ကြား၏။

ထိုမင်းသားတို့သည် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ကုန်၍ ယောကျ်ားတထောင် အလုပ်အကျွေးတို့ဖြင့် မြတ်စွာဘုရားကိုရင်း ရဟန်းသံဃာကိုရင်း ရိုသေစွာလုပ်ကျွေးလိုသည် ဖြစ်၍ ဇနပုဒ်သို့ မင့်ဆောင်ကာ ကျောင်းကိုလှူဒါန်းအပ်နှင်း၍ ဝါဆိုစေကုန်၏။

ထိုမင်းသားညီနောင်သုံးဦးတို့၏ ဘဏ္ဍာစိုးဖြစ်သောသူကြွယ်တဦးသည် ဇနီးနှင့်တကွ ကြည်လင်သောသဒ္ဓါစိတ်ရှိသည်ဖြစ်၏၊ ထိုသူသည် ဘုရားအမှူးရှိသော သံဃာအား အလှူဝတ္ထုကိုရိုသေစွာပေးလှူ၏၊ တိုင်းမှူး ယောကျ်ားသည် ထိုသူကြွယ်သားကိုခေါ်ဆောင်၍ အသောင်းအထောင်သော ဇနပုဒ်သားတို့နှင့်တကွ ရိုသေစွာလျှင် အလှူကိုဖြစ်စေ၏၊ ထိုအသောင်းအထောင်သောဇနပုဒ်သားတို့တွင် အချို့သောဇနပုဒ်သားတို့သည် ထိုပါးပုတ်ခတ်ဆန့်ကျင်သော စိတ်ရှိကုန်၏၊ ထိုသူတို့သည် အလှူ၏အန္တရာယ်ပြုကုန်၍ လှူဖွယ်ဝတ္ထုတို့ကို ကိုယ်တိုင် စားကြကုန်၏၊ အလှူဘင်းကုပ်တို့ကိုလည်း မီးတိုက်ကြကုန်၏။

ဝါကျွတ်၍ ပဝါရဏာပြုပြီးသော် ထိုမင်းသားတို့သည် မြတ်စွာ ဘုရားအား ပူဇော်ခြင်းကို ပြု၍ မြတ်စွာ ဘုရား အား ခြံရံလျက် ခမည်းတော်၏ အထံသို့သာလျှင် ပြန်လာကြကုန်၏၊ ထိုအရပ်မှ ပြန်ကြွသွားပြီး နောက်အဘို့၌ ဖုဿ မြတ်စွာဘုရားသည်ပရိနိဗ္ဗာန်စံတော်မူ၏၊ မင်းသားသုံးဦးတို့သည်ရင်း တိုင်းမှူး ယောကျ်ားသည်ရင်း ဘဏ္ဍာစိုးသည်ရင်း အစဉ်အားဖြင့်သေ၍ ပရိသတ်နှင့်တကွ နတ်ပြည်၌ ဖြစ်ကုန်၏၊ဆန့်ကျင်သောစိတ် ရှိ

ကုန်သော သူတို့သည် ငရဲ၌ဖြစ်ကြကုန်၏၊ ဤသို့လျှင် ထိုနှစ်စုံသော သူတို့သည် နတ်ပြည်မှနတ်ပြည်သို့ရှင်း၊ ငရဲမှငရဲသို့ရှင်း ဖြစ်ကြကုန်၍ ကိုးဆယ့်နှစ်ကမ္ဘာတို့ လွန်ကုန်၏။

ထိုနောက် ဤဘဒ္ဒကမ္ဘာ၌ ကဿပမြတ်စွာဘုရား ပွင့်တော်မူသောအခါ ထိုဆန့်ကျင်သောစိတ် ရှိကြကုန်သော သူတို့သည် ငရဲမှတက်၍ ပြိတ္တာဖြစ်လာကြကုန်၏၊ ထိုအခါ၌ လူတို့သည် မိမိ၊ မိမိတို့၏ဆွေမျိုး ပြိတ္တာတို့၏အကျိုးငှာ အလှူပေး၍ "ဣဒံ နော ဉာတီနံ ဟောတု=ဤအလှူသည် ငါတို့၏ဆွေမျိုးတို့အား ဖြစ်စေသတည်း" ဟု ရည်ညွှန်း၍ အမျှပေးဝေကုန်၏၊ ထိုပြိတ္တာတို့သည် စည်းစိမ်ချမ်းသာတို့ကို ရကုန်၏။

ထိုအခါ၌ ကိုးဆယ့်နှစ်ကမ္ဘာ ထက်က ပြိတ္တာတို့သည် ထိုအကြောင်းကို တွေ့မြင်ရလေသော် ကဿပမြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ "ကဿပမြတ်စွာဘုရား အကျွန်ုပ်တို့အား ဤသို့သဘောရှိသော စည်းစိမ်ကို ရပါအံ့လော" ဟု မေးကြကုန်၏။

မြတ်စွာဘုရားသည် "ယခုအခါ၌ မရ လတ္တံ့၊ နောင်အခါ၌ ဂေါတမ မည်သော မြတ်စွာဘုရားသည်ပွင့်တော်မူယတ္တံ့၊ ထိုမြတ်စွာဘုရား၏လက်ထက်၌ ဗိမ္ဗိသာရ မည်သော မင်းသည် ဖြစ်လတ္တံ့၊ ထိုမင်းသည် သင်တို့၏ ကိုးဆယ့်နှစ်ကမ္ဘာ ထက်က အဆွေအမျိုးဖြစ်၏၊ ထိုမင်းသည် ဂေါတမ မြတ်စွာဘုရားအား အလှူပေး၍ သင်တို့အားရည်ညွှန်း၍ အမျှပေးဝေလတ္တံ့" ဟု မိန့်ကြားတော်မူ၏၊ ဤသို့မိန့်ကြားတော်မူသည်ရှိသော် ထိုပြိတ္တာတို့အား ထိုစကားသည် "နက်ဖြန် ရလတ္တံ့" ဟု ဆိုဘိသကဲ့သို့ အတိုင်းမသိဝမ်းမြောက်ကြလေ၏။

ထိုနောက် တခုသော ဗုဒ္ဓန္တရ (ဘုရားတဆူနှင့်တဆူ ကြားကာလ) လွန်သည်ရှိသော် ငါတို့ ဂေါတမမြတ်စွာဘုရားသည် ပွင့်တော်မူလာ၏၊ ထိုမင်းအားညီနောင်တို့သည် ယောကျ်ားတထောင်တို့နှင့်တကွ နတ်ပြည်မှစုတေခဲ့၍ မဂဓတိုင်း ပုဏ္ဏားမျိုး၌ဖြစ်ကာ အစဉ်အားဖြင့် ရသေ့ပြုလုပ်၍ ဂယာသီသ၌ ရသေ့သုံးဦးတို့ နေကုန်၏၊ ဇနပုဒ် လွဲအပ်ခံရသော တိုင်းမှူးယောကျ်ားသည် ဗိမ္ဗိသာရ မင်းဖြစ်လာ၏၊ ဘဏ္ဍာစိုးဖြစ်သော သူကြွယ်သားသည် ဝိသာခ သူကြွယ်ဖြစ်လာ၏၊ ၎င်း၏ မယားသည် ဓမ္မဒိန္နာ မည်သော သူဌေးသမီး ဖြစ်လာ၏၊ ကြွင်းကျန်သော ပရိသတ်တို့သည်ကား မင်း၏ ပရိသတ် တို့သည်သာလျှင် ဖြစ်ကုန်၏။

ငါတို့ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၍ သတ္တသတ္တာဟကို လွန်စေလျက် အစဉ်အားဖြင့် ဗာရာဏသီပြည်သို့ ကြွ၍ ဓမ္မစကြာတရားကို ဟောတော်မူပြီးနောက်ပဉ္စဝဂ္ဂီငါးဦးတို့ကို အစထား၍ အခြံအရံ တထောင်ရှိသော ရသေ့သုံးဦးတို့ကို ဆုံးမပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ကြွလာတော်မူ၏။

ထိုရာဇဂြိုဟ်ပြည်၌ ဆည်းကပ်ခါခါ သာလျှင်ဖြစ်သော ဗိမ္ဗိသာရ မင်းကြီးကို တသိန်းတသောင်းကုန်သော အင်္ဂမဂဓ တိုင်းသား ပုဏ္ဏားသူကြွယ်တို့နှင့်တကွ သောတာပတ္တိ ဖိုလ်၌ တည်စေလ၏၊ ထိုအခါ ဗိမ္ဗိသာရမင်းသည် နက်ဖြန်အဖို့ငှာ ဆွမ်းဖြင့် ဖိတ်ကြားရာ လက်ခံတော်မူသဖြင့် ဒုတိယနေ့၌ လုလင်သဏ္ဌာန်ဖြင့် သိကြားမင်းသည် ရှေ့မှသွား၍—

"ယဉ်ကျေးသော စိတ်နှလုံးရှိတော်မူသော ကိလေသာမှ လွတ်တော်မူပြီးသော သိဂိနိုဘ် ရွှေအဆင်း ရှိတော်မူသော မြတ်စွာဘုရားသည် ယဉ်ကျေးသော စိတ်နှလုံး ရှိကုန်သော ကိလေသာမှလွတ်မြောက်ပြီးကုန်သောရသေ့ဟောင်း(ရဟန္တာ) တထောင်တို့နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူလာပါပြီ"။

ဤသို့အစရှိကုန်သော ဂါထာတို့ဖြင့် ရှတ်ဆိုချီးကျူးကာ ရာဇဂြိုဟ်ပြည်သို့ ကြွဝင်တော်မူလာပြီးလျှင် မင်းနန်းတော်၌ ကြီးစွာသော အလှူကို ခံယူတော်မူ၏၊ ထို (ကိုဆယ်နှစ်ကမ္ဘာထက်က ဆွေမျိုးဟောင်း) ပြိတ္တာတို့သည် "ဗိမ္ဗိသာရမင်းသည် ငါတို့အတွက် လှူ၏၊ယခုပင် ရည်ညွှန်းလတ္တံ့၊ ယခုပင် ရည်ညွှန်းလတ္တံ့" ဟု မြှော်လင့်ခြင်းကြီးစွာဖြင့် ကောင်းစွာ ခြံရံ၍ ရပ်တည်ကုန်၏။

မင်းကြီးသည် အလှူကိုပေး၍ "အဘယ်အရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးအံ့နည်း" ဟု ကျောင်းနေရာကိုသာလျှင် ကြံစည်၏၊ ထိုအလှူကို တစုံတယောက်အားမျှ မရည်ညွှန်းမိ၊ ထိုအလှူ၏ အဘိုကို မရကုန်သည်ရှိသော် ထို ပြိတ္တာတို့သည် မြှော်လင့်ချက် ကင်းမဲ့ကုန်သည်ဖြစ်၍ ညဉ့်အခါ၌ မင်း၏ နန်းတော်သို့ဝင်ပြီးလျှင် အလွန်ကြောက်မက်ဖွယ်ကောင်းသော အသံကိုပြုကုန်၏၊ မင်းသည် ဘေးဖြင့်ထိတ်လန့်ခြောက်ချားခြင်းသို့ရောက်၍ နံနက် မိုးသောက်လတ်သော် မြတ်စွာဘုရားအား "ဤသို့ သဘောရှိသောအသံကိုကြားရ၏၊ အသို့ဖြစ်မည်နည်း" ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် "မင်းကြီး မကြောက်လင့်၊ သင်မင်းကြီးအား တစုံတခုသော မကောင်းမှုသည် မဖြစ်၊ စင်စစ်မှ သင်၏ထင်ရှား ရှိသော ဆွေမျိုးဟောင်းတို့သည် ပြိတ္တာဘုံတို့၌ ဖြစ်ကုန်၏၊ ထိုသူတို့သည် တခုသော ဗုဒ္ဓန္တရ ပတ်လုံး မျှော်လင့်ခြင်းကြီးစွာဖြင့် မြတ်စွာဘုရားအား အလှူကိုပေး၍ ငါတို့အား ရည်ညွှန်းလတ္တံ့-ဟု လှည့်လည်ကုန်သော်လည်း သင်မင်းကြီးသည် ယမန်နေ့က အလှူပေး၍ မရည်ညွှန်းသည့် အတွက်ကြောင့် မျှော်လင့်ချက် ကင်းပြတ်လျက် ထိုသို့သဘောရှိသော အသံကို ပြုကုန်၏"-ဟု မိန့်တော်မူ၏။

"ရှင်ဘုရား အသို့နည်း၊ ယခုအခါ၌ ပေးလှူသော် ထိုဆွေမျိုးဟောင်း ပြိတ္တာတို့ ရကုန်ခဲ့လော"-ဟု မေးလျှောက်၏။

"မင်းကြီး ရပေအံ့" ဟု ဘုရားမိန့်တော်မူ၏။

"အရှင်ဘုရား သို့တပြီးကား တပည့်တော်သည် မြတ်စွာဘုရားအား ယနေ့ အလှူကို လှူပါအံ့၊ ထိုပြိတ္တာတို့အား ရည်ညွှန်းပါအံ့"-ဟု လျှောက်၏။

မြတ်စွာဘုရား ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏။

မင်းကြီးသည် နန်းတော်သို့သွား၍ ကြီးစွာသော ဒါနကို စီရင်လျက် မြတ်စွာဘုရားအား လျှောက်ကြား၏၊ မြတ်စွာဘုရားသည် မင်း၏နန်းတော်သို့ကြွ၍ ခင်းထားသောနေရာ၌ ရဟန်းသံဃာနှင့်အတူ ထိုင်နေတော်မူ၏၊ ထိုပြိတ္တာ တို့သည် "ယနေ့ ရကုန်ငြားအံ့သည်း မသိ"-ဟု လာကုန်၍ တံတိုင်းတဖက် နံရံတဖက် စသည်တို့၌ ရပ်တည်ကုန်၏။

မြတ်စွာဘုရားသည် ထိုပြိတ္တာအားလုံးကို မင်းကြီးအား မြင်အောင် တန်ခိုးဖြင့် ပြတော်မူလေ၏။

မင်းကြီးသည် အလှူရေစက်ကိုပေး၍ “ဣဒံ မေ ဉာတီနံ ဟောတု ဤ အလှူသည် ငါ၏ဆွေမျိုး ဟောင်း ပြိတ္တာတို့အား ဖြစ်စေသတည်း” – ဟု ရည်ညွှန်းလေ၏၊ ထိုခဏ၌သာလျှင် ပြိတ္တာတို့အား ကြာနီကြာညိုပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်သော ရေကန်တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည် ထိုရေကန်တို့၌ ရေချိုး၍ရင်း ရေသောက်၍ရင်း ပူလောင်ခြင်း ပင်ပန်းခြင်းနှင့် မွတ်သိပ်ခြင်းကို ငြိမ်းကုန်သည်ဖြစ်၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏၊ မင်းကြီးသည် ယာဂုစသော ခဲဖွယ်ဘောဇဉ်တို့ကို ပေးလှူ၍ ရည်ညွှန်း၏၊ ထိုပြိတ္တာတို့အား ထိုရည်ညွှန်းသောခဏ၌သာလျှင် နတ်၌ ဖြစ်သော ယာဂုခဲဖွယ်ဘောဇဉ်တို့သည် ဖြစ်ကုန်၏၊ ထိုပြိတ္တာတို့သည်ထိုခဲဖွယ်ဘောဇဉ်တို့ကို စားသောက်၍ ဖြည့်ဖြိုးသော ဣန္ဒြေရှိကုန်၏၊ ထို့နောက် အဝတ်ပုဆိုး အိပ်ရာနေရာတို့ကို ပေးလှူ၍ ရည်ညွှန်း ပြန်၏၊ ထိုပြိတ္တာတို့အား နတ်၌ဖြစ်သော အဝတ်ပုဆိုး ပြာသာဒ် အခင်း အရံ အိပ်ရာစသော တန်ဆာတို့သည် ဖြစ်ကုန်၏။

ထိုဖြစ်ပေါ်လာတိုင်းသော အခြင်းအရာကိုလည်း မင်းကြီး မြင်အောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန်ပြုတော်မူ၏၊ မင်းကြီးသည် ထိုအခြင်းအရာကိုမြင်၍ အလွန်လျှင် ဝမ်းမြောက်လေ၏၊ ထို့နောက် မြတ်စွာဘုရားသည် ဆွမ်းဘုန်းပေးပြီးသည် ရှိသော် ပိမ္ဗိသာရ မင်းကြီးအား ဆွမ်းအနုမောဒနာ အကျိုးငှာ တိရောကုဋ္ဋပေတဝတ္ထုကို ဟောတော်မူလေ၏။

# ဥစ္ဆုပေတဝတ္ထု

မြတ်စွာ ဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ ဝါဆိုစဉ် ယောကျ်ားတဦးသည် ကြံစည်းကို ထမ်းကာ ကြံဘချောင်းကို စား၍သွားသည်။

သီလရှိ၍ ကောင်းသောသဘောရှိသော အခြားယောကျ်ား တဦးသည် ကလေးငယ်ကိုချီ၍ ထိုကြံစည်းထမ်းသော ယောကျ်ား၏နောက်မှ လိုက်၏၊ ကလေးငယ်သည် ကြံကိုမြင်သော် ငို၍ တောင်း၏၊ ကလေး ချီလာသော ဥပသကာ ယောကျ်ားသည် ကလေးငိုသည်ကိုသိ၍ ကြံစည်းရှင် ယောကျ်ားနှင့် အာလာပ သလ္လာပပြု၏၊ ကြံစည်းရှင် ယောကျ်ားကား ထို ဥပသကာ ယောကျ်ားနှင့်တကွ တခွန်းသော စကားကိုမျှ မပြောဆို၊ ကလေးငယ်အားလည်း ကြံတဆစ်ကိုမျှ မပေး၊ ဥပါသကာ ယောကျ်ားသည် ထိုကလေးကိုပြ၍ "မိတ်ဆွေ ဤကလေးသည် အလွန်ငို၏၊ ဤကလေးအား ကြံတဆစ်မျှ ပေးပါလော့" ဟု ဆို၏။

ထိုစကားကို ကြားသော် ကြံရှင် ယောကျ်ားသည် ကြိမ်းမောင်းလျက် အမျက်ထွက်သောစိတ်ကို ဖြစ်စေ၍ မရိုသေသည်၏ အစွမ်းဖြင့် ကြံတချောင်းကို နောက်ပြန်ပစ်၍ ပေး၏။

ထိုကြံရှင် ယောကျ်ားသည် တပါးသော[illegible]၌ သေလွန်၍ ကြာမြင့်စွာ စိမ်ထုံအပ်သော လောဘ၏ အစွမ်းဖြင့် ပြိတ္တာဘုံ၌ ဖြစ်လေ၏၊ အကျိုးမည်သည်ကား အကြောင်းနှင့်တူစွာ ဖြစ်တတ်သည့် အားလျော်စွာ ထိုပြိတ္တာအား ရှစ်ပယ်မျှလောက်သော အရပ်ကို လွှမ်းခြုံလျက်မြက်စဉ်ညို အဆင်းနှင့် တူကုန်သော ကျည်ပွေ့ လုံးတံပမာဏ ရှိကုန်သော ကြံတို့ဖြင့် တခဲနက် ကျယ်ပြန့်သော ကြံတောကြီးသည် ဖြစ်လေ၏၊ ထိုပြိတ္တာသည် ကြံတိုကို စုတ်ရန် "ကြံကို ယူပေအံ့" ဟု စိတ်ကူး၍ ကပ်ကာလျှင် ထို ယောကျ်ားကို ကြံတို့သည် ဆီးကြိုပုတ်ခတ်၏၊ ထိုပြိတ္တာ သည် ထိုကြံတို့၏ ရိုက်ပုတ်သော ဒဏ်ဖြင့် မူးမေ့၍ လဲကျ၏။

တနေ့သ၌ အသျှင်မဟာ မောဂ္ဂလ္လာန်သည် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံ ဝင်လေသော် လမ်း၌ ထို ပြိတ္တာကို တွေ့လေ၏၊ ပြိတ္တာသည် အသျှင်မဟာ မောဂ္ဂလ္လာန်ကိုတွေ့လျှင် မိမိ၏ ဖြစ်ကို လျှောက်လေရာ အသျှင်မဟာမောဂ္ဂလ္လာန်က လွန်ခဲ့သော ဘဝက ပြိတ္တာပြုခဲ့သော အကုသိုလ်ကံကို ပြန်[illegible]ဟောပြ၍ ကြံကို နောက်ပြန်ပစ်၍ ပေးခဲ့ဘူးသဖြင့် နောက်ပြန်လှည့်ယူလျှင် ကြံကို စားရလတ္တံ့ဟုဟောပြ၏။

ပြိတ္တာသည် မထေရ်မြတ်မိန့်တော်မူသည့်အတိုင်း နောက်ပြန်လှည့်ယူ၍ စားလေသော် ကောင်းမွန်စွာစားရလေ၏၊ မထေရ်၏ ကျေးဇူးကြောင့် ကြံကိုယူ၍ စားပြီးလျှင် ကြံစည်းတခု ကြီးစွာ

ပြု၍ မထေရ်မြတ်အား လှူဒါန်းလေရာ အသျှင်မဟာမောဂ္ဂလ္လာန် မထေရ်သည် ပြိတ္တာကို ချီးမြှောက်လိုသဖြင့် ထိုကြံစည်းကို ပြိတ္တာကိုပင် ထမ်းပိုးယူဆောင်စေ၍ ဝေဠုဝန်ကျောင်းတော်သို့ သွားကာ မြတ်စွာဘုရားအား ပေးလှူစေ၏။ မြတ်စွာဘုရားသည် ရဟန်း သံဃာနှင့်တကွ ထိုပြိတ္တာ၏ ကြံစည်းကို သုံးဆောင်တော်မူ၍ အနုမောဒနာပြု၏။

ပြိတ္တာသည် ကြည်လင် ရွှင်ပြသော စိတ်ရှိ၍ ပြန်သွား၏၊ ထိုအခါမှစ၍ ချမ်းသာစွာ ကြံကိုစားသောက်ရလေ၏၊ ထိုပြိတ္တာဘဝမှ သေလွန်လေသော် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရလေ၏။

# ပိယင်္ကရ မာတာ

မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဇေတဝန်ကျောင်းတိုက် အတွင်း၌ ကောသမ္ဗက မည်သော ကျောင်းဆောင်တည်ရှိ၏၊ တနေ့သ၌ အသျှင် အနုရုဒ္ဓါသည် ကောသမ္ဗက ကျောင်းဆောင် အတွင်း၌ ထိုင်နေ၍ သာယာသောအသံဖြင့် ဓမ္မပဒ အပ္ပမာဒဝဂ်ကို သရဇ္ဈာယ်၍ နေတော်မူခိုက်ဖြစ်၏။

ထိုအခါ ပိယင်္ကရ မည်သော သားငယ်ရှိသူ ဝေမာနိက ပြိတ္တာမ (ပိယင်္ကရ မာတာ)သည် သားပိယင်္ကရ ပြိတ္တာငယ်ကို ရင်ခွင်ဖြင့် ပိုက်ချီလျက် ဇေတဝန်ကျောင်း၏ နောက်ဖက်မှစ၍ အစာရှာထွက်လာလေရာ အစဉ်အားဖြင့် သာဝတ္ထိမြို့ဖက်သို့ ရှေးရှုလျက် ကျင်ကြီး,ကျင်ငယ်,တံထွေး,နှပ် စသည့် မကောင်း

ဆိုးရွား အစားအစာတို့ကို ရှာဖွေသည်ရှိသော် အသျှင် အနုရုဒ္ဓါ၏ နေရာသို့ရောက်၍ သာယာသော တရားရွတ်ဖတ်သံကို ကြားရလေ၏၊ ထိုတရားသံသည် ပိယင်္ကရမာတာအား အရေအစရှိသည်ကို ဖောက်ခွဲ၍ ရိုးတွင်းချဉ်ဆီကို ထိခိုက်ကာ နှလုံးသို့ ဆိုက်ရောက်၍ တည်လေ၏။

ထိုအခါ ပိယင်္ကရမာတာအား အစာရှာဖွေခြင်း၌ စိတ်မျှလည်းမဖြစ်၊ တရားသံကို နားစိုက်၍သာ ရပ်တည်နေ၏၊ သားဖြစ်သူ ပိယင်္ကရကား ငယ်ရွယ်သူဖြစ်၍ တရားနာခြင်း၌ စိတ်မရှိ၊ ထိုပိယင်္ကရသည် ဆာလောင်မွတ်သိပ်မှုဖြင့် နှိပ်စက်ရကား- "မိခင် အဘယ်ကြောင့် ရောက်ရာအရပ်၌ သစ်ငုတ်ကဲ့သို့ ရပ်နေသနည်း၊ အကျွန်ုပ်အတွက် ခဲဘွယ်ဘောဇဉ် တို့ကိုလည်း အဘယ့်ကြောင့် မရှာသနည်း"- ဟု ထပ်ကာထပ်ကာ မိခင်အား မေးလေ၏၊ ပိယင်္ကရမာတာသည် ငါ့အား မနှောင့်ယှက်ပါလင့်၊ ဟု သားငယ်ကို—

"ပိယင်္ကရ အသံမပြုလင့်၊ ရဟန်းတို့သည် ဓမ္မအစုတို့ကို ရွတ်ဆိုနေ၏၊ ငါတို့သည် ဓမ္မအစုံကို သိ၍ ကျင့်နိုင် ကုန်ငြားအံ့လည်းမသိ၊ ငါတို့အား အစီးအပွားကို ဖြစ်တန်ရာ၏၊

သတ္တဝါတို့၌လည်း စောင့်စည်းကြရကုန်အံ့၊ သိလျက် မမှန်စကားကို မဆိုကြရကုန်အံ့၊ မိမိ၏ ကောင်းသော အကျင့်သီလကိုလည်း ကျင့်သုံးကြရကုန်အံ့၊ မြေဖုတ်ဘီလူး ပြိတ္တာဘဝမှ လွတ်ကြကောင်းတန်ရာ၏"- ဟု နှစ်သိမ့်စေ၏။

## မာတာဝတ္ထု

တရံရောအခါ မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဆွမ်းစားပြီးအချိန်၌ လူအပေါင်းအား တရားဟောတော်မူပြီးသော် လူအပေါင်းကို ပြန်လွှတ်လိုက်ပြီးနောက် ရေချိုးအိမ်၌ ရေသပ္ပါယ်တော်မူကာ ဂန္ဓကုဋိတိုက် ပရိဝုဏ်အတွင်း ခင်းထားအပ်သော ဘုရားနေရာတော်၌ အရှေ့လောကဓာတ်ကို မျက်နှာတူရှု ရှုတော်မူလျက် ထိုင်နေတော်မူ၏။

ထိုအခါ ကေစာရိက ဒွိစာရိက မည်သော ပံသုကူလိက ပိဏ္ဍပါတိက ရဟန်းတို့သည် မိမိ မိမိတို့၏ နေသန့်ရာ အရပ် အသီးသီးမှ ထွက်လာကြကုန်ပြီးလျှင် မြတ်စွာဘုရားထံသို့လာကြ

ကုန်၍ ရှိခိုးကြပြီးနောက် တင်းတိမ်နီတို့ဖြင့် ကာရံဘိသကဲ့သို့ ထိုင်နေကြကုန်၏။

ထိုအခါ ထိုဂုဟာန်းတို့၏အလိုကို သိတော်မူ၍ မြတ်စွာဘုရားသည် နိဗ္ဗာန်နှင့်စပ်ဆိုသော တရားစကားကို ဟောတော်မူ၏။

ထိုစဉ်အခါ ပုန္နဗ္ဗသုမည်သောသားငယ်ကြီးကို လက်မှဆွဲ၍ ဥတ္တရာမည်သော သမီးငယ်ကို ရင်ခွင်ဝယ် ပိုက်ချီထားသော မြေဖုတ်ဘီလူးမြို့တ္တာမ ပုန္နဗ္ဗသုမာတာ၊ သို့မဟုတ် ဥတ္တရမာတာသည် သမီးငယ်ကို ပွေ့ချီ သားကြီးကို လက်ဆွဲ၍ ဇေတဝန်ကျောင်း နောက်ဖက်တံတိုင်း အနီး၌ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ နှပ်တို့ကို ရှာဖွေရင်း အစဉ်သဖြင့် ဇေတဝန်ကျောင်းတော် တံခါးမုခ်နားသို့ ရောက်လာ၏၊

"အာနန္ဒာ သပိတ်ကို ယူခဲ့လော့၊ သင်္ကန်းကို ယူခဲ့လော့၊ စားကြွင်းစားတို့အား စားဖွယ်ကိုပေးလော့"ဟု မြွက်ဆိုတော်မူသော မြတ်စွာဘုရား၏အသံတော်သည် ထက်ဝန်းကျင် တဆယ့်နှစ်တောင်မျှ၌သာ ကြားရ၏၊တရားဟောတော်မူသော မြတ်စွာဘုရား၏ အသံတော်မူကား စကြာဝဠာအဆုံးတိုင်အောင် ပရိသတ် ထိုင်နေကာမူလည်း ပရိသတ်အဆုံးတိုင်အောင် သွား၏၊ ပရိသတ် အပသို့မူကား "ချိုမြိန်သော အသံတော်သည် အကြောင်းမဲ့ (နားယူသူမရှိဘဲ) မပျက်စီးစေလင့်"— ဟု လက်တသစ်မျှလည်း ထွက်မသွားပေ။

ထိုအခါ၌ ဥတ္တရ မာတာ မြေဖုတ်ဘီလူး မြို့တ္တာမသည် ပရိသတ်၏အပ၌ တည်သဖြင့် ဘုရားရှင်၏အသံတော်ကို မကြားရပေ၊ တံခါးမုခ်၌တည်ရှိသော ထိုဥတ္တရမာတာအား ကျယ်ပြန့်

သော ဘုရားလမ်းမတော်သည် ရှေးရှုဘည်ရှိ၍ ဂန္ဓကုဋီတော်သည် ထင်လာ၏၊ ထိုဥတ္တရမာတာသည် လေငြိမ်ရာ၌ရှိသော ဆီမီးကဲ့သို့ ဘုရား၌ ရှိသေခြင်းဖြင့် လက်ခြေလှုပ်ရှားခြင်း စသည်မှကင်း၍ ငြိမ်သက်နေသော ပရိသတ်ကို မြင်သည်ရှိသော် ဤနေရာ၌ တစုံတရာ စားဖွယ်ပစ္စည်း ဘုရားကို ပေဝဖန်သည် ဖြစ်လတ္တံ့၊ ငါသည် ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ စသည်တို့တွင် တခုခုကို သပိတ် လက် စသည်တို့မှ မြေသို့ စီးကျဖိတ်စင်သည်ကို ရလတ္တံ့”-ဟု နှလုံးသွင်း၍ သားသမီးတို့နှင့် ကျောင်းတွင်းသို့ ဝင်လေ၏။

ကျောင်းတံခါးမုခ်၌ ကြမ်းတမ်းသောဘီလူး စသည်တို့အား တားမြစ်ရန် တည်ရှိသော ကျောင်းစောင့်နတ်တို့သည် ဥတ္တရမာတာ၏ ဥပနိဿယကို သိ၍ မတားမြစ်ကြကုန်၊ ဥတ္တရမာတာသည် ပရိသတ်နှင့် တပေါင်းတည်းအဖြစ်သို့ ရောက်လတ်၍ မြတ်စွာဘုရား၏ ချိုမြိန်သာယာသော အသံတော်သည် အရေအစရှိသည်ကိုဖောက်ခွဲ၍ ရိုးတွင်းချဉ်ဆီကို ထိခိုက်ကာ နှလုံးသို့ ဆိုက်ရောက်၍ တည်လေ၏။

ဥတ္တရမာတာသည် တရားနာရန် မတုန်မလှုပ်ရပ်တည်သည် ရှိသော် ရှေး ပိယင်္ကရမာတာကဲ့သို့ သားသမီးတို့က မေးမြန်းကြသဖြင့် ငါ့အား တရားနာခြင်း၏ အန္တရာယ်ကို မပြုကြလင့်ဟု သားသမီးတို့ကို -

“ချစ်သမီး ဥတ္တရာ နတ်လူတို့ကို ဆုံးမတော်မူတတ်သော ဘုရားမြတ်၏တရားကို ငါ နာယူနေသမျှအတွင်း ဆိတ်ဆိတ်

နေပါလော့၊ ချစ်သား ပုနဗ္ဗသု ဆိတ်ဆိတ်နေပါလော့” စသည်ဖြင့် နှစ်သိမ့်စေ၍ တရားကိုနာကြကုန်၏။

မြတ်စွာဘုရားသည် တရားဟောသော် မူရာမှ ပရိသတ်ကို အမှတ်ပြုလေသော် ထိုဥတ္တရမာတာ၏ရင်း၊ သားပုနဗ္ဗသု၏ရင်း သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်၍ ဒေသနာတော်ကို လည်စေလျက် သမ္ဗာလေးပါးတရားကို ဟောကြားပြတော်မူ၏၊ ထို တရားတော်ကို ကြားနာရ၍ ထိုနေရာ၌သာလျှင် ရပ်တည်လျက် သားပုနဗ္ဗသုတနှင့်အတူ မိခင်ဥတ္တရမာတာ ပြေမြတ်ဘီလူး မြို့တ္တာမသည် သောတာပတ္တိဖိုလ်၌တည်လေ၏၊ သမီး ဥတ္တရာသည်ကား ဥပနိဿယကား ရှိ၏၊ သို့သော် အလွန် ငယ်လွန်း သေးသဖြင့် တရားတော်ကိုခံယူခြင်းငှာ မတတ်နိုင်သေးပေ။

# ပြင်သစ် ပုစ္ဆာ အဖြေ

## လျှောက်လွှာ

တပည့်တော် မန္တလေးမြို့ အထက်မြန်မာနိုင်ငံ တရားဝန်ချုပ်ဝန်ကြီးမင်း ရုံးတော်စာရေး ပြင်သစ် လူမျိုး "ဗိုယ်ရှင်" လျှောက်ထားပါသည် လယ်တီဆရာတော်ဘုရား။

ပြင်သစ်ပြည် ပါရစ်မြို့တော် ပညာရှိလူကြီးမင်းများက ဗုဒ္ဓဘာသာ တရားဓမ္မ ဒေသနာတော်နှင့် စပ်လျဉ်း၍ ထုတ်ဖော်ရေးသားလိုက်သော အမေးပုစ္ဆာ ၅ ချပ်တို့ကို အဖြေရေးသားပေးသနားတော် မူပါဘုရား။

၁။ သားသမီးတို့၏ 'ကံ-ကမ္မ'သည် ၎င်းတို့၏ မိဘများ၏ 'ကံ-ကမ္မ'နှင့် တူမတူ။

၂။ မိဘက နူသည်ဖြစ်စေ, ရောဂါဆိုး ကပ်သည်ဖြစ်စေ, ရူးသည်ဖြစ်စေ၊ ထိုသူမှပေါက်ပွားသော သားသမီးတို့မှာ ဆေးကျမ်းပညာအရ ကူးတတ်သည်၊ ရူးတတ်သည်၊ ဆိုကြသည်၊ 'ကံ-ကမ္မ'ချင်း မတူကြလျှင် မည်သည့်အတွက်ကြောင့် နူနိုင်, ကူးနိုင်, ရူးနိုင် ကြပါသနည်း။

၃။ ဝိညာဉ်သည် အတ္တယ်ရှိပါမှ ဖြစ်ပါသလား၊ သို့မဟုတ် မတ္တယ်မီ အလျောက်ဖြစ်နေပါသလား၊ အစိမ်းတစ္ဆေ ဖြစ်သည် ဆိုကြသောစကား မှန်ပါသလား။

၄။ လူဝင်စားဟူ၍ လောကဌ် ပြောရိုးဆိုရိုးရှိကြ၏၊ ဝင်စားခြင်းအကြောင်းသည် ဗုဒ္ဓဘာသာတရားတော်တွင် သက်ဝင်ခြင်း ရှိပါသလား။

၅။ အဘိညာငါးပါး (၁) ဣဒ္ဓိဝိဓအဘိညာ, (၂) ဒိဗ္ဗသောတ အဘိညာ, (၃) စေတောပရိယ အဘိညာ, (၄)ပုဗ္ဗေနိဝါသ အဘိညာ, (၅) ဒိဗ္ဗစက္ခု အဘိညာ၊ ဤငါးပါးတို့သည် မြတ်စွာဘုရားမှတပါး ရဟန္တာ အစရှိသော အရိယာသာဝက များနှင့် ဆက်ဆံပါသေး၏လား။

## လယ်တီဆရာတော်ဘုရားကြီး၏ဖြေဆိုချက်

### ပထမပုစ္ဆာအဖြေ

၁။ သား၊ သမီးတို့ ကံ-ကမ္မသည် မိဘများကံ-ကမ္မနှင့် တူ၊ မတူဟူသော မေးချက်မှာ-

တူသည်လည်းရှိ၏၊ မတူသည်လည်းရှိ၏၊ တူမတူဟုသည်ကား အားရှိ၊ အားမဲ့ချင်း တူ၊ မတူကို ဆိုလိုသည်၊ ငါတို့ ဘုရားအလောင်း သိဒ္ဓတ်မင်းသား၏ ကံ-ကမ္မနှင့် အမိ မယ်တော်မာယာ အဘ သုဒ္ဓေါဒနမင်းကြီးတို့၏ ကံ-ကမ္မသည် မတူကြ၊ သိဒ္ဓတ်မင်းသား၏ ကံ-ကမ္မသည် အလွန်ကြီး၏၊ အလွန် အားရှိ၏၊ ၎င်းသိဒ္ဓတ်မင်းသား၏ ကံ-ကမ္မနှင့် နှိုင်းယှဉ်သော် မယ်တော် ခမည်းတော်တို့၏ ကံ-ကမ္မသည် အလွန်ငယ်၏။ အလွန်အားမဲ့၏၊ ဤကားမတူရာသက်သေတည်း။ တူရာ၌ သက်သေမူကား လောက၌ မြော်မြင်ဖွယ် အလွန်ပေါများလေပြီ၊ မျက်မြင်ဘဝ၌ အကျိုးပေးကြပုံချင်း တူ၊ မတူကို ဆိုနိုင်ခွင့် ရှိလေသတည်း။

### ဒုတိယပုစ္ဆာအဖြေ

၂။ မိဘကနူသည်ဖြစ်စေ၊ ရောဂါဆိုးစွဲကပ်သည်ဖြစ်စေ၊ ရူးသည်ဖြစ်စေ ထိုသူတို့မှ ပေါက်ပွားသော သားသမီးတို့မှာ ဆေးကျမ်းပညာအရ ကူးတတ်သည့်၊ ရူးတတ်သည် ဆိုကြသည်၊

'ကံ—ကမ္မ'ချင်းမတူကြလျှင် မည်သည့် အတွက်ကြောင့် နူနိုင်, ရူးနိုင်,ကူးနိုင်ပါသနည်း ဟူသော မေးချက်မှာ –

အမိ၏ ဥတုအတွက်, အဘ၏ဥတုအတွက်ကြောင့်နူနိုင်,ရူးနိုင် ကူးနိုင်လေသည်၊ ဤအရာ၌ပန်းပင်ငယ် ဥပမာကိုပြဆိုရာ၏၊ အလွန်မြေသြဇာ, ရေသြဇာညံ့ဖျင်းလှသော မြေအရပ်တခုအလွန် မြေသြဇာ, ရေသြဇာ ကောင်းမွန်လှသော မြေအရပ် တခုရှိရာ၏၊ တခုသော ပန်းမျိုးစေ့ကို ရရှိ၍ ညံ့ဖျင်းလှသော မြေအရပ်၌ စိုက်ပျိုးခဲ့ပါမူ တထွာခန့်မျှရှိလျှင် နာ၍,နူ၍နေတတ်၏၊ ထိုမျိုးစေ့ကိုပင် ကောင်းမွန်သော မြေအရပ်၌ စိုက်ပျိုးခဲ့ပါမူကား တတောင်ခန့်မျှ ကြီးပွား၍ နာမှု,နူမှု ကင်းရှင်းလျက် အလွန် ရှင်လန်းတတ်၏၊မျိုးစေ့တခုတည်းဖြစ်ပါလျက် အဘယ့်ကြောင့် ပန်းပင်ချင်း မတူရှိကြလေသနည်း။ မြေအတွက် ရေအတွက် ကြောင့် ပန်းပင်ချင်း မတူရှိကြလေသတည်း။

## နှိုင်းယှဉ်ပြချက်

၁။ ရှေးကံဟောင်းသည် ပန်းမျိုးစေ့နှင့်တူ၏။

၂၊ အမိ၏ အသွေးအသားစုသည် ပန်းမျိုးစေ့ စိုက်ပျိုးရာ မြေအရပ်နှင့်တူ၏။

၃။ အဘ၏ အသွေးအသားစုသည် ထိုမြေအရပ်၌ကျရောက်သော ရေနှင့်တူ၏။

ပန်းမျိုးစေ့၏အဘိုသည် ပန်းပင်ငယ်မှာ ဆယ်ဘိုတွင် တဘို ခန့် ပါဝင်၏၊ မြေ၏အဘိုသည် ပန်းပင်ငယ်မှာ ဆယ်ဘိုတွင် ခြောက်ဘိုခန့်ပါဝင်၏၊ ရေ၏အဘိုသည် ပန်းပင်ငယ်မှာဆယ်ဘို တွင် သုံးဘိုခန့်ပါဝင်၏၊ မြေအဘို့ ရေအဘို့ဆိုသည်ကား ပန်း ပင်ငယ်တို့၌ မြေ,ရေတို့မှ လိုက်ပါကြသော အဆင်း သဏ္ဌာန်, ရသ,ဩဇာတို့၏ ကောင်းခြင်း,မကောင်းခြင်းတို့ပေတည်း။

မိဘတို့၏ အဘိုဆိုသည်ကား မိဘတို့သည် လူဖြစ်ကုန်အံ့၊ သားသမီးတို့သည် လူသဏ္ဌာန် ဖြစ်ကြရကုန်၏၊ မိဘတို့သည် နွားဖြစ်ကြရကုန်အံ့၊ သားသမီးတို့သည် နွားသဏ္ဌာန် ဖြစ်ကြရ ကုန်၏၊ လူတို့တွင်လည်း မိဘတို့သည် တရုတ်လူမျိုး ဖြစ်ကြကုန် အံ့၊ သားသမီးတို့သည် တရုတ်လူမျိုးသဏ္ဌာန် ဖြစ်ကြရကုန်၏၊ မိဘတို့သည် ကုလားလူမျိုးဖြစ်ကြကုန်အံ့၊ သားသမီးတို့သည် ကုလားလူမျိုးသဏ္ဌာန် ဖြစ်ကြရကုန်၏၊ အနာရောဂါတို့သည် လည်း ထိုမိဘတို့၏အဘိုတွင် ပါဝင်လျက်ရှိကုန်၏။

ထို့ကြောင့် မိဘတို့၏ကံနှင့် သားသမီးတို့၏ ကံသည် မတူကြ ကုန်ငြားသော်လည်း အတန်ငယ်မျှ ကြီးမြတ်ကြကုန်ငြားသော် လည်း မိဘတို့၏အဘိုကို မလွန်ဆန်နိုင်၊ မခုခံနိုင်၊ မိဘနူလျှင် သားသမီးနူတတ်၏၊ မိဘရောဂါသည် ဖြစ်ခဲ့လျှင် သားသမီး လည်း ကြီးလျှင် ရောဂါသည်ဖြစ်တတ်၏၊ မိဘရူးလျှင်သားသမီး လည်းကြီးလျှင် ရူးတတ်၏။ မိဘတို့၏ ကံထက် အလွန်အား ကြီးသော ကံမှသာလျှင် သားသမီးသဏ္ဌာန်၌ မိဘတို့မှလိုက်ပါ

သော ခေတ်ဆိုးခေတ်စားတို့၏ ပွားစီးခြင်းကို လွန်ဆန်နိုင်၏၊ ခုခံနိုင်၏၊ ဆေးကောင်း ဝါးကောင်းတို့ဖြင့် ကိုယ်သဏ္ဍာန်၌ ခေတ်ကောင်းခေတ်မှန်တို့ကို ပွားစီးလေအောင် တည်ထောင်ပြုစုနိုင်ခဲ့ပါမူကား မိဘနူသော်လည်း မနူရအောင် တတ်နိုင်လေသတည်း။

အမိဝမ်း၌ ပဋိသန္ဓေ ကိန်းရသော သတ္တဝါတို့မှာ မျိုးစေ့ သုံးပါးနှင့် ဖြစ်ပွားရကုန်၏၊ ရှေးကံဟောင်းလည်းမျိုးစေ့ တပါး၊ အမိ၏ ရသခေတ်လည်း မျိုးစေ့တပါး၊ အဘ၏ရသခေတ်လည်း မျိုးစေ့တပါး၊ ထိုတွင် အမိခေတ်၊ အဘခေတ်နှစ်ပါးတို့သည်လည်း အားရှိ၊ အားမဲ့ချင်း တူ၊ မတူ နှစ်ပါး ရှိကြကုန်၏၊ မိဘနှစ်ပါးလုံး ကျန်းမာမှု၊ ဆူဖြိုးမှုတူကြလျှင် ရသခေတ်နှစ်ပါး အားရှိချင်းတူကြ၏၊ ထိုအခါ၌ ပဋိသန္ဓေတည်နေသော သားသမီးတို့မှာ အဆင်းသဏ္ဍာန်စသည် နှစ်ဖက်မျှတလျက် ရှိတတ်ကြ၏၊ မိဘတို့မှာ ရသခေတ်တဖက်က အားရှိ၍ တဖက်က အားနည်းသောအခါ ပဋိသန္ဓေတည်နေသော သားသမီးတို့မှာ အဆင်းသဏ္ဍာန်စသည် တဖက်ဖက်က သာလွန်တတ်ကြ၏။

## တတိယပုစ္ဆာအဖြေ

၃။ ဝိညာဉ်သည် အတွယ်ရှိမှ ဖြစ်ပါသလား၊ သို့မဟုတ် မတွယ်မီအလိုအလျောက် ဖြစ်နေပါသလား၊ အစိမ်းတစ္ဆေဖြစ်သည်ဆိုကြသောစကားမှန်ပါသလား ဟူသောမေးချက်မှာ—

အတွယ်ရှိမှုပင်ဖြစ်သည်၊ အတွယ်မရှိမီအကြားမှာ တစုံတခုသောအဖြစ်၌အလွတ်အလျောက်ဖြစ်၍နေရသည်မဟုတ် အတွယ်မရှိမီ အကြားမှာ တစုံတခုသော အဖြစ်၌ အလွတ်အလျောက်ဖြစ်၍နေရသေးသည်ဟူသောအယူသည် အန္တရာဘဝဒိဋ္ဌိအယူမည်၏၊ ထိုအယူကိုဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ပယ်ဖျက်လျက်ရှိကြ၏။

ထိုအယူဖြစ်ပုံကား— ဤဘဝမှ သေလွန်လျှင် နောက်ဘဝ၌ လူဖြစ်မည့်သူ, နတ်ဖြစ်မည့်သူ, ဗြဟ္မာ ဖြစ်မည့်သူ, ငရဲ၌ ဖြစ်မည့်သူ, တိရစ္ဆာန်-ပြိတ္တာ တို့၌ ဖြစ်မည့်သူ အမျိုးမျိုးရှိကြ၏၊ ထိုသူတို့သည် ဤလူဘဝ သေလွန်ရာဌာနမှ နောက်လူဘဝသို့, နတ်ဘဝသို့, ဗြဟ္မာ့ဘဝသို့, ငရဲ-တိရစ္ဆာန်-ပြိတ္တာ ဘဝသို့ အဘယ်သို့ ကူးပြောင်း သွားရောက် နိုင်ကြပါ ကုန်သနည်း၊ အကြား၌ သွားလှင့်ကူးသန်းမှု ဧကန္တ ရှိရလိမ့်မည် မဟုတ်လော၊ သွားလှင့်ကူးသန်းမှု ရှိခဲ့သော် ထိုသွားလှင့် ကူးသန်းသူသည် အကောင်အထယ် ရှိသောလူလည်းမဟုတ်သေး၊ နတ်ဗြဟ္မာလည်းမဟုတ်သေး၊ ငရဲ, တိရစ္ဆာန်,ပြိတ္တာလည်းမဟုတ်သေး၊ အလွတ်တမျိုးမဟုတ်လော၊ ထိုသူကို အန္တရာဘဝခေါ်၏။

ထိုသူသည် ခန္ဓာငါးပါး အပြည့်အစုံ ရှိသည် ဟူ၍လည်း ယူကြ၏၊ ဝိညာဉ်ချည်းသာသက်ရှိသည် ဟူ၍လည်း ယူကြ၏၊ ထိုသူသည် နတ်မျက်စိအမြင်နှင့် ပြည့်စုံ၏၊ လိုရာဘဝသို့ ခဏခြင်းရောက်နိုင်သော တန်ခိုးလည်းရှိ၏၊ ထိုသူသည် ကံတိုက်တွန်းရာ ထွေထွေလာလာထင်တတ်၏၊ လူဆင်းရဲဖြစ်ရန် ကံတိုက်တွန်းခဲ့လျှင် လူဆင်းရဲကိုပင် လူချမ်းသာထင်၏၊ ငရဲ၌ကျရောက်ရန်

ကံတိုက်တွန်းခဲ့လျှင် ငရဲပြည်ကိုပင် နတ်ပြည်ထင်၏၊ ထိုအန္တရာဘဝမှတဆင့် အလိုရှိရာဘဝသို့ ခဏခြင်းသွားရောက်၍ပဋိသန္ဓေစွဲနေ ဖြစ်ပေါ်လေ၏။

ဤအယူကို ဗုဒ္ဓဘာသာကျမ်းဂန်တို့၌ ပယ်ဖျက်၏၊ ပယ်ဖျက်ပုံကား- အန္တရာဘဝဟူ၍မရှိ၊ ဤဘဝမှ သေလွန်လျှင် နောက်ဘဝ၌ လူဖြစ်မည့်သူသည် လူဖြစ်လေ၏၊ နတ်ဖြစ်မည့်သူသည်နတ်ပြည်၌ နတ်ဖြစ်လေ၏၊ ငရဲ၌ဖြစ်မည့်သူသည် ငရဲ၌ဦးတိုက်ဖြစ်လေ၏၊ အကြား၌ အန္တရာဘဝ မရှိခဲ့သော် လူ့ပြည်မှ နတ်ပြည်သို့၊ လူ့ပြည်မှ ငရဲပြည်သို့ အဘယ်သို့သွားလိမ့်မည်နည်း ဆိုငြားအံ့၊ တဘဝမှ တဘဝသို့သွားသည်၊ လာသည်၊ ကူးသန်းသည်၊ ပြောင်းရွှေ့သည်၊ ကျင်လည်သည်- ဟူသော စကားမျိုးသည် လောကစကားမျိုးသာဖြစ်၏၊ ဓမ္မစကားမျိုး, ဓါတ်စကားမျိုးမဟုတ်။

ဓမ္မစကားမျိုးနှင့် ပြောဆိုသည်ရှိသော် တခုသော ရုပ်ဓမ္မ, နာမ်ဓမ္မသည် တဘဝမှ တဘဝသို့ သွားသည် လာသည်မရှိ၊ ကူးသန်းပြောင်းရွှေ့သည်၊ ကျင်လည်သည်ဟူ၍မရှိ၊ ဤအရာ၌အရိပ်ဓါတ်ပုံပြခန်း၊ ဓါတ်သီချင်း ဖွင့်ခန်းများကိုစေ့စေ့စပ်စပ်ထောက်မျှော်၍ ရုပ်ဓမ္မ, နာမ်ဓမ္မတို့၏ အစီအစဉ်အားဖြင့် အဆက်ဆက်အဆင့်ဆင့် ဖြစ်ပွား၍ သွားပုံကို ယုံကြည်ထိုက်လှ၏။

အကြင်သူသည် လူ့ပြည်မှသေ၍ နတ်ပြည်၌ဖြစ်လေ၏၊ ထိုသူ၌ လူ့ဘဝ အဆုံးနှင့် နတ်ဘဝအစသည် ဌာနအားဖြင့်ဝေးကွာသော်လည်း ကာလအားဖြင့် အခြားမရှိ၊ တစပ်တည်း, တဆက်

တည်း စပ်ဆက်လျက်ဖြစ်၏၊ အကြင်သူသည် လူ့ပြည်မှ သေ၍ အောက်မဟာအဝီစိငရဲကြီး၌ ဖြစ်လေ၏၊ ထိုသူ၌လည်းလူ့ဘဝ ဒုံးဆုံးနှင့် ငရဲဘဝအစသည် ဌာနအားဖြင့် ကွာဝေးသော်လည်း ကာလအားဖြင့် အခြားမရှိ၊ လောကမျက်မြင်အားဖြင့် မဟာပထဝီမြေအထုခုခံကွယ်ခြား၍နေသော်လည်း ကံဟူသောနာမ်ဓမ္မ၏ အစွမ်းသတ္တိကို ထိုမဟာပထဝီမြေအထုခုခံကွယ်ခြားနိုင်သည် မဟုတ်၊ လူ့ဘဝမှာ အဆုံး နာမ်ဓမ္မအဟောင်းချုပ်လျှင် မဟာ အဝီစိ ငရဲကြီးမှာအစ, နာမ်ဓမ္မအသစ် ဆက်လက် ဖြစ်ပေါ်လေ ဘော့သည်၊ အကြား၌မျက်တောင်တခပ် လျှပ်တပြက်မျှ ကြဲ့ကြာခြင်းမရှိလေပြီ။

အကြောင်းမူကား အသီးသီးသူ့ကံနှင့်သူ့ဘုံ၊ သူ့ဘုံနှင့် သူ့ဘဝ သတ်မှတ်ပိုင်းခြားလျက် ရှိလေသောကြောင့်တည်း။

သတ်မှတ်ပိုင်းခြားပုံကား—

ကံသည် အမျိုးမျိုးရှိ၏၊ ကံ၏အကျိုးသည် အမျိုးမျိုး ရှိ၏။

၁။ ဒါနဟူသော ကုသိုလ်ကံတမျိုးမှာပင်အချို့သောဒါနကံသည် လူ့ဘဝကိုဖြစ်စေနိုင်၏၊ အချို့သောဒါနကံသည် ဆာတုမဟာရာဇ် နတ်ဘဝကို ဖြစ်စေနိုင်၏၊ အချို့သော ဒါနကံသည် တာဝတိံသာ နတ်ဘဝကိုဖြစ်စေနိုင်၏၊ နတ်ပြည် ခြောက်ထပ် အဆင့်ဆင့်သွားလေ။

၂။ သီလဟူသော ကုသိုလ်ကံ တမျိုးမှာလည်း ဒါနကံ အတိုင်းဝေဘန်လေ။

၃။ မဟဂ္ဂုတ် ဘာဝနာ ကံစုမှာလည်း ပထမဈာန်ကုသိုလ်ကံသည် ပထမဈာန် ဗြဟ္မာ့ဘုံ၌ ပထမဈာန်ဗြဟ္မာ့ ဘဝကိုဖြစ်စေနိုင်၏၊ ဒုတိယဈာန် ကုသိုလ်ကံသည် ဒုတိယဈာန်ဗြဟ္မာ့ဘုံ၌ ဒုတိယဈာန် ဗြဟ္မာ့ ဘဝကို ဖြစ်စေနိုင်၏၊ တတိယဈာန်, စတုတ္ထဈာန် စသည်တို့၌လည်း သူ့ကုသိုလ်ကံနှင့် သူ့ဘုံ, သူ့ဘဝ အသီးသီးရှိကြလေပြီ။ အထက်ဆုံးဖြစ်သော နေဝသညာနာသညာယတနဈာန် ကုသိုလ်ကံသည် အထက်ဆုံး ဖြစ်သော နေဝသညာနာသညာယတန ဗြဟ္မာ့ဘုံ၌ နေဝသညာနာသညာယတန ဗြဟ္မာ့ဘဝကို ဖြစ်စေ၏။

၄။ ပါဏာတိပါတ, ဟူသော အကုသိုလ်ကံ တမျိုးမှာပင် အချို့ကံသည် သဉ္ဇီဝငရဲဘုံ၌ သဉ္ဇီဝငရဲကို ဖြစ်စေနိုင်၏၊ အချို့ကံသည် ကာလသုတ္တငရဲဘုံ၌ ကာလသုတ္တ ငရဲဘဝကို ဖြစ်စေနိုင်၏၊ ဤနည်းအတူ အောက်ဆုံးဖြစ်သော မဟာအဝီစိငရဲဘုံတိုင်အောင်ဆိုလေ၊ အဒိန္နာဒါနကံ, စသည်တို့ကိုလည်း ပါဏာတိပါတကံ အတိုင်းဝေဘန်လေ။

ကံ၏အကျိုးအမျိုးမျိုးဆိုသည်ကား—

လူ့ဘဝ, စာတုမဟာရာဇ်နတ်ဘဝ, တာဝတိံသာနတ်ဘဝ အစရှိသဖြင့် ဆိုခဲ့ပြီးသော စကားရပ်စု၌ ဘဝ ဟူသောစကားသည်ကံ၏ အကျိုးကိုဆိုသောစကားပင်တည်း၊ ဘဝအမျိုးမျိုးကိုကံ၏ အကျိုးအမျိုးမျိုးဟူ၍ ဆိုပေသည်၊ ဤသို့လျှင်ပကတိအားဖြင့် သူ့ကံနှင့်သူ့ဘုံ၊ သူ့ဘုံနှင့်သူ့ဘဝ အသီးအသီး သတ်မှတ် ပိုင်းခြားလျက် ရှိလေသောကြောင့် လူ့ပြည်မှ သေ

လွန်လျှင် သေလွန်သူ၌ အားအရှိဆုံးဖြစ်သောကံတခုသည် မိမိ၏ သက်ဆိုင်ရာဘုံ၌ မိမိသက်ဆိုင်ရာ ဘဝကိုသာ ဖြစ်စေတတ်၏၊ တခြားသောဘုံ၌ တခြားသောဘဝကို မဖြစ်စေတတ်။

"အစိမ်း တစ္ဆေဖြစ်သည်ဆိုကြသော စကား မှန်ပါသလား" ဟူသောစကားဖြင့် အစိမ်းတစ္ဆေဖြစ်သည်ကိုပင် အန္တရာဘဝ ဖြစ်သည်ဟု အယူအဆ ရှိကြသည်ကို ထုတ်ဖော်၍ ပြပေ၏၊ အစိမ်းတစ္ဆေဟူသည် အခြားတပါးမဟုတ်၊ နတ်ဘဝစုတွင် အယုတ်ဆုံး, အညံ့ဆုံးဖြစ်သော စာတုမဟာရာဇ် နတ်ဘဝပေတည်း၊ လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝ, ငရဲဘဝ, တိရစ္ဆာန်ဘဝ, ပြိတ္တာဘဝတို့မှ အလွတ်အလပ် အသီးအခြား မဟုတ်ပေ၊ ထိုဘဝသို့ ရောက်လေသော သူသည် လူနှင့် အလွန်နီးစပ်၏၊ ထိုဘဝ၌ ဆင်းရဲရန် ကံအခွင့်ကုန်လျှင်၊လူ့ဘုံသို့ ပြန်လာနိုင်၏၊ အခွင့်သင့်လျော်ရာ အမိဝမ်းမှာပရိသန္ဓေ ယူနိုင်၏။

ထိုဘဝကို ချမ်းသာသော နတ်ဘဝမဟုတ်သည့် အတွက်ကြောင့် နတ်ဘဝဟူ၍ အယူမရှိကြဘဲ "အန္တရာဘဝ"ဟူ၍ တမျိုးတမည် ထင်မှတ်ကြ၏၊ မြန်မာတို့၌ "အစိမ်းတစ္ဆေ"ဟူသော အမည်တမျိုးနှင့် ခေါ်ကြ၏၊ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ "ဝိနိပါတိက အသုရာ"ဟူ၍ ခေါ်၏၊ နတ်ဘဝစုတွင် အယုတ်ဆုံး အညံ့ဆုံးသော နတ်ဘဝတမျိုးဖြစ်ပေသတည်း၊ လူ့ပြည်မှ သေလွန်ကြသူ အပေါင်းတို့သည် ထိုဘဝသို့ချည်း ရောက်ကြကုန်သည်မဟုတ် အချို့မျှသာ ရောက်ကြကုန်၏၊ ရုတ်တရက် အခွင့်နှင့် သေဆုံးကြသောသူများသည် ထိုဘဝသို့ ရောက်တတ်ကြ၏၊ မနုဿဂတိ

ဒ၀ဂတိ, နိရယဂတိ, တိရစ္ဆာနဂတိ ပေတဂတိဟူ၍ဂတိ ငါးပါးတို့မှ အလွတ်အလပ် အသီးအခြား မဟုတ်ပေ။

## စတုတ္ထ ပုစ္ဆာအဖြေ

၄။ လူဝင်စားဟူ၍ လောက၌ပြောရိုးဆိုရိုးရှိကြ၏၊ ဝင်စားခြင်းအကြောင်းသည် ဗုဒ္ဓဘာသာ တရားတော်တွင် သက်ဝင်ခြင်း ရှိပါသလားဟူသော မေးချက်၌–

လူဝင်စားဟူသည်အသီးအခြား တပါးတမျိုး မဟုတ်၊ လူ့ဘဝသို့ ရောက်လာကြသူအပေါင်းတို့တွင် ရှေးဘဝကို ပြန်၍သိနိုင်သူ အနည်းငယ်မျှ ရှိကြ၏၊ ထိုသူတို့ကို လူဝင်စားဟူ၍ ခေါ်ကြ၏၊ ထိုသူကို ဗုဒ္ဓဘာသာ ကျမ်းဂန်တို့၌ "ဇာတိဿရ" ပုဂ္ဂိုလ်ဟူ၍ ခေါ်၏၊ ရှေးဘဝကို ပြန်၍အောက်မေ့နိုင်သောသူ့ သိနိုင်သောသူ ဆိုလိုသည်။

ရှေးဘဝကိုပြန်၍ မသိနိုင်ခြင်း, သိနိုင်ခြင်းအကြောင်းကား ၁။ လူ့ဘဝ၌ နေ့ရက်ရှည်ကြာ အနာရောဂါ နှိပ်စက် ညှဉ်းပန်း စိတ်အား ကုန်ခန်း၍ သေချခြင်းတပါး၊

၂။ နောက်ဘဝ၌ ဂဗ္ဘသေယျကမျိုးဖြစ်၍ အလွန်သေးငယ်လှသော ကာလလရေကြည်အစတည်လျက်နေ့ရှည်ရက်များဖြေးနှေးစွာ ကြီးပွားရသဖြင့် စိတ်အားသေးနုတ် မွေးတုတ် မိန်းမေ့၍ နေရခြင်းတပါး၊

ဤအကြောင်းနှစ်ပါးနှင့် တွေ့ကြုံ၍ လာကြကုန်သော သူတို့သည် ရှေးဘဝကို မေ့ကြကုန်၏၊ ထိုမှတပါး–

၁။ အလွန်ငယ်ကလေးက သေခဲ့ကြသောသူ, အလွန် အိုမင်းထိုင်းမှိုင်းလှမှ သေခဲ့ကြသောသူ, ယစ်မျိုး ကြူးလှသော သူတို့သည် ၎င်း,
၂။ နောက်ဘဝ၌ အမိသည် ရောဂါသည်မ ဖြစ်ခဲ့သော်၎င်း၊
၃။ အလုပ်ကြမ်း အကိုင်ကြမ်း လုပ်ကိုင်ရသူ ဖြစ်ခဲ့သော်၎င်း၊
၄။ ကိုယ်ဝန်ဆောင်မှု၌ အလိမ်မာမရှိသူ၊
၅။ အစောင့်အစည်းမရှိသူဖြစ်ခဲ့သော်၎င်း။

အမိဝမ်းတွင်း၌ သူငယ်သည် အလွန် ထိတ်လန့်ခြောက်ခြားခြင်းများသဖြင့်လည်း ရှေးဘဝကို မေ့ကြကုန်၏၊

[ဤကား ရှေးဘဝကိုပြန်၍ မသိနိုင်ခြင်း အကြောင်းတည်း။]

၁။ ဤလူ့ဘဝ၌ သေလွန်၍ ဥပပတ်နတ်ဘဝ, ဗြဟ္မာဘဝသို့ ရောက်ကြသောသူ ငရဲဘဝ,ပြိတ္တာဘဝသို့ ရောက်ကြသော သူတို့သည် ရှေးဘဝကို သိနိုင်ကြကုန်၏၊

၂။ ဤလူ့ဘဝ၌ အားရှိတုန်းအခါမှာ လက်နက်ဘေး,ကပ်ဥပဒ်ဘေး နှင့် ရုတ်တရက် သေဆုံးကြကုန်၍ နောက်ဘဝ၌ အနာရောဂါကင်း၍ သန့်ရှင်း ငြိမ်သက်သော အမိဝမ်း၌ ဖြစ်ရသောသူများသည် ရှေးဘဝကို သိတတ်ကြ၏။

၃။ ရှေးဘဝကိုပြန်၍ သိရလို၏-ဟု ကုသိုလ်ကောင်းမှုပြု၍ ဆုတောင်း ပတ္ထနာပြုခဲ့သော သူများသည်လည်း ရှေးဘဝကိုပြန်၍ သိတတ်ကြ၏။

၄။ ပုဗ္ဗေနိဝါသ အဘိညာဏ်ကို ရကြကုန်သော ရသေ့တို့သည်လည်းကောင်း, ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည်ရှင်းရှေးဘဝကို သိတတ်ကြကုန်၏။

[ဤကား ရှေးဘဝကို ပြန်၍ သိနိုင်ခြင်း အကြောင်းတည်း။]

## ပဉ္စမ ပုစ္ဆာ အဖြေ

၅။ အဘိညာငါးပါး(၁)ဣဒ္ဓိဝိဓ အဘိညာ (၂)ဒိဗ္ဗသောတ အဘိညာ, (၃) စေတောပရိယ အဘိညာ (၄) ပုဗ္ဗေနိဝါသ အဘိညာ (၅) ဒိဗ္ဗစက္ခု အဘိညာ၊ ဤငါးပါး တို့သည် မြတ်စွာဘုရားမှတပါး ရဟန္တာ အစရှိသော အရိယာ သာဝက များနှင့် ဆက်ဆံပါသေး၏လား ဟူသော မေးချက်၌-

၎င်းအဘိညာ ငါးပါးတို့သည် ရဟန္တာ အစရှိသော အရိယာ သာဝက များနှင့်လည်း ဆက်ဆံပါသေး၏၊ အရိယာ သာဝကများနှင့်သာ မဟုတ်သေး၊ သမထဘာဝနာ တရားကို ထမြောက်အောင် အားထုတ်နိုင်ကြကုန်သော ပုထုဇဉ် သာဝက များတို့နှင့်၎င်း၊ ကမ္ဘာဦးအခါတို့၌ ဈာန်ရသော သမဏ, ဗြာဟ္မဏ ရသေ့ ရဟန်းတို့နှင့်၎င်း ဆက်ဆံပါသေး၏၊ ဘုရား မပွင့်မီ ရှေးကမ္ဘာဦးအခါ၌ ကောင်းကင် မြေမိုးသို့ ပျံလျှိုး သွားလာနိုင်ကြကုန်သော သာသနာပ ဈာန်ရ ရသေ့တို့သည် အလွန် ပေါများကုန်၏။

ယခုအခါ၌လည်း ထိုအဘိညာ ငါးပါးတို့ကို ထမြောက်ပေါက်ရောက်အောင် အားထုတ်ရန် နည်းလမ်းများသည် ဗုဒ္ဓဘာသာ ကျမ်းဂန်တို့မှာ ထင်ရှားစွာ လာရှိ၏၊ ယခုအခါမှာလည်း ထိုနည်းလမ်းများအတိုင်း ထမြောက် ပေါက်ရောက်အောင် အားထုတ်နိုင်ကြပါလျှင် ထိုအဘိညာ ငါးပါးတို့ကို ရနိုင်ကြကုန်၏၊ ကာယဗလ, ဝိရိယဗလ နည်းပါးကြသည် ဖြစ်၍ ယခုကာလ၌ ထိုအဘိညာ ငါးပါးတို့ကို ပေါက်ရောက်သူ မရှိကြလေသည်။

ဤတွင် ဆိုလိုသည်မှာ လူဝင်စားအကြောင်း ဖြစ်၏၊ ယင်းသည် နောက်ဘဝနှင့် တခဲနက် ဆက်စပ်နေ၏၊ ငါးရာ့ငါးဆယ် ဇာတ် ဝတ္ထုတို့မှာ စင်စစ် လူဝင်စားတို့၏ အထောက်အထားတို့ပင်ဖြစ်၏၊ မြန်မာရာဇဝင်တွင် ကျစွာမင်းကို အနော်ရထာမင်း ဝင်စားသည်ဟုရင်း, မင်းရဲကျော်စွာကို ရာဇာဓိရာဇ်၏ သားတော် ဗောလောကျွန်းဒေါ် ဝင်စားသည်ဟုရင်း ဆို၏၊ ထိုမှတပါးလည်း လူဝင်စားဆိုသည်များကို အများအပြားပင် တွေ့မြင်ကြားသိ ကြရ၏၊ သို့ရာတွင် မှန်ကန်ဘို့ကား လိုပါသည်။

ဗုဒ္ဓကား နောက်ဘဝ ရှိခြင်း, မရှိခြင်းကို ပြဿနာမပြု၊ ဘယ်ဘဝ ကိုမျှလည်း ကောင်းသည်ဟု မယူဆ၊ နောက်ဘဝ ရှိခြင်း မရှိခြင်းထက် သီလ, သမာဓိ, ပညာရှိရန်အတွက်သာ အလေးအနက် တိုက်တွန်း၏၊ ဘဝရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ဤ

သိက္ခာသုံးပါး ရှိလျှင် ကောင်းမည်၊ မရှိလျှင် မကောင်း၊ ယင်းသည်သာ အားလုံးတို့၏ အနှစ်သာရ ဖြစ်၏၊ စင်စစ် ဤသိက္ခာသုံးပါး၏ရှေးမှောက်တွင်မူ ထိုပြဿနာများ ကင်းစင်လွင့်ပျောက်ပြီး လွတ်မြောက်နေမည်သာတည်း။

ရှင်အရိယဓမ္မ

- အင်းဝသာလွန်မင်းတရားခေတ်
- သန်လျင်ဇေဂ်ါတို့ဗိုလ်ကျနေသောခေတ်
- သစ္စာဖောက်များကောင်းစားနေသောခေတ်
- နယ်ချဲ့ဆန့်ကျင်ရေးမျိုးချစ်များစားသွေးနေသောခေတ်
- ထိုခေတ်များကို ဖော်ကျူးထားသည့် တအုပ်တည်း သော ''တင့်တယ်'' ၏ ရာဇဝင်နောက်ခံဝတ္ထုရှည်ကြီး၊

တင့်တယ်

# အင်းဝမင်း အရှေဆောက်တော်

ရိုက်နေပြီ

အောင်ကျော်ဦးစာပေ

ဟာရိုးရော့ဘင်ရေး

# အထောက်တော်လှအောင်

# မြန်မာပြန်

# THE CARPETBAGGERS

# ရှစ်ခပ်ကာဂျင်ခြေလည်သူ

ထွက်ရက်မျှော်

အောင်ကျော်ဦးစာပေ။

# ဗုဒ္ဓနှင့် နောက်ဘဝပြဿနာ

ဦးသော်ရှင်

